မြန်မာ စာအုပ်များ


ကြည်မင်း



- ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား
- အခြားနိုင်ငံများသို့
- ပညာရှင်စာတမ်း

# ပညာခရီး နှင့် ပညာမျက်စိ

မြန်မာ စာအုပ်များ



# ပညာခရီးနှင့် ပညာမျက်စိ

အတွေးအမြင်မဂ္ဂဇင်း၌ (၂) နှစ်နီးပါးဖော်ပြခဲ့ပြီး ယခုအဆုံးသတ်ဖြည့်စွက်ရေးသားထားသည့် "ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား" ဆောင်းပါးရှည်အပြင် "အခြားနိုင်ငံများသို့" ခရီးသွားအတွေ့အကြုံဆောင်းပါးများနှင့် "ပညာရှင်စာတမ်း" များအား တစ်ပေါင်းတစ်စည်းတည်းစုစည်း၍ "ပညာခရီးနှင့် ပညာမျက်စိ" ဟု စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

အနိမ့်ခံနေရသော အောက်ကျနောက်ကျ
တိုင်းပြည်အဖြစ်မှ လွတ်မြောက်ဖို့
လူငယ်တွေ ပညာတတ်မှဖြစ်မည်။
ဘွဲ့ရရုံ၊ ဆိုင်းဘုတ်ချိတ်ရုံသာ တတ်သော
လူငယ်များ မဟုတ်ဘဲ သိသင့်တာ တကယ်သိပြီး
တတ်သင့်တာ တကယ်တတ်သော
လူငယ်တွေရှိမှဖြစ်မည်။

## ကြည့်မင်း

design:K T M

မြန်မာ စာအုပ်များ

- ❑ အားကစားမှာ နိမ့်သွားလျှင် စိမ်ကိန်းချပြီး ပြန်ပြင်ရတာ လေးနှစ်လောက်နှင့် ပြန်ကောင်းလာနိုင်သည်။ စီးပွားရေးစီမံချက်များသွားလျှင် ခြောက်နှစ်လောက်အတွင်း ပြန်လည်ပြင်ဆင်ကုစားနိုင်သည်။ ကျန်းမာရေးစီမံချက် တစ်ခုကိုတော့ နှစ်နှစ်ဆယ်လောက် အချိန်ယူ ပြင်ဆင်မှ ပြန်ကောင်းလာနိုင်သည်။ ပညာရေးမှာ အမှားအယွင်းဖြစ်လျှင်တော့ ခံပေတော့ တစ်သက်လုံး ဆိုတာမျိုး။

- ❑ တိုင်းပြည်ကို ချစ်လျှင် ရိုးသားဖို့လိုသည်။ ရိုးသားသောစိတ်ရင်းသည် အလွန် အရေးကြီးပါ၏။ ရိုးသားသောစိတ်ရင်း ရှိသူတွင် အဂတိတရား လေးပါးစလုံး ကင်းသည်။ ကိုယ်ကျိုးကို လုံးဝမေ့ထားလိုက်ပြီး တိုင်းပြည်အကျိုးအတွက်သာ စဉ်းစားသည်။ တိုင်းပြည်ကို ချစ်လျှင် လူငယ်ကို ချစ်ရမည်။ ဘာကြောင့်လဲဆိုတော့ လူငယ်သည် အနာဂတ်သို့ တိုးဝင်ခရီးဆက်မည့်သူ ဖြစ်၍ပင်။

မြန်မာ စာအုပ်များ

WISDOM HOUSE
စာအုပ် ၁၈

# ပညာခရီးနှင့်ပညာမျက်စိ

ကြည်မင်း

WISDOM HOUSE
အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
- ၀၉-၅၀၅-၈၅၃၃
*wisdomhouse.mm@gmail.com*

မြန်မာ စာအုပ်များ


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၁၄၁၆၁၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၁၃၀၄၁၂၀၉ |
| ပထမအကြိမ် | ဒီဇင်ဘာလ ၊ ၂၀၀၉ ခုနှစ်။ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဦးကျော်အေး ၊တရားသစ္စာစာပေ၊ ၁၉၅ မြသီတာလမ်း၊ အကွက်-၂၉၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | *KTM* |
| အတွင်းအပြင်အဆင် | အေးကျော်မင်း၊ ဥမ္မာစန်း. |
| အတွင်းဖလင် | အောင်ဇော် (ပုံရိပ်ရှင်) |
| မျက်နှာဖုံးဖလင် | စိန်နဂါး |
| တန်ဖိုး | ၂၀၀၀ ကျပ် |

၉၀၇

ကြည်မင်း

ပညာခရီးနှင့် ပညာမျက်စိ/ ကြည်မင်း

- ရန်ကုန်၊ တရားသစ္စာစာပေ၊ ၂၀၀၉။

၂၁၉ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ပညာခရီးနှင့် ပညာမျက်စိ

# ကြည်မင်း

အမည်ရင်း ဦးမောင်မောင်စံ ဖြစ်သည်။ ၁၉၄၆ ခုနှစ် ပုသိမ်မြို့တွင် မွေးဖွားသည်။ အသက် ၁၅ နှစ်အရွယ်တွင် ကဗျာဖြင့် စာပေနယ်သို့ ဝင်ခဲ့သည်။ အသက် ၂၀ တွင် ကြည်မင်း ကလောင်အမည်ကို အတည်တကျယူသည်။ မိခင် ဒေါ်ငွေကြည်နှင့် ဖခင် ဦးကျင်မင်းတို့၏ နာမည်များကို ပေါင်းစည်းထားခြင်း ဖြစ်သည်။ ကြည်မင်း ကလောင်အမည်ဖြင့် ပထမဆုံးရေးသော စာမှာ ၁၉၆၈ မိုးရာသီထုတ် အိုးဝေဂျာနယ်မှ သရော်စာများ ဖြစ်သည်။ ကြည်မင်း၏ ပထမဆုံး ဝတ္ထုတိုမှာ ၁၉၆၉ စန္ဒာမဂ္ဂဇင်း အမှတ် (၁) တွင် ကလောင်သစ် ဝတ္ထုတိုအဖြစ် ဖော်ပြခြင်း ခံရသော 'မြမေ ငိုနေသည်' ဝတ္ထုဖြစ်သည်။ ထိုမှစ၍ မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ သရော်စာ၊ ပြဇာတ် စသည်များ ရေးလာခဲ့သည်။ ဝေဖန်ရေးဆောင်းပါးများ ရေးရန်အတွက် ကျော်စောမင်း အမည်ကိုယူပြီး ၁၉၉၀ မှစ၍ ဟန်သစ်မဂ္ဂဇင်းတွင် 'ဖတ်ကြည့်' ကဏ္ဍကို တာဝန်ယူခဲ့သည်။ စာပေဂျာနယ်၊ မဟေသီ၊ ရင်ခုန်သံ၊ ရုပ်ရှင်အမြုတေ၊ ရတီနှင့် ရုပ်ရှင်တေးကဗျာ စသော မဂ္ဂဇင်းများတွင်လည်း ဝေဖန်ရေးစာပေများ ရေးသားခဲ့သည်။ ချင်းတွင်း မဂ္ဂဇင်းတွင် 'မြင်သောသူသည် မြင်၏' အမည်ရှိ ဝေဖန်ရေးကဏ္ဍကို တာဝန်ယူ ရေးနေဆဲ ဖြစ်သည်။ အတွေးအမြင်၊ စံပယ်ဖြူ၊ ရွက်နုဝေ၊ *Living Colour* ၊ *CEO* ၊ *Lifestyle* စသော မဂ္ဂဇင်းများနှင့် အချို့ဂျာနယ်များတွင်လည်း ပင်တိုင်ရေးနေဆဲ ဖြစ်သည်။

ကွယ်လွန်သူ အထောက်တော်လှအောင်နှင့်အတူ သတင်းဂျာနယ်ကို ၁၉၆၉ တွင် တည်ထောင်ခဲ့သည်။ *Lifestyle* မဂ္ဂဇင်းကိုလည်း တည်ထောင်ပေးခဲ့သည်။

ယနေ့ထိ ကဗျာ ၅၀ ခန့်၊ ဝတ္ထုတို/ရှည် ၇၀ ခန့်၊ ဆောင်းပါး ၅၀၀ ခန့်နှင့် လုံးချင်း ၂၈ အုပ် ပုံနှိပ်ပြီး ဖြစ်သည်။ ပထမဆုံး လုံးချင်းမှာ တူဒေးစာပေတိုက်မှ 'မျဉ်းပြိုင်မျိုးဆက်' ဖြစ်သည်။ လုံးချင်းစာအုပ်များအနက် 'လုပ်ချင်တာ လုပ်နိုင်ဖို့ လုပ်သင့်တာလည်း လုပ်နိုင်ဖို့' မှာ ကိုယ်တွေ့ဖြစ်ရပ်များဖြင့် တင်ပြထားသော လူငယ် ကြီးပွားရေး အားဖြည့်လမ်းညွှန်စာပေ ဖြစ်သည်။ 'ဗေဒါတောမှ ဆည်းဆာ' မှာ ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။ 'စာဖတ်သူတစ်ဦး၏ ဒိုင်ယာရီ' မှာ ဝေဖန်ရေးဆောင်းပါးများ ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ပညာရပ်ဆိုင်ရာ ဆောင်းပါးများ ရေးခဲ့သည်။

စာရေးဆရာ ကြည်မင်း ခေါ် ကျော်စောမင်း ခေါ် ဒေါက်တာမောင်မောင်စံ၏ အသက်မွေးဝမ်းကျောင်းပညာမှာ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ပါမောက္ခချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါတွင် အငြိမ်းစားယူပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်ရင်း မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် စာပေရေးသားလျက်ရှိသည်။ 'မင်း' ပညာဒါနသင်တန်းတွင် အင်္ဂလိပ်စာ အရေးအသား၊ ဘာသာပြန်၊ သုတေသနဒီဂိုင်းနှင့် ဘွဲ့လွန်ကျမ်း ရေးသားနည်းများ သင်ကြားပေးလျက် ရှိသည်။

မြန်မာနိုင်ငံ စိုက်ပျိုး၊ သစ်တောနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့ *Academy of Science* ၏ အဖွဲ့ဝင်ပညာရှင်တစ်ဦးလည်း ဖြစ်သည်။ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ၏ ကောင်စီဝင်ဖြစ်ပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ အမှုဆောင်အဖွဲ့ဝင်လည်းဖြစ်သည်။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဂျာနယ် (သုတေသနဂျာနယ်/အင်္ဂလိပ်ဘာသာ) ၏ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ဖူးပြီး ယဉ်ကျေးမှု ဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့တွင် သုတေသနအဖွဲ့ဝင် ဖြစ်ခဲ့ဖူးသည်။

# မာတိကာ

❑ စာရေးသူ၏ စကားပလ္လင်

## ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား

၁။ ကံပစ်ချရာဘဝ ၃
၂။ အခြေခံနိုင်ဖို့ ၉
၃။ ပျံလွှားလေးတွေ ၁၆
၄။ ဘယ်သူမပြု ၂၂
၅။ ဟိုလွှတ်သည်လွှတ် ၂၈
၆။ သူကောင်းဖြစ်ဖို့ ၃၆
၇။ တက္ကသိလာ ၄၃
၈။ တိုင်းပြည်အတွက်လူငယ်ပညာရေး ၄၉
၉။ ရေးရတော့မည် ၅၄
၁၀။ သုတေသနမှာ ဒိဂိုင်းလို ၅၉
၁၁။ ပညာရှင်ဆရာဟောင်း ၆၄
၁၂။ စမ်းကြည့်ခြင်း ၇၀
၁၃။ သိလျှင်မြင်သည် ၇၅
၁၄။ လုပ်တိုင်းသုတေသနမဟုတ် ၇၉
၁၅။ လူသစ်မှုသစ် ၈၄

၁၆။ ကျမ်းရေးနည်းကျင့်ရပြန် ၉၁
၁၇။ ပန်းဝင်လုနီး ၉၆
၁၈။ နောက်ဆုံးဆောင်း ၁၀၆
၁၉။ နှုတ်ဆက်ရက်များ ၁၁၂
၂၀။ မောင့်ကုသာတောင်ထိပ်မှာ ၁၂၀
၂၁။ ပြည်တော်ပြန် ၁၂၉
၂၂။ ပါတီကတစ်ဖက် အသိမ်းကတစ်ဖက် ၁၃၅
၂၃။ နေ့ကြီး တစ်နေ့ ၁၄၂

## အခြားနိုင်ငံများသို့

၁။ ခရီးသွား၍အဝအပြစားခြင်း ၁၄၉
၂။ ခရီးသွား၍ပရော်ဖက်ဆာများနှင့်စကားပြောခြင်း - ၁ ၁၅၅
၃။ ခရီးသွား၍ပရော်ဖက်ဆာများနှင့်စကားပြောခြင်း - ၂ ၁၆၁
၄။ ခရီးသွား၍ကြည့်သမျှမြင်ခြင်း ၁၆၇
၅။ စခရင်းနေကြာတို့ခေတ် ၁၇၃
၆။ ခရီးသွား၍တံတားကိုမြင်ခြင်း ၁၇၉

## ပညာရှင်စာတမ်း

၁။ ကိန်းဂဏန်းများ၊ စစ်တမ်းများ ၁၈၇
၂။ နည်းပညာစာတမ်းများနှင့် အကြံပြုစာတမ်းများ ပြုစုရေး ၂၀၀

## စာရေးသူ၏ စကားပလ္လင်

(၁)

နှစ်ဆယ်ရာစု ကြည်မင်းသည် ဝတ္ထုတို ရေးသူ ဖြစ်ခဲ့ပြီး ၂၁ ရာစု ကြည်မင်းမှာ ဘာသာပြန်ဆရာ ဖြစ်နေတော့သည်။ ဤသို့ ပြောင်းလဲလာမှုကို လက်ခံနေရသော်လည်း ကျေနပ်ခြင်းကား မဖြစ်မိ။ ဖြစ်နိုင်လျှင် ဝတ္ထုတိုလေး၊ စာပေဆောင်းပါးလေးများဖြင့်သာ နေထိုင်နေလိုခဲ့သည်။ ၁၉၉၀ ဝန်းကျင်တွင် ဘာသာပြန် အလုပ်ကို လှမ်းဝင်ကြည့်ခဲ့ခြင်းမှာ ကျောင်းဆရာအဖြစ် အားလပ်ချိန်တွေ အများကြီး ရနေခဲ့သောကြောင့်သာ ဖြစ်နေသည်။ စမ်းသပ်တိုးဝင်ကြည့်ရင်းနှင့် ထိုလောက၏ အလှကို မြင်သွားရာမှ ထိုရေစီးကြောတွင် မျောသွားရတော့သည်။

*Wisdom House* ကို တည်ထောင်သူက ကျွန်တော့်စာဖတ်ပရိသတ် ဖြစ်သည်။ သူက ဘာသာပြန်မဟုတ် တက်ကျမ်းမဟုတ်သော ကိုယ်တိုင်ရေး အမျိုးအစားကို ထုတ်လုပ်လိုသည်ဟု ဆိုသောအခါ ဤ 'ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား'ကို ပေးဖြစ်ပါသည်။ ပေးလိုက်သည့်အတွက် ပြန်လည်တည်းဖြတ်သန့်စင်ပေးရန်နှင့် နိဒါန်းရေးပေးရန် တာဝန်ရှိလာပါတော့သည်။

(၂)

အမှန်က ကျွန်တော်သည် ပညာဘာသာရပ်ဆိုင်ရာတွင် အမြင့်ဆုံးဘွဲ့ဟု ဆိုရမည့် *D.Sc* ဘွဲ့ကို သော်လည်းကောင်း၊ သူ့ထက် တစ်ဆင့်နိမ့်သည့် *Ph.D.* ဘွဲ့ကို သော်လည်းကောင်း ရခဲ့သူ မဟုတ်ပါ။ ပထမဘွဲ့ တစ်ဘွဲ့

ရအပြီးတွင် နိုင်ငံခြားတက္ကသိုလ်တစ်ခုမှ ပေးသော မဟာဘွဲ့တစ်ခုသာ ရခဲ့သူ ဖြစ်ပါသည်။ ပညာရပ် နယ်ပယ်တွင် ဂီတနှင့် *MBA* မှ လွဲ၍ မဟာဘွဲ့သည် သိပ်ကြီးအလေးစားခံရသောဘွဲ့ မဟုတ်ပါ။ ခင်မင်ရသော နိုင်ငံခြားသားမိတ်ဆွေများ ဆိုလျှင် ပြောမနာဆိုမနာ အဆင့်သို့ ရောက်ရှိလာသောအခါ ခင်ဗျား မာစတာဘွဲ့လောက်နဲ့ လေးနှစ် နေခဲ့ရတာလား ဟုပင် မေးကြပါသည်။ ကျွန်တော် နေခဲ့သော နိုင်ငံခြားတက္ကသိုလ်တွင် ငါးနှစ်အပြည့် နေပြီး မာစတာတောင် ရမသွားသူတွေကို ကြုံခဲ့ဖူးသည်။ ကျွန်တော် လေးနှစ် မပြည့်တပြည့် နေခဲ့ရသည်မှာ ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်ပါသည်။ မလိုအပ်ဘဲ အချိန်တွေ ပုပ်ခဲ့ရခြင်းဟုတော့ ပြော၍မရ။ ဘိုးသူတော် မျက်စိလည်လေ ဆန်ပိုရလေ ဆိုသလိုပင် မျက်စိလည်နေခိုက် မြင်ရ ကြားရ မှတ်ရသည်များမှာ ကျွန်တော့် ပညာရပ်အတွက်ကော ဘဝအတွက်ပါ တန်ဖိုးအလွန်ရှိခဲ့ပါသည်။

ဤစာအုပ်တွင် ကျွန်တော်၏ တစ်ခုတည်းသော ဘွဲ့လွန်ဒီဂရီအတွက် ဘိုးသူတော် ရွာလည်ခဲ့ရပုံများကို ပြန်ရေးပြထားပါသည်။ ရေးဖြစ်ခြင်းမှာလည်း အကြောင်းရှိသည်။ ၁၉၇၆ တွင် ကျွန်တော်သည် ပညာသင်ခရီးမှ ပြန်ရောက်သည်။ နိုင်ငံခြားသို့ မသွားမီကပင် ကျွန်တော်သည် ကြည်မင်း အဖြစ် နေရာယူထားသော စာရေးသူတစ်ဦး ဖြစ်နေခဲ့ပြီ ဖြစ်ရာ ပညာတော်သင်ဘဝမှတ်တမ်းတော့ ရေးဦးမှဟု အားခဲခဲ့ပါသည်။ 'ကမ္ဘာတစ်ခုထဲမှကမ္ဘာတစ်ခု'ဟူ၍ပင် စာအုပ်အမည်ကို ရွေးထားလိုက်သေးသည်။

(၃)

သို့သော် ချက်ချင်းမရေးဖြစ်ခဲ့ပေ။ ၁၉၈၅ လောက်တွင်မှ စပြီး ရေးနိုင်တော့သည်။ သို့တိုင် စာမျက်နှာ တစ်ရာလောက်သာ ခရီးရောက်မည်ထင်ပါသည်။ ကျွန်တော်သည် ဒိုင်ယာရီ ရေးခြင်း၊ မှတ်စု မှတ်ခြင်းမျိုး သိပ် လုပ်လေ့လုပ်ထ မရှိ။ အားလုံးကို ခေါင်းထဲ သွင်းတတ်သူ ဖြစ်သည်။ ပိုပိုကဲကဲ ပြောရလျှင်တော့ ရင်ထဲအသည်းထဲ သွင်းလိုက်သည်ဟု ဆိုရပါမည်။ ထို့ကြောင့် အလွန် မှတ်သင့်မှတ်ထိုက်သော အဖြစ်အပျက်များကိုသာ စွဲစွဲထင်ထင် မှတ်မိနေတော့သည်။ ညတိုင်း ဒိုင်ယာရီ ရေးခြင်းမှာ ကောင်းပါသည်။ သို့သော် ကျွန်တော် သိသော စာရေးသူတစ်ဦးမှာ ရောက်လေရာတွင် အလွန် ရေးလေ့ မှတ်လေ့ရှိပြီး ဝမ်းစာ အဖြစ် လှောင်ထား၊ သိုမှီးထားခြင်းမျိုး လုပ်လေ့ရှိသည်။ တစ်ပတ်လောက်

အလည်သွားရသော နိုင်ငံခြားခရီးကို လက်သုံးလုံးလောက် ထူအောင် လုပ်နိုင်သည်။ ဤအလုပ်မျိုးကို ကျွန်တော် မလုပ်ရဲ။ ကျွန်တော့်မှုနှင့် မကိုက်။ ကျွန်တော် ပေးချင်သည်မှာ ရင်တွင်းခံစားချက် ဖြစ်သည်။ အချက်အလက် မဟုတ်။ အချက်အလက်အတွက် ရေးသော စာမျိုးကို လည်း ကျွန်တော် ရေးပါသည်။ သို့သော် ပညာသင်မှတ်တမ်းကိုတော့ အချက်အလက်မှတ်တမ်း မဖြစ်စေချင်ခဲ့။ ဤဆင်ခြေများမှာ ကိုယ့် ထထကြွကြွ လုံ့လဝီရိယ နည်းပါးမှုကို ဆွဲယူကာကွယ်သော အချက်များ လည်း ဖြစ်ကောင်းဖြစ်မည်။

(၄)

အခန်း ၁ တွင် ဖော်ပြထားသည့်အတိုင်း ကျွန်တော်သည် အသက် ၆၀ မပြည့်ခင်မှာ အငြိမ်းစားယူခဲ့ပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များကို အတော်ကြီး နားဝင်အောင် တောင်းပန်ပြီးမှ ယူခွင့်ရခြင်းဖြစ်သည်။ ယခုအချိန်တွင် ပြန်စဉ်းစားကြည့်တော့ ကျွန်တော် ကိုယ့်သဘောနှင့် ကိုယ် အငြိမ်းစားယူခဲ့ဖို့မကောင်းဟု မြင်လာပါသည်။ အမှန်တော့ အငြိမ်းစားယူပြီးမှ အားလပ်ချိန် မရှိလောက်အောင်ပင် အလုပ်များခဲ့၏။ စာရေးစရာအကြွေးတွေကို ကုန်းရုန်းဆပ်ရသည်။ ဘွဲ့လွန်သုတေသန များ၊ ဒီဇိုင်းဆွဲနည်းနှင့် ကျမ်းရေးနည်းများ သင်ပေးဖြစ်သည်။ လာ ရောက်အကူအညီတောင်းသူများကို ပညာဒါနအဖြစ် ကူညီရရာတွင် စင်ကာပူသို့ပင် လိုက်သွားပြီး ကျမ်းဖတ်ပေးရတာမျိုးအထိ ကြုံသည်။ စာများများ ရေးဖြစ်သဖြင့် စာအုပ်တွေလည်း ထွက်ဖြစ်သည်။

စောစော ပင်စင်ယူလိုက်သဖြင့် မကောင်းသည့် အချက်က တော့ မလိုသူတို့၏ တိုက်ခိုက်မှုကို ခံရခြင်း ဖြစ်သည်။ တစ်နည်း ပြောရလျှင် အကွက်ဝင်သွားခြင်း ဖြစ်သည်။ ပြည်တွင်းပြည်ပ ရာထူး ကြီးကြီး တစ်ခုသို့ ကူးပြောင်းခွင့် ကြုံနေ၍ အခွင့်ကောင်း လက်မလွတ် စေရန် အလုပ်မှ ကမန်းကတန်း ပင်စင်ယူသွားခြင်းမျိုးဆိုလျှင် ပြဿနာ မရှိ။ ကျွန်တော်က ပင်စင်ယူအပြီးမှာ ပညာဒါနလုပ်ငန်းနှင့် စာရေးသား ခြင်းလုပ်ငန်းကိုပဲ ဇောက်ချလုပ်ခဲ့သည် ဖြစ်ရာ အကွက်ရှာသူများ အကြိုက်တွေ့သွားကြတော့သည်။ တစ်ခု သက်သာသည်မှာ အငြိမ်းစား ပင်စင်ယူသော်လည်း တက္ကသိုလ်မှာ သင်ပေးနေကျ ဘာသာကိုတော့ ဧည့်ပါမောက္ခအဖြစ် လာသင်ပေးနေပါမည် ဟူသော ခံဝန်ချက်နှင့်အညီ ယနေ့အထိ စာပြန်သင်ပေးနေခြင်း ဖြစ်သည်။ ကျွန်တော့်ကို မနေနိုင်

မြန်မာ စာအုပ်များ



အောင် လုပ်ခဲ့ကြသူများကတော့ တက္ကသိုလ် စာသင်ခန်းများဆီ ခြေဦး လှည့်နိုင်ခြင်း မရှိ။

(၅)

ကျွန်တော် ဘွဲ့ရသည့်အချိန်က အလုပ်ပေါသေးသည်။ ပြန်တမ်းဝင် အရာရှိ ရာထူးပင်လျှင် နေရာ ၅ မျိုး၌ ပွင့်နေသည်။ ကျွန်တော်က တက္ကသိုလ် တစ်နေရာသို့သာ လျှောက်ခဲ့သည်။ ထိုခေတ်က ပြန်တမ်း ဝင်အရာရှိ လစာမှာ တော်တော် များပါသည်။ ထို့ကြောင့် ဝါသနာပါ သော ကျောင်းဆရာအလုပ်တွင် ပျော်မွေ့ရင်း ဖတ်ချင်ရာ ဖတ်၊ ရေးချင် ရာ ရေးနိုင်မည့်ဘဝကို ရွေးခဲ့ခြင်း ဖြစ်သည်။ (ထိုရာထူးတွင် နှစ်ပေါင်း ၂၀ နေခဲ့ရပါသည်။)

ပညာရေးတွင် နစ်ဝင်သွားသောအခါ ကျွန်တော်သည် မိမိ တွင် ကိန်းအောင်းနေသည်ကို ကိုယ်တိုင် မသိခဲ့သော ဝေဖန်ရေး စိတ် ဓာတ်အရ ကြုံသမျှကို ဆန်းစစ်မိသည်။ ကျွန်တော်တို့ မျိုးဆက်ကလည်း အတော်ကြီး ခေတ်စုံစုံ ကြုံရသော မျိုးဆက် ဖြစ်သည်။ ဦးနု၏ ပြည် တော်သာခေတ်တွင် မူလတန်းသို့ စတက်ခဲ့သည်။ အထက်တန်း အရောက်တွင် အိမ်စောင့်အစိုးရနှင့် ကြုံသည်။ တက္ကသိုလ် ပထမနှစ် ဖြေလုနီးနီးတွင် တော်လှန်ရေးကောင်စီနှင့် ကြုံသည်။ ၁၉၈၈ တွင် တစ်ခေတ် ထပ်ပြောင်းသည်။ ၂၀၀၄ နှစ်ကုန်တွင် ကျွန်တော် ပင်စင် ယူသည်။ ထိုနှစ်ပေါင်း ၅၀ ကျော်ကာလတွင် ကျွန်တော်သည် ပညာရေး လောကမှာသာ ကျင်လည်ခဲ့ရ၏။

တက္ကသိုလ်ဆရာဘဝတွင် နိုင်ငံစုံစုံမှ ပြန်လာသော ပညာ ရှင်များနှင့် ဆုံရသည်။ အရှေ့အုပ်စုဟု ခေါ်သော ဆိုဗီယက်၊ ရုရှား၊ ဟန်ဂေရီ၊ အရှေ့ဂျာမနီမှ ပြန်လာသူများထံမှ ကြားသိရတာတွေ တစ်ပုံ ကြီး ရှိခဲ့သလိုပင် အမေရိကန်၊ အင်္ဂလန်၊ ကနေဒါ၊ နယူးဇီလန်၊ သြစတြေးလျ၊ အိန္ဒိယ စသော နိုင်ငံများမှ ပြန်လာသော ပညာရှင်များ ထံမှလည်း ကြားရသိရတာတွေ အများကြီး ရှိသည်။ ရာထူးကြီးလာ၍ ကိုယ်က လွှတ်ပေးရမည့်အလှည့် ရောက်လာသောအခါ ဂျာမန်၊ ယိုး ဒယား၊ မလေးရှား၊ ဂျပန် စသောနိုင်ငံများသို့ ပါရဂူဘွဲ့အတွက် လွှတ်ပေး ခဲ့သည်။ သူတို့ ပြန်လာတော့ သူတို့ ကျင်လည်ခဲ့ရာ တက္ကသိုလ်များ၏ အစဉ်အလာနှင့် ကျင့်ထုံးများကို မေးမြန်းမှတ်သားရသည်။

စာသင်ခြင်း ဆိုတာ မှုသေကိစ္စ မဟုတ်။ သင်္ချာလို၊ ရူပဗေဒလို ကိန်းသေ၊ ဖော်မြူလာအသေများ သုံးရသော ကိစ္စများတွင်ပင် သင်နည်းတွေက ဆန်းသစ်ဖွံ့ဖြိုးလာသည်။ ကျွန်တော်တို့နှင့် ဆိုင်သော ဆေးကုခြင်း၊ ခွဲစိတ်ခြင်းနှင့် မွေးမြူရေးပညာတွေမှာကျတော့ ဆန်းသစ်ဖွံ့ဖြိုးမှုက အလွန်မြန်ဆန်သည်။ ပညာရပ်၏ ဖွံ့ဖြိုးမှုက ကြီးမားလာ၍ သင်ကြားနည်းများကလည်း လိုက်လျောညီထွေစွာ ပြောင်းလဲလာရသည်။ သင်ပုန်းပေါ် မြေဖြူဖြင့် ရေးနေလို့ မရတော့။ ပရိုဂျက်တာတွေ သုံးပြီး ရုပ်သော၊ ရုပ်ရှင်တွေဖြင့် သင်လာရပြီ။ ဤသို့ သင်လာသဖြင့် များများသည်း ပေးနိုင်၊ ရှင်းရှင်းလည်း ပေးနိုင်လာသည်။ တိုးတက်လာသော ခေတ်နှင့်အညီ ဖတ်စရာ မှတ်စရာတွေက များလာသောအခါ ရှေးတုန်းကလို နည်းရိုးတွေနှင့် သင်နေလို့ မရ။ ပညာရေးမှာ ဤသို့ နောက်ကျကျန်ခဲ့လျှင် တိုင်းပြည်မှာ အလွန်နာသည်။

(၆)

ရာထူးဌာနန္တရ ဆိုသောစကားရှိ၏။ ရာထူးမှာ အဆင့်နှင့်ပတ်သက်သည်။ ဌာနန္တရမှာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည်။ ပါမောက္ခသည် ဌာနတစ်ခုလုံး၏ လေ့လာမှု၊ သင်ကြားမှုနှင့် သုတေသနတို့ကို ပြုပြင်စီရင်ခွင့်ရသည်။ ရှင်းရှင်းပြောလျှင် အာဏာ (လုပ်ပိုင်ခွင့်) ရှိသည်။ ပညာရပ်တစ်ခုလုံးကို ပြုပြင်စီရင်ခွင့်ကျတော့ ပါမောက္ခချုပ်မှာမှ ရှိသည်။ ပါမောက္ခချုပ်ကသာ ပါမောက္ခများကို ညွှန်ကြားပြီး ပညာရေးကို မြှင့်တင်ပေးနိုင်သည်။ ထို့ကြောင့် ဌာနန္တရ ရှိသူသည် အမြင်ရှိနေဖို့ လိုသည်။

ပညာရေးစနစ်သည် 'အမြင်'ကို လေ့ကျင့်ပေးနိုင်ဖို့ လိုသည်။ အမြင်ရှိလာသော ပညာတတ်များ ဖြစ်အောင် လေ့ကျင့်ပေးလိုက်ဖို့ လိုသည်။ အမြင်ရှိနေမှသာ ကိုယ် တာဝန်ယူရာ နေရာကို တိုးတက်အောင် လုပ်နိုင်မည်။ လက်ညှိုးထောင် ခေါင်းညိတ်လောက်သာ လုပ်နေလို့ကတော့ တိုင်းပြည် နာသည်။ ရေစီးအားက ဘယ်လောက် ကောင်းကောင်း ရှေ့မှာ တမံ ပိတ်နေလျှင်လည်း အလကားပင်။

သုတေသနနှင့် ဘွဲ့လွန်သင်တန်းများသည် ပညာရပ်ဆိုင်ရာ တိုးတက်မှုအတွက် အရေးကြီးလှပါသည်။ တက္ကသိုလ်မှာ သုတေသန မရှိလျှင် အလကားပင်။ သို့သော် သုတေသနတွေ၏ အရည်အသွေးက အရေးကြီးသည်။ အဖြစ်တွေ၊ အညာတွေ၊ အတုတွေသည် စင်စစ် အဆိပ်အတောက်များပင် ဖြစ်၏။

ဤလို အဆိပ်အတောက်များ ကင်းစင်ရေးအတွက် ရေးခဲ့ကြသူတွေ အများကြီး ရှိခဲ့ပါသည်။ ဆရာကြီး ဒေါက်တာလှဘေ၊ ဆရာကြီး ဒေါက်တာသန်းထွန်းနှင့် ဒေါက်တာတင်စိုးတို့၏ စာအုပ်များမှာ လွန်ခဲ့သော ဆယ်နှစ်အတွင်း ထွက်ခဲ့သော မှတ်လောက်သားလောက် ပညာရေး ကိုယ်တွေ့များ ဖြစ်သည်။

ဆရာကြီးများ၏ ကိုယ်တွေ့များကို ဖတ်ရအပြီးတွင် ကျွန်တော်လည်း အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ချင်စိတ် ပေါ်လာပါသည်။ ဤသို့ဖြင့် အတွေးအမြင်တွင် ရေးဖြစ်ခဲ့ပါသည်။ ဤဆောင်းပါးများကို *Wisdom House* စာပေတိုက်က စုစည်းပြီး ထုတ်ဝေလိုသည် ဆိုသောကြောင့် ပြန်လည်တည်းဖြတ်ပေးလိုက်ပါသည်။ သဘောညီရာ ဆောင်းပါးများကိုလည်း ပူးတွဲထည့်သွင်းပေးလိုက်ပါသည်။

လုံးချင်းထုတ်ဖြစ်အောင် တွန်းအားပေးပြီး လိုနေသေးသည် ထင်သော နေရာများကို ထပ်ဖြည့်ရေးခိုင်းသော မိတ်ဆွေကြီးကိုကြည်ရွှန်းကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။ သူ၏ တိုက်တွန်းမှုကြောင့် အခန်း ၂၁၊ ၂၂ နှင့် ၂၃ တို့ကို ဖြည့်ရေးပေးရပါသည်။ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းမှ ဆောင်းပါးများမှာ သုတေသနလုပ်ငန်းတွင် သုံးရသော အဆင့်မြင့်သင်္ချာ *statistics* အကြောင်း ဖြစ်ပါသည်။ စံပယ်ဖြူမဂ္ဂဇင်းမှ ဆောင်းပါးများကား နောက်ထပ် ထွက်ရသော ပြည်ပခရီးများတွင် လေ့လာခဲ့ရသည်များအကြောင်း ဖြစ်ပါ၏။ ပညာရေးနှင့် သက်ဆိုင်နေသောကြောင့် ထုတ်ဝေသူအား ခွင့်တောင်း၍ ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။ မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်ခင်ခင်သီ(မြန်မာစာပါမောက္ခ)၊ သင်ဆရာ၊ မြင်ဆရာများ အပါအဝင် ကျွန်တော့်အား ဤအခြေအနေသို့ ရောက်အောင် ကျေးဇူးပြုခဲ့ကြသူအားလုံးကို ကျေးဇူးတင်ရှိပါသည်။ စာမူကို စိတ်ရှည်စွာ တောင်းယူထည့်သွင်းပေးခဲ့သော အတွေးအမြင်စာစောင်ကိုလည်း ကျေးဇူးတင်ပါသည်။ ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းနှင့် စံပယ်ဖြူမဂ္ဂဇင်းတို့ကိုလည်း ကျေးဇူးတင်ပါသည်။

**ကြည်မင်း**

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်။

မြန်မာ စာအုပ်များ

# ကွင်စလန်ကောင်
# တော်တော်ထောင်တယ်တဲ့လား

၁

# ကံပစ်ချရာဘဝ

## ကွင်စလန်နှင့် ကျွန်တော်

ဘွဲ့တွေ ထပ်ယူဦးမည်၊ ဖြစ်နိုင်လျှင် ပါရဂူဘွဲ့အထိ ဆက်လုပ်ဦးမည်ဟု ကျွန်တော် စိတ်ကူး ရှိနေဆဲ ဖြစ်၏။ အငြိမ်းစားယူပြီးသည့် ယခုအထိတော့ ကျွန်တော့်မှာ ပညာရေးဆိုင်ရာ ဘွဲ့ နှစ်ဘွဲ့သာ ရှိပါသည်။ တစ်ခုက *BVS* ခေါ် တိရစ္ဆာန် မွေးမြူဆေးကုဆိုင်ရာ ပထမဘွဲ့။ နောက်တစ်ခုက ဩစတြေးလျပြည် ကွင်စလန်တက္ကသိုလ်မှ ရသော မာစတာဘွဲ့။

ကျွန်တော် မာစတာဘွဲ့ယူပြီး ပြန်လာတော့ ကျောင်းမှာ နိုင်ငံခြားပြန် မာစတာတွေကော ဒေါက်တာတွေပါ လက်ချိုးရေလို့ ရနေပြီ။ သုတေသန စာတမ်းဖတ်ပွဲတွေ ဆိုလျှင် ဆူဆူညံညံ ဆွေးနွေးသည့် အထဲမှာ ကျွန်တော် ပါနေလေ့ရှိသည်။ စာတမ်းတွေကို ဝေဖန်လွန်း၍ ကြာတော့ ကွင်စလန်က အကောင် တော်တော်ထောင်တယ်ဟု ထောမနာပြုကြကြောင်း ပြန်သိရ၏။

## ကွင်စလန်

ကွင်စလန်က ကျွန်တော့်အပေါ် တော်တော်ဆိုးခဲ့သည်ဟု ထင်ခဲ့ဖူး၏။ ပြန်လည် မေးစမ်းကြည့်တော့ မြန်မာများအပေါ် တော်တော်ဆိုးသည်ဟု ပြောရ

လောက်သော အဖြစ်အပျက်တွေ တွေ့လာရ၏။ ထပ်ပြီး အသေးစိတ် စုံစမ်းတော့ တခြား နိုင်ငံသားတွေအပေါ် မပြောနှင့်၊ သူတို့လူမျိုး အချင်းချင်း အပေါ်မှာပင် ပညာနှင့် ပတ်သက်၍ မညှာခဲ့တာတွေ၊ ဘွဲ့မရဘဲ ပြန်ထွက်သွားရသော မျက်နှာဖြူ ဘွဲ့လွန်ကျောင်းသားတွေ ရှိခဲ့တာ တွေ့ရသည်။ ပညာနှင့် ပတ်သက်ပြီး သမိုင်းအစဉ်အလာ ကြီးမားခဲ့၍ ဘွဲ့တစ်ခုကို ပေါပေါလောလော ပေးပစ်တာမျိုး မရှိ။

ကျွန်တော့်ရှေ့တွင်ပင် ဒိုမီနီကန်မှ တစ်ယောက် ပြန်သွားရသည်။ *Ph.D.* လုပ်နေသော ကထိကတစ်ဦးလည်း အချိန်စေ့သွား၍ ပါရဂူဘွဲ့ မရသည့် အပြင် အလုပ်ပါ ထွက်သွားရသည်။ ပထမဘွဲ့ရအပြီး အောင်မှတ်တွေ ကောင်း၍ မာစတာ ဆက်တက်သော ကျောင်းသူတစ်ဦးမှာ အိမ်ထောင်ကျကာ ကိုယ်ဝန် ရှိလာ၍ သုတေသန ဆက်မလုပ်နိုင်တော့သဖြင့် ထွက်စာ တင်သွားရသည်။

## ၇ နာရီ စာမေးပွဲ

၇ နာရီ ဆက်တိုက် ဖြေရသော စာမေးပွဲ ဟူ၍ ကွင်စလန်ကျမှ ကြားဖူးတော့သည်။ တိ/ကုကျောင်း *(School of Veterinary Science* တိရစ္ဆာန်ဆေးကုပညာ မဟာဌာန)နှင့် စိုက်ပျိုးရေးကျောင်း*(School of Agriculture)*မှာ ကွင်စလန်လက်အောက်ရှိ မဟာဌာနချင်း အတူတူ ဖြစ်သည်။ အဆောက်အဦချင်းကလည်း ဘေးချင်းယှဉ်လျက်သား။ ကိုက် ၅၀ ပင် မကွာ။

စိုက်ပျိုးရေးမှ ကျောင်းသားတစ်ဦးက နောက်ဆုံးနှစ် စာမေးပွဲတွင် ထိပ်ဆုံးမှ အောင်မြင်ခဲ့သည်။ စာတော်သူများသာ ဘွဲ့လွန်ဆက်လုပ်ကြသည့် ထုံးစံရှိသည်။ သူက အဆင့်တစ်ဖြင့် ပထမတန်း ဂုဏ်ထူး *(First class Honour)* ရသောကြောင့် ဘွဲ့လွန်ဆက်တက်မည် ကြံသည်။ သူတို့လည်း မွေးမြူရေးကို သင်ယူရလေရာ သိုးမွေးမြူရေး အာဟာရဗေဒကို အထူးပြုပြီး *Ph.D.* ဆက်တက်မည်ဟု တိ/ကု မဟာဌာနသို့ လျှောက်လွှာတင်သည်။ အရည်အချင်းစစ် စာမေးပွဲ အောင်မှ လက်ခံနိုင်မည် ဆိုကာ မေးခွန်းလွှာတစ်ခုကို သူ တစ်ယောက်တည်း သီးသန့် ဖြေစေသည်။ အခန်းတွင်း ထည့်ထားပြီး စားချင်သမျှ သွင်းပေးကာ ၇ နာရီလုံးလုံး ထိုမေးခွန်း တစ်လွှာတည်းကို ဖြေခိုင်းပါသည်။ ထိုကျောင်းသား၏ အမည်မှာ ဂျွန်မီလတန်*(John Milton)* ဖြစ်၏။

ပါမောက္ခ ဖြစ်၏။ ပါမောက္ခအောက်မှာမှ လက်ထောက်ပါမောက္ခ၊ ကထိကနှင့် သရုပ်ပြတို့ ရှိကြသည်။ လက်ထောက်ပါမောက္ခကို အချို့ တက္ကသိုလ်များတွင် *Assistant Professor* ဟု ခေါ်ပြီး အချို့တက္ကသိုလ်များတွင် *Reader* ဟု ခေါ်သည်။ *Associate Professor* ဆိုသော ရာထူးကတော့ အထူးတီထွင် ရာထူးမျိုး ဖြစ်သည်။ ပါမောက္ခနှင့် တန်းတူဖြစ်သော်လည်း အုပ်ချုပ်ရေး တာဝန်ကို မကိုင်ရသော ပါမောက္ခ ဖြစ်သည်။

## ကျောင်းဆိုတာ

သူတို့ဆီမှာ အသက်မွေးဝမ်းကျောင်းပညာ မဟာဌာနများကို *School* ဟု ခေါ် လေ့ရှိသည်။ ဝိဇ္ဇာတို့ သိပ္ပံတို့ကိုလည်း *School of Arts* စသည်ဖြင့် သုံးတာ ရှိပါသည်။ သိပ်တော့ မတွင်။

စိုက်ပျိုးရေး ဆိုပါစို့။ *Faculty* ဖြစ်သော်လည်း *School of Agriculture* ဟု သုံးသည်။ အလှူရှင်နာမည် သို့မဟုတ် ဂုဏ်ပြုခံ ပုဂ္ဂိုလ်တစ်ဦး၏ နာမည်နှင့် တွဲသုံးတာမျိုးလည်း ရှိသည်။ တိ/ကုမဟာဌာန ဆိုလျှင် *Seddon School of Veterinary Science* ဟု ကမ္ပည်းထိုးထားသည်။ *Seddon* ဆို သော ပုဂ္ဂိုလ်က အဆောက်အဦး လှူခဲ့၍ ဖြစ်သည်။ အလွယ်တကူ အဖြစ် တော့ *Agri School, Vet School* ဆိုတာမျိုးပဲ ခေါ်ကြသည်။ *School* ဆို လျှင် အထက်တန်းကျောင်းပဲဟု ထင်နေကြသူများ နားရှင်းစေဖို့ ဖြစ်ပါသည်။

## ကွင်စလန်သို့ ကံပစ်ချရာ

ကံဆိုသည်မှာ အလုပ်၊ အလုပ်ကောင်းရင် ကံကောင်းသည် ဆိုသော စကားကို ကြားဖူးကြပါလိမ့်မည်။ ကွင်စလန်တက္ကသိုလ် *University of Queensland* သို့ ကျွန်တော် ရောက်သွားရသည်မှာ ကံပစ်ချရာအတိုင်းဟု ပြောရမည် ထင် ပါသည်။

ပညာသင် ရွေးချယ်သည့် စာမေးပွဲအောင်စာရင်း ထွက်လာသော အခါ ဩစတြေးလျသို့ သွားရမည် ဟူ၍ပဲ ပါသည်။ ဘယ် တက္ကသိုလ်ဟု မပါ။ သံရုံးတွင် လျှောက်လွှာပုံစံတွေ ဖြည့်ကြရသောအခါ ဘာသာရပ်အလိုက် တက္ကသိုလ်တွေ တန်းစီပြထားသည်။ တက္ကသိုလ် တည်ရှိရာ မြို့၏ ရာသီဥတု အခြေအနေကိုလည်း ပေးထားသည်။ ကျွန်တော့် ဘာသာရပ်အတွက် ဆစ်ဒနီ၊ မဲလဘုန်းနှင့် ကွင်စလန်တို့သို့ သွားနိုင်သည်။ ရာသီဥတုကို ကြည့်လိုက်တော့

ပိုပြီး တောင်ဘက်ကျသည့် ဆစ်ဒနီနှင့် မဲလဘုန်းတို့မှာ ဆောင်းတွင်းတွင် ပိုအေးကြကြောင်း တွေ့ရသည်။ ကွင်စလန်တက္ကသိုလ် တည်ရှိရာ ဘရစ္စဘိန်း *(Brisbane)* မြို့က အချမ်းပေါ့သည်။ ကျွန်တော်က မြစ်ဝကျွန်းပေါ် သားပီပီ အအေး ကြောက်တတ်သည်။ အပူလည်း မကြိုက်ပါ။ ဘရစ္စဘိန်းက ဟို နှစ်မြို့ထက် ပိုပြီး သမမျှတပုံ ရသည်။ ထို့ကြောင့် သွားလိုသည့် တက္ကသိုလ် ဆိုသော နေရာတွင် *University of Queensland* ဟု ဖြည့်လိုက်ပါ၏။

(ဤလို အကောင်းဆုံး ရွေးလိုက်သည့် မြို့မှာပင် ဆောင်း၏အအေး ဒဏ်နှင့် နွေ၏အပူဒဏ်ကို လိမ့်နေအောင် ခံခဲ့ရပါသည်။)

## လိပ်ပြာတောင်ဟုန်

၁၉၉၀ ဝန်းကျင်တွင် ခေတ်စားခဲ့သော *Butterfly Effect* ဆိုသည့် သီအိုရီ တစ်ခု ရှိ၏။ အရှေ့တောင်အာရှ အီကွေတာ သစ်တောထဲရှိ လိပ်ပြာတစ်ကောင် ၏ တောင်ပံခတ်မှု အဟုန်ကြောင့် အမေရိကန်တွင် လေမုန်တိုင်းကြီးတစ်ခု ကျနိုင်သည် ဆိုသော သီအိုရီ ဖြစ်သည်။ ရိုးရိုးတွေး *(common sense)* အရ တော့ ရယ်စရာကောင်းသော သီအိုရီ။ စင်ကာပူတို့ မလေးရှားတို့ အင်ဒိုနီးရှား တို့မှာ ပေါလိုက်သည့် လိပ်ပြာတွေ။ သူတို့ တစ်ကောင်ချင်းကြောင့်သာ အမေရိကန်ပြည်မှာ မုန်တိုင်းကြီး တစ်ကြိမ်ကျရလျှင် အမေရိကန်ပြည်သည် တစ်ပတ်အတွင်း မြေပုံပေါ်မှ ပျောက်ကွယ်သွားလိမ့်မည်။

သို့သော်

ထိုသီအိုရီကို တကယ်သုတေသန ပြုကြည့်တော့ ဟုတ်နေသည်ကို တွေ့ရကြောင်း ဖတ်လိုက်ရ၏။ ကျွန်တော်တော့ နားမလည်။ လိပ်ပြာတောင် ဟုန်ကြောင့်ပဲ ဆက်သွယ်ရေး သတင်းပို့ချက်တွေ နည်းနည်း လွဲသွားရာက မိုးလေဝသ ခန့်မှန်းချက်တွေ မှားတာလား၊ လေအဟုန်၏ ဆင့်ပွား ကွင်းဆက် သက်ရောက်မှုကို ပြောချင်တာလား။

ကျွန်တော်ကတော့ ကိုယ်တွေ့နှင့် ယှဉ်ပြီး အကြောင်းမရှိဘဲ အကျိုး မပေါ် ဆိုသော သဘောမျိုးကို ပြောချင်ဟန် ရှိသည်ဟု ထိုလိပ်ပြာတောင်ဟုန် သက်ရောက်မှု သီအိုရီကို ခံယူပါသည်။

ကျွန်တော့်ဘဝတွင် တစ်ဆင့်တစ်ဆင့် ပြောင်းလဲလာခဲ့ပြီးနောက် အသက် ၅၈ နှစ်ကျော်ကျော်မှာ အငြိမ်းစား ယူပစ်လိုက်ခြင်းကို ပြန်ကြည့်လျှင် အရင်းခံမှာ ထိုပညာတော်သင် လျှောက်လွှာပေါ်တွင် *University of*

# ကြည်မင်း

*Queensland* ဟု ဖြည့်လိုက်မိခြင်းဖြစ်၏။ အရင်းစစ်တော့ အမြစ်သည် ကွင်စလန်။ ကွင်စလန်ကြောင့် ကျွန်တော် တတ်ခဲ့သည်။ ပြန်လည် ဖြန့်ဖြူး ပေးနိုင်ခဲ့သည်။ ကွင်စလန်ကြောင့် ကျွန်တော် လက်မတထောင်ထောင်နှင့် မာန တက်ခဲ့သည်။ ထို့ကြောင့် ရန်သူတွေ မများသင့်ဘဲ များပြီး အကြီးတွေ သာမက တန်းတူတွေနှင့် အငယ်တချို့၏ ခါးခါးသီးသီး မုန်းတီးခြင်းကို ခံရသည်။ အခွင့်သာတော့ နံကြားသာမက နောက်ကျောကိုပါ ဓားနှင့် အထိုးခံရသည်။

အသက် ၄၀ မတိုင်ခင်လောက်က ဗေဒင်တွေ လျှောက်မေးဖူးသည်။ အကောင်းတွေပဲ ဟောကြသည့်အထဲမှာ ထူးထူးခြားခြား မှတ်မိနေသည်ကတော့ အဆိုးဟောတစ်ခု ဖြစ်သည်။ အသက် ၅၈ မှာ ရာထူးကိစ္စတစ်ခု ဖြစ်မယ်၊ ရစရာရှိတာ မရရင် အမြန်ဆုံး ထွက်၊ မထွက်ရင် လည်စင်းပေးရသလို ခံရ လိမ့်မယ်တဲ့။ ထို ဟောပြောချက်ကို ကျွန်တော် ဘယ်တော့မှ မမေ့။ မမေ့သဖြင့် တခြားနယ်ပယ်မှာ ဂရုစိုက်နိုင်ခဲ့သော်လည်း ကွင်စလန်ကျောင်းထွက်ပီပီ ပညာပိုင်းမှာတော့ ကျွန်တော် မလျှော့။ ကွင်စလန်က ကျွန်တော့်ကို သင်ကြား ပေးလိုက်ပြီ ဖြစ်ရာ ထိုလမ်းသည် ပညာရေးအတွက် လမ်းကောင်းလည်း ဖြစ်နေ၍ ကျွန်တော် မစွန့်နိုင်။ အသက်ကြီးခါမှ ရာထူးအတွက် ဘွဲ့လွန် ကျမ်းပြုသူ တစ်ဦးက "သူငယ်ချင်း မြန်မြန်စစ်ကွာ ၁၅ မိနစ်ပဲ လုပ်၊ ပြီးရင် ဂုဏ်ထူးပေး"ဟု လာပြော၏။ ကျွန်တော် စစ်လိုက်တာ မနက် ၈ နာရီမှ ည ၆ နာရီအထိ ရောက်သွားသည်။ အောင်စေချင်၍သာ ထိုမျှ လက်တွဲ ခေါ်ယူနေခြင်း ဖြစ်သည်။ တကယ် ဖြစ်သင့်သည်ကား တစ်နာရီလောက် စစ်မေးပြီး အမှားအလုံး ၅၀ လောက် တွေ့သည်နှင့် ချပစ်လိုက်ဖို့ပင်။ ဒါမှမဟုတ် ဖြစ်ချင်ရာဖြစ် ဆိုပြီး မျက်စိမှိတ် အအောင်ပေးလိုက်ဖို့ပင်။ ဤလို ပေါပေါလောလော အဆင့်နိမ့်နိမ့် အလုပ်မျိုး ကိုတော့ ကျွန်တော် မလုပ်ရဲ။ မသိလို့ အအောင်ပေးလွှတ်တာက တစ်မျိုး။ သိသိကြီးနှင့်ကတော့ မဖြစ်နိုင်။ သည်တော့ တစ်လုံးချင်း စစ်မေးပြီး ပြင်ပေးဖို့သာ ရှိတော့သည်။ ခံလိုက်ရသူဘက်က ကြည့်တော့ ဒီကောင် သူငယ်ချင်းချင်း လူပါး ဝတယ်ဟု မြင်မည်။ အမှန်တော့ သူငယ်ချင်း မဟုတ်။ သူ ကျွန်တော့်အပေါ် သူငယ်ချင်းဟု သဘောထားသည်မှာလည်း ထိုတစ်ကြိမ်သာ ရှိခဲ့၏။

ကံပစ်ချရာပါပဲ။

# ၂

# အခြေခံနိုင်ဖို့

**ကွင်စလန် ကျယ်သလား**

ကျယ်ပါသည်။ အတော့်ကို ကြီးကျယ်ပါသည်။ ကျယ်ကပ်ကပ် နိုင်ပါသည်။ ကျွန်တော် မရောက်ခင်နှစ်အထိ ဘွဲ့လွန်သမားတွေကို တစ်နှစ်၊ *Pre course* တက်ခိုင်းသည်။ နယူးဇီလန်မှာလည်း *MSc* တို့ *Ph.D.* တို့ဆိုလျှင် တစ်နှစ် *Pre course* တက်ရ၏။ ပြီးလျှင် *Dip An Sc* ခေါ် *Diploma in Animal Science* ပေးသည်။ ကွင်စလန်ကတော့ *Queensland Diploma in Animal Husbandry* ဆိုသော *QDAH* ပေးသည်။ ကံဆိုးချင်တော့ ထိုအစဉ် အလာကို ကျွန်တော်ရောက်သည့် နှစ်မှ ဖျက်ပစ်လိုက်၍ *QDAH* ကလေး မရခဲ့။ အရည်အချင်းစစ် *Pre course* ကတော့ ရှိနေဆဲ ဖြစ်ပြီး ပိုတောင် ဆိုးသွားခဲ့သေး၏။ သူတို့ ရွေးပေးသော လေးဘာသာကို ဆိုင်ရာ အတန်းတွေနှင့် ရောပြီး လိုက်တက်ရသည်။ ပြီးတော့ တစ်ကြိမ်တည်း အောင်ရမည်။ ပျမ်းမျှ အမှတ်ကလည်း ခရက်ဒစ် (၆၅%နှင့်အထက်) ဝင်ရမည်ဟု ဆို၏။ ဤလို အောင်မှ ဘွဲ့လွန်ဆက်လုပ်ခွင့် ရမည်။ ရှုံးလျှင် အရင်တုန်းကတော့ စာတမ်းငယ် တစ်ခု ရေးခိုင်း၊ ရှုံးသည့်ဘာသာ ပြန်ဖြေခိုင်းပြီး *QDAH* ပေး၏။ ခုတော့ ဘာမှ ရမည်မဟုတ်။

နောက်တစ်ခု ပြောပြပါဦးမည်။ စောစောက *John Milton* ဆိုသော စိုက်ပျိုးရေးမှာ အဆင့် တစ်ဖြင့် ဘွဲ့ရလာသော ကျောင်းသားကို *Ph.D.* ဝင်ခွင့် အတွက် ခုနစ်နာရီကြာ စာမေးပွဲ စစ်ကြောင်း ပြောခဲ့ပြီးပြီ။ ယခုကိစ္စကား နောက်တစ်ခု။

ဩစတြေးလျတွင် ကွင်စလန်တက္ကသိုလ်လိုပင် သက်တမ်းရင့်ပြီး သိက္ခာကြီးမားသော နောက်တက္ကသိုလ်နှစ်ခု ရှိသေး၏။ ဆစ်ဒနီမြို့မှ *University of Sydney* နှင့် မယ်လဘုန်းမြို့မှ *Monash University* လား၊ *University of Melbourne* လား မသိပါ။ ဆစ်ဒနီကတော့ ကျိန်းသေသည်။ ယခု ပြောမည့် အကြောင်းကလည်း ဆစ်ဒနီနှင့် ဆိုင်နေသည်။ အာရှကျောင်း သားတစ်ဦးသည် ၁၉၇၀ ကျော်ကျော်တွင် ဆစ်ဒနီတက္ကသိုလ်မှ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ ရသွားခဲ့၏။ ဆစ်ဒနီသည် ကိန်းကြီးခန်းကြီးနိုင်ပြီး တင်းကျပ်သော တက္ကသိုလ် ဖြစ်၍ သုတေသနကျမ်းတွေမှာ အဆင့်မြင့်ပါသည်။

ထိုကျောင်းသားသည် သက်ဆိုင်ရာ နိုင်ငံသို့ ပြန်သွားပြီး အမှုထမ်း နေရာမှ ၁၉၈၀ ကျော် ၉၀ နီးပါးခန့်တွင် ပါရဂူဘွဲ့အတွက် ဩစတြေးလျသို့ သွားခွင့် ကြုံပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ကွင်စလန်။ ကွင်စလန် ရောက်တော့ သူ့ကို အရည်အချင်းစစ် တစ်နှစ် တက်ရမည်ဟု ဆိုသည်။ သူက ဆစ်ဒနီမှ ဘွဲ့လွန်ရခဲ့သူလည်း ဖြစ်၊ ပညာရပ်နှင့်လည်း မျက်ခြည်မပြတ်ခဲ့သူ လည်း ဖြစ်ရာ ကင်းလွတ်ခွင့်အတွက် အရေးဆိုသည်၊ လျှောက်လွှာ တင်သည်။ မရ။ မကျေနပ်လျှင် ပြန်ပါဟု ဆို၏။ ဤသို့နှင့် ဆစ်ဒနီမှ မာစတာလည်း ကွင်စလန်မှာ အရည်အချင်း ပြန်အစစ်ခံရတော့သည်။ (ထိုသူ ရှုံးပြီး အိမ်ပြန် သွားရပါသည်။)

## အင်္ဂလိပ်စာတုန်းက

ဩစတြေးလျသံရုံးမှာ ပုံစံတွေ ဖြည့်သည့်အကြောင်း ကျွန်တော် ပြောခဲ့ပါသည်။ အင်္ဂလိပ်စာ ဖြေဖို့ ခေါ်၍ ကမ်းနားလမ်း ကမ်းနားဟိုတယ်(စထရင်းဟိုတယ်) အနီးရှိ သံရုံးတွင် သွားဖြေကြရခြင်းဖြစ်သည်။ ဖြေထားသော အဖြေလွှာကို ကြည့်ပြီး ဩစတြေးလျသို့ လာရမည့်ရက်ကို သတ်မှတ်ရာ အားလုံးသွားကြရပြီ ဖြစ်သော်လည်း ကျွန်တော် တစ်ယောက် ကျန်နေခဲ့သည်။ ဖြေတုန်းက ကျွန်တော် အတော်ဖြေဆိုနိုင်ခဲ့ရာ ငါ ဖြေနိုင်ရက်နဲ့ ဘာလို့ ကျန်နေပါလိမ့်ဟု ဇဝေဇဝါ ဖြစ်ခဲ့ရသည်။ အမှန်တော့ ဖြေနိုင်၍သာ ကျန်နေခြင်းဖြစ်ပါသည်။

မဖြေနိုင်ဆုံးသူတွေကို ခြောက်လ၊ အသင့်အတင့်မျှ ဖြေနိုင်သူတွေကို သုံးလ ကြိုတင် ခေါ်ယူသည်။ ဆစ်ဒနီမှာ အားလုံးစုပြီး အင်္ဂလိပ်စာ သင်တန်း ပေးသည်။ ပြီးလျှင် အောင်လက်မှတ်ပေးပြီး သက်ဆိုင်ရာ တက္ကသိုလ်သို့ လွှတ်သည်။ ကျွန်တော်က ထိုသင်တန်း မတက်ရသဖြင့် အင်္ဂလိပ်စာကြီးနဲ့တော့ လွတ်ပြီဟု တွေးမိ၏။ မရပါ။ ကျောင်းဖွင့်ပြီး တစ်လလောက်ကြာတော့ အင်္ဂလိပ်စာ အရည်အချင်းစစ် ဆိုပြီး (အင်္ဂလိပ်စကားမပြောနိုင်ငံများမှ) ကျောင်းသူကျောင်းသား အားလုံးကို ဖြေခိုင်းသည်။ ဆစ်ဒနီမှာ သင်တန်း တက်ပြီး လက်မှတ်ရလာသူ တွေက ပွစိပွစိ ဖြစ်ကုန်သည်။ သို့သော် မဖြေလျှင် ပြည်တော်ပြန်ရမှာ ဖြစ်၍ ဝင်ဖြေကြရသည်။ ရှုံးသူတွေဆီ တစ်ပတ်အတွင်း ပြန်စာလာသည်။ အင်္ဂလိပ်စာကို ကျူရှင်ဆရာ ငှားပေးမည်၊ ဘယ်အချိန်တွေ ဘယ်အချိန်တွေ သွားတက်ပါရန်။ ထိုစာမျိုး မရသူက ကျွန်တော် တစ်ယောက်တည်း။ နောက် တစ်ပတ်ကျတော့မှ အောင်မြင်ကြောင်း ကွန်ဂရက်ကျူလေးရှင်းစာ ရောက်လာသည်။

ကွင်စလန်က အဲသည်လို။

## ဟိုပင်သည်ပင် ကူးပါလို့

သူတို့ဆီမှာ တိရစ္ဆာန်ဆေးကုပညာ ပထမဘွဲ့ *BVSc* အတွက် ငါးနှစ်တက်ရ သည်။ ၁၂ တန်းအောင်ပြီး ၅ နှစ်တက်ရခြင်း ဖြစ်သည်။ ရူပဗေဒတို့၊ ဓာတုဗေဒတို့၊ *Bio* တို့ကို တက္ကသိုလ်မရောက်ခင်မှာပဲ အပြီးသင်လိုက်ပြီ ဖြစ်၍ တက္ကသိုလ်အဆင့်မှာ ထိုအခြေခံများကို ပြန်သင်မနေ။ ဆေးပညာ၊ မွေးမြူရေး ပညာတို့ကိုပဲ တန်းသင်တော့သည်။

မဟာသိပ္ပံအတွက် အရည်အချင်းစစ် ဘာသာရပ်များကို သီးသန့် သင်ပေးရခြင်း မရှိ။ သတ်မှတ်ထားသော ဘာသာများကို သက်ဆိုင်ရာ အတန်း များမှာ လိုက်တက်ရသည်။

(က) မျိုးရိုးဗေဒ

တတိယနှစ်နှင့်အတူ လိုက်တက်ရသည်။ *BVS* ဘွဲ့အတွက် သင်ယူစဉ်က နောက်ဆုံးနှစ်တွင် သင်ရသည်။ *Qualitative Genetics* နှင့် အခြေခံ မျိုးစပ်ပုံ *Inbreeding and Crossbreeding* အကြောင်း မျှလောက်သာ ဖြစ်သည်။ ကွင်စလန်တွင် ထိုမျိုးစပ်ပုံအပိုင်းကို ကျူတိုရီယယ်နှစ်ချိန်နှင့်

ပြီးသွားသည်။ *Quantitative Genetics* အပိုင်းမှာလည်း နှစ်လနှင့် ပြီးသွားသည်။ ကျန်အပိုင်းများမှာ *Quantitative Genetics* အပိုင်းနှင့် *Population Genetics* အပိုင်းတို့ ဖြစ်သည်။ ကြားပင် မကြားခဲ့ဖူးသော အပိုင်းများ ဖြစ်သည်။

(ခ) မျိုးပွားပညာ
စတုတ္ထနှစ်နှင့်အတူ လိုက်တက်ရသည်။ *Reproduction and Artificial Breeding* တို့ကို သင်ရသည်။ ဘာသာရပ်အသစ်များ ဖြစ်သည်။

(ဂ) စာရင်းအင်း *Statistics*
စာရင်းကိုင်ပညာ မဟုတ်။ ရှုပ်ထွေးပွေလီသော သင်္ချာစစ်ဆေးနည်း ပညာဖြစ်၏။ ထိုဘာသာထဲတွင်ပင် *Biology Research Method* ခေါ် သုတေသနပြုနည်း ဒီဇိုင်းဆွဲနည်းပညာကို သင်ရသည်။ ကျွန်တော့် အတွက် လုံးဝအသစ်အဆန်းဘာသာ။

(ဃ) ဆေးပညာ *Medicine*
ဆေးပညာ အကုန်လုံးတော့ မဟုတ်။ နို့စားနွား၊ အသားစားနွား၊ သိုး၊ ကြက်၊ အလှမွေးငှက်၊ ခွေးတို့၏ ရောဂါများ ကုသနည်းများကို သင်ယူ ရသည်။ ဘာကြောင့်မှန်းမသိ လက်တွေ့သင်တန်း မဆင်းခိုင်း။ အပို ဘာသာ *Minor* ဟု ယူဆ၍ ဟိုအစိက *Major* သုံးဘာသာကိုပဲ လက်တွေ့ကို ကျူတိုရီယယ်တို့ လုပ်ရသည်။

## ဘာမှ နားမလည်

ကျရာအတန်းသွားတက်သည်။ လျှောက်လွှာ စာရွက်ကတ်တွေ၊ စက္ကူညှပ် စာရေးကတ်တွေ ဝယ်ရသည်။ သူတို့ဆီမှာ ဗလာစာအုပ် မသုံး။ ကျောင်းသို့ စာရွက်အလွတ်တစ်ထပ်ကို အောက်ခံရေးစရာ ညှပ်ဖိုင်တစ်ခုတည်း ထည့် ပြီး လာသည်။ တစ်နာရီစာ လက်ချာအတွက် စာရွက်အလွတ်များဖြင့် လိုက်မှတ်သည်။ အားလျှင် စာကြည့်တိုက်ဝင်ပြီး လိုတာ ထပ်ဖတ်သည်။ မှတ်စုထုတ်သည်။ အိမ်ပြန်ရောက်တော့ ထိုနှစ်ခုကို ပြန်ကြည့်ပြီး ပြည့်စုံအောင် ပြန်ဖြည့် အသစ်ရေးလုပ်သည်။ ပြီးတော့ သက်ဆိုင်ရာ ဖိုင်ထဲ ထည့်လိုက် သည်။ ထို့ကြောင့် သူတို့ဆီက တက္ကသိုလ်ကျောင်းသားတွင် ဖိုင်လေးတစ်ခုသာ ပါတတ်သည်။

*ကွင်စလန်ကောင်  တော်တော်ထောင်တယ်တဲ့လား*

ကျွန်တော်လည်း သူတို့လိုပင် လိုက်လုပ်ပါသည်။ ကျောင်းစာမှာ ကော အင်္ဂလိပ်စာမှာပါ မည့်ခဲ့သူဖြစ်ကြောင်း ပြောပါရစေ။ ကျွန်တော် ဘွဲ့ရ လာတော့ အဆင့် နှစ်ဖြင့် အောင်ခဲ့ပါသည်။ ဘွဲ့ရသည်အထိ အင်္ဂလိပ်လိုသာ သင်ယူခဲ့ရသည်။ အချို့အတန်းများတွင် နိုင်ငံခြားသား ဆရာများက လာ ရောက် သင်ကြားကြသည်။ ထို့ကြောင့် အင်္ဂလိပ်လို လက်ချာလိုက်ရတာ အခက်အခဲ မရှိနိုင်ဟု ထင်သည်။

ကျောင်းမဖွင့်ခင် တစ်ပတ်လောက် အချိန်ရတုန်း အင်္ဂလိပ်စာ သွားတက်ဟု ပညာရေးဌာနက စီစဉ်ပေးခဲ့ဖူးသည်။ သင်ပေးသူက မူလတန်းပြ ဆရာမလေးဖြစ်ဟန်တူသော မျက်နှာပြုံးချိုချိုနှင့် မစ္စက်ကားတစ်စ်။ သူက ပိုလန်လူမျိုး၊ အမည်အရင်းက ဆာဗင်မာကီ၊ နောက်တော့ *John Curtis* နှင့် ညားပြီး *Mrs.Curtis* ဖြစ်သွားသည်။ နောက်ပိုင်း သူတို့နှင့် ပြန်ဆုံမှ ကျွန်တော် သိရတာ ဖြစ်၏။

ထိုအင်္ဂလိပ်စာ အထူးသင်တန်းတွင် အရှေ့တောင်အာရှ ကျောင်း သားတွေချည်း ဖြစ်သည်။ ဖိလစ်ပိုင်၊ လာအို၊ ကမ်ပူးချား၊ ယိုးဒယားနှင့် အင်ဒိုနီးရှား။ မြန်မာ ဆိုလို့ ကျွန်တော် တစ်ယောက်တည်း။ ဆရာမလေးကို မူလတန်းပြဟု ကျွန်တော် ခန့်မှန်းရခြင်းမှာ သူက ကျွန်တော်တို့ အသိုက်ကို ကလေးတွေလို သဘောထားပြီး သီချင်းတွေ၊ ကဗျာတွေနှင့် သင်သောကြောင့် ဖြစ်၏။ ထို သင်တန်းကို တက်ရခြင်းကြောင့် အင်္ဂလိပ်စာ သင်နည်းစနစ်တခု ကျွန်တော် သဘောပေါက်သွားခဲ့ပါသည်။

သို့သော် ကြာကြာ မတက်ရလိုက်ပါ။ ယိုးဒယားတွေ၊ အင်ဒိုနီးရှား တွေက ထစ်အထစ်အနှင့် အုအုအဲအဲတွေ လုပ်နေချိန်မှာ ကျွန်တော်နှင့် ဆရာမ လေးက ဝတ္ထုရှည်တွေအကြောင်း ဆွေးနွေးနေတတ်သည်။ သုံးရက်လောက်ကြာ တော့ ဆရာမလေးက .မင်းအဆင့်နဲ့ လာမတက်ပါနဲ့တော့ဟု ပြော၍ သွား မတက်ဖြစ်တော့ပေ။

ဤလို အင်္ဂလိပ်စာအခြေခံနှင့် လာခဲ့ရာက တက္ကသိုလ်စာသင်ခန်း လည်း ဝင်လိုက်တော့ ထိခနဲ ဆိုတာနှင့် ကွဲလေသည်။ ဆရာက ဘာတွေ ပြောနေမှန်းမသိ ကျောင်းသားချင်း ပြန်မေးတော့လည်း သူတို့ ပြန်ဖြေတာ ကိုယ် ဖမ်းမမိ။

## ဝဲသူများ

ဩစတြေးလျ လူမျိုးတွေကို *Broad Aussies* ဟု တစ်ခါတလေ သုံးနှုန်းတတ်ကြ၏။ အော်စီ ဆိုသည်မှာ ဩစတြေလျန်း၏ အတိုကောက် ဗန်းစကား။ ပြင်သစ်ကို *Frog*၊ ကနေဒီယန်ကို *Canuch*၊ အင်္ဂလိပ်ကို *Pommie*၊ အမေရိကန်ကို *Yankee* ဟု ခေါ်သလိုမျိုးဖြစ်၏။ *Broad* ဟူသော စကားကတော့ ဤကိစ္စမျိုးတွင် သုံးလျှင် နည်းနည်းတော့ ရိုင်းသည်။ စကားဝဲခြင်းကို ညွှန်းသည်။

သူတို့ တစ်နိုင်လုံး၏ ထူးခြားချက်မှာ စကားဝဲခြင်းဖြစ်သည်။ အသံထွက်ပုံတွေက ဆန်းသည်။ အေ ကို အိုင်ဟု ထွက်၏။ ထို့ကြောင့် အေဘီစီဒီအစား အိုင်ဘီစီဒီဖြစ်နေသည်။ *day* ဆိုလျှင် ဒိုင်းဟု အသံထွက်ရာ သတိမထားလျှင် *die* ဟု ထင်ရ၏။ *I come today* ဆိုလျှင် *I come to die* ဆိုတာမျိုး ထင်ရနိုင်သည်။

နောက်တစ်မျိုးက အို(*o*)အသံကို အေးယူ(*au*)သံနှင့် ထွက်ကြခြင်းဖြစ်၏။ ကောင်း၊ ဟောင်း၊ နောင်း၊ တောင်း *cow, how, now, town* တို့ကို ကယောင်း၊ ကဟောင်း၊ နယောင်း၊ တယောင်း ဟု အသံထွက်သည်။

## ကွင်စလန်မှုပိုင်

တစ်မျိုးလုံးက ဤလိုဝဲရသည့်ကြားတွင် ကွင်စလန်ပြည်မှာ *Queensland Bush Accent* ခေါ် ကွင်စလန်တောသား လေသံက ပိုထူးနေသည်။ နှုတ်ခမ်းမပွင့်တပွင့်နှင့် စာကြောင်းရှည်တွေ ပြောချတတ်သည်။ စာတက်သင်နေသူဆရာတွေထဲမှာ ထိုလိုစကားပြောဟန်နှင့် ပုဂ္ဂိုလ်တစ်ဦးပါသည်။ ဘာမှနားမလည်။

သည်လိုဆိုလျှင် စောစောပိုင်းက ဒါတွေ ဂရုမပြုမိဘူးလားဟု မေးချင်စရာရှိသည်။ တက္ကသိုလ်မှာ အတန်းမတက်ရခင်အထိ ဆုံတွေ့ခဲ့ရသူတွေမှာ နိုင်ငံခြားသား(အထူးသဖြင့် အာရှကျောင်းသား)နှင့် ဆက်ဆံနေကျများဖြစ်လေရာ ကျွန်တော်တို့ နားလည်အောင် ပြောတတ်ကြသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း လိုအပ်လျှင် အင်္ဂလိပ်လို လက်ချာပေးနေခဲ့သူမို့ အင်္ဂလိပ်စာနှင့် သိပ်မစိမ်း။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် အင်္ဂလိပ်လို ပြန်မပြောနိုင်တာသာ ရှိမည်။ ဖတ်နိုင်စွမ်း၊ ကြားနိုင်စွမ်းတော့ ရှိကြသည်။ ဤလိုလူ

သည်လည်း အော်စီနှင့်တွေတော့ ခံသွားရလေသည်။ ဘာမှ နားမလည်။ သူတို့ စကားကို နားလည်ဖို့ဆိုပြီး ခပ်လျောင်လျောင်ရေးထားသော *Let Stalk Strine* ဆိုသည့် စာအုပ်တစ်အုပ်ပင် နောက်တော့ ထွက်လာပါသေးသည်။ တကယ် ဖြစ်သင့်သော နာမည်အစစ်က *Let's Talk Strine* ဖြစ်ပါသည်။ *Strine* ဆို သည်မှာ အော်စီတို့ သုံးသော ဩစတြေလျန် အင်္ဂလိပ်ဘာသာစကား အသံ ထွက်ကို ခေါ်ခြင်း ဖြစ်၏။

## လွတ်အောင်တော့ ခုန်ရမည်

ဘဝတူတွေကြားတွင် ဘာသာစကား အခက်အခဲကြောင့် အူလည်လည်ဖြစ်နေ ကြသူတွေ ရှိသည်။ ရောက်တာ တစ်နှစ်ခွဲလောက် ရှိပြီဖြစ်သည့်တိုင် အူးအ အီးအဲတွေ လုပ်နေရဆဲ ကျောင်းသားတွေရှိသည်။ သူတို့မှာ လက်ချာလိုက်ရန် အလွန် အခက်အခဲရှိသဖြင့် စာတွေအများကြီး ရှာဖတ်ရသည်။ ပင်ပန်း ကြသည်။

ကိုယ် ရည်မှန်းတာ ဖြစ်ဖို့က သူတို့ ဘာသာစကားကို နိုင်မှဖြစ်မည်။ ထို့ကြောင့် ကျွန်တော် ကျောင်းပြေးပါသည်။ အမှန်တော့ ကျောင်းပြေးတာ မဟုတ်ပါ။ အချိန်ပြည့် တက်နေစရာမလိုသောကြောင့် အားတိုင်း ပြန်ပြေးလာ တာဖြစ်ပါသည်။ ကျွန်တော်နေသော အဆောင်ကလည်း တက္ကသိုလ်နှင့် နီးသည်။ တီဗွီတစ်လုံးရှာပြီး အားတိုင်း ထိုင်ကြည့်ပါသည်။ *Talk show* ခေါ် စကားပြောတွေ များလှသော ဆွေးနွေးပွဲ *Forum* တွေ၊ အင်တာဗျူးတွေ သတင်း တွေ များများကြည့်သည်။ ပြီးတော့ အော်စီမိတ်ဆွေတွေနှင့် များများ ပေါင်းသည်။ ရေဒီယိုတစ်လုံး ဝယ်ပြီး အပြောတွေ များများ နားထောင်သည်။ သွားလေရာ ထိုအိတ်ဆောင် ရေဒီယိုလေး ယူသွားသည်။ သူတို့ ပြောသည့် လေသံနှင့် ဟန်ပန်ကို ရအောင် လိုက်တုရသည်။ လူရှင်းရာ သွားပြီး ရေဒီယို တစ်ခွန်း ကိုယ်တစ်ခွန်း လိုက်ပြောကြည့်ရသည်။

များများ မကျင့်လိုက်ရပါ။ တစ်ပတ်အတွင်း ကြောက်စိတ်တွေ ပျောက်သွားသည်။ တစ်လလောက် ရှိတော့ မိတ်ဆွေသစ်များနှင့် ဘီယာဆိုင်မှာ ကျွန်တော် ပျော်နေပြီ။ တွေ့ကရာ ရှစ်သောင်းတွေ ပြောနေလေပြီ။ ပေါက်ကရ ပြက်လုံးတွေ ပြောနေနိုင်ပြီ။

# ၃

# ပျံလွှားလေးတွေ

## မြန်မာကျောင်းသား ဥက္ကဋ္ဌတဲ့

ကွင်စလန် တက္ကသိုလ်တွင် *OSA* ခေါ် *Overseas Student Association* နိုင်ငံရပ်ခြား ကျောင်းသားများအသင်း ရှိသည်။ တက္ကသိုလ်မှ ထကြွလုံ့လဖြင့် ဖွဲ့ပေးခြင်းဖြစ်သည်။ နိုင်ငံရပ်ခြားဆိုသော်လည်း မျက်နှာဖြူကျောင်းသား (အင်္ဂလိပ်၊ အမေရိကန်)တွေမပါ။ အာရှနှင့်အာဖရိကကျောင်းသားတွေသာ ဖြစ်သည်။ စင်ကာပူ၊ မလေးရှား အုပ်စုက ဦးစီးဦးဆောင်လုပ်နေ၏။ တွေ့ဆုံပွဲတွေ ပါတီတွေလုပ် စာစောင်တွေ ထုတ်သည်။ ယခင်နှစ်က ဥက္ကဋ္ဌလုပ်ခဲ့သော ဦးထွန်းလှိုင်(စိုက်ပျိုးရေး)က ပြန်သွားလေပြီ။ အမှန်တော့ ဥက္ကဋ္ဌနေရာမှာ ဘယ်သူကမှ မလုပ်ချင်။ ဝင်ရရောရသည်။ အချိန်ကုန်ခံပြီး အသင်းအပင်း အလုပ်တွေ လုပ်ပေးရသည်။ ကျွန်တော်မှာ မျက်နှာဖြူကျောင်းသား အသိုင်းအဝိုင်းမှာကော အာရှကျောင်းသား အသိုင်းအဝိုင်းမှာကော ရောရောနှောနှော ဝင်ဝင်ထွက်ထွက် ရှိလေရာ မြန်မာအသင်း ဥက္ကဋ္ဌ အစည်းအဝေး လာတက်ပါ ဟူသော ဖိတ်စာရောက်လာသောအခါ အသင့်ရှိနေသူ မြန်မာကျောင်းသား

တချို့က ကျွန်တော့်အား လွှတ်ကြလေသည်။ သို့နှင့် ကျွန်တော် ဘုမသိ ဘမသိဘဲ မြန်မာ ဥက္ကဋ္ဌ ဖြစ်သွားရလေသည်။ (လူစုံသောပါတီ တစ်ခုတွင် ကျွန်တော့်အား မြန်မာ ဥက္ကဋ္ဌအဖြစ် မိတ်ဆက်ပေးတော့ တစ်ဦးက သူ့ ဘယ်သူ ခန့်ထားလို့ ဥက္ကဋ္ဌလုပ်ရတာလဲ ဟု ပြောလိုက်သံကြားရပါ၏။)

*International Night* ခေါ် နိုင်ငံတကာပွဲတော်ညချမ်း လုပ်ရန် ရှိလာသည်။ အဆိုတွေ အကတွေ တင်ဆက်ရမည်။ ကတတ်သူ ဘယ်သူမှ မရှိ။ မြို့တော်စည်ပင်တွင် လမ်းအင်ဂျင်နီယာ လုပ်နေသော ဦးကိုလေး မိသားစု ရှိသည်။ သမီးလေး သုံးယောက်ကို သင်ပေးလျှင် ရနိုင်သည်။ ကျွန်တော်ကလည်း ၁၉၇၁ မဝင်ခင်ကလေးမှာ ကျင်းပခဲ့သော ရန်ကုန် တက္ကသိုလ် ရွှေရတုသဘင်တွင် စင်တင်ခဲ့သော အတွေ့အကြုံ ရှိနေသည်။

ကဲ လုပ်လိုက်ကြစို့။

## တယောနှင့် ဗုံသံ

တူရိယာတစ်ခုခု တတ်သူမှာလည်း ကျွန်တော်ပဲရှိသည်။ ထို့ကြောင့် မှုံရွှေရည် နှင့် သော်တာပေါ်လာ တောင်လက်ျာကို ပေါင်းစပ်ရေး၊ တယောနှင့်အသံသွင်း၊ ပြီးတော့ တယောဖြင့်ပင် ဗုံသံပြန်ထည့်။ စည်းဝါးနှင့် အဆိုထပ်။ ပြီးတော့ ထိုသီချင်းအတိုင်း အကကွက်တွေ ကျေနေအောင် သင်။ အကသင် ဆရာမနှင့် အဝတ်အစား ဒီဇိုင်နာအဖြစ် ဦးကိုလေး၏ ဇနီးဒေါ်မာမာ (ကလေးမလေးတွေ ၏အမေ) က တာဝန်ယူသည်။

ခေါင်းခါးခြေလက် ညီညာစွာဖြင့် ညီအစ်မ သုံးယောက် ကပြကြသည် ကို ပရိသတ်က အတော်ကြီး အံ့သြကြလေသည်။ ထို့ထက် နောက်ခံတေးဂီတ ကို ပိုအံ့သြပုံရ၏။ ဘာသံကြီးလဲ(ဘာတူရိယာလဲ)ဟု လာမေးကြသည်။ ဤကပွဲ ၏ အရှိန်ကြောင့် ကလေးတွေ ကျောင်းက နှစ်ပတ်လည် အခမ်းအနားမှာ ထပ်မံ တင်ဆက်ရပြန်သည်။ ထိုပွဲတင်ဆက်နေချိန်တွင် ကျွန်တော့် စာမေးပွဲ မှာ အလွန်နီးနေလေပြီ။ ကလေးတွေ၏ ဖခင် ဦးကိုလေးကပင် ခင်ဗျား လိုက် မကူစေချင်ဘူးဗျာ၊ စာမေးပွဲ ထိခိုက်လိမ့်မယ်ဟု သတိပေးဖူး၏။ ပိုးဝင်သွားပြီ ဖြစ်သော ကျွန်တော့်မှာ တားမရတော့။

ကပွဲပြီးသွားသည့်နောက် အရက် နှစ်ဆယ်လောက်အကြာမှာ စာမေးပွဲ စစ်ပါသည်။ စာမေးပွဲမစစ်ခင်က ကိစ္စလေး တစ်ခုကို ကျွန်တော် သရဖူအင်တာဗျူးတွင် ပြောပြခဲ့ဖူးပါပြီ။ ထပ်ပြောလိုက်ပါရစေ။

## ပျံလွှားလေးတွေ

သူတို့ဆီမှာ စက်တင်ဘာဆိုလျှင် နွေဦးရာသီသို့ ရောက်ပြီ။ အချမ်းပေါ့လာပြီ။ ကျွန်တော်တို့ဆီမှာ နွေဦးပေါက်လာသလိုမျိုး ဖြစ်၏။ ကျွန်တော်တို့ဆီမှာ နွေဦးနှင့်အတူ စာမေးပွဲတွေ ရောက်လာကြသလိုပင် သူတို့ဆီမှာလည်း နွေဦးနှင့်အတူ စာမေးပွဲ ရောက်လာပါသည်။ နှစ်စဉ် နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် စာမေးပွဲ စစ်နေကျ။ စက်တင်ဘာ တစ်လလုံးနှင့် နိုဝင်ဘာ ပထမပတ်တို့သည် စာသင်နှစ် တစ်နှစ်အတွက် ပန်းဝင်ချိန် အချောသပ်ချိန် ဖြစ်သည်။ စာသင်ပြီးလျှင် စာကျက်ချိန် *(private study)* ပေးသည်။ ပြီးလျှင် ရေးဖြေ စာမေးပွဲ၊ ပြီးလျှင် လက်တွေ့စာမေးပွဲ။

စာသင်ရက်များ၏ နောက်ဆုံးနေ့၊ နံနက်စောစောကပင် ကျွန်တော်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။ ကျောင်းသားဘဝ၏ နောက်ဆုံးနေ့များဆိုသော အတွေးက ဤရက်ပိုင်းတွင် ရင်ထဲ ခိုအောင်းနေခဲ့၏။ အောင်သည် ဖြစ်စေ၊ ရှုံးသည် ဖြစ်စေ ယနေ့ကား ကျောင်းနေ စာသင်ဘဝ၏ နောက်ဆုံးနေ့ဟု သိနေသည်။ နက်ကတိုင်တွေ၊ ကုတ်အကျီတွေနှင့် အကျအနဝတ်စားကာ ကျောင်းသို့ ထွက်လာခဲ့၏။ ကျောင်းတွင် လူရှင်းနေသည်။ အတန်းအများစုမှာ သင်ရိုးကျွတ်သွားကြလေပြီ။ ကိုယ်ပိုင် စာကြည့်ချိန် ပေးလိုက်လေပြီ။ ကျွန်တော်တက်နေရသော အတန်းများအနက် တစ်တန်းသာ ကျန်နေတော့သည်။ ထိုအတန်းကို သွားတက်ပြီးနောက် တက္ကသိုလ်၏ ဗဟိုကွက်လပ်ကြီးသို့ ထွက်လာခဲ့၏။

## ဂရိတ်ကုတ်

ကွင်စလန်တက္ကသိုလ်သည် အတော် နေရာကြီးကြီး ယူထားသော တက္ကသိုလ်ဖြစ်၏။ ဘရစ္စဘိန်းမြစ်၏ အကွေးတစ်နေရာကို ပိတ်ယူထားသည်။ ရန်ကုန်တက္ကသိုလ် နှစ်ခုစာလောက် ကျယ်လိမ့်မည်။ ဤသည်ပင်လျှင် ပင်မတက္ကသိုလ်မျှသာ ရှိသေး၏။ ကျွန်တော်တို့ ဌာန၏ မွေးမြူရေးခြံများ၊ ဆေးရုံများက ၁၀ မိုင်ခန့်အကွာ ရပ်ကွက်တစ်ခုမှာ ရှိသည်။

တက္ကသိုလ်၏ အလယ်တွင် ဘောလုံးကွင်း နှစ်ကွင်းစာ ပတ်လမ်းပါသော၊ အားကစားကွင်း အနေဖြင့် ပြောရလျှင်တော့ အောင်ဆန်းကွင်း တစ်ခုစာမျှကြီးသော ကွက်လပ်ကြီးတစ်ခု ရှိ၏။ ပင်မအဆောက်အအုံများကို ထိုကွက်လပ် ပတ်ပတ်လည်တွင် ဆောက်ထားသည်။ ကွင်စလန် ပြည်နယ်မှ ထွက်

မြန်မာ စာအုပ်များ

သော *redstone* ခေါ် နီဝါကျားများ ပါသည့် သဲကျောက် လေးထောင့်တုံးများဖြင့် ဆောက်ထားသည်။

ကွက်လပ်ကြီးကား ဘာမှ အထူးတလည် ဥပမာ အားကစားတို့ စုဝေးပွဲတို့ မလုပ်သည့် ကွက်လပ် ဖြစ်သည်။ တစ်ခါတော့ ဘွဲ့နှင်းမှု အသေးစားလေးများကို မတ်ရပ် ပရိသတ်နှင့် လုပ်သွားတာ မြင်ဖူး၏။

နွေဦးရာသီတွင် ထိုကွင်းပြင်ကြီး အစပ်တစ်ဝိုက် စီတန်းစိုက်ထားသော စိန်ပန်းပြာပင်များ တစ်ခဲနက် ပွင့်ကြသည်။ နွေကျမှ မိုးရွာသောကြောင့် မြက်ခင်းကလည်း စိမ်းနေပြီ။ မြက်ခင်းစိမ်းစိမ်းပေါ်တွင် စိန့်ပန်းပြာ ပွင့်ကြွေများ ကျနေသည်မှာ နွေဦးနေရောင်တွင် မျက်စိပင် ကျိန်းလောက်သည်။

## မျှော်စင်နှင့် ရေအိုင်

ထိုကွက်လပ်ကြီးကို *great court* ဂရိတ်ကုတ်ဟု ခေါ်ပါသည်။ ကွက်လပ်ကြီး/ ကွင်းပြင်ကြီးဟု အဓိပ္ပာယ်ရပါသည်။ ထိုကွက်လပ် ကွင်းပြင်ကြီး၏ အစပ်တစ်နေရာရှိ စိန်ပန်းပြာပင်အောက်မှာ ခုံတန်းလျားလေး တစ်ခုတွင် မြန်မာကျောင်းသားတစ်ယောက် ထိုင်နေသည်။ ပွိုင်းမှိုင်းညှို့ညှို့ မျက်နှာထားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်နေသည့်ပုံ ပေါ်လွင်လှသည်။ သူသည် စိန်ပန်းပြာကိုလည်း မကြည့်၊ အဆောက်အဦတွေကိုလည်း မကြည့်ဘဲနှင့် အဝေးသို့သာ ငေးနေသည်။ ထိုကျောင်းသားမှာ ကျွန်တော် ဖြစ်ပါ၏။

စာမေးပွဲတိုင်းမှာ ကျွန်တော် အောက်ကျနောက်ကျ မရှိခဲ့ဖူးပါ။ သင်သမျှ ကျေအောင်ဖတ်ပြီး အစွမ်းကုန် ဖြေဆိုလိုက်သည်သာ။ ယခုအကြိမ်မှာတော့ ကျွန်တော် စိုးရိမ်နေရပြီ။ လိုက်မီအောင် ကြိုးစားခဲ့ပါသော်လည်း စာတွေက ခက်လွန်းလှ မြင့်လွန်းလှသည်။ ရှုံးဖို့ များနေလေပြီ။ ရှုံးရှုံး၊ အောင်အောင် ယနေ့ကတော့ ကျောင်းသားဘဝနှင့် နောက်ဆုံးနေ့ပင် ဖြစ်လိမ့်မည်။ ရှုံးလျှင်တော့ ပြည်တော်ပြန်ရုံသာ ရှိတော့မည်။ ကြိုးစားသင့်သလောက် ကြိုးစားခဲ့ရဲ့လားဆိုတော့ ကျွန်တော်သည် စာပေတို့၊ ပန်းချီတို့၊ ဂီတတို့၊ ပြဇာတ်တို့ကိုပါ နှံ့နှံ့စပ်စပ် လျှောက်လိုက်နေခဲ့တာတွေ ရှိ၍ လည်းကောင်း၊ စာမေးပွဲနီး၍ အားလုံးက စာကျက်နေကြသော ကာလမှာ ပဒေသာကပွဲ စင်တင်လုပ်ငန်းဖြင့် အလုပ်များနေခဲ့၍ လည်းကောင်း စာကို ဇောင်းပေး ကြိုးစားနိုင်ခဲ့မှု အားနည်းသည်။ မိမိကိုယ်ကိုယ် သိပ်အားမရ။

ထို့ကြောင့် ပြန်ရဖို့က များနေလေပြီ။ အရှုံးသမားအဖြစ် ပြန်ရတော့မည်။ အရင်က နောင်တော်တွေလိုပင် တပ်လန်ပြီး ပြန်ရတော့မည်။ လုပ်သင့်တာတွေ ပိုင်ပိုင်နိုင်နိုင် မလုပ်ခဲ့ဟု တွေးလိုက်မိသောအခါ မိဘတို့၏ မျက်နှာကိုမြင်ပြီး ကျွန်တော် တော်တော်ဆွေးသွားသည်။ ဝမ်းနည်းသွားသည်။

နွေဦးမို့ မိုးရွာသည်။ မိုးရွာသောကြောင့် မြေပေါ်တွင် ရေအိုင်ငယ်လေးများ ရှိနေ၏။ ထိုရေအိုင်ထဲသို့ ငှက်ကလေးတွေ ဆင်းဆင်းလာနေကြသည်ကို သတိမပြုဘဲ မနေနိုင်တော့။

## မျှော်စင်နှင့် ငှက်သိုက်

ကြည့်လိုက်တော့ ထိုငှက်ကလေးများမှာ သေးသေးကွေးကွေး ပျံလွှားလေးများဖြစ်နေသည်ကို တွေ့ပါ၏။ ရေအိုင်ထဲသို့ ဘာများ ဆင်းလုပ်နေကြပါလိမ့်ဟု သိလို၍ သေသေချာချာ ကြည့်မိတော့မှ သူတို့၏ လုပ်ငန်းကို မြင်ရပါတော့သည်။

ကျွန်တော်ထိုင်နေရာ နေရာ၏ ညာဘက်တွင် ဥပဒေမဟာဌာန ရှိသည်။ ထိုဌာန၏ ပင်မအဆောက်အအုံမှာ တာဝါ (မျှော်စင်-*tower*) ပုံစံရှိသည်။ လေးထပ်တိုက်၊ ခြောက်ထပ်တိုက်လောက် မြင့်မည် ထင်ပါသည်။ ထိုမျှော်စင်သည် တောင်တက်အသင်းဝင်များအား လေ့ကျင့်ပေးရာ နေရာလည်းဖြစ်၏။ ကြိုးဖြင့် သိုင်းပြီး ခြေကန်တက်နည်း၊ လျှောဆင်းနည်းတွေ လေ့ကျင့်ကြရာ နေရာဖြစ်သည်။ ပုံစံအနေနှင့်ကတော့ လေးထောင့်ကျောက်တုံးတစ်တုံးကို ထောင်ထားသည်နှင့် တူ၏။

ပျံလွှားလေးများသည် ရေအိုင်ထဲ ဆင်းလိုက်၊ နှုတ်သီးလေးများဖြင့် ရွှံ့စလေးတွေ သယ်လိုက်၊ နံရံပေါ်မှာ သွားအသိုက်ဆောက်လိုက် လုပ်နေကြသည်။ ကျွန်တော် စတင် သတိပြုမိစဉ်မှာ အသိုက်က ဆယ်ဂဏန်းလောက် သာရှိမည်။ ကြည့်ရင်းကြည့်ရင်းနှင့် နံရံပေါ်မှာ အသိုက်တွေ စီရရီ ပေါ်လာကြလေသည်။ ပျံလွှားလေးများ၏ နွေခိုစခန်း၊ သားမွေးစခန်း။

## အင်အား

ပျံလွှားလေးများကို ကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ အသိတစ်ခု ဝင်လာသည်။ ဤမျှ သေးကွေး ငယ်ရွယ်သော ပျံလွှားလေးများသည် အတောင်ပံလေးတစ်စုံ

မြန်မာ စာအုပ်များ



ခြေထောက်ကလေး နှစ်ချောင်း၊ နှုတ်သီးလေး တစ်ခုဖြင့် ဤကျောက်နံရံပေါ် အသိုက်ဆောက်နိုင်ကြသေး၏။ ငါလို ခြေအစုံ လက်အစုံရှိပြီး ဒီလိုင်းမှာ ထိပ်ဆုံးအဖြစ် တိုင်းပြည်က ရွေးလွှတ်လိုက်တဲ့လူက ဘာကြောင့် စိတ်ဓာတ်ကျနေရပါသလဲ။ မြန်မာပဲ၊ ပုသိမ်သားပဲ၊ လုပ်ပြနိုင်ရမှာပေါ့။ ဘာဖြစ်လို့ အညံ့ခံရမှာလဲ။

အားအင်တွေ တစ်စတစ်စ တိုးပွားလာနေသည်။ ကျွန်တော် ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထလိုက်ပြီး ကွင်းတစ်ပြင်လုံး ဟိန်းသွားအောင် အားရပါးရ "ငါကွ ပုသိမ်သားကွ"ဟု အော်ဟစ်ကာ ပြေးထွက်ခဲ့ပါသည်၊

အခန်းပြန်ရောက်တော့ စာတွေဆွဲထုတ်ပြီး အငမ်းမရ ဖတ်မိသည်။ ဖတ်လို့ ကောင်းလိုက်သည့် ဖြစ်ခြင်း။

# ၄
# ဘယ်သူမပြု

## စာမေးပွဲ ဖြေရပုံ

တက္ကသိုလ် စာသင်ခန်းတွေက သီယေတာခေါ် နိမ့်မြင့်ခုံတန်းတွေသာ ဖြစ်သည်။ ထို့ကြောင့် စာမေးပွဲတွေကို တက္ကသိုလ်မှာ **စစ်လို့မရ၊** မြို့ထဲမှ ကပွဲခန်းမများကို ငှားရမ်း အသုံးပြုရသည်။ စာမေးပွဲ အချိန်ဇယား ထွက်လာသောအခါ ပါမောက္ခ၏ ပီအေက ကျွန်တော့်အတွက် စာမေးပွဲ အချိန်ဇယားကို လာပေးသည်။ အတန်းလိုက် ကပွဲခန်းမ တစ်ခုစီ သုံးလေရာ ကျွန်တော်က သုံးတန်းကို ခွဖြေရမည့်သူ ဖြစ်၍ ခန်းမသုံးခုမှာ ဖြေရသည်၊ ကံဆိုးချင်တော့ ဘာသာ နှစ်ခုမှာ တစ်နေ့တည်း မနက် ညကျနေသည့်အပြင် ဖြေရမည့် နေရာနှစ်ခုက တစ်ခုနှင့်တစ်ခု ၁၀ မိုင်လောက်ဝေးနေသည်၊ နံနက်ပိုင်း ဖြေအပြီးမှာ စားစရာ ဆင်းဒဝစ်တစ်ထုပ် ဝယ်၊ အငှားကား ငှားပြီး နောက်တစ်နေရာဆီ ပြေး၊ ကားပေါ်မှာ နေ့လယ်စာ စားပြီး ပြေးရခြင်းကို ကြုံရပါသည်။

သူတို့ဆီက စာမေးပွဲ စနစ်ကလေးတစ်ခုကို ပြောပြရဦးမည်။ စာမေးပွဲခန်းထဲသို့ ၁၀ မိနစ်စောပြီး ဝင်ခွင့်ပေးသည်၊ ထိုအချိန်ကို *Perusal time* ဟု

ခေါ်ပါသည်။ ထို ၁၀ မိနစ်သည် မေးခွန်းဖတ်ဖို့သာ ခွင့်ပြုသော အချိန်ဖြစ်၏။ ထိုအချိန်တွင် သက်ဆိုင်ရာ ဆရာတို့က ခန်းမထဲမှာ ဥဒဟို လမ်းလျှောက်ပေးနေကြ၏။ မေးခွန်းကို သေသေချာချာ ဖတ်ပြီး နားမလည်တာကို မေးနိုင်ကြသည်။ ထိုအချိန်အတွင်း အဖြေလွှာကို ကိုင်ခွင့် မပြုပါ။ ကျွန်တော်က ကိုယ့်ထုံးစံအတိုင်း အဖြေလွှာ ကောက်ယူပြီး ခုံနံပါတ် ရေးထိုးသောအခါ လာ၍ တားမြစ်ကြပါသည်။

ထိုမေးခွန်း ဖတ်ချိန် ၁၀ မိနစ်စေ့သွားသည်နှင့် ခေါင်းလောင်းထိုးပါသည်။ ဆရာတွေ ပြန်ထွက်သွားကြပြီး စာမေးပွဲ စောင့်ရန် ငှားထားသော သာမန်အလုပ်သမား(သန့်ရှင်းရေးတို့ ပင်စင်စား အဘွားကြီးတွေတို့) အမျိုးသမီးများ ဝင်လာကြပါသည်။ သူတို့၏ တာဝန်မှာ စာရွက်လိုလျှင် ထပ်ပေး၊ ခိုးချလျှင် ဆွဲထုတ်၊ ဖြေပြီးလျှင် မေးခွန်းနှင့် အဖြေလွှာကို တွဲချုပ်ရန်သာ ဖြစ်သည်။ မေးခွန်းကိုပါ ပြန်ပေးရပါသည်။ ယူသွားခွင့် မရှိ။

စာမေးပွဲနီး၍ မေးခွန်းဟောင်းများ လေ့လာလိုသောကြောင့် မေးမြန်းကြည့်သောအခါ တက္ကသိုလ်စာအုပ်ဆိုင်မှာ သွားဝယ်ဟု ပြောကြသည်။ တက္ကသိုလ် စာအုပ်ဆိုင်တွင် ကိုယ် ဝယ်လိုသော မေးခွန်းကို နှစ်အလိုက် တစ်စောင်ချင်း ဝယ်ယူနိုင်သည်။ ပုံစံတွင် ဖြည့်ပေးလိုက်ရုံသာ ဖြစ်၏။ မေးခွန်းတစ်စောင်ကို ငါးပြားနှုန်း ယူသည်။

## ကုလားလေး ဒင်နီယယ်

ဤနေရာတွင် ကွင်စလန်၌ ဆုံရကြုံရသော မိတ်ဆွေကြီး တစ်ယောက်အကြောင်း ပြောရဦးမည်။ ကျောင်းဖွင့်ပြီး တစ်လလောက်ကြာတော့ အတန်းထဲတွင် ကုလားတစ်ယောက် တိုးလာသည်။ ကျွန်တော်တက်သည့် မျိုးပွားပညာနှင့် မျိုးရိုးဗေဒ အချိန်များတွင် တွေ့နေရခြင်းဖြစ်သည်။ နောက်တော့ အာရှတိုက်သား ဘဝတူတွေချင်း ခင်မင်သွားခဲ့ပါသည်။ ဒင်နီယယ် ဂျလိုင်လား။ အရပ်ပုပုတုတ်တုတ်ခိုင်ခိုင်။ သေသေချာချာ သ ထားသော နှုတ်ခမ်းမွေးနှင့်။

သူက အိန္ဒိယပြည်မှ ဖြစ်သည်။ ဟိန္ဒူ မဟုတ်။ ခရစ်ယာန်။ *BVS* အောင်အပြီး *MVSC* ဆက်တက်။ ပြီးတော့ မြို့နယ်တိရစ္ဆာန်ဆေးကု အရာရှိလုပ်နေသူ။ ဘုရားကျောင်းမှ ပေးသော ပညာသင်ဆုဖြင့် ဩစတေးလျတွင် တစ်နှစ် လာရောက်လေ့လာခွင့် ရသည်။ ကွင်စလန် တက္ကသိုလ်နှင့် ညှိပြီး *ad hoc* ခေါ် ကြိုက်ရာရွေးသင် ဘာသာတွဲကို ယူသည်။ အမှန်တော့ ဤလို

*ad hoc course* မျိုးမှာ လေ့လာရေးသက်သက်အတွက် ပေးခြင်း ဖြစ်သည်။ နောင်တော့ ဘယ်လိုဖြစ်သွားသည် မသိ။ *ad hoc* နှင့်ပင် ကျွန်တော်တို့လို ဘွဲ့လွန် အရည်အချင်းစစ်ဝင်ခွင့်သို့ ပြောင်းတက်ခွင့် ရလာသည်။ ဟန်ကျ လိုက်သည့် ဖြစ်ခြင်း။ ကျွန်တော်နှင့်အတူတက်ရသော နှစ်ဘာသာအပြင် *Bio-meteriology* ခေါ် နောက်တစ်ဘာသာလား မသိ ထပ်ယူရသည်။ ထိုဘာသာ ရပ်မှာလည်း ထိုစဉ်က ဌာနမှူးလုပ်နေသော ပါမောက္ခကြီး ဒေါက်တာဒေါင်း လင်း၏အထူးပြုဘာသာရပ် ဖြစ်နေသောကြောင့် ယူရခြင်းဖြစ်မည် ထင်သည်။

## အတင်းဆွဲသွင်းရ

*ad hoc* ဆိုလျှင်တော့ အတန်း လိုက်တက်ပြီး ပြန်ရုံဖြစ်သည်။ အရည်အချင်း စစ်စာမေးပွဲ ဖြစ်လာသောအခါ စာမေးပွဲဖြေဖို့ လိုလာတော့သည်။ သူက *ad hoc* မို့ စာမပတ်ဘဲ နေခဲ့ရာမှ စာမေးပွဲဖြေရတော့မည် ဆိုတော့ သူ့ခမျာ အသည်းအသန် လိုက်ကြိုးစားရတော့သည်။

မျိုးရိုးဗေဒပညာ *(genetics)* ဘာသာကို ဖြေရမည့် စာမေးပွဲခန်းအဝ တွင် သူသည် ဝင်မဖြေတော့ဟု ပြော၏။ သူ ဘာမှ မသိ၊ နားလည်းမလည်၍ မဖြေချင်တော့ဟု ဆိုသည်။ ကျွန်တော် အတင်းဆွဲသွင်း၍ သူ ဝင်လိုက်လာခြင်း ဖြစ်သည်။

စာမေးပွဲ ဖြေအပြီးမှာ အားလပ်ရက်ရသွားသည်။ အများစုကတော့ ထိုအားလပ်ရက်မှာ အလုပ်လုပ်ကြသည်။ တက္ကသိုလ်ကျောင်းသားဆိုသည်မှာ ကိုယ့်စရိတ်ကိုယ် ရှာကြသူများဖြစ်သောကြောင့် ကျောင်းရက်ရှည်အပိတ်မှာ သာမက စနေ၊ တနင်္ဂနွေမှာပင် အလုပ် ထွက်လုပ်ကြရပါသည်။ တိရစ္ဆာန် ဆေးကုကျောင်းသားတွေကတော့ ကျောင်းပိတ်လျှင် မွေးမြူရေးခြံတွေ၊ ဆေးရုံ တွေမှာ လက်တွေ့ဆင်းကြရသည်။

ဒင်နီယယ်က ဝင်ငွေလိုအပ်နေသူပီပီ အလုပ်ကြမ်း ထွက်လုပ်ရန် ကြိုးစားသည်။ ရနိုင်သော နေရာတွေ သွားသွားပြီး ကြိုးစားကြည့်သော်လည်း မဟန်။ အမှန်တော့ သူက သူ့ခွင့်ပြုချိန် တစ်နှစ်ပြည့်လျှင် ပြန်သွားရမည့်သူ ဖြစ်၏။ သူကြည့်ရတာ ပြန်ချင်ပုံမရ။ အလုပ်ကြမ်းလည်း ရှာမရသည့်အဆုံး တက္ကသိုလ်သို့ သွားပြီး ပါမောက္ခကြီးဆီမှာ အကူအညီတောင်းလေရာ တက္ကသိုလ်မှ *tutor grade 4* ခေါ် နည်းပြဆရာ ရာထူးကို ရသွားပါသည်။ ကံကောင်းပါ၏။ ပို၍ ကံကောင်းသည်ကား ပါရဂူသင်တန်း တက်ခွင့် (သုတေ သနပြုခွင့်)ပါ ရလိုက်ခြင်း ဖြစ်သည်။

ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား

(သူနှင့် ကျွန်တော် တွဲဖက်ဆောင်ရွက်နေသော သုတေသနလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပြီး သူ *Ph.D.* ရသွားခဲ့ပါသည်။ အဲဒီနိုင်ငံမှာပင် အခြေချပါသည်။)

**အောင်စာရင်း**

မဖြေနိုင်ဟုဆိုသော ဒင်နီယယ်လည်း အောင်သည်။ အင်ဒိုနီးရှား နှစ်ယောက်ကတော့ နောက်ဆက်တွဲ ထိသည်။ သူတို့အခေါ်အရ *Post* ထိ သည်ဟု ခေါ်ပါသည်။ ဘာသာအချို့ ရှုံး၍ ပြန်ဖြေရခြင်း ဖြစ်၏။ သူတို့၏ အောင်စာရင်းကို ကြည့်တော့မှ အောင် ရှုံး ဆုံးဖြတ်ခြင်း ကိစ္စတွင် ပါမောက္ခ၏ ဩဇာကို ခံစားမိပါ၏။ ကျွန်တော်တို့ကျတော့ တစ်ကြိမ်တည်းနှင့် အောင်ရမည်၊ အဆင့်မှာလည်း အနည်းဆုံး ခရက်ဒစ် *(65%)* ရရမည်ဟု ခြိမ်းခြောက်ထားခဲ့၏။ တစ်ခုတော့ ရှိပါသည်။ ဒင်နီယယ်က ဘုရားရှိခိုးကျောင်း၏ စတိုင်ပင်(ဘာသာရေး စတိုင်ပင်)ဖြင့် လာသူ။ အင်ဒိုနီးရှား နှစ်ယောက်က အမေရိကန် ဖို့ဒ် ဖောင်ဒေးရှင်း ပညာသင်ဆုဖြင့် လာသူ။ သူတို့အတွက် ဩစတြေးလျအစိုးရတွင် တာဝန် မရှိ။ ကျွန်တော်က ဩစတေးလျ အစိုးရက ပေးသော ကိုလံဘိုစီမံကိန်း ပညာသင်ဆုဖြင့် လာရသူ ဖြစ်လေရာ ဩစတေးလျ နိုင်ငံ၏ တာဝန်။ ထို့ကြောင့် ဝက်အူကျပ်ထားခြင်း ဖြစ်မည် ထင်ပါသည်။

အောင်စာရင်းတွေ စုံအောင်ထွက်အပြီးနောက်တစ်နေ့တွင် ဦးကိုလေး (မှန်ရွှေရည် ကကြိုသော ကလေးမလေးတွေ၏ ဖခင်) လာလည်ပါသည်။ ပြီးတော့ ကျွန်တော့်ကို သီးသန့်ခေါ်ထုတ်သွားသည်။ သူ့ကလေးတွေ၏ ပဒေသာကပွဲကို ကျွန်တော် စီစဉ်ပေးနေ၍ စာမကျက်နိုင်မှာ စိုးခဲ့သူ ဖြစ်၏။ ဟိုလူတွေရှေ့ ပြောရမှာ အားနာလို့ဗျာ ကွန်ဂရက်ကျူလေးရှင်းဟု ပြောပါ၏။ ကျွန်တော် အောင်ပါသည်။ သူတို့ သတ်မှတ်သည့် အဆင့်ကို ဝင်ပါသည်။ အဓိကဘာသာ သုံးခုမှာ တစ်ခုက ဂုဏ်ထူးရပြီး ကျန် နှစ်ခုက ခရက်ဒစ်။ အပိုဘာသာဖြစ်သော ဆေးပညာမှာကျတော့မှ အောင်ရုံပဲ ရပါသည်။ ပါမောက္ခကတော့ ပညာရေးဌာနကပါ ထိုဘာသာတွင် အမှန်နည်းနေကြောင်း ထောက်ပြကြ၍ ကျွန်တော်က ကျွန်တော့်အား လက်တွေ့လုပ်ခွင့် ပေးမထား၍ လက်တွေ့သင်တန်းများ မတက်ရကြောင်း၊ မြန်မာပြည်မှာ လုပ်ခဲ့ကိုင်ခဲ့၊ ကုသခဲ့ဖူးတာတွေကို အားကိုးပြီး ဖြေခဲ့ရကြောင်း ရှင်းပြရပါသည်။

အောင်စာရင်းထွက်သည့်နေ့က ပုံ့လွှားလေးတွေကိုသတိရ၏။ တကူးတကန့် သွားကြည့်ရသေး၏။ မရှိကြတော့။ နွေခိုပြီး ဥတွေလာဥကြ၊ အကောင်

ငယ်လေးတွေ ပေါက်တော့ အပျံသင်ပြီး ပြန်လည် ထွက်ခွာသွားကြလေပြီ။ သတိစောစော မရခဲ့မိ၍ သူတို့တစ်တွေ အပျံသင်နေကြသည်ကို မမြင်လိုက်ရ။

## ကျွန်တော့်ဆရာ ဒေါက်တာဒေါင်းလင်း

အရပ်မြင့်မြင့် ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်နှင့် အဘိုးကြီး။ အသက်ကတော့ ၆၀ ကျော်လောက်ပါပြီ။ ၆၅ လောက်ပင် ရှိမည်ထင်သည်။ *Embryo transfer* ခေါ် သန္ဓေသားလောင်းကို သယ်ယူ ကူးပြောင်းခြင်းဖြစ်သည်။ အင်္ဂလန်မှာ နွားထီးနှင့်နွားမ သားစပ်။ သုံးလေးရက် ကြာတော့ နွားမဗိုက်ကို ခွဲပြီး သန္ဓေသားလောင်းကို ထုတ်ယူကာ ယုန်မ၏ သားအိမ်အတွင်း ထည့်သွင်းပြီး တောင်အာဖရိကနိုင်ငံသို့ လေယာဉ်ဖြင့် သယ်။ ဟိုကိုရောက်တော့ ယုန်သားအိမ်တွင်းမှ သန္ဓေသားကို ပြန်ထုတ်ပြီး နွားမ၏ သားအိမ်ထဲ ပြန်ထည့်ပေးသည်။ ယနေ့ခေတ်တွင် အလွန်လွယ်ကူစွာ လုပ်ဆောင်နိုင်နေပြီဖြစ်သော *ET* ခေါ် ထိုသန္ဓေသား ကူးပြောင်းပညာမှာ နွားမတစ်ကောင်တွင် သန္ဓေသား ၁၀ လုံးခန့်ရအောင် ဆေးဝါးဖြင့် ကြံဆောင်မျိုးစပ်ပြီး မျိုးအောင်သော သန္ဓေသားလောင်းများကို ထုတ်ကာ အခြားနွားမများထဲ ထည့်ကာ အငှားကိုယ်ဝန်ဆောင်ခိုင်းခြင်းဖြစ်သည်။ မျိုးညံ့တိရစ္ဆာန်အမများမှာ မျိုးစစ် မျိုးကောင်းကလေးများ မွေးလာစေနိုင်သည်။ ၁၉၄၆ ဆိုသော ကာလ (လွန်ခဲ့သော နှစ်ပေါင်း ၆၀) သည် ထိုပညာလိုင်းအတွက် အရဏ်ဦးမျှသာ ရှိပါသေးသည်။ သူသည် *ET* ကို လမ်းထွင်ပြီး သုတေသနပြုကာ ပါရဂူကျမ်း ပြုစုခဲ့သူဖြစ်၏။ နွားမွေးမြူရေးကို အထူးပြုခဲ့ရာမှ တိရစ္ဆာန်များ၏ ဇီဝလုပ်ငန်းများအပေါ် ရာသီဥတု၏ သက်ရောက်ပုံကို အထူးပြုလေ့လာသော *Biometeorology* ခေါ် လိုင်းတစ်လိုင်းကို လမ်းထွင်ပြန်သည်။ ထိုဘာသာရပ်ဖြင့် *Ph.D.* တစ်ခု ထပ်ယူပြန်သည်။ ပြီးမှ သုတေသန ဆောင်းပါးပေါင်းချုပ်ဖြင့် ပညာလောကတွင် အမြင့်ဆုံးဘွဲ့ဖြစ်သော *DSc* ကို ထပ်ယူပြန်သည်။ ထို့ကြောင့် ပါမောက္ခ ဒေါက်တာဒေါင်းလင်းသည် ကမ္ဘာကျော် သုတေသနသမားတစ်ဦး ဖြစ်ခဲ့ပါ၏။ သူ့ဦးဆောင်ကြီးကြပ်မှုဖြင့် မာစတာတွေ၊ ပါရဂူတွေ အများကြီး ထွက်လာခဲ့ပြီးပြီ။

## ခုတော့ တစ်မူခြား

ကျွန်တော်နှင့် တွေ့သည့်အချိန်တွင် ဆရာကြီးမှာ နေဝင်ချိန် ရောက်လေပြီ။ အနားယူဖို့ နီးကပ်လာနေပြီ။ လုပ်စရာတွေ လုပ်ပြီးခဲ့၍ ဘာမှတက်တက်ကြွကြွ မလုပ်ချင်တော့သည့်ပုံ ပေါ်နေလေပြီ။

ကွင်စလန်ကောင်  တော်တော်ထောင်တယ်တဲ့လား

စာမေးပွဲ အောင်စာရင်းထွက်ပြီးတော့ ကျွန်တော့်ကို ခေါ်တွေ့သည်။ ချီးကျူးစကား ဆိုပြီးနောက် ဘာဆက်လုပ်မလဲ မာစတာလား၊ *Ph.D.* လားဟု မေးသည်။ ကျွန်တော် ထွက်မလာခင်က အင်းစိန်မှ ဆရာတစ်ဦးက ခင်ဗျား ဟိုရောက်ရင် မာစတာ အရင်လုပ်နော်၊ *Ph.D.* တန်းမလုပ်နဲ့၊ ပြုတ်ကျရင် ဘာမှမရဘဲ ပြန်လာနေရမယ်ဟု မှာကြားလိုက်၏။ ကျွန်တော့် ပညာသင်ဆုကလည်း *MSc/Ph.D.* ဖြစ်နေ၍ မာစတာ အရင်လုပ်ပြီး *Ph.D.* ဆက်လုပ်မည်ဟု စိတ်ကူးသည်။

အင်္ဂလန်လို နိုင်ငံမျိုးမှာတော့ ထိုကိစ္စသည် ဖြစ်နိုင်၏။ ထိုဆရာမှာ စိတ်ရင်းကောင်းနှင့် မှာကြားလိုက်ခြင်း ဖြစ်နိုင်သည်။ အင်္ဂလန်မှာက *Ph. D.* အတွက် သုတေသန အစပျိုးနေရင်း ရေးဖြေ မာစတာ (၉ လ သင်တန်း)ကို တက်နိုင်သည်။ မာစတာ ရသွားတော့ လုပ်လက်စ သုတေသန ဆက်လုပ်ပြီး *Ph.D.* ယူရုံ ဖြစ်သည်။ ဩစတေးလျမှာ(ကွင်စလန်မှာ)သုတေသန မာစတာပဲ ရှိသည်။ အရည်အချင်းစစ် အပါအဝင် အနည်းဆုံး သုံးနှစ် လုပ်ရမည်။ ထို့ကြောင့် ကိုလံဘိုစီမံကိန်း ပညာသင်ဆုကို လျာထားရာတွင် မာစတာက သပ်သပ်၊ *Ph.D.* က သပ်သပ် ခွဲထားသည်။ ဆက်လုပ်ခွင့် မရှိ။ မာစတာ အရင် ယူပြီးမှ *Ph.D.* ဆက်လုပ်မည် ဆိုလျှင် ပညာသင်ဆုအတွက် *renominate* ခေါ် ပြန်လျှောက်ခြင်း ပြုရသည်။ ဒါတွေကို ကျွန်တော် ဘာမှ မသိ။ ဆရာက မှာလိုက်သည် ဆိုတော့ မှာတဲ့အတိုင်းပဲ လုပ်ရန် စဉ်းစားတတ်သည်။

မာစတာကို အရင်လုပ်မယ်ဟု ပြောလိုက်၏။ ဟုတ်ပြီ ငါ့မှာ ကြွက်တွေ အများကြီး ရှိတယ်၊ ကြွက်နဲ့လုပ်ဟု ညွှန်ကြား၏။ ကျွန်တော့် ပညာသင်ဆုမှာ *Animal breeding* ဖြစ်သည်။ သို့သော် ပုံစံဖြည့်ရာ၌ အထူးပြုအဖြစ် *Cattle breeding* နွားမွေးမြူရေးဟု ပါခဲ့၏။ ကျွန်တော်တို့ နိုင်ငံအတွက် နွားမွေးမြူရေးကို သင်ကြားသွားဖို့ အရေးကြီးနေသည်။ တစ်ဦးမျှ မရှိခဲ့သေး။ ထို့ကြောင့် ကျွန်တော်က နွားများဖြင့် သုတေသန လုပ်ချင်သည်။ ဆရာကြီးကို ကျွန်တော်တို့ နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပြီး နွားကို အားထားနေရသောကြောင့် နွားမွေးမြူရေး သုတေသနသာ လုပ်ချင်ပါကြောင်း အထွန့်တက်လိုက်မိသည်။ ကောင်းတာပေါ့ဟု ပြောလိုက်သော်လည်း ဆရာကြီးမျက်နှာ တစ်မျိုးဖြစ်ပြီး တစ်ဖက် လှည့်သွားပါသည်။ ပြဿနာတော့ စပြီ။

# ၅

# ဟိုလွှတ်သည်လွှတ်

## ဟိုဗို့သည်ဗို့

နောက်တစ်လလောက် ကြာတော့ ကျွန်တော့်ကို ခေါ်တွေ့ပြန်သည်။ သုတေသန စီမံချက်တစ်ခုဆွဲပြီး တက္ကသိုလ် ဆီနိတ်သို့ တင်ထားပြီ ဖြစ်ကြောင်းနှင့် လောလောဆယ်တော့ နွားခြံတစ်ခြံမှာ နှစ်ပတ် သွားလုပ်အားပေးဖို့အကြောင်း ပြောသည်။ ချိန်းဆိုထားသောနေ့တွင် ကျွန်တော့်ကို မိုင် ၅၀ လောက် ဝေးမည် ထင်သော ရွာကလေးသို့ ကိုယ်တိုင် လိုက်ပို့ပါသည်။ ရွာအမည်မှာ *Oxenford* ဖြစ်ပြီး ခြံပိုင်ရှင် အမည်ကလည်း *Oxenford* ပင် ဖြစ်သည်။ နို့စားနွား အကောင် ၂၀၀ လောက် မွေးထားသည်။ နွားစာအဖြစ် စိုက်ထားသော ပြောင်းခင်းများနှင့် စားကျက်များလည်း ရှိသည်။ ကားတွေ၊ လယ်ထွန်စက်တွေအားလုံး ဝိုင်ယာလက် ဆက်သွယ်ရေးစက်တွေ တပ်ထားရာ ကျွန်တော့်အဖို့တော့ အံ့သြစရာ ဖြစ်နေ၏။ နွားအကောင် ၂၀၀ ဆိုတော့လည်း သူဌေးပင်။ နွားနို့ညှစ်တာကတော့ စက်ဖြင့်ညှစ်ရာ ဘာမှ ဝင်ကူစရာ မလို။ အစာကျွေး၊ အစာရိတ်သိမ်းတာတွေမှာလည်း စက်နှင့်ပင် ဖြစ်ရာ သိပ်မဆိုး။ *hay* (ကောက်

ရှိုး မဟုတ်၊ အရည်ရွှမ်း နွားစာပင် အစိမ်းကို အရိပ်ထဲမှာ သွေ့ထားသည့် နွားစာ)ကို ထည့်ပေးရသော အခါတွင်မှ ခံရပါတော့သည်။ ဆန် တစ်ခွဲစာထက် လေးသည်။ ပဲပင်နှင့် နွားစာမြက် ရောရိတ်ထားသည့် စိုက်ခင်းကို စက်ဖြင့် ရိတ်လျှင် အလျား နှစ်ပေခွဲ၊ အနံ တစ်ပေခွဲ၊ အမြင့် တစ်ပေလောက် ထုသော မြက်ထုံးများအဖြစ် ထွက်လာသည်။ စက်က မြက်ပင်များကို ကြိုးလို လိမ်ပြီး တစ်ပါတည်း ချည်နှောင်ပေးလိုက်သည်။ ထိုမြက်စိမ်းထုံးများကို ဂိုဒေါင်ထဲ စီထပ်ကာ အသွေ့ခံထားခြင်း ဖြစ်သည်။

ထိုမြက်ထုံးကို သူတို့တစ်တွေက လွယ်လွယ်ကူကူ ဆွဲမပြီး ထရေလာ (နောက်တွဲ) ပေါ်မှ နွားစာခွက်ထဲ လှမ်းထည့်နိုင်ကြ၏။ ကျွန်တော့်လို လူဗလံ လေးအတွက်ကား မစားသာ။ ကျောင်းဆရာအဖြစ် အလုပ်ကြမ်းနှင့် ဝေးရာ ရောက်နေခဲ့၍ ပိုဆိုးနေသလား မပြောတတ်ပါ။

**အစားအသောက်**

ကျွန်တော့်ကို ခေါ်ပြောကတည်းကပင် ဆရာကြီးက ရှင်းရှင်းပြောပြီးသား ဖြစ်သည်။ လက်တွေ့ လေ့လာစရာရှိတာ လေ့လာပါ။ စားစရာ သူတို့ ကျွေးမည်။ နေစရာ ပေးမည်။ ပိုက်ဆံပေးစရာ မလို။ ခြံအလုပ် ကူလုပ်ရမည်။ ထို့အတွက် လုပ်အားခလည်း ပေးမည်မဟုတ်။

ပထမတစ်နေ့နှင့်ပင် ကျွန်တော် အတော်အီသွားပါသည်။ သို့သော် မြန်မာကို သူတို့ အထင်သေးမည်ကိုလည်း စိုးရိမ်၏။ တကယ်တော့ မြန်မာ ပြည်ဆိုတာတောင် သူတို့ မသိပါ။

သူတို့လို လုပ်နိုင်ဖို့ နည်းလမ်းကို စဉ်းစားလိုက်တော့ သူတို့တစ်တွေ စားကြတာကို သတိထားမိ၏။ ကျွန်တော်က မြန်မာစားသလိုသာ စားနေသူ ဖြစ်ရာ အလုပ်ကြမ်းအတွက် အားအင် မရ။ ထို့ကြောင့် နောက်တစ်နေ့ နံနက် ကျတော့ သူတို့စားသလို လိုက်ပြီး ဖျစ်ညှစ်စားသည်။ ကြက်ဥ၊ ဝက်သားကင်၊ ပေါင်မုန့်၊ ထောပတ်၊ ဒိန်ခဲ၊ ဖွဲနုမုန့်၊ နွားနို့။ ဗိုက်တင်းနေအောင် စားပစ်လိုက် သည်။ တကယ် ထူးခြားပါသည်။ သူတို့နှင့် တန်းတူလုပ်ပြနိုင်လာသည်။ အား သည့်အချိန်တွင် နွားမွေးမြူရေးအကြောင်း လိုက်ကြည့်အကဲခတ်ရ၊ မေးမြန်း လေ့လာရသည်။

သုံးရက်လောက် ရလာတော့ ကျွန်တော် စိတ်ကုန်သွားလေပြီ။ ကျောင်းသားနှင့်မတူ အလုပ်သမားနှင့် တူနေ၍ ဖြစ်သည်။ စနေနေ့ကျတော့

မြန်မာကျောင်းသားတွေ လာလည်ကြ၏။ မလှမ်းမကမ်းမှာရှိသော *Gold Coast* ခေါ် ကမ္ဘာကျော် ပင်လယ်ကမ်းခြေကိုအသွား ဝင်လာကြခြင်း ဖြစ်သည်။ ကျွန်တော်လည်း ချက်ချင်းဆုံးဖြတ်ပြီး ပိုင်ရှင်ကို အကြောင်းကြားကာ ပစ္စည်းသိမ်း၍ ထွက်လာခဲ့၏။ ဤသို့ လုပ်လိုက်ခြင်းအတွက် နောက်ထပ် ပြဿနာတစ်ခု ဖန်တီးမိပြန်သည်။

## ဆူပြီ

အိမ်ပြန်ရောက်ပြီး အနားယူကာ လေ့လာခဲ့သမျှကို အကြမ်းရေးနေတုန်း သံကြိုးစာ ရောက်လာသည်။ ဆရာကြီးက သူ့ကို လာတွေ့ရန် ခေါ်ခြင်း ဖြစ်သည်။ သူတို့ဆီမှာ တယ်လီဖုန်းဖြင့် အလုပ်လုပ်ကြသည်၊ တယ်လီဖုန်း မရှိလျှင် သံကြိုးစာ လှမ်းပို့တတ်သည်။ သံကြိုးစာကလည်း ချက်ချင်း ရောက်သည်။

တွေ့ရန် ဌာနတွင် စောင့်နေစဉ် ဌာန၏ မန်နေဂျာ *Noel Sands* နှင့် တွေ့၏။ သူက ဆရာကြီး သိပ်မကြည်ဘူး၊ ဘာဖြစ်လို့ နှစ်ပတ်ပြည့်အောင် မနေသလဲဟု ရင်းရင်းနှီးနှီး မေးသည်။ ကျွန်တော်က လေ့လာရေးနှင့်မတူ၊ အလုပ်သမားနှင့် တူနေ၍ ပြန်လာကြောင်း၊ မွေးမြူရေးနှင့်ဆိုင်သော အလုပ်တွေ အားလုံး ကူလုပ်ပေးကြောင်း၊ ခြံတိုင်စိုက်တာ၊ ကွန်ကရစ်ပိုက်လိုင်းချတာကတော့ ကျွန်တော့်အလုပ် ဟုတ်မည် မထင်ကြောင်း၊ လေ့လာစရာတွေလည်း အပြည့်အစုံ လေ့လာခဲ့ပြီ ဖြစ်ကြောင်း ပြောပြလိုက်ရာ သူက ကိုယ်ချင်းစာပုံ ပေါ်ပါသည်။ ဆရာကြီးကို ပြောပြပေးပါမည်ဟု ဆို၏။

ဆရာကြီး ရောက်လာတော့ ကျွန်တော်က အရင်ဆုံး တွေ့ရသည်။ ကျွန်တော့်ကို အသံမာမာနှင့် အပြစ်တင်ပါသည်။ ကျွန်တော်ကလည်း လေ့လာစရာတွေ လေ့လာပြီးပြီ၊ မဆိုင်တဲ့အလုပ်ကြမ်းတွေ ခိုင်းလို့ ပြန်လာကြောင်း ပြောပြလိုက်၏။ ဆရာကြီးက မကြည်မသာနှင့် ဟင် ဒီလိုဆို လေ့လာရေးစာတမ်း ရေးတင်ဟု ပြော၏။ နောက်နေ့တွင်ပင် ကျွန်တော် ရေးတင်လိုက်ပါသည်။

## နောက်တစ်ချီ ဒီတစ်လုံး

နောက်တစ်လလောက်နေတော့ ထပ်ခေါ်ပြန်သည်။ မင်းအတွက် နောက်ထပ် ပရိုဂျက်တစ်ခု တင်ထားတယ်၊ လောလောဆယ်တော့ ဂတ်တန် *(Gatton)* ကို သွားပြီး နွားခြံမှာ လေ့လာရေးလုပ်ပါဟု ဆို၏။ နောက်ထပ် ပရိုဂျက်အသစ်

တင်ထားတယ်ဟု ဆိုသောကြောင့် ပထမ ပရိဂျက်က အပယ်ခံလိုက်ရပြီ ဖြစ်ကြောင်းကို ထိုနေ့က ကျွန်တော် သဘောမပေါက်ခဲ့။

ဂက်တန်မှာ ဘရစ္စဘိန်းမှ ၅၅ မိုင်ဝေးသည်။ တောင်တန်း တစ်ခုကို ဖြတ်ပြီး အတွင်းပိုင်း ဝင်သွားရ၏။ ပြင်ဦးလွင်လို မြို့ကလေး ဖြစ်သည်။ အမှန်တော့ စိုက်ပျိုးရေးသိပ္ပံ တည်ထောင်ထားသော စီမံကိန်းနယ်မြေ ရွာကလေးပါ။ ဂက်တန်မြို့နားတွင် ရှိ၍ ထိုနေရာကို *Gatton Agriculture College* ဟု ခေါ်ခြင်း ဖြစ်သည်။

ထိုစိုက်ပျိုးရေး သိပ္ပံတွင် ကွင်စလန်တက္ကသိုလ်မှ လာရောက် တည်ထောင်ထားသော နွားခြံ ရှိ၏။ ဘရာမင်(အာရှနွားမျိုး၊ ကျွန်တော်တို့ဆီမှာရှိသော ခပ်ဖြူဝါဝါ နွားမျိုး)အကောင် ၁၀၀ နီးပါး ရှိသည်။ သုတေသနအတွက် မွေးမြူထားခြင်း ဖြစ်သည်။ ထိုနွားများကို ထိန်းကျောင်း ပြုစုရန် လွှတ်လိုက်ခြင်း ဖြစ်၏။ အကူဝန်ထမ်း မရှိ။ မာစတာအတွက် သုတေသန လုပ်နေပြီဖြစ်သော ဒိုမီနီကန်နိုင်ငံမှ ဟူဝန်း*(Juan)*၊ ကျွန်တော်နှင့် စောစောပိုင်းက ကျွန်တော် ပြောခဲ့သော ကုလားလေး ဒင်နီယယ်တို့ သုံးဦးသာ ရှိသည်။ လင်းရိုဗာ ၅ ချိတ် တစ်စင်းနှင့် နောက်တွဲတစ်ခု ပေးထားသည်။ နွားတွေကို အစာကြမ်းအတွက် စားကျက်လွှတ်ကျောင်းပြီး ကောက်ရိုးထုံးတွေ၊ မြက်ခြောက်တွေလည်း ခြံထဲ ထည့်ပေးရသည်။ အစာနုကိုလည်း ကျွေးရသည်။

နေတော့ အမျိုးသမီးကျောင်းဆောင်မှာ ဧည့်သည်တွေအတွက် သီးသန့်ထားသောနေရာ *(Wing)* ၌ နေရသည်။ စားတော့ အဆောင်စားသောက်ခန်းမှာ စားရသည်။ နေခ စားခ ဆိုသော ကျောင်းဆောင်ခ လုံးဝမပေးရ။ ဟန်ကျသည်။ နောက်ထပ် ဟန်ကျသည့် အချက်များလည်း ရှိပါ၏။ စားကျက်ထဲ လွှတ်ကျောင်းတော့ ကျွန်တော်တို့က ကားနှင့် လိုက်ကြည့်ရသည်။ ဟူဝန်းက သူ့ကားလေး ယူလာသည်။ သူတို့ထံမှ မေးမြန်းပြီး စားကျက်ထဲ ကားမောင်းကျင့်ရင်းနှင့် ကျွန်တော် ယာဉ်မောင်းလိုင်စင် ရခဲ့သည်။ နောက်တစ်ချက်ကား ပန်းချီဆွဲဖြစ်သွားခြင်း ဖြစ်သည်။

ကျွန်တော်တို့ သုံးဦးအထဲတွင် ဟူဝန်းမှာ မာစတာဘွဲ့အတွက် သုတေသနလုပ်နေပြီ ဖြစ်၏။ ထို့ကြောင့် သူ့ကို ကူပေးရတာတွေ ရှိသည်။ နွားများ၏ ကျန်းမာရေးကိုလည်း တာဝန်ယူရသည်။ အလုပ်ကတော့ မပင်ပန်းပါ။ အေးအေးဆေးဆေး လာပြီး အနားယူ အချိန်ဖြုန်းနေသည်နှင့်ပင် တူသေး၏။

ထိုနေရာတွင် ကျွန်တော် သုံးလလောက် ကြာသွားသည်။ ဆရာကြီးက တစ်ခါလား နှစ်ခါလားမသိ လာသည်။ ထိုခြံတွင် အင်ဒီးယားမျိုးဖြစ်သော ဆာဟီဝါး *(Sahiwal)* နွားတွေလည်း ရှိ၏။ ကြက်သွေးရင့်ရောင် နွားများဖြစ်သည်။ ထိုနွားများကို ဥရောပအသားစားနွားမျိုး (*Charolais* ရှယ်ရိုလေး) နှင့် စပ်ပြီး အသားစားနွားမျိုးသစ် တစ်ခု ဖော်ထုတ်ရန် ဆရာကြီးက ကြိုးစားနေသည်။ ထိုကာလတွင် ဆေးပညာပါမောက္ခတစ်ဦး *(Prof. Francis)* က ဤလိုပင်မျိုးစပ်ပြီး *Draughtmaster* ခေါ် နွားမျိုးသစ်တစ်ခု ထွင်လိုက်ပြီးပြီ။ *Beefmaeter* ဆိုသော အမျိုးတစ်မျိုးလည်း ပေါ်ပြီးနေပြီ။ ဆရာဒေါင်းလင်းက *Chasah* ခေါ် မျိုးသစ်ကို စမ်းကြည့်နေခြင်း ဖြစ်သည်။ ထိုသုတေသန အတွက်လည်း ကျွန်တော်တို့ ဝိုင်းလုပ်ပေးကြရသည်။

## နောက်တစ်ခါ လာပြန်ပြီဟေ့

သုံးလလောက်ကြာသော တစ်နေ့တွင် သင်တန်းတက်ရန် လာခေါ်မည်၊ အသင့်ပြင်ထားပါဆိုသော ကြေးနန်းဝင်လာသည်။

သင်တန်းမှာ မေထုန်မဲ့ သားစပ်သင်တန်း ဖြစ်၏။ တက္ကသိုလ်မှ ၁၅ မိုင်လောက်ဝေးသော *Wacol* ရပ်ကွက်(ရွာကလေး)တွင် အစိုးရက ဖွင့်ထားသော မေထုန်မဲ့သားစပ်စခန်းတစ်ခု ရှိ၏။ *Wacol Artificial Intermination Centre* ဟုခေါ်ပါသည်။ ထိုစခန်းသည် နွားများကို မေထုန်မဲ့ မျိုးပွားခြင်းဆောင်ရွက်ပေးသည့်အပြင် သင်တန်းများပေး၍ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ခြင်းကိုလည်း လုပ်သည်။ ရထားဖြင့် သွားရ၏။ သင်တန်းကာလမှာ သုံးပတ်၊ ပြီးလျှင် စာတွေလက်တွေ့ စစ်ဆေးပြီး အောင်လက်မှတ် ထုတ်ပေးသည်။ အောင်လက်မှတ်ရလျှင် သက်ဆိုင်ရာတွင် လိုင်စင်လျှောက်နိုင်၏။ လိုင်စင်ရလျှင် မေထုန်မဲ့သားစပ်ပညာရှင်အဖြစ် အခကြေးငွေယူ၍ လုပ်စားနိုင်သည်။ ဝန်ထမ်း ဝင်လုပ်ချင်လျှင်လည်း နေရာလပ်ရှိက ရမည်။

ကျွန်တော်မှာ ယခင်နှစ်အရည်အချင်းစစ် ကာလတွင် စာတွေကော လက်တွေ့ပါ အောင်မြင်ခဲ့ပြီးပြီ ဖြစ်ရာ ဓာတ်ခွဲခန်းဆိုင်ရာ လုပ်ငန်းများကို လေ့လာရခြင်းနှင့် လှည့်လည်၍ လက်တွေ့ဆောင်ရွက်ရခြင်းများမှာသာ ကြိုးကြိုးစားစား သင်ယူရန်လိုတော့သည်။

သင်တန်းပြီးသွားသောအခါ တက္ကသိုလ်သို့ ပြန်ခေါ်ပြီး အနီးကပ်နေခိုင်းပြန်သည်။

## ပြည်တော်ပြန် ဟူဝန်း

တက္ကသိုလ်မှာ ဟူဝန်းနှင့် ဒင်နီယယ်တို့လည်း ပြန်ရောက်နေကြပြီကို တွေ့၏။ ကျွန်တော်က ယောင်တောင်တောင် ဖြစ်နေသည်။ ဒင်နီယယ်က တက္ကသိုလ်မှာ အလုပ်ရနေသူဖြစ်၍ ဂုတ်တန်မှာ နေစဉ်ကပင် လက်တွေ့ သင်တန်းကြီးကြပ်ရေးအတွက် တက္ကသိုလ်သို့ တစ်ပတ်တစ်ကြိမ် ပြန်ရသည်။ ဟူဝန်းကတော့ သူ လုပ်ကိုင်ထားသမျှတွေ အချောသပ်ပြီး ရေးစရာတွေ ရေးဖို့ လုပ်နေ၏။ ကြုံလို့မေးကြည့်တော့ သုတေသနကလည်း သိပ်ခရီးမတွင်၊ ရေးတာကလည်း ဘာမှ ခရီးမရောက်သေးဟု သိရ၏။

ထိုအတောအတွင်းမှာပင် ကျွန်တော့်အတွက် တင်ထားသော သုတေသနစီမံချက်ကို ဆိုနိတ်က ပယ်လိုက်ပြန်ပြီဟု သိရ၏။ ဆရာကြီးနှင့် တက္ကသိုလ်ကြားမှာ အဖုအထစ်တွေရှိနေကြောင်းလည်း ကြားရသည်။ ဆရာကြီးကတော့ မင်းအတွက် စီမံချက်အသစ်တစ်ခု ထပ်တင်ပေးမယ်ဟု ကျွန်တော့်ကိုပြောသည်။ အားနေစဉ်အတွင်း စားကျက်အကြောင်း သိကောင်းစရာတွေ သိဖို့ စီမံပေးပြန်သဖြင့် မိုင် ၁၀၀ ပတ်လည်မှ စားကျက်ကွင်းပြင်တွေဆီသို့ အရာရှိတစ်ယောက်နှင့် တစ်ပတ်လျှင် နှစ်ကြိမ်ကျ တစ်လလုံးလုံး သွားရပြန်သည်။ တစ်လကျော်လာတော့ ပျင်းလာသဖြင့် ကြည့်တန်တာတွေ ကြည့်ပြီး စားကျက်အကြောင်းလည်း သိပြီ ရပ်ကြပါစို့ဟု ကျွန်တော်က ထိုတာဝန်ခံ အရာရှိကို ပြောရပါတော့သည်။

ဤလို နေရင်းနှင့် နွေဦးပေါက်တစ်နေ့မှာ ဟူဝန်းက ငါ ပြန်တော့မယ်ဟု နှုတ်ဆက်ပါသည်။ သူ့လုပ်ငန်းတွေ ဘာမှ ခရီးမရောက်တာကို တွေ့ရ၍ နောက်နေတာဟု ထင်၏။ သူ တကယ် ပြန်သွားတော့မှ အမှန်ပဲ သူ ပြန်သွားတာပါလားဟု ယုံလိုက်ရတော့သည်။ သူက(စတိုင်ပင် အများကြီးရသော) *FAO* ပညာသင်ဆုဖြင့် လာသောသူ။ အချိန်ကာလ အတိအကျဖြစ်၍ နှစ်နှစ်ပြည့်တော့ ပြန်သွားရခြင်း ဖြစ်သည်။ ထောက်ပံ့ကြေး အရနည်းသော်လည်း ကိုလံဘိုစီမံကိန်းက ဤနေရာတွင် သာသည်။ အောင်မြင်ပြီးမြောက်ရေးအတွက် အဆုံးစွန်အထိ ကူညီသည်။ အကြောင်းခိုင်လုံလျှင် ကာလကို တိုးမြှင့်ပေးလေ့ ရှိသည်။

ဟူဝန်းခမျာတော့ ဘာမှ အပြီးမသတ်နိုင်ဘဲ ပြန်သွားရပါလေပြီ။

## မိတ်ဆွေကြီး ဟူဝန်း

ကမ္ဘာကျော် ဝေါက်သီးသမား တိုက်ဂါးဝု(ဒ်)ကို အရပ်နည်းနည်း လျှော့လိုက်ပြီး အရပ်ငါးပေခွဲလောက် ဖြစ်အောင် ပြုပြင်လိုက်လျှင် ကျွန်တော့် မိတ်ဆွေကြီး ဟူဝန်း တာဗားရက်ဇ် ကမ်ပါချာနို *(Juan Tavarez Campacano)* နှင့် တော်တော် တူလာလိမ့်မည်။

အမေရိကန်ပြည်၏ ဖလော်ရီဒါပြည်နယ်အနီး သမုဒ္ဒရာထဲတွင် ကျူးဘားကျွန်း ရှိ၏။ ထိုကျွန်းအလွန်တွင် ကမ္ဘာကျော် ဘာမျူဒါတြိဂံဒေသ ရှိ၏။ ဒိုမိနိုကန်ကျွန်းစုသည် တိုဝန်းကျင်မှာ ရှိသည်၊ ဟူဝန်းက ထိုကျွန်းစုမှ ဖြစ်၏။ တက္ကသိုလ်တွင် ကထိက (ကျွန်တော်တို့ဆီမှာတော့ လက်ထောက်ကထိကဟုခေါ်သောရာထူး)။ စပိန် အုပ်စိုးဖူးသော ကျွန်း ဖြစ်၍ ဘာသာစကားနှင့် ဓလေ့တို့မှာ စပိန်နွယ်သည်။ အဆိုအက ဝါသနာပါသည်။ အမည်မှည့်သည်မှာပင် စပိန်ဆန်၏။ အမေက *Campacano* မျိုး၊ အဖေက *Tavarez* မျိုး၊ ထို့ကြောင့် သူက နာမည် နှစ်မျိုးစလုံး တပ်ရသည်၊ သို့သော် ရှေ့က *Mr* တပ်ခေါ်ရလျှင် သူ့ကို *Mr Tavarez* ဟုပင် ခေါ်ရမည်၊ အမှန်အကန် ဆိုလျှင် *Mr Tavarez* ။ နောက်ဆုံးနာမည်ကို အင်္ဂလိပ်ထုံးစံ *Surname* တင်ပြီး *Mr Campacano* (မစ္စတာ ကမ်ပါချာနို) ဟု ခေါ်လျှင် အခက်တွေ့သွားနိုင်သည်။ သူ့ အမေ၏ ဖခင် ဖြစ်သွားတော့၍ပင်။

သူ့မှာ ကားသေးသေးလေးတစ်စင်းရှိ၏၊ အင်္ဂလန်လုပ် *Mini* ကားလေးဖြစ်၏။ ဒီမှာရှိသော တီကိုတို့၊ ဆူဇူကီးဝက်ဂွန်တို့ထက်ပင် ငယ်မည်။ သို့သော် စက်က အလွန်ကောင်းသည်။ အမြန်မောင်း၍ သိပ်ကောင်းသည့်ပြင် ကားက သေးသေးလေးဖြစ်၍ ဟိုကြားသည်ကြား ဝင်လို့ထွက်လို့ သိပ်ကောင်းသည်။ ကားကသေးသော်လည်း လူတော်တော်ဆံ့၏၊ တစ်ကြိမ်တွင် ပါတီက အပြန် လူရှစ်ယောက် စီးလာခဲ့ဖူး၏။ ဆူဇူကီးထက်ပင်သေးသော မှန်လုံကားကလေးကို လူရှစ်ယောက် စီးကြတာ စဉ်းစားကြည့်နိုင်ပါသည်။

## ခြောက်လလောက် တွဲလိုက်ရသူ

သူက ကျွန်တော်ထက် တစ်နှစ်စောသဖြင့် လည်းကောင်း၊ အရည်အချင်းစစ်အပြီးမှာ သူလည်း ဟိုရောက်သည်ရောက်နှင့် သုတေသနကိစ္စတွေ လုပ်နေရသဖြင့် လည်းကောင်း သူ ပြန်ခါနီး ခြောက်လလောက်ကျမှ ကျွန်တော်နှင့် ခင်မင်ရခြင်း ဖြစ်သည်။

*ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား*

သူသည် သုတေသနမှ ဖြစ်ဖြစ်မြောက်မြောက်မပြီးဘဲ ပြန်သွားရသည်။ သူ့အကြောင်းကို ဤမျှ ရှည်ရှည်လျားလျား ထည့်ပြောနေသည်မှာ သူ့ကျေးဇူးတော့ မဟုတ်။ ဂတ်တန်မှာ နေစဉ်က သူ့လုပ်ငန်းများ ကျွန်တော် ကူညီခဲ့ဖူးသည်။ သူ လေ့လာထားသော မှန်ချပ်များကို တက္ကသိုလ်ဓာတ်ပုံ ဌာနက ကူးပေးလိုက်သော ဓာတ်ပုံများကိုလည်း ကြည့်ဖူးသည်။ သူ ဘာမှ မပြီးဘဲ ပြန်သွားရပြီ ဆိုတော့ သူ့လေ့လာချက်များ အကြောင်းက ကျွန်တော့် ခေါင်းထဲတွင် ထင်ကျန်ခဲ့၏။ တစ်နေ့တွင် စမ်းကြည့်ဦးမည်ဟု စိတ်ကူးပေါ်ခဲ့၏။

မြန်မာ စာအုပ်များ

# ၆

# သူကောင်းဖြစ်ဖို့

**ဒီမှာ မနေနဲ့တော့**

နိုင်ငံခြားပညာသင်ကျောင်းသားများကို ဗဟိုအစိုးရ၏ ပညာရေးဌာနက ကိုင်ပါသည်။ ပညာရေးအရာရှိများက ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးကို တာဝန်ယူ စောင့်ရှောက်ပေးပါသည်။ ကုလသမဂ္ဂတို့၊ ဖို့ဒ်ဖောင်ဒေးရှင်းတို့မှ သီးသန့်ကျောင်းသားများ၏ ပညာရေးကိစ္စများကိုပါ ကိုင်တွယ်ပေးပါသည်။ ကျွန်တော်တို့လို သူတို့နိုင်ငံ၏ ပညာသင်ဆုကို ရသူများကျတော့ အထူးကြီးကြပ်ပေးပါသည်။

ဟူဝန်း ပြန်သွားရပြီးနောက် သိပ်မကြာခင်မှာပင် ကျွန်တော်၏ ပညာရေးအရာရှိက လာတွေ့ပါ၏။ စကားတွေ အများကြီး ပြောဖြစ်သည်။ အချုပ်ကတော့ ကျွန်တော့်အတွက် တတိယပရိုဂျက် တင်ထားတာလည်း ပယ်လိုက်ပြီ။ ဆရာကြီးကတော့ ဟိုပို့သည်ပို့ လျှောက်လုပ်ပြီး အချိန်တန်ရင် ဟူဝန်း အပါအဝင် အရင်လူတွေလိုပင် အိမ်ပြန်ခိုင်းလိမ့်မည်။ တက္ကသိုလ်နှင့် ဆရာကြီးတို့ကြားမှာ ပြဿနာ ရှိနေ၍ လည်းကောင်း၊ ဆရာကြီးကိုယ်တိုင်ကလည်း စိတ်ရှုပ်ထွေးပြီး ကျောင်းသားများအပေါ် ဖိဖိစီးစီး မရှိ၍ လည်းကောင်း ကျောင်းသားတွေ ကြားထဲမှာ ညပ်သွားရခြင်း ဖြစ်သည်။ မြောက်ဘက် မိုင် ၈၀၀

လောက်အကွာ တောင်းစ်ဗီးလ်တွင် နိုင်ငံခြားရေးဌာနမှ ကြီးကြပ်သော *James Cook University* အမည်ရှိ တက္ကသိုလ်အသစ် ဖွင့်ထားပြီ။ ထိုတက္ကသိုလ်တွင် *Ph.D.* ပင် ရနိုင်ဖို့ အလားအလာကောင်းသည်။ ထိုတက္ကသိုလ်သို့ ပြောင်းပေးမည်။ ဒီက ခွာတော့။ မနေနဲ့တော့။

## ဘာရမလဲ ကွင်စလန်

ပြန်စဉ်းစားလိုက်တော့ ဘယ်က ရလာလာ *Ph.D.* ဆိုတာ *Ph.D.* ပင် ဖြစ်ပြီး ပိုပြီး လူရာဝင်သည်။ ထိုစဉ်ကတော့ ကျွန်တော်သည် ကွင်စလန်ကိုပဲ အာရုံရှိနေခဲ့၏။ မြန်မာကျောင်းသားတွေ အဖိတ်အစဉ် များလှသော တက္ကသိုလ်။ ကိုယ်က အဆင့်မမီသဖြင့် အဆင်ပြေမည့်နေရာ သွားပြီး ရရာဘွဲ့ကို ယူလိုက်ရတာ အရေးမကြီးပါ။ အသိုင်းအဝိုင်းအလယ်မှာ သိပ်ကြီး မျက်နှာမပျက်ဖို့အတွက် လုပ်ရပေမည်။ ခုတော့ သူတို့ ဖြစ်စေချင်တာတွေ လုပ်ပြပြီးကာမှ သူတို့ဘက်က ချို့ယွင်းသောကြောင့် ဤလို ကမ္ဘာကျော် တက္ကသိုလ်တစ်ခုကနေ ထွက်ခွာသွားရမည် ဆိုတာ ပုံမဟုတ်။ ပုံစံမကျ။ ကျွန်တော့်ရင်ထဲမှာ မခံချင်စိတ်တွေနှင့် ဒေါသထွက်နေခဲ့တာ အမှန်ပင်။

ပညာရေးအရာရှိကို ကျွန်တော် ခွင့်ပန်သည်။ ကျွန်တော် စာဖတ်မည်။ သုတေသနပရိုဂျက် ကိုယ်တိုင် ဆွဲတင်မည်။ အဲဒါ ထပ်ပြီး အပယ်ခံရလို့ကတော့ ကြိုက်သလိုသာ စီရင်ပါတော့။

တစ်နေ့လုံး စာကြည့်တိုက်ထဲမှာ မြုပ်နှံလိုက်သည်။ ပြန်လာတော့ စာအုပ်တစ်ထမ်းကြီးနှင့် ပြန်လာ။ ညဘက်မှာ ထပ်ပြီးဖတ်၊ မနက်စောစော စာကြည့်တိုက်ဖွင့်အမီ ဂျာနယ်တွေ ပြန်အပ်၊ တစ်နေ့လုံး ဖတ်၊ ညနေ ၅ နာရီ စာကြည့်တိုက် ပိတ်တော့ စာအုပ်တွေ ထပ်ငှားလာ။

သုတေသနဆောင်းပါးတွေ ဖတ်ရင်းက ဟူဝန်း လုပ်ရန် ကြိုးစားခဲ့သော သုတေသနမျိုးတွေ တွေ့လာရသည်။ စိတ်ဝင်စားသွားသောကြောင့် ထိုလိုင်းကိုပဲ လမ်းဆုံးအောင် လိုက်ကြည့်လိုက်တော့ ထပ်လုပ်ကြည့်နိုင်တာ၊ ရှာဖွေနိုင်တာတွေ တွေ့လာရသည်။ ပရော့စတာဂလင်ဒင်ဟိုမုန်း(*Prostaglandin hormone*)ကလည်း တိရစ္ဆာန်များအတွက် စမ်းသပ်ဈေးကွက်တင်သော ကာလနှင့် ကြုံသည်။ ထိုကြိုးစများကို တွဲသီလိုက်သောအခါ နွားများတွင် မျိုးပွားမှုအတွက် စိတ်ဝင်စားစရာ သုတေသနလိုင်းတစ်ခု ထွက်လာသည်။

၁၅ ရက်လောက် စာဖတ်အပြီးမှာ ကျွန်တော် သုတေသနစိမံချက် တစ်ခု အကြမ်းရေးသည်။ သုံးရက်လောက် အချိန်ထပ်ယူ၍ အချောကိုင်လိုက်သောအခါ တက္ကသိုလ်ဆိနိတ်သို့ တင်စရာ စီမံချက် စာတမ်းတစ်ခု ထွက်လာ၏။ ကျမ်းကြီးကြပ်သူ နေရာတွင် ဆရာကြီးကိုပဲ နာမည်တင်သွင်းပြီး ထိုစီမံချက်ကို ပို့လိုက်ပါသည်။

တင်ပြီး တစ်ပတ်လောက် အကြာမှာ တယ်လီဖုန်း ဝင်လာသည်။ ဆရာကြီးက လှမ်းခေါ်ခြင်း ဖြစ်သည်။ တွေ့တော့ သူက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး ကွန်ဂရက်ကျူလေးရှင်း လုပ်သည်။ အားနာစရာ၊ မျက်နှာပူစရာတော့ ကောင်းသည်။ သို့သော်(ဌာနမှူးအသစ် ရောက်နေပြီ ဖြစ်သည့်တိုင်) ကျွန်တော့် စီမံချက်မှာ ဆရာကြီးထံမှ တစ်ဆင့်သာ သွားရသောကြောင့် ကျွန်တော်ကိုယ်တိုင် ရေး၍ တင်လိုက်သည်ကို ဆရာကြီးက မသိ မဟုတ်ပါ။ သိနှင့်ပြီး ဖြစ်ပါသည်။

ပညာရေးအရာရှိကတော့ မင်းဆရာကြီး သုံးခါ တင်တာ မအောင်မြင်ဘူး၊ မင်းက တစ်ခါတည်းနဲ့ အောင်မြင်တယ်၊ မင်းက ဆရာကြီးထက် ပိုတော်တာပေါ့ဟု ဘီယာတစ်ခွက်ဖြင့် ဂုဏ်ပြုရင်း နောက်ပြောင်လေသည်။

## ခေါင်းစဉ်ကို ပြန်ကြည့်စေချင်

တော်တော်ကြွားတဲ့ အကောင်ဟု အထင်ခံရဖို့ များလှသော အရေးအသားများ ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ ကျွန်တော့်ဘဝမှာ ဤလို အကျိုးပေးမျိုးက တောက်လျှောက် ဖြစ်ပါ၏။ ဘာမဆို ကိုယ်တိုင် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရသည်။ အမြတ်ကတော့ သုတေသနဒီဇိုင်းကိစ္စတွေမှာ အောက်သက်ကျေသွားခြင်း ဖြစ်၏။ ထို့ကြောင့်ပင် ယခုလို အားလပ်ချိန်မှာ သုတေသနကိစ္စတွေနှင့် အကြံပေးသော ပညာဒါနလုပ်ငန်း လုပ်ပြီး လူငယ် သုတေသီများကို ကူညီနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်တော့်မှာ နောက်ဆုံးပိတ် ကျမ်းစာရွက်တွေ တစ်ရွက်ချင်းစီ ထပ်ကာ မော်ကွန်းထိန်းရုံး တင်သည်အထိ ကိုယ်တိုင် လုပ်ခဲ့ရသူ ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနနှင့် ကျမ်းပြုခြင်းတွင် ကိုယ်တွေ့ အသိတွေ များလှပါသည်။ ဤလို ကိုယ်တွေ့အသိများကြောင့်ပင် ခပ်ညံ့ညံ့ သုတေသနတွေ၊ ဖြစ်ကတတ်ဆန်း ကျမ်းတွေကို ကျွန်တော် သည်းမခံနိုင်။ ပြန်လုပ်ခိုင်းစရာတွေ၊ ပြန်ပြင်စရာတွေကို ကျွန်တော် မညှာမတာ ခိုင်းမိသည်။ သုတေသနစာတမ်းဖတ်ပွဲတို့၊ ဘွဲ့လွန်စာမေးပွဲတို့မှာ ကျွန်တော့်

အသံက တားထား၊ ထိန်းထားသည့် ကြားမှ ထွက်ထွက်လာတတ်သည်။ ကြာတော့ ဆိုင်းဘုတ်တစ်ခု အတပ်ခံရ၏။ ကွင်စလန်ကအကောင် တော်တော်ထောင်သတဲ့။

ပတ်ဝန်းကျင်ကို ကြည့်မိသည်။ ပါမောက္ခက တက်တက်ကြွကြွ ဦးဆောင်လမ်းပြရာသို့ မေးလိုက်ခဲ့သူများ၊ ကိုးကားစာတမ်းများကိုပင် ကိုယ်တိုင်ပင်ပင်ပန်းပန်း သိပ်မရှာခဲ့ရသူများကို တွေ့၏။ ထို့ထက် ပိုသရုပ်ပျက်သောနေရာတွေ ရှိသေး၏။ အသင့် ရေးထားသော ကျမ်းကို တန်ဖိုးပေး ဝယ်ယူသူများ၊ ရေးပေးသူ အနားတွင် ကော်ဖီဖျော်၊ ကိတ်မုန့်လှီးပေးရုံနှင့် ဘွဲ့လွန်ဒီဂရီရခဲ့သူများ။

ခပ်ချောင်ချောင် ရလာသူများသည် အရေးရယ် အကြောင်းရယ် ရှိလာတော့ ဘာမှ အစွမ်း မပြနိုင်ပါ။ သူတို့၏ နောက်တွဲ ဘွဲ့များသည် အမြီးရှည်ရုံ၊ ရာထူးတိုးဖို့အတွက် အထောက်အပံ့ရရုံက လွဲ၍ တိုင်းပြည်အတွက်ရော ပညာရပ်အတွက်ပါ ဘာမှ အကျိုးမပြုပါ။ လုပ်ပိုင်ခွင့် ရလာ၍ ထင်ရာ လုပ်လာကြသောအခါတွင် ပုံမကျပန်းမကျ၊ ဗုံမဟုတ် ပတ်မဟုတ်တွေသာ ထွက်လာတတ်၍ ဆိုးကျိုးကိုပင် ဖြစ်စေပါသည်။

ဤစာရေးနေချိန်တွင် ရုပ်မြင်သံကြားစလောင်းမှ ဘောလုံးပွဲတစ်ပွဲလာနေသည်။ ပြီးသွားသောပွဲကို ပြန်ဆန်းစစ်ပြနေခြင်း ဖြစ်၏။ အားပေးသူပရိတ်သတ်ကလည်း တော်တော် ရိုင်းသည်။ အဆင့်အတန်း နိမ့်သည်။ ကစားသမားတွေကလည်း အားကစားစိတ်ဓာတ် ခေါင်းပါးလှသည်။ ရှက်စရာကောင်းလှသည်။ ထိုနိုင်ငံသည် ကမ္ဘာ့အားကစား နယ်ပယ်တွင် တော်တော်နှင့် ခေါင်းဖော်နိုင်တော့မည် မဟုတ်။ တန်ဖိုးကြီးကြီး ပေးဆပ်ပြီး အချိန်ယူကာ ဒဏ်ရာကိုကုစားရတော့မည်။

အားကစားမှာ နိမ့်သွားလျှင် စီမံကိန်းချပြီး ပြန်ပြင်ရတာ လေးနှစ်လောက်နှင့် ပြန်ကောင်းလာနိုင်သည်။ စီးပွားရေးစီမံချက် မှားသွားလျှင် ခြောက်နှစ်လောက်အတွင်း ပြန်လည်ပြင်ဆင် ကုစားနိုင်သည်။ ကျန်းမာရေးစီမံချက်တစ်ခုကိုတော့ နှစ် ၂၀ လောက် အချိန်ယူ ပြင်ဆင်မှ ပြန်ကောင်းလာနိုင်သည်။ ပညာရေးမှာ အမှားအယွင်း ဖြစ်လျှင်တော့ ခံပေတော့ တစ်သက်လုံး ဆိုတာမျိုး။ မွဲတေသော နိုင်ငံငယ်အချို့ ခေါင်းပြန်မထောင်နိုင်ရခြင်း အကြောင်းများအနက် အဓိက အကြောင်းကြီးမှာ ပညာရေး ဖြစ်သည်။ တတ်မြောက်ရေး

ထက် အောင်လက်မှတ်ကို အမိကထားလာသောအခါ ဘယ်နေရာမှာမှ သုံးစွဲလို့ မရသော ပညာတတ်တွေ ထွက်လာတတ်သည်။ ကျွန်တော် တွေ့ခဲ့ဖူးသော (မဟာသိပ္ပံဘွဲ့ကြီး တပ်ထားသူ) သုံး၊ လေးဦး ဆိုလျှင် ဂျာနယ်တွင် ပါသော သုတေသနဆောင်းပါးကိုပင် ဘယ်လိုဖတ်ပြီး ဘယ်လိုမှတ်စုထုတ်ရမှန်း မသိပေ။ ဘယ်နိုင်ငံကနေ ဘယ်လိုနည်းနှင့်ရလာသော မာစတာဘွဲ့မျိုးလည်း မသိ။

## ဂရိတ်ကုတ်မှ စာသုံးလုံး

ပျံလွှားလေးတွေ အသိုက်လုပ်သော ဂရိတ်ကုတ်မျှော်စင်အကြောင်း ပြန်ကောက်ရပေဦးမည်။

ဂရိတ်ကုတ်သည် တောင်မြောက်ရှည်မျောမျော ကွင်းပြင်ကြီး ဖြစ်သည်။ ပျံလွှားလေးတွေ အသိုက်လုပ်သော အထပ်မြင့် အဆောက်အအုံ(တာဝါ) သည် အနောက်ခြမ်းမှာ ရှိသည်။ ပုံကြည့်ရတာ ထိုအခြမ်းသည် တက္ကသိုလ်၏ မျက်နှာစာ အဖြစ် ဆောက်လုပ်ခဲ့ပုံ ပေါ်သည်။ ထိုမျှော်စင်အောက်မှ ဖြတ်၍ ဂရိတ်ကုတ်ထဲ ဝင်လျှင် မျှော်စင်နှင့် မျက်နှာချင်းဆိုင်မှာ သိပ္ပံမဟာဌာနကို မြင်ရမည်။ မျှော်စင်ဘက်ခြမ်းက ဝိဇ္ဇာမဟာဌာန ဖြစ်၏၊ ဝိဇ္ဇာနှင့်သိပ္ပံကို မျက်နှာချင်းဆိုင်ထားခြင်း ဖြစ်သည်။

ဂရိတ်ကုတ်အတွင်းမှ ထိုမျှော်စင်(ပျံလွှားလေးတွေ အသိုက်လုပ်ရာ မျှော်စင်)ကို မော့ကြည့်လျှင် မျှော်စင်၏ ထိပ်နားမှာ ကျောက်ထွင်းစာလုံးများကို တွေ့နိုင်သည်။ *a place of light, liberty and of learning* ဆိုသော စာသားများ။ ထို စာသားများကို အတိုချုပ်လိုက်လျှင် *light, liberty, learning* ဟု ဆိုသော စာသုံးလုံး ရ၏။ အဘိုကောက် မှတ်လျှင် *L* သုံးလုံး။ (ထို စာသုံးလုံးပါ စာသားများအကြောင်းကို အင်တာဗျူးတစ်ခု၌ ကျွန်တော် ပြောဖူးသည်။ မဂ္ဂဇင်း ထွက်လာသောအခါ ပညာရှိများက ပြင်ဆင်လွှတ်လိုက်သလား မသိ။ *And of learning* ဟု ဖြစ်ရမည့် နေရာတွင် *of* ကို ဖြုတ်လိုက်သဖြင့် *and learning* ဟု ဖြစ်နေလေသည်။ မှားပါသည်။ *OF* ပါကိုပါရမည်။ သူ မှားတာက အရေးမကြီး၊ ဘဝတူများက ဒီကောင် ကျောင်းရဲ့ အထင်ကရ ဆောင်ပုဒ်ကိုတောင် မှန်အောင် မသိဘူးလားဟု ပြောကြမည်စိုးပါသည်။)

## ပညာရေးအတွက် ထိုသုံးလုံး

ပညာရေး ဆိုသော်လည်း တက္ကသိုလ်ပညာရေးနှင့် ပိုဆိုင်ပါသည်။ ၂၀ ရာစု ကုန်လွန်ခါနီးသော အချိန်များတွင် ဤ *L* သုံးလုံး ခံယူချက်သည် (သူတို့ဆီမှာ) အခြေခံပညာရေး၌ပင် ကျင့်သုံးနေပါပြီ။

*Light* *အလင်းရောင်*။ တက္ကသိုလ်သည် အလင်းရောင်ကို ပေးနိုင်ရမည်။ ဘာ အလင်းရောင်လဲ။ ပညာအလင်းရောင်ဟု ဆိုလိုက်လျှင်ပင် အလွန်သေးသိမ်လိမ့်မည် ဖြစ်၏။ စက္ခု၊ ဉာဏ်၊ ပညာ၊ ဝိဇ္ဇာနှင့် အာလောကော ဆိုသော ဥဒပါဒိ ငါးမျိုးတွင် ဝိဇ္ဇာအထိ အမြင်လောက်ကိုတော့ ဆိုလိုခြင်း ဖြစ်သည်။ အကျယ် ရှင်းမပြသာပါ။ ဆင်ခြင်သိဖြင့် ဉာဏ်အလင်းရောင် ရရှိရန်ဟု ပြောရမလား မသိပါ။

*Liberty* *အနှောင့်အဖွဲ့ကင်းခြင်း*။ အကျယ် ရှင်းမပြသာပါ။ ထိန်းချုပ်မှု ရှိလျှင် ကျဉ်းမြောင်းသည်။ ထိန်းချုပ်မှု ဆိုရာတွင် တလွဲ မတွေးစေချင်ပါ။ *Limitation* ခေါ် ကန့်သတ်မှုကို ဆိုလိုပါသည်။ ငွေကြေး မပြည့်စုံ၍ စာအုပ်စာတမ်း မစုံတာမျိုးကို ကန့်သတ်ခံရသည်ဟု ခေါ်ပါသည်။ ပုဂံခေတ်ယဉ်ကျေးမှုအကြောင်း လေ့လာလိုသော်လည်း ခရီးစရိတ် မရှိ၊ ဓာတ်ပုံဖိုး မရှိစသော ကန့်သတ်ခံရမှုမျိုး ဖြစ်၏။ *Liberty* မှာ ကန့်သတ်ချုပ်ချယ်ခြင်း ကင်းမဲ့မှုကို ပြောသည်။ အပြုအမူ၊ အပြောအဆို၊ အတွေးအကြံတို့ လွတ်လပ်ခြင်းသည် ပညာထွန်းကားရေးအတွက် အုတ်မြစ်ဖြစ်ကြောင်း သိနိုင်ပါသည်။

*Learning* *သင်ယူမှု*။ တက္ကသိုလ်တစ်ခုတွင် ဆရာကြီးတစ်ဦးသည် အတန်းထဲ ဝင်လာသည်နှင့် မြေဖြူကိုင်ပြီး စာရေးတော့သည်။ အချိန်မပြီးမချင်း ရေးနေခြင်းဖြစ်၏။ ကျောင်းသားများက လိုက်ကူး။ သူ ရေးပေးနေသော မှတ်စုများမှာ မနေ့တစ်နေ့က အင်တာနက်မှ ရလာသော နောက်ဆုံးပေါ် အသစ်အဆန်းများ မဟုတ်။ လွန်ခဲ့သော နှစ် သုံးဆယ်ကျော် သူ ကျောင်းသားဘဝတုန်းက မှတ်စုတွေ။ ထို ပါမောက္ခကြီးကို ကျောင်းသားများက စာရေးဆရာဟု ခေါ်၏။ စာပဲ ရေးရေးပြသော(ဝါ) ကျောက်သင်ပုန်းခေါ် မြေဖြူနှင့် စာရေးပြီး လိုက်ကူးစေသော စာရေးဆရာ။ သူ့ထက် ဆိုးသော ပါမောက္ခတစ်ဦး ထိုတက္ကသိုလ်တွင် ရှိခဲ့ဖူး၏။ ဝါထိန်ပြီး ကြွေလုဆဲဆဲ စာရွက်ဟောင်းမှ စာသားများကို အသံတိုးတိုးလေးနှင့် စာခေါ်ပေး၊ ကျောင်းသားတွေက လိုက်ရေး။

*ကြည်မင်း*

ဤလို သင်ကြားမှုမျိုးကို လိုက်လံမှတ်သား ကျက်မှတ်နေရခြင်းအား *Learning* ဟု မခေါ်ပါ။ *Rote Learning* သို့မဟုတ် *Parrot Learning* ဟူ၍တော့ ခေါ်ချင်ခေါ်ကြပါလိမ့်မည်။ *Learning* ဆိုသည်မှာ စာသင်သား ကိုယ်တိုင်က အငမ်းမရ ရှာဖွေလေ့လာချင်အောင် ဆရာက ရှေ့မှ လမ်းပြ လိုက်သောကြောင့် တပည့်က အာသာငမ်းငမ်း တိုးချဲ့လေ့လာဆည်းပူးခြင်းကို ခေါ်သည်။

ပညာရေးတွင် ယခင်ခေတ်အတွေးအမြင်အရ ဆရာအဓိက ဖြစ်၏။ ဆရာက သင်ကြားပြသနိုင်လေလေ တပည့်တတ်လေလေဟု ယူဆသည်။ ယခုတွင်ကား တပည့်အဓိက ဖြစ်လာပြီ။ ဆရာကတော့ ဆရာအဖြစ် ခန့်ထားပြီး၍ ညာဝါးနေ၍ မရ။ မြေဖြူကိုင်ပြီး စာရေးဆရာ လုပ်ချင်၍ မရ။ ဆရာ ဆိုမှတော့ မပြတ် ဆည်းပူးပြီး ကိုယ့်ကိုယ်ကိုယ် ထက်မြက်အောင် သွေးနေရပြီ။ တပည့်ကို စာသင်ချင်အောင်၊ ဆည်းပူးလေ့လာလိုစိတ် ပွားအောင် ရှေ့ဆောင်ပြသ ဆွေးနွေး သင်ကြားပေးရအောင် သူ့ကို အခကြေးငွေ ပေးထားပြီးပြီ။ သူသည် အခစား ဖြစ်၍ ကိုယ့်တာဝန်ကိုယ် ကျေရမည်။ တပည့်ကျတော့ သင်ယူလိုသောစိတ် ပြင်းပြလွန်းသောကြောင့်သာ ပိုက်ဆံကြေးငွေ ပေး၍ လာရောက်သင်ယူခြင်း ဖြစ်သည်။ ထိုသို့ လာရောက်သင်ယူသူကို ဆရာက တာဝန်အရ ရှေ့ဆောင်ညွှန်ကြားရာတွင် ဆရာသည် လမ်းစကိုသာ ပြရန် ဖြစ်၏။ အစ အဆုံး ဦးဆောင်ရန် အချိန်မရှိ။ တပည့်က ကိုယ်ပိုင်အချိန်ကို သုံးပြီး ရှေ့ဆက် လက်ကုန်နှိုက်ရမှာ ဖြစ်သည်။ သူ လက်ကုန်နှိုက်နိုင်လေလေ သူ့အတွက် အသိအမြင် တိုးလေလေ ဖြစ်ပြီး သူ့မှာ အကျိုးရှိလေလေ တိုင်းပြည်မှာ အကျိုးရှိလေလေ ဖြစ်လာပါသည်။ ထို့ကြောင့် ယနေ့၏ ပညာရေးမူသစ်တွင် တပည့်သာ အဓိက။

ထိုတပည့်တွေ တတ်မြောက်ဖို့အတွက် ပညာဖြန့်ဖြူးရာ ကျောင်းတို့၊ တက္ကသိုလ်တို့သည် *A Place of LIGHT, LIBERTY and of LEARNING* ဖြစ်နေဖို့ လိုပါသည်။

# ၇

# တက္ကသိုလ်

## တက္ကသိုလ်

ပျံလွှားလေးတွေကို ကျွန်တော် ထိုင်ငေးနေမိသော နေ့က ထိုစာလုံးများကို မြင်ပါ၏။ သို့သော် မမြင်။ သုတေသနကိစ္စများဖြင့် ကျောင်းသို့ ပြန်ကပ်ရသောအခါ အချိန်ရတိုင်း ကျွန်တော် ထိုပင်မတက္ကသိုလ်ထဲသို့ သွားပါသည်။ ကျွန်တော် နေရသော ဌာနမှ လှမ်းကြည့်လိုက်လျှင် မဝေးပါ။ တက္ကသိုလ် စာတိုက်နှင့် ဘွဲ့နှင်းသဘင်ခန်းမ ဝေးသလောက်သာ ဝေးပါမည်။ ခြံဝင်းချင်း ကလည်း ဤလိုပင် တစ်လမ်းခြားမျှသာ။ ကျောင်းသို့ ပြန်ကပ်၍ အလုပ်လုပ် ရသောအခါ တက္ကသိုလ်၏ လှုပ်ရှားမှုများကိုလည်း မြင်လာ၏။ ဆိုပါစို့။ ဗုဒ္ဓဟူး နေ့ နေ့လယ် ကျောင်းအားချိန် ဆိုလျှင် ဂီတဌာနမှ ဂီတ တင်ဆက်မှုများ လုပ်လေ့ရှိ၏။ *Schonell Theatre* ဟု ခေါ်သော စာသင်ခန်းမတွင် လုပ်လေ့ ရှိသည်။ တယော လက်စွမ်းပြ၊ စန္ဒရား လက်စွမ်းပြ၊ တယော လေးမျိုးပေါင်း လက်စွမ်းပြ၊ အဆို စသည်ဖြင့် တေးကြီးဘွဲ့ကြီးများဖြင့် ဖြေဖျော်ပေးလေ့ရှိသည်။

အခမဲ့ ဖြစ်ပါ၏။ ထိုခန်းမသို့ သွားလိုလျှင် ဂရိတ်ကုတ်ကို ဖြတ်သွားရ၏။ နောင်တွင် ဗုဒ္ဓဟူးနေ့ ဆိုလျှင် ၁၂း ၃၀ လောက်ကပင် ဌာနမှ ထွက်၊ စားသောက်ဆိုင်တွင် နေ့လယ်စာ စားပြီးမှ စာအုပ်ဆိုင် ဝင်မွှေပြီး ဂီတဖျော်ဖြေပွဲသို့ ဝင်တတ်လာသည်။

ဤသို့ မိန်း(ပင်မတက္ကသိုလ်ကို ကျွန်တော်တို့ ရန်ကုန်မှာ နှုတ်ကျိုးနေသည့်အတိုင်း ခေါ်လိုက်ပါရစေ)ထဲသို့ သွားရင်းနှင့် ပျံလွှားလေးများကို သတိရတိုင်း ထိုမျှော်စင်ကို လှမ်းလှမ်းငေးရသည်။ လှမ်းငေးတိုင်းမှာ ထို *A Place of Light, Liberty, and of Learning* ကို မြင်မြင်နေရ၏။ မြင်ဖန်များတော့ အဓိပ္ပာယ်ကို စဉ်းစားမိတော့သည်။

ဉာဏ်ပွင့်အောင် ကန့်သတ်မဲ့ သင်ယူ ဆည်းပူးရာ နယ်မြေတဲ့။ တက္ကသိလာ ဆိုသော တွေးကြံခြင်း အလေ့ကို ပျိုးထောင်ပေးရာ ဌာန ဆိုသည့် အဓိပ္ပာယ်ထက်ပင် လေးနက်နေသည်။

ယူနီဗာစီတီ ဆိုသည်မှာတော့ စကြာဝဠာ *(universe)* အားလုံးလွှမ်းခြုံခြင်း *(universality)* ဆိုသော အဓိပ္ပာယ်မျိုးနှင့် တွေးပြီး အတတ်မျိုးစုံ လွှမ်းခြုံ စုပေါင်းရာဌာနဟု အဓိပ္ပာယ်ထွက်မည် ထင်သည်။ သို့သော် ယူနီတစ်ခုတည်း၊ ဗာ့စ် အသွယ်သွယ် ဆိုသည့် အဓိပ္ပာယ်နှင့် ယူလျှင် အတတ်ပညာလိုင်းစုံစုံတို့ ပေါင်းစုပေးထားသော ဌာနဟု အဓိပ္ပာယ်ရလိမ့်မည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ စသော သိပ္ပံပညာရပ်များ၊ သမိုင်း၊ ပထဝီ အစရှိသော ဝိဇ္ဇာပညာရပ်များ၊ ဘောဂဗေဒ စသော စီးပွားရေးပညာရပ်များ၊ ဆရာအတတ်သင်၊ စိုက်ပျိုးရေး၊ ဆေးပညာ၊ အင်ဂျင်နီယာ စသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ အားလုံးကို ပေါင်းစုချုပ်ကိုင်ပြီး ဖွဲ့စည်းထားမှသာ တက္ကသိုလ် ခေါ်ပါသည်။ အတတ်ပညာ တစ်ခုချင်းအတွက်ကို *school* သို့မဟုတ် *college* ဟုပဲ ခေါ်ပါသည်။ (ဥပမာ *Medical college, Dental college, School of Agricultural Sciences* စသည် . . )

ကိုယ့်ဟာကိုယ် ဖွင့်လို့တော့ မရဘူးလား ဆိုတော့ ရပါသည်။ ဆယ်ပေပတ်လည် အခန်းလေးတစ်ခန်း ငှားပြီး လက်ရေးတိုနှင့် လက်နှိပ်စက်တက္ကသိုလ်ဖွင့် သို့မဟုတ် အင်္ဂလိပ်တက္ကသိုလ်ဖွင့်။ ရပါသည်။ ကျွန်တော်ပြောပြနေသည်မှာ ကမ္ဘာပေါ်ရှိ သက်ရင့် တက္ကသိုလ်ကြီးများ၏ ထုံးစံနှင့် ပညာလောက၏ ထုံးစံကို ပြောနေခြင်းဖြစ်ပါသည်။

## အားလုံးကို

ကွင်စလန်သည် ကွင်စလန်တက္ကသိုလ်မှ ထုတ်လုပ်လိုက်သမျှ အားလုံးကို တာဝန်ခံ၍ ဘွဲ့အပ်နှင်းသည်။ ညနေသင်တန်းရယ်၊ စာပေးစာယူရယ် မခွဲခြား။ အရည်အသွေးတွင်လည်း နေ့ကျောင်းသားမှ စာပေးစာယူ ကျောင်းသားအထိ အတူတူ တစ်ပြေးညီ တတ်မြောက်နေရန်၊ သင်တာလည်း အတူတူ ဖြစ်ရန် စီမံထားသည်။ ထို့ကြောင့် ကာလအတိုအရှည် မတူပါ။ နေ့ကျောင်းသားထက် ညနေသင်တန်းကျောင်းသားက တစ်နှစ် ပိုနေရသည်။ စာပေးစာယူသမား ကတော့ နှစ်နှစ် ပိုနေရပါသည်။ သို့မှသာ သူတို့၏ တတ်မြောက်မှုသည် ကွင်စလန် ဘီအေ၊ ကွင်စလန် ဘီအက်စ် ဆိုသော ဂုဏ်နှင့် ညီသည်။ *Light, Liberty* နှင့် *Learning* ဆိုသော *L* သုံးလုံးနှင့် ညီမည်။

*BA* သည် *BA* လိုပင် တတ်နေရမည်။ *B.Sc* သည် *B.Sc* လိုပင် တတ်နေရမည်။ ဘွဲ့ချင်းအတူတူ စာပေးစာယူသင်တန်း *Correspondence course* ဖြင့် ရလာသူကလည်း သုံးနှစ်ပဲ ဆိုတာ မဖြစ်သင့်။ ပြီးတော့ နေ့ ကျောင်းသားတွေ သင်ရသမျှ၏ တစ်ဝက်လောက်ကိုပဲ သင်ပြီး စာမေးပွဲ စစ် လိုက်တာမျိုးလည်း မဖြစ်သင့်။ ထို့ကြောင့်(စာပေးစာယူ သင်တန်းသည် ကွင်စလန်တက္ကသိုလ်၏ လက်အောက်ခံပင် ဖြစ်၏။)အရည်အသွေးချင်း တူ နေအောင် ကြိုးစားသည်။ မကြိုးစား၍ မရ။ ညနေသင်တန်းတို့၊ စာပေးစာ ယူတို့ကို ပေါပေါလောလောတွေ လုပ်ပစ်လိုက်လျှင် ကမ္ဘာပေါ်မှာ ကွင်စလန် ၏သိက္ခာ မြေကြီးပေါ် ရောက်သွားလိမ့်မည်။ သူတို့ဆီက နာမည်ကျော် တက္ကသိုလ်များသည် မာန အလွန်ကြီးသည်။ အရည်အသွေးကို တစ်ပြားမှ လျှော့မပေး၊ သိက္ခာကို တစ်ရွေးသား အပွန်းမခံ။

## ပညာနှင့်ပဲ တိုင်းကြရမည်

နိုင်ငံတစ်နိုင်ငံတွင် ပိုင်ဆိုင်ခွင့် *(right)* အဖြစ် ဂုဏ်ယူဝင့်ကြွားရန်မှာ မြေပေါ် မြေအောက် သယံဇာတဟု ထင်နေသူတွေ ရှိ၏။ မြေပေါ်မြေအောက် သယံဇာတ ဘာမှမရှိဘဲ သောက်ရေပင် တခြားနိုင်ငံမှ ဝယ်သောက်နေရသော စင်ကာပူသည် တစ်ဦးချင်းဝင်ငွေ၌ အာရှမှာ တောင်ကိုးရီးယားတို့၊ ဂျပန်တို့ကို အမီလိုက်နေသည်။ တချို့နိုင်ငံတွေကျတော့ သဘာဝသယံဇာတတွေ ပေါများ ကြွယ်ဝပါလျက် တိုင်းပြည်က တိုးတက်မှု မရှိ။ ဤကိစ္စ၏ အဖြေကို သိလိုလျှင်

တိုင်းပြည်များ၏ ပညာရေးအဆင့်နှင့် *GDP per capita* ကို အချိုးချကြည့်ရုံ ဖြစ်၏။ ယခု ကမ္ဘာ့ပေါ်တွင် *HDI* ဟု ခေါ်သော *Human Development Index* ဆိုသည့် ညွှန်းကိန်းတစ်မျိုးကို သုံးနေသည်။ စာတတ်မြောက်နှုန်း၊ ဘွဲ့ရနှုန်း၊ ကျန်းမာရေး စသော အသွင်းကိန်း *Input* များဖြင့် တွက်ချက်သည်။

ထို *HDI* သည် အားကိုးလောက်ရဲ့လား ဆိုတော့ အားမကိုးလောက်ပါ။ အရည်အသွေးကို ထည့်မစဉ်းစား၍ ဖြစ်သည်။ နေရာတကျ သုံးစွဲမှုကို ထည့်မစဉ်းစား၍ ဖြစ်သည်။ တက္ကသိုလ်ဘွဲ့ရ ဦးရေ ဘယ်လောက် များသလဲ ဆိုတာထက် ထိုဘွဲ့ရတို့ ဘယ်လောက် တတ်မြောက်ကြသလဲ ဆိုတာ အရေးကြီးသည်။ ပြီးတော့ ထိုပညာတတ်များကို ဘယ်လောက် နေရာတကျ သုံးစွဲထားသလဲ ဆိုသည့် ကိစ္စကလည်း အရေးကြီးသည်။ တတ်မြောက်မှုကို တိုင်းတာခြင်းအကြောင်း ပထမ ပြောပါမည်။

## နိုင်ငံရကိန်းတွေနှင့်ပြော

ဆေးပညာကို နိုင်ငံအချင်းချင်း ညှိရာတွင် ကိုယ့်ဆီက ဆရာဝန်ကလည်း သူ့ဆီမှာ လုပ်နိုင်၊ သူ့ဆီက ဆရာဝန်ကလည်း ကိုယ့်ပြည် လာလုပ်နိုင်ကြအောင် အသိအမှတ်ပြု လုပ်ငန်းစဉ် ပြဋ္ဌာန်းကြရသည်။ နိုင်ငံကြီး တက္ကသိုလ်ကြီးတို့က နိုင်ငံလေး တက္ကသိုလ်လေးတို့ကို လာစစ်ကြတာသာ ရှိပါသည်။ အင်ဒိုနီးရှားက အင်္ဂလန်ဆရာဝန်တွေကို အရည်အချင်း စုံစမ်းတာမျိုး မရှိပါ။ အင်္ဂလန်ကပဲ သူတို့ဆီလာချင်သော အင်ဒိုနီးရှား ဆရာဝန်တွေကို လက်ခံသင့် လက်မခံသင့် (ဆေးကုသခွင့် ပေးသင့် မပေးသင့်) ဆုံးဖြတ်ဖို့ အင်ဒိုနီးရှား၏ ဆေးပညာဘွဲ့မှာ ဘာတွေ သင်လာပြီး ဘယ်လောက် လက်တွေ့ လုပ်ကြရသလဲ၊ စာမေးပွဲကို ဘယ်လောက် တင်းတင်းကျပ်ကျပ် စစ်ဆေးသလဲ ဆိုတာမျိုးတွေ လာစစ်မည်။

သူတို့ လက်ခံနိုင်လျှင် အင်ဒိုနီးရှား ဆေးပညာဘွဲ့ကို အင်္ဂလန်မှာ အသိအမှတ်ပြုကြောင်း ထုတ်ပြန်ပေးမည်။ ထိုအခါ အင်ဒိုနီးရှား ဆရာဝန်တွေ အင်္ဂလန်ဆေးရုံမှာ အလုပ်လုပ်ခွင့် ရှိသွားပြီ ဖြစ်၏။ ဤကား ဥပမာပေးခြင်း ဖြစ်ပါသည်။ အမှန်မှာကား ဘာသာစကားကိစ္စ တစ်ခုတည်းနှင့်ပင် အင်ဒိုနီးရှားတို့ 'ကွဲ'ကြဖို့ ရှိပါသည်။

ဤလို အသိအမှတ်ပြုခြင်းမှာ တစ်သက်လုံး မဟုတ်။ ငါးနှစ်တစ်ကြိမ်လောက် ပြန်လှန်စစ်ဆေးမှု လုပ်သည်။ သင်တာ ဖြစ်ကတတ်ဆန်း နိုင်လာပြီ၊

အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးဖို့ ကြိုးစားလာပြီ၊ စာမေးပွဲက လျော့ရဲရဲ ဖြစ်လာပြီဟု တွေသည်နှင့် အသိအမှတ်ပြုမှုကို ရပ်စဲပစ်မည်။

ဝိဇ္ဇာဘွဲ့တွေ၊ သိပ္ပံဘွဲ့တွေမှာကျတော့ ဤမျှ မလွယ်။ လုပ်ဖို့လည်း မလိုသဖြင့် လုပ်လည်း မလုပ်ကြ။ သို့သော် ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးတွင် နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံမှုတွေ များလာပြီ။ ထို့ကြောင့် နိုင်ငံတွေအကြား ပညာရေးစံတွေ ညီညွတ်လာဖို့ လိုပြီ။ ကမ္ဘာ့ကုလသမဂ္ဂလို အဖွဲ့အစည်းကနေ ဦးဆောင်ပြီး ပညာရေးအဆင့် ညှိရေးကို လုပ်ပေးသင့်သည်။ အင်္ဂလိပ်လိုသင်မှ၊ ဂျာမန်လို သင်မှ မဟုတ်ပါ။ ရဝမ်ဒါလို သင်သင်၊ တရုတ်လိုသင်သင်၊ ဘင်္ဂါလီလို သင်သင်ပါ။ အင်္ဂလန်က *B.Sc(Chem)*နှင့် ကမ္ဘောဒီးယားက *B.Sc (Chem)*တို့ တတ်မြောက်တာချင်း မတိမ်းမယိမ်း ဖြစ်နေဖို့ လိုပါသည်။

အနောက်မှ အကောင်းဆုံး ဆိုသော တက္ကသိုလ်(ဆိုပါတော့ ဘာလင်)မှ သင်ကြားပုံ၊ လေ့ကျင့်ပုံနှင့် ဘွဲ့ရလာသူတစ်ဦး(ဥပမာ-ဓာတုဗေဒ *B.Sc*)၏ တတ်မြောက်မှုတို့ကို ယူပါ။ အလားတူပင် အရှေ့မှ(ဆိုပါတော့ တိုကျို တက္ကသိုလ်)လည်း ယူပါ။ ပြီးလျှင် ထို ၂ ခုကို အခြေခံပြီး *B.Sc(Chemistry)* တစ်ဦးအတွက် စံချိန်အဖြစ် သတ်မှတ်ပါ။ ထိုအဆင့်အတန်းကို အမှတ်ပြည့်(၁ သို့မဟုတ် ၁၀၀ ရာခိုင်နှုန်း)သတ်မှတ်ပြီး ကျန်တိုင်းပြည် ကျန်တက္ကသိုလ်တွေမှ ဘွဲ့ရများကို အမှတ်ပေး၍ ရပါသည်။ တိုင်းပြည် *X* ၏ အူလူလာ တက္ကသိုလ်မှ *B.Sc*(ဓာတု)သည် စံချိန် ၀. ၈၇ သို့မဟုတ် ၈၇ ရာခိုင်နှုန်း၊ တိုင်းပြည် *Y* ၏ ယောင်ကျူတက္ကသိုလ်မှ *B.Sc*(ဓာတု)သည် စံချိန် ၀. ၄၂ သို့မဟုတ် ၄၂ ရာခိုင်နှုန်း ဆိုတာမျိုး ဖြစ်သည်။

ဤလိုညွှန်းကိန်း *Index* မျိုးနှင့် ပြောနိုင်လျှင်(မခံနိုင်သူတွေက မခံနိုင်ကြသည့်တိုင်) တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေကတော့ ကိုယ့်တိုင်းပြည်၏ ပညာရေးအဆင့်ကို မြှင့်တင်ဖို့ မြင်လာကြလိမ့်မည်။

အဆင့်ကို နှိုင်းရကိန်း *(relative value)*နှင့် ပြောတော့ ပိုပြီး မြင်လာသည်။

## ရှိခဲ့ဖူးသော ဥပမာများ

ကျွန်တော် စာရေးနေရာမှ လှမ်းကြည့်လျှင် မျဉ်းပြိုင်မျိုးဆက် ဆိုသော စာအုပ်အထူကြီး တစ်အုပ် လှမ်းမြင်နေရ၏။ ကျွန်တော်၏ ပထမဆုံး ဘာသာပြန်

ကြည်မင်း

စာအုပ် ဖြစ်သည်။ မနည်းကြီး လိုက်ရှာဝယ်ထားရခြင်း ဖြစ်၏။ ဂျပန်နိုင်ငံမှ အချမ်းသာဆုံးနှင့် ဩဇာအရှိဆုံး မိသားစုအကြောင်း ရေးထားသော စာအုပ် ဖြစ်သည်။ ထိုစာအုပ်သည် မိသားစုတစ်စု အကြောင်းဟု ဆိုရသော်လည်း ဂျပန်ပြည်၏ သမိုင်းလည်း ဖြစ်၏။

တံခါးအလုံပိတ်ပြီး အိပ်မောကျနေသော ဂျပန်ကို ပယ်ရီက အမြောက်နှင့် ပစ်နှိုးလိုက်သည်ဟု အဆိုရှိ၏။ အမေရိကန် စစ်သင်္ဘောမှ ဦးစီးမှူးပယ်ရီက တံခါးပိတ်ဝါဒ ကျင့်သုံးနေသော ဂျပန်ကို အမြောက်နှင့် ပစ်ပြီး ဖွင့်ဝင်သည်။ ဤတွင်မှ ဂျပန်တွေ မျက်စိပွင့်လာသည်ဟု ဆိုပါသည်။ ပညာရေးမှာ အလွန်ခေတ်နောက်ကျနေ၍ နိုင်ငံခြားမှ အလွယ်တကူ ဝင်ရောက် ထိုးဖောက်လာသည်ကို တွေ့လိုက်ရ၏။ ထိုခေတ်ကား မေဂျီခေတ်။ ၁၈၀၀ ဝန်းကျင်။ မြန်မာတွင် ကုန်းဘောင်ခေတ်။

မေဂျီဘုရင်သည် ဂျပန်၏ ပညာရေးစနစ်ကို အခြေခံမှ စ၍ ပြောင်းလဲပစ်ရန် ကြိုးပမ်းလေတော့သည်။ ဘာသာရပ်စုံစုံ၊ လိုင်းစုံစုံအတွက် နိုင်ငံခြားသို့ ပညာသင်တွေ လွှတ်သည်။

မြန်မာကလည်း လွှတ်ပါသည်။ သို့သော် ဂျပန်လွှတ်ပုံနှင့် တခြားစီ။ ဂျပန်က အများကြီး လွှတ်ခြင်း ဖြစ်၏။ သတ္တုအရည်ကျိုပညာ ဆိုကြပါစို့။ လူ ၄၀ လွှတ်မည်။ ထိုအထဲမှာ တစ်ဝက်(လူ ၂၀) ပြန်လာလိမ့်မည်ဟု မျှော်လင့်သည်။ သူတို့ ဟိုမှာ ရှိနေတုန်း ဒီမှာ သတ္တုစက်ရုံ ၁၅ ရုံ တည်ထားသည်။ ပြန်လာတော့ ၁၅ ယောက်က စက်ရုံတွေမှာ ဝင်အလုပ်လုပ်၊ ကျန် ၅ ယောက်က တက္ကသိုလ်မှာ စာပြန်သင်ပေး။ ဤသို့ လုပ်ခြင်း ဖြစ်၏။ ဤသို့ စီမံချက်မျိုးသည် ငါးနှစ်ဆယ်နှစ်အတွင်းမှာပင် တိုင်းပြည်တစ်ပြည်ကို ဟုန်းခနဲ ထတောက်လာစေမည်မှာ မလွဲပါ။ ဤကား မေဂျီခေတ်၏ ပညာရှင် ရရှိရေး စီမံချက် ဖြစ်သည်။ ဒုတိယ စီမံချက်(လုပ်ငန်း)ကား ပညာရေးအဆင့် မြှင့်တင်ခြင်း စီမံချက် ဖြစ်သည်။ တစ်ပြည်လုံးရှိ ကျောင်းတွေကို သင်ရိုးညွှန်တမ်းတွေ ညှိမည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ပြင်သည်။ တက္ကသိုလ်တွေ တိုးချဲ့သည်။ တက္ကသိုလ်ပညာရေးကို မြှင့်သည်။ အထက်တန်း အထိကော တက္ကသိုလ်မှာပါ နိုင်ငံတကာ အဆင့်မီ အရည်အသွေးမျိုး ရရှိစေရန် တင်းတင်းကျပ်ကျပ် ထိန်းသိမ်းသည်။

ဒီလို ပညာရေးစနစ်နှင့် နိုင်ငံသည် မတိုးတက်ဘဲမနေ။

# ၈

# တိုင်းပြည်အတွက် လူငယ်ပညာရေး

## တတိယကမ္ဘာ၏ ရောဂါ

ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးဆဲ ဆိုသော အသုံးအနှုန်းကို ဖွံ့ဖြိုးမှု အလွန်နောက်ကျနေသော နိုင်ငံများအတွက် သုံးသည်။ ဖွံ့ဖြိုးမှု အညံ့ဆုံးနိုင်ငံများကို *Least Developed Country (LDC)* ဟု ခေါ်သည်။ *Less Developed* ဆိုသော အသုံးအနှုန်း တစ်ခုလည်း ရှိသေး၏။

ထို့ကြောင့် ဖွံ့ဖြိုးဆဲ *Developing* ဆိုသောစကား ပေါ်လာရသည်။ ခုတော့ တတိယကမ္ဘာမှ နိုင်ငံများ *Third World Countries* ဆိုသည့် အသုံးအနှုန်းသစ် ပေါ်လာသည်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကျွန်းစု နိုင်ငံများကို ညွှန်းခြင်း ဖြစ်သည်။

တတိယကမ္ဘာ၏ နိုင်ငံအများစုတွင် ဆင်းရဲခြင်း၊ ကျန်းမာရေး ချို့တဲ့ ခြင်း၊ စက်မှုမဖွံ့ဖြိုးခြင်း စသော ရောဂါမျိုးစုံ စွဲကပ်ခြင်း ခံရသည်။ ထို့ထက် ပိုဆိုးသော ရောဂါ နှစ်ခု ရှိသေး၏။ မရှိတာကို အရှိလုပ် ကြွားချင်သော ရွှေ

ရည်စိမ် ဝါသနာနှင့် ရှိတာကို မရှိသလို လုပ်ပြီး ဖုံးကွယ်ချင်သော ထုံးသုတ် ဝါသနာ ဆိုသည့် ရောဂါ နှစ်မျိုးပင်။ တကယ် မတတ်ဘဲနှင့် အမြီးရှည်ရုံပဲ အသုံးဝင်သော ဘွဲ့တွေ ရထားသည့် ပညာတတ်များကို ထုတ်လုပ်ခြင်းသည် ပထမကိစ္စမျိုး။ ဤလို ဘွဲ့ရတွေကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကျဆင်းလာပုံ *Misemployment* ခေါ် နေရာတကျ မသုံးနိုင်ပုံတို့ကို ဖုံးကွယ်ပြီး ဘွဲ့ရတွေ ဘယ်လောက် များပါပြီ၊ တက္ကသိုလ်တွေ ဘယ်လောက် ပေါနေပါပြီဟု ပြောခြင်းက ဒုတိယကိစ္စမျိုး။

## တိုင်းပြည်ကို ချစ်လျှင်

လက်ငင်းအခြေအနေကို အမှန်အတိုင်း သိမှ ပြင်စရာရှိတာ ပြင်နိုင်မည်။ အခြေအနေမှန်ကို သိလိုလျှင် ရိုးသားသော စိတ်ရင်းခံဖြင့် ချဉ်းကပ်ရမည်။ အမှန်ကို သိမှ ပြင်စရာကို တွေ့မည်။ တွေ့လျှင် ရှိုးရိုးသားသား ဝန်ခံပြီး အမှန်ကို ဆက်လုပ်သွားရမည်။

တိုင်းပြည်ကို ချစ်လျှင် ရိုးသားဖို့ လိုသည်၊ ရိုးသားသော စိတ်ရင်း *sincerity* သည် အလွန်အရေးကြီးပါ၏။ *sincere* ဖြစ်သူတွင် အဂတိတရား လေးပါးစလုံး ကင်းသည်။ ကိုယ်ကျိုးကို လုံးဝမေ့ထားလိုက်ပြီး တိုင်းပြည်အကျိုးအတွက်သာ စဉ်းစားသည်။

တိုင်းပြည်ကို ချစ်လျှင် လူငယ်ကို ချစ်ရမည်၊ ဘာကြောင့်လဲ ဆိုတော့ လူငယ်သည် အနာဂတ်သို့ တိုးဝင်ခရီးဆက်မည့်သူ ဖြစ်၍ပင်။

လူငယ်ကို ချစ်သည် ဆိုရာတွင် လူငယ်တွေကို အကြိုက်ကလေးတွေ ပေး၊ စိတ်ချမ်းသာအောင် ထားပြီး ချစ်ပြရမှာလား၊ ချစ်လှချည်ရဲ့ ဆိုပြီး အားတိုင်း ဖက်နမ်းနေရမှာလား။

မဟုတ်ပါ။ လူငယ်တွေကို တကယ် တော် တတ် ထက်မြက်အောင် ပညာသင်ပေးရပါမည်။ သတ္တိကော၊ ပညာကော အတွေးအမြင်ပါ ရလာအောင် လေ့ကျင့်ပျိုးထောင်ပေးရပါမည်။ သူတို့တစ်တွေ ပညာတတ်မှ တိုင်းပြည်ပိုင် သယံဇာတများကို ကိုယ့်အစွမ်းနှင့်ကိုယ် ထုတ်ယူသုံးစွဲတတ်မည်။ သူတို့ ပညာမတတ်လျှင် နိုင်ငံခြားက လာထုတ်သွားလိမ့်မည်။ အကျိုးအမြတ်များ၏ ခြင်္သေ့ဝေစုကို နိုင်ငံခြားသို့ ပေးနေရမည်။ သို့ဆိုလျှင် တိုင်းပြည်က ဆင်းရဲမြဲ ဆင်းရဲနေလိမ့်မည်။ လူငယ်တွေ ပညာမတတ်ကြလျှင် နောင်တစ်ချိန်မှာ တိုင်းပြည်ကြီး ချွတ်ချုံကျဖို့သာ ရှိသည်။

ထို့ကြောင့် တိုင်းပြည်ကို ချစ်လျှင် လူငယ်တွေကို ပညာသင်ပေးရမည်၊ ဘွဲ့တွေ ပေးရမည်ဟု ကျွန်တော် မပြောပါ။ ဘွဲ့ရခြင်းနှင့် ပညာတတ်ခြင်းသည် တစ်ခါတစ်ရံ အတူတူ လက်မတွဲကြောင်း(ဝါ) လက်တွဲမနေကြောင်း ကျွန်တော် ရေးပြခဲ့ပြီးပါပြီ။

## သုတေသနကျမ်း

ကျွန်တော်တို့နိုင်ငံတွင် လိုအပ်နေသေးသော စာအုပ်အမျိုးအစားတွင် သုတေသန နည်းပညာအကြောင်း စာအုပ်မျိုး လိုနေသေး၏။ ဒေါက်တာသန်းထွန်းက ဆောင်းပါးတစ်စောင်နှင့် စာအုပ်ငယ်တစ်အုပ် ပြုစုဖူးသည်။ ဆရာကြီး၏ လမ်းညွှန်ချက်များမှာ(ပညာရှင်ကြီး ပီသစွာပင် မိမိ၏ နယ်ပယ်ဖြစ်သော) သမိုင်းဘာသာရပ်တွင် သုတေသနပြုစုနည်းများသာ ဖြစ်သည်။ လုံးချင်းအဖြစ် နောက်ထပ်နှစ်အုပ် တွေ့ဖူးပါသည်။ အတော်ကြီး ပြည့်စုံအောင် ကြိုးပမ်းထားကြပါသည်။ ထိုနှစ်အုပ်ဖြင့် လုံလောက်ပြီလား ဆိုတော့ မလုံလောက်သေးပါ။

ရှေ့ပိုင်းတွင် ကျွန်တော် ရေးပြခဲ့သလိုပင် ကျွန်တော်သည် ကိုယ့်သုတေသနအတွက် ကိုယ့်ဟာကိုယ် ကြံဆခဲ့ရသူ ဖြစ်၏။ သို့သော် သူများ၏ လုပ်လက်စ စီမံချက်ကို ကြည့်၍ မူကွဲကို ဉာဏ်ကွန့်ကြည့်တော့မှ ကိုယ် လိုက်ရမည့် လမ်းကြောင်းကို တွေ့ခြင်း ဖြစ်သည်။

သိပ္ပံသုတေသနတွင် သီဝရီနောက်ခံ ရှိနေရ၏။ ဒီလိုလုပ်လျှင် ဒီလိုဖြစ်တတ်သည် ဆိုသော ကျိုးကြောင်းဆက်စပ်ပြသည့် သီဝရီ(သီအိုရီ)တစ်ခု ရှိနှင့်ပြီး ဖြစ်ရသည်။ ပြီးတော့မှ ဒီနည်းကို ဒီလိုနေရာမှာ ဒါတွေနှင့် စမ်းရင် ရလာနိုင်မည့် အကျိုးဆက်များ၊ အဖြေများကို ကြံဆပြသော ဟိုင်ပေါသဆစ် *hypothesis* ရှိလာရသည်။ သီဝရီမှာ ယေဘုယျသဘော ဖြစ်၏။ ယေဘုယျ လမ်းညွှန်ချက် ဖြစ်သည်။ ဟိုင်ပေါသဆစ်မှာ ဤအထူးအခြေအနေတွင် ထွက်လာနိုင်မည့် ရလဒ်ကို ကြိုတင်မှန်းဆချက် ဖြစ်သည်။ **အထူးကိစ္စ၏** အထူး အဆိုပြုချက်ဟု ပြောလျှင်ရပါသည်။ ထို ဟိုင်ပေါသဆစ်ကို စမ်းသပ်ကြည့်၍ မှန်/မှား စိစစ်ပြီးမှ တွေ့ရှိတင်ပြချက်(*Thesis* သီးဆစ်)ကို ပြုစုရပါသည်။ ကျမ်းကိုလည်း *Thesis* ဟု ခေါ်ကြရာ တွေ့ရှိတင်ပြချက်နှင့် ရောထွေးနေတတ်၏။ ထို့ကြောင့် အချို့ တက္ကသိုလ်ကြီးများတွင် သုတေသနကျမ်းကို *Thesis* ဟု မခေါ်ဘဲ *dissertation* ဟုသာ ခေါ်ကြပါသည်။ လေ့လာချက်စာတမ်း၊ လေ့လာရေးသားထားသော ကျမ်းဟု အဓိပ္ပာယ်ယူနိုင်ပါသည်။

*ကြည်မင်း*

တွေ့ရှိတင်ပြချက်ဟု အဓိပ္ပာယ်ယူရမည့် *Thesis* ကား နိဂုံးကောက်ချက် *conclusion* သဘော၊ မှတ်ချက်သဘောသာ ဖြစ်ပါသည်။

## သီဝရီနှင့် ဟိုင်ပေါ်သဆစ်

တက္ကသိုလ်ရောက်စက သီဝရီ ဆိုသော စကားလုံးကို အလွန် အထင်ကြီးမိသည်။ ရှာဖွေတွေ့ရှိထားသော အမှန်တရား၊ မပြောင်းလဲနိုင်သော သစ္စာဟု ထင်ခဲ့ဖူးပါသည်။ ဟိုင်ပေါ်သဆစ်ကိုလည်း တွေ့ရပေရာ သီအိုရီ ဆိုသည်မှာ ပိုမိုခိုင်မာပြီး *hypothesis* ကတော့ အတွေးနှင့်အဖြေထုတ်ကြည့်ထားခြင်းမျှသာဟု (အများ ပြောသမျှ နားယောင်၍) မှတ်သားခဲ့ရဖူးပါသည်။

နောင်သောအခါ ထို အဆိုနှစ်ခုမှာ ပြောင်းပြန်ဖြစ်နေကြောင်း တွေ့ရပါသည်။ သီအိုရီ ဆိုသည်မှာ အထင်နှင့် မှန်းပြောထားသော ကြံဆချက်/သဘောတရား။ ဟိုင်ပေါ်သဆစ် ဆိုသည်မှာ လက်တွေ့စူးစမ်းမှုကလေးများ လုပ်ပြီးမှ ထိုအခြေခံဖြင့် ဟောကိန်းထုတ်ခြင်း။

သီအိုရီက ခိုင်မာပြီး *hypothesis* က မခိုင်မာဟု ထင်ခဲ့သော ကာလမှာပင် အိုင်းစတိုင်း၏ *Theory of Relativity* က ဘာကြောင့် သီအိုရီပဲ ဖြစ်နေရတာလဲဟု စဉ်းစားကြည့်ဖူးပါသည်။ အဘယ့်ကြောင့်ဆိုသော် အိုင်စတိုင်းသည် တကယ်လုပ်ကြည့်တာ မဟုတ်ဘဲ တွက်ချက်မှန်းဆရုံဖြင့် *e=mc Amperscript* ဆိုသည်ကို ဟောကိန်းထုတ်သွားခြင်းကြောင့် ဖြစ်သည်။ ယခုတော့ ရှင်းပါသည်။ လက်တွေ့ မပါဘဲ တွက်ချက်ရုံဖြင့် အဆိုပြုချက် ထုတ်ထားသောကြောင့် သီဝရီ ဖြစ်နေရခြင်း(သီအိုရီဟု ခေါ်လိုက်ခြင်း)ကို သဘောပေါက်သွားပါသည်။ လက်တွေ့ စမ်းသပ်မှုကလေးများကို အခြေခံပြီးမှ ဟောကိန်းထုတ်ခဲ့ခြင်းသာ ဖြစ်လျှင် *Hypothesis of Relativity* ဖြစ်ခဲ့လိမ့်မည်။

## ဖွင့်ဆိုမှုသက်သက်

ဤကား သီဝရီနှင့် ဟိုင်ပေါ်သဆစ်တို့အကြောင်း ဖွင့်ဆိုချက်ကို တင်ပြခြင်းဖြစ်ပါသည်။ ဖွင့်ဆိုချက် ဆိုသည်မှာ အဘိဓာန်တွင် ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြောခြင်းဖြစ်၏။

သုတေသန နယ်ပယ်တွင်ကား တကယ်အရေးကြီးသော နေရာမှာမှ ဟိုင်ပေါ်သဆစ်ကို အလွတ်ခန့်မှန်းချက်သဘောမျိုး ယူတာမျိုး ရှိပြန်သည်။ *Null hypothesis* ဖြစ်ပါ၏။ ပြန်ငြင်းအဆိုဟု ပြောရမည် ထင်သည်။

ကျောက်စာတစ်ချပ်တွင် အနော်ရထာမင်းက သထုံပြည်သို့ စစ်ချီကြောင်း တွေ့သည် ဆိုပါစို့။ စိတ်ချရအောင် ထပ်လေ့လာသောအခါ နောက်ကျောက်စာတစ်ခုတွင်လည်း ထိုသဘောမျိုး ထပ်တွေ့လိုက်သည်။ ထိုအခါတွင် သုတေသီက မူရင်းအဆို *hypothesis* ကို ဤသို့ ဖွဲ့စည်းလိုက်၏။ အနော်ရထာမင်းသည် သထုံပြည်သို့ ချီတက်တိုက်ခိုက်ခဲ့သည်။

သုတေသနတွင် ဤသို့ မူရင်းအဆို ရရှိလာသောအခါ အားပြိုင်မည့် ပြန်ငြင်းအဆို *Null hypothesis* ကိုလည်း ဖွဲ့စည်းရလေသည်။ ထို့ကြောင့် စောစောက အဆိုအတွက် ပြန်ငြင်းအဆို *Null hypothesis* မှာ အနော်ရထာမင်းသည် သထုံပြည်သို့ ချီတက် တိုက်ခိုက်ခဲ့ဖူးခြင်း မရှိဟု ဖြစ်လာသည်။ သုတေသီ၏ တာဝန်မှာ ဘယ်အဆိုက မှန်သည်ကို အထောက်အထားဖြင့် တင်ပြရန် ဖြစ်၏။ မူလအဆို(စစ်တိုက်သည်)က မှန်သလား။ ပြန်ငြင်းအဆို (စစ်မတိုက်ခဲ့)က မှန်သလား။

ခိုင်မာသော အထောက်အထားများအရ အနော်ရထာမင်းက စစ်တိုက်ခဲ့ကြောင်း တွေ့လျှင် မူလအဆို *hypothesis* ကို လက်ခံရမည်။ သုတေသနမှ ရသော နိဂုံးချုပ်မှာ အနော်ရထာမင်းသည် သထုံပြည်သို့ ချီတက်တိုက်ခိုက်ခဲ့သည် ဟူ၍ ဖြစ်လိမ့်မည်။ ဤသည်မှာ သုတေသနမှ ရသော တင်ပြချက် *Thesis* ဖြစ်၏။ ထိုတင်ပြချက်က စာတမ်းအဖြစ်၊ ကျမ်းအဖြစ် ပြုစုလျှင် *dissertation* ဖြစ်လာမည်။

အထောက်အထားများအရ အနော်ရထာမင်းသည် သထုံပြည်သို့ ချီတက်တိုက်ခိုက်ခဲ့ဖူးခြင်း မရှိဟု တွေ့လျှင် မူလအဆိုကို ပယ်ပြီး ပြန်ငြင်းအဆို *Null hypothesis* ကို လက်ခံရမည်။ ကောက်ချက်မှာ အနော်ရထာမင်းသည် သထုံပြည်သို့ ချီတက်တိုက်ခိုက်ခြင်း မရှိခဲ့ ဟူ၍ ဖြစ်သည်။

ဤနေရာတွင် *Null hypothesis* သည် ဘာအထောက်အထားမှ အခြေမခံကြောင်းနှင့် မူလအဆိုကို ပြန်ငြင်းရသည့် ဆန့်ကျင်ဖက် အဆိုအဖြစ် အလိုအလျောက် ပေါ်လာကြောင်း သတိမူမိစေချင်ပါသည်။

# ၉

# ရေးရတော့မည်

**ရေးရန်စွန်းအား**

ကျွန်တော်ပညာသင် သွားခဲ့သည့် နှစ်က ၁၉၇၂ ဖြစ်သည်။ ပထမပိုင်း ပြီးသည် အထိတွင် အချိန်တစ်နှစ်ခွဲကျော်ကျော် ကုန်ခဲ့ပါပြီ။ တစ်နှစ်နှင့် ၁၀ လလောက် ပင်ရှိသည်။ ထိုအတောအတွင်းမှာ ကျွန်တော့်တွင် စာတွေလက်တွေပညာတွေ အများကြီးရခဲ့သည်မှာ မှန်ပါသည်။ သို့သော် ဒီဂရီမျက်စိနှင့် ကြည့်လိုက်လျှင် ရှက်စရာကောင်းလှသည်။ အမေရိကန်တို့၊ အင်္ဂလန်တို့မှာ သင်တန်းတက်၊ ရေးဖြေရုံနှင့်မဟာသိပ္ပံဘွဲ့ကို တစ်နှစ်ပင်မပြည့်ဘဲ ရနိုင်သည်။ သုတေသန လုပ်တတ်တာ မလုပ်တတ်တာကတော့ သပ်သပ် ဖြစ်သည်။ ကျွန်တော်က သူတို့နှစ်ဆ နေပြီးခဲ့ပြီ။ အစတောင် မစရသေး။ ကျမ်းရေးပြီး တင်လိုက်နိုင် သည့် အချိန်တွင် ကျွန်တော့် ပြည်ပ နေထိုင်မှုကာလသည် လေးနှစ်ပြည့်ဖို့ တစ်လ လျော့လျော့သာ ကျန်တော့သည်။ ယခု ကြုံရသော နိုင်ငံခြားသားများ အပါအဝင် မိတ်ဆွေ တော်တော်များများက ကျွန်တော် *MVSc* ဘွဲ့အတွက်

လေးနှစ် နေခဲ့ရသည်ကို အံ့ဩနေကြ၏။ တချို့က သရော်ပြုံး ပြုံးသည်။ တခြားနိုင်ငံသို့ သွားသော ဆရာတစ်ယောက် ဆိုလျှင် သုံးနှစ်ဖြင့် *MSc* ကော *Ph.D.* ပါ ရလာခဲ့သည်။

လုပ်ငန်းသဘာဝချင်းက မတူပေ။ ဝက်ဆိုလျှင် တစ်နှစ်မှာ သုံးသား အကြမ်းဖျင်းမွေးသည်။ သိုးက ခြောက်လ တစ်သားဟု ဆိုရသော်လည်း ရာသီနှင့်မို့ တစ်နှစ် တစ်သားတည်းသာ ရသည်။ နွားကျတော့ အရွယ်ရောက်တာ နောက်ကျသဖြင့် သူတို့နိုင်ငံမှာပင် နှစ်နှစ် ကျော်မှ သား စမွေးသည်။ ဆင်ကို သာ သုတေသနပြုရလျှင် ပိုဆိုးမည်။ ကိုယ်ဝန်ဆောင် ကာလက ၂၂ လ။

ပါမောက္ခကြီး ခိုင်းသည့်အတိုင်း သူ လုပ်စေချင်သလို သူ့ဓာတ်ခွဲခန်းမှ ကြွက်များနှင့်သာ လုပ်ခဲ့လျှင် ကျွန်တော် သည်လောက်ကြာမည် မဟုတ်။ နွားမွေးမြူရေး သွားသင်သူ မှန်သမျှ လန်ကျလာခဲ့ကြသော အချိန်တွင် ကိုယ့် တိုင်းပြည် အကျိုးအတွက် ခေါင်းမာခဲ့သော ကျွန်တော့်မှာ(ရွာပြင် အထုတ်ခံ ရတာတောင် နည်းသေး ဆိုသလို) လေးနှစ်နှင့် ရလာတာပင် ကံကောင်းလှပြီ။

ဤအကြောင်းတွေကို ပြောထိုက်သည့် အပိုင်းများ ရွေးပြီး ကျောင်း ခန်းထဲတွင် ပြောပြခဲ့ဖူးပါသည်။ အချို့က မှတ်တမ်းအဖြစ် ရေးပါလားဟု ဆိုကြသောကြောင့် စာသင်အတွေ့အကြုံရော ရေသစ်မြေသစ် အတွေ့အကြုံ ပါ အကုန်ရေးမည် စိတ်ကူးပြီး ၁၉၈၅ လောက်တွင် စာအုပ်ထူကြီးတစ်အုပ် ဖြင့် 'ကမ္ဘာတစ်ခုထဲမှ ကမ္ဘာတစ်ခု'အမည်ပေးကာ ရေးခဲ့ဖူးပါသည်။ စာမျက်နှာ ၁၀၀ လောက်အပြင် ပိုမတက်။ ဝန်ထမ်းဘဝမှာ ကြုံလေဘုံပွဲတွေ များလွန်း၍ တောက်လျှောက် ဈာန်သွင်း ရေးချိန်ကို မယူခဲ့နိုင်။ ထို့အပြင် ကိုယ့်ကျော် လွှားဖြတ်သန်းရမှုတွေအကြောင်း ရေးရတာလည်း စိတ်သိပ်မလုံ။

၁၉၉၀ ကျော်လာသောအခါ ထူးခြားသော ကိုယ်ရေးမှတ်တမ်းများကို ဖတ်လာရသည်။ ဆရာကြီးဒေါက်တာလှဘေနှင့် ဆရာကြီးဒေါက်တာသန်းထွန်း တို့၏ ဘဝမှတ်တမ်းများဖြစ်သည်။ ထိုဆရာကြီးနှစ်ပါးတို့တွင် တူညီချက် များစွာ ရှိသည်။ မြို့ကြီးပြကြီး မျက်စိကြီးနားကြီး ဝန်းကျင်မှ မဟုတ်ခြင်း၊ ရာထူးရှိ ပညာတတ် ကြေးရတတ် လူတန်းစားမှ မဟုတ်ခြင်း(သာမန်တောသား များသာ ဖြစ်ခြင်း)၊ ပညာထူးချွန်ခြင်း၊ သုတေသနကို စိုက်လိုက်မတ်တတ် လုပ်ခြင်း၊ ကမ္ဘာက အသိအမှတ်ပြု လေးစားရသော ပညာရှင်များ စာရင်းတွင် ဝင်ခြင်း၊ ပညာချစ်စိတ်နှင့် ပညာမာန အပြည့်ရှိခြင်းတို့ ဖြစ်သည်။ ဆရာကြီး နှစ်ပါးကြား မတူတာများလည်း ရှိပါသည်။ ဆရာဘေက ကံပိုကောင်းသည်။

*ကြည်မင်း*

ဆရာထွန်းက(သူ့လုပ်ငန်းသဘောအရ)အောက်ခြေနှင့် တွေ့ထိမှု ပိုများသည်။ ဆရာဘေက စာပေပညာရှင်ပီပီ သိမ်သိမ်မွေ့မွေ့ ပြောတတ်သည်။ ဆရာထွန်းက သမိုင်းပညာရှင်ပီပီ အထောက်အထား ခိုင်လုံလျှင် မခိုင်မလုံနှင့် အဟောင်းဘက်မှာ ခြေကုပ်တွယ် အငြင်းသန်နေသူများကို ပြတ်ပြတ်ပြောတတ်သည်။ ဆရာဘေ၏ ကိုယ်ရေးမှတ်တမ်းက ပညာရှိဆန်သည်။ ဆရာထွန်း၏ ကိုယ်ရေးမှတ်တမ်းက သူရဲကောင်းဆန်သည်။

ဤဆရာကြီးများ၏ မှတ်တမ်းများကို ဖတ်ရသောအခါ တစ်နေ့တွင် ကျွန်တော်လည်း ရေးစမ်းကြည့်ဦးမည်ဟု စိတ်ကူးပေါ်ခဲ့ပါသည်။

## နောက်ထပ်တွန်းအား

ကျွန်တော် တက္ကသိုလ်ရောက်တော့ ၁၉၆၁။ ၁၉၆၂ တွင် တိုင်းပြည်အုပ်ချုပ်ရေးပြောင်းသည်။ ၁၉၆၄ တွင် ပညာရေးစနစ်သစ် ဝင်သည်။ ၁၉၇၇ တွင် ဒေသကောလိပ်စနစ် စတင်သည်။ ကောလိပ်ဆရာ၊ ဆရာမများ ခန့်ထားရာတွင် ရမှတ်နှင့်ထူးချွန်မှုကို အခြေခံ ရွေးချယ်သောမူနှင့် ရာထူးဝန်အဖွဲ့က ရွေးချယ်ခန့်ထားရသောမူ ပျက်သွားသည်။ ၁၉၇၈ တွင် လုပ်ငန်းအတတ်ပညာဌာနများ ပေါ်လာသည်။ နှစ်နှစ်၊ သုံးနှစ်လောက်ပဲ ခံပြီး လုပ်ငန်းအတတ်ပညာသင်ကြားမှုများ ပျက်သွားပြန်သည်။ ဒေသကောလိပ်များက ဥပစာကောလိပ်များသဖွယ် ပြန်ဖြစ်သွားသည်။ စာပို့စနစ်ကို အားကိုး၍ စာပေးစာယူသင်ကြားသော၊ ပုံမှန်အကဲဖြတ်မှုများရှိသော၊ ပုံမှန်စာစဉ်အပို့အယူများရှိသော စာပေးစာယူတက္ကသိုလ် ထွန်းကားလာသည်။ ၁၉၉၀ ကျော်လာသောအခါ တစ်လလောက် အနီးကပ် 'ပို့ချပြီး' အအောင်ပေးသော အဝေးသင်စနစ်ထွန်းကားလာသည်။ ၁၉၉၅ တွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များနှင့် သိပ္ပံများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအောက်သို့ ပို့သည်။ ၁၉၉၆ တွင် တက္ကသိုလ်သင်တန်းများကို တစ်နှစ်စီ ကာလလျှော့ချခြင်း လုပ်လာသည်။ ဘွဲ့လွန်သင်တန်းများ အလုံးအရင်းနှင့်ပေါ်ပေါက်လာပြီး ပါရဂူဘွဲ့များအတွက် လုပ်ငန်းများ စသည်။ ၂၀၀၅ အရောက်တွင် ပညာရေး လျော့ရဲမှုများကို တင်းတင်းကျပ်ကျပ် ပြန်လည်ပြုပြင်လာသည်။ တက္ကသိုလ်ပညာရေးကို သိက္ခာပြန်ဆည်လာသည်။

ဤကား ကျွန်တော် ဖြတ်သန်းခဲ့ရသမျှ ပညာရေးလောက ဖြစ်သည်။ အကြမ်းထည်ဖြစ်၍ အသေးအဖွဲ၊ အမှားအယွင်းကလေးများ ရှိမည် ဖြစ်သော်

လည်း ထုပ်လျှောက်ဒိုင်းမြားကတော့ မမှားပါ။ ဤသို့ ဖြတ်သန်းခဲ့ရသော လမ်းတွင် နှစ်ပေါင်း လေးဆယ်နီးပါး ဝင်ရောက်လှုပ်ရှားခဲ့ရရာ၌ ပညာရေးနှင့် ပတ်သက်၍ ကျွန်တော့်တွင် သိမှုမြင်မှု များစွာ ရှိခဲ့ပါသည်။ ရောက်လေရာတွင် မျက်စိဖွင့်၍ ကြည့်ခဲ့ခြင်း၊ ပါးစပ်ပါ ရွာရောက် ကျင့်သုံးခဲ့ခြင်း၊ ဖတ် မှတ် စု ဆောင်းခဲ့ခြင်းတို့ကြောင့်လည်း ကျွန်တော့်မှာ ပြောစရာ များစွာ ရှိခဲ့ပါ၏။

## နောက်ထပ်တွန်းအားတစ်ခု

ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးအပိုင်းဖြစ်သော ရတနာပုံခေတ်တွင် အာရှမှ နိုင်ငံနှစ်နိုင်ငံသည် နိုင်ငံခြားပညာသင် စီမံကိန်းကို ကြံဆခဲ့ကြသည်။ ဂျပန်ပြည်နှင့် မြန်မာပြည်တို့ ဖြစ်သည်။ ဂျပန်ပြည်တွင် ထိုစဉ်က မေဂျီဘုရင်စိုးစံသော မေဂျီခေတ်ဖြစ်၏။ ရေတပ်ဗိုလ်ချုပ်ပယ်ရီက အမြောက်ဖြင့်ပစ်၍ ဖွင့်လိုက်သောကြောင့် ဂျပန် ကျင့်သုံးနေခဲ့သော (တံခါးပိတ်ဝါဒဟု ကျော်ကြားသည့်) နိုင်ငံခြားနှင့် မဆက်ဆံရေးဝါဒကြီး ကျိုးပျက်သွားရသည်။ ထိုအချိန်မှ စတင်ပြီး ကမ္ဘာကို ကြည့်မြင်နိုင်သော ပြတင်းတံခါး ပွင့်သွားခဲ့၏။ သို့သော် ပွင့်လျက်နှင့် မကြည့်ခဲ့သူတွေသာ နန်းတက်ခဲ့၏။ ထို့ကြောင့်ပင် မေဂျီ.လက်ထက်ကျမှ ထိုပြတင်းတံခါးကို အသုံးချဖြစ်ခြင်း ဖြစ်၏။ အနှိမ်ခံနေရသော အောက်ကျနောက်ကျ တိုင်းပြည် အဖြစ်မှ လွတ်မြောက်ဖို့ လူငယ်တွေ ပညာတတ်မှ ဖြစ်မည်။ ဘွဲ့ရရုံ၊ ဆိုင်းဘုတ်ချိတ်ရုံသာ တတ်သော လူငယ်များ မဟုတ်ဘဲ သိသင့်တာ တကယ် သိပြီး တတ်သင့်တာ တကယ် တတ်သော လူငယ်တွေ ရှိမှ ဖြစ်မည်။ ဤတွင် ဂျပန် ပညာတော်သင် စီမံကိန်းကြီး စပါသည်။ ပညာတော်သင် ပြန်လာလျှင် အသင့် အသုံးပြုရန် စက်ရုံတွေ ကြိုဆောက်၊ ကျောင်းတွေ ကြိုဆောက်သည်။

ထိုအချိန်တွင်ပင် မင်းတုန်းဘုရင်ကလည်း နိုင်ငံခြား ပညာသင် စီမံချက်ကို အသက်သွင်းပါသည်။ မောင်ရွှေအိုးတို့ တစ်သိုက် နိုင်ငံခြားသွား၍ မဲနယ်ချက်အတတ်၊ ဖန်ချက်အတတ်၊ သံချက်အတတ်တို့ သင်ကြားကြသည်။

မေဂျီက တစ်လိုင်းတွင် လူနှစ်ဆယ်လောက်နှင့် လူငယ်ပေါင်း ထောင်နှင့်ချီ၍ လွှတ်သည်။ မင်းတုန်းမင်းက စုစုပေါင်း ဘယ်လောက် လွှတ်ပါသနည်း။ မဲနယ်စက်၊ ဒင်္ဂါးသွန်းစက်၊ ဖန်ချက်စက်များ ပေါ်လာကြောင်းတော့ သတိထားမိပါသည်။ ပညာသင်တွေ ရာနှင့်ချီ စေလွှတ်ပြီးနောက် ရတနာပုံ နေပြည်တော်တွင် စက်ရုံတွေ ရာနှင့်ချီ ပေါ်လာသည်ဟု တစ်ဦးက ရေးဖူးပါ

သည်။ ယုံစရာ အထောက်အထား မရှိ။ မေဂျီ၏ ပညာသင်စိမံကိန်းကြောင့် ဂျပန်နိုင်ငံမှာ ဘာတွေ ဖြစ်လာခဲ့သည်ကိုလည်း သက်သေ အထူးပြနေစရာ မလို။

ရန်ကုန်တက္ကသိုလ်သည် အက်ဥပဒေဖြင့် ပြဌာန်းခံရသော တက္ကသိုလ် အဖြစ် ၁၉၂၀ ကျမှ ရောက်ခဲ့သည်မှာ မှန်သော်လည်း တက္ကသိုလ် အဆင့် ပညာရေးမှာ ထိုမတိုင်မီကပင် ရှိနေခဲ့ပါပြီ။ အရှေ့တောင်အာရှတွင် ကျွန်တော်တို့ များစွာတာထွက်စောခဲ့သော်လည်း ပန်းဝင်တာကျတော့ နောက်ကျနေခဲ့ပြီ ဆိုသည့်အကြောင်း ကျွန်တော် မကြာခင်ကပဲ စံပယ်ဖြူတွင် ရေး လိုက်ပါသေးသည်။

ကျွန်တော်တို့က ကြံရည်ကြိတ်စက် တီထွင်နေခဲ့ကြသည်။ စမ်းကြည့် လိုက်၊ ကြံတွေ ယူကြိတ်ကြည့်လိုက် မကြိုက်တော့ နောက်တစ်မျိုး စမ်းလိုက် နှင့် ကြိတ်ဖတ်တွေ အပုံက ကြီးကြီးလာသည်။ သူတို့တွေကတော့ သူများ ဈေးကွက်တင်ရောင်းသော လျှပ်စစ်ကြံရည်ကြိတ်စက် ဝယ်သုံးလိုက်ကြပြီ။

ကြံကြိတ်ဖတ်များအကြားမှ ကျွန်တော် ဤမှတ်တမ်းကို ဆက်ရေး ပါသည်။

# ၁၀

# သုတေသနမှာ ဒီဇိုင်းလို

**သုတေသနဒီဇိုင်း**

သုတေသန ဆိုသည်မှာ စူးစမ်းလေ့လာခြင်းကို ခေါ်သည်။ သုတေသီမှာ လေ့လာစူးစမ်းသူဟု ယူနိုင်သည်။ စူးစမ်းလေ့လာခြင်း ဆိုသော အလုပ်ကို ပေါ့ပေါ့တွေးလျှင် ပေါ့ပေါ့လေးပဲ ရသည်။ ပေါ့ပေါ့တွေးသူအတွက် သုတေသီ ဆိုသည်မှာလည်း ခပ်ညံ့ညံ့မျှသာ ဖြစ်လိမ့်မည်။ ယခု ကျွန်တော် စာရေးနေရာမှ လှမ်းကြည့်လိုက်လျှင် ကုက္ကိုပင်ကြီး တစ်ပင်ကို နီတစ်ဝက် ဖြူတစ်ဝက် အပွင့်တွေ တဝေဝေနှင့် မြင်ရ၏။ ကုက္ကိုပင် ဆိုတာ ဒီလောက် မြင့်တာပါလား၊ ဒီရာသီမှာ အပွင့်တွေ ဝေတတ်တာပါလားဟု စူးစမ်းစိတ်ဖြင့် မှတ်သားလိုက်ရုံနှင့် သုတေသန ဖြစ်မသွားပေ။ ကုက္ကို၊ ကုက္ကား၊ အညာကုက္ကို၊ မြန်မာကုက္ကို၊ ငှက်ဖျားကုဆေး၊ အသီးမှည့် အရသာချို၊ နွားတွေကြိုက်၊ အစေ့ ဆေးဖက်ဝင်၊ အရိပ်ရ၊ အသားက သေနပ်ဒင် လုပ်ရာတွင် ကောင်း၊ ပွတ်ထွင်း၍ ဆီတစ်မျိုးဖြင့် လိမ်းသုတ်ပြုပြင်လျှင် အလွန်ကောင်းပြီး နိုင်ငံခြားဈေးကွက်တွင် မျက်နှာပန်းလှသော အိုးခွက်ပန်းကန်များ ရလာ၊ ပရိဘောဂအတွက် သုံးနိုင်၊ အခေါက်နှင့် အဆီ ဆေးဖက်ဝင်တော့ . . .။

ဤမျှလောက်အထိ သိလျှင် သုတေသီ ဖြစ်လောက်ပြီ။ သို့သော် သုတေသန ဟူ၍ တစ်ခုမှ မပါ။ ငှက်ဖျားဆေးကိုပဲ ကြည့်၊ ကုဏ္ဍာနှင့် ကုဏ္ဍကို ယှဉ်ရမည်။ ကုဏ္ဍအချင်းချင်းမှာပင် ဒေသအလိုက် ယှဉ်ရမည်။ အရွယ်ချင်း အနုအရင့် ယှဉ်ရမည်။ အလေးချိန် အမျိုးမျိုး စမ်းသုံးကြည့်ရမည်။ ပြုတ်ဖတ်၊ ပြုတ်ရည်နှင့် အယ်လကာလွိုက်ကို ယှဉ်သုံးကြည့်ရမည်။ လူနာ အသက် အရွယ်အလိုက် ယှဉ်သုံးကြည့်ရမည်။ ဓာတ်ခွဲခန်းတွင် စမ်းသပ်တွေ့ရှိရသော အာနိသင် မှတ်တမ်းကို ပြုစုရမည်။ ပြီးလျှင် ကုဏ္ဍရွက်တွင် ပါသော ဆေး ပစ္စည်းကို ဓာတ်ခွဲကြည့်ရမည်။ ဘယ်အပိုင်းက ငှက်ဖျားကို နိုင်သလဲ ဆိုတာ သုတေသန ဒီဇိုင်းဖြင့် အဖြေထုတ်ရမည်။

ကဲ . . သုတေသန ဆိုတာ၊ အထူးသဖြင့် သိပ္ပံသုတေသန ဆိုတာ ဘယ်မှာ လွယ်လို့လဲ။ သစ်ရွက်များအကြောင်းသုတေသန ဆိုပြီး ရုံးခန်းဝန်း ကျင်က အရွက် လေးမျိုးလောက် လက်တစ်ဆုပ်စီ ခူးကာ အဖြစ်သဘော ဓာတ်ခွဲ စမ်းသပ်ပြီး စာတမ်းပြုစုကြတာ မြင်ဖူးသည်။ လုပ်တော့ လေးမျိုး၊ တက်ဖတ်တော့ နှစ်ဆယ်။ ၁၆ မျိုးမှာ တခြားနိုင်ငံမှ သုတေသနပြုထားသည် ကို ယူထည့်ပြခြင်း ဖြစ်သည်ဟုတော့ ဝန်ခံထားပါသည်။ သို့သော် ဆွေးနွေး ချက် *discussion* အခန်းတွင် မထည့်ဘဲ *results* ခေါ် တွေ့ရှိချက် အခန်းတွင် ဇယားဖြင့် တစ်ပါတည်း အမျိုး ၂၀ ပြထားတော့ ကိုယ် လုပ်တာလိုလို ပုံမှား ရိုက်မှုကြီး ဖြစ်သွားလေသည်။

(အမှန်တော့ ခူးသည့် အရွက် လေးမျိုးကိုပဲ စစ်ဆေးရမှာ ဖြစ်သည်။ စစ်ရာတွင် တွေ့ရှိချက် မှန်ဖို့အတွက် အရွက်တစ်မျိုးကို ၁၀ ကြိမ်လောက် စူးစမ်းကြည့်ရန် လိုသည်။ ထို ၁၀ ကြိမ်၏ ပျှမ်းမျှကို ယူမှသာ သုတေသန တွေ့ရှိချက် မှန်မှန်ကန်ကန် ဖြစ်လာဖို့ နီးစပ်ပါသည်။ ကြုံလျှင် ဤလို သုတေ သနထုံးများအကြောင်း ရေးပါဦးမည်။)

သုတေသနတွင် ဒီဇိုင်း *(research design)* အရေးကြီးပါသည်။ ဒီဇိုင်း မပါဘဲ သုတေသန မဖြစ်။ ဒီဇိုင်း ပါတာတောင်မှ ဒီဇိုင်း မှားနေလျှင် ဘယ် လောက် ကြိုးစားကြိုးစား အမှန်ကို မရောက်။

မဟာဘွဲ့ရပြီးသူ တစ်ဦးသည် သုတေသနလုပ်ထုံးကို သိပြီးနေရမည်။ ထို့ကြောင့် မဟာဘွဲ့သင်တန်းတွင်(သုတေသန မလိုဘဲ အတန်းတက် ရေးဖြေ မဟာဘွဲ့ကြီးပဲ ဖြစ်နေနေ) သုတေသန လုပ်နည်းတော့ သင်ပေးရမှာ ဖြစ်သည်။

ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား

ရေးဖြေ မဟာဘွဲ့ ဖြစ်နေ၍ သုတေသန မလိုသောကြောင့် မသင်ဟု ဆိုလျှင်လည်း ပါရဂူဘွဲ့မှာ သုတေသန လိုအပ်လာမည် ဖြစ်သောကြောင့် ပဏာမ လိုအပ်ချက် *pre-requisite* အနေဖြင့် ပြဋ္ဌာန်း သင်ကြားပေးရုံသာ ရှိပါသည်။ ဘွဲ့တစ်ခု အနေဖြင့် ပေးတာကတော့(ပေးများပေးလျှင်) ကမ္ဘာမှာ မြန်မာဟော့လို့ ကြွေးကြော်နိုင်လောက်သည်။

## သုတေသနလုပ်နည်း

သူတို့ဆီမှာ တက္ကသိုလ်ဘွဲ့ မပြောနှင့် အထက်တန်းပညာ အတွက်ပင် ဘွဲ့ယူ စာတမ်း တင်သွင်းကြရပါသည်။ ထို့ကြောင့် သုတေသန လုပ်ပုံတွေကို အလယ်တန်းလောက်မှာပဲ ပရိုဂျက်ကလေးတွေနှင့် လေ့ကျင့်ပေးပါသည်။ အထက်တန်း ရောက်လာတော့ သုတေသနစာတမ်း အသေးစား ပြုစုနည်းတွေကိုပါ လေ့ကျင့်ပေးသည်။

တက္ကသိုလ်ဘွဲ့ကျတော့ *Bachelor* ခေါ် ပထမဘွဲ့မျိုးမှာပင် သုတေသနလုပ်ပြီး ဘွဲ့ယူစာတမ်း တင်ကြရပါသည်။ ငါးနှစ်၊ ခြောက်နှစ် တက်ရသော ဘွဲ့မျိုးကျတော့ ဘွဲ့လွန်အဆင့် *post-graduate* အဆင့်ဟု သတ်မှတ်သည်။ ထို့ကြောင့် သုတေသန တော်တော်ကြီးကြီးကို လုပ်ရပါသည်။ စာမျက်နှာ ၃၀ လောက် ရှိမည့် စာတမ်း အလတ်စား တင်သွင်းရပါသည်။

ထို့ကြောင့် တက္ကသိုလ်မှာ သုတေသန လုပ်ထုံးကို တစ်ဘာသာ၊ အချက်အလက် စစ်ဆေးမှုကို တစ်ဘာသာ အဖြစ် သင်ပေးလေ့ ရှိကြသည်။ ကျွန်တော်တို့လို ဇီဝသိပ္ပံ ယူသူများကျတော့ ဇီဝသိပ္ပံ သုတေသန နည်းစနစ် *Biological Research Methods* ဟူ၍ တစ်ဘာသာ၊ အချက်အလက် စစ်ဆေးမှု *Statistics/ Statistical Analysis* ဟူ၍ တစ်ဘာသာ သင်ရပါသည်။ ထို နှစ်ဘာသာကို မေးခွန်းလွှာတစ်ခု အဖြစ် ပေါင်းပြီး *Biometrics* အဖြစ် စစ်ဆေးပါသည်။

သုတေသနလုပ်နည်း ဆိုတာ အပင်ပေါ် ဖက်တက်၊ အရွက်လေး လက်တစ်ဆုပ် ခူးပြီး ဓာတ်ခွဲကာ စာတမ်းဖတ်တာမျိုးနှင့် တစ်ယူဇနာလောက် ခရီးဝေးသည်ကို မြင်လောက်ပြီ ထင်ပါသည်။ တစ်ခါက မိတ်ဆွေတစ်ဦးက ပြ၍ 'သုတေသန'တွေ အများကြီး လုပ်ခဲ့သည် ဆိုသော ပုဂ္ဂိုလ်တစ်ဦးကို မြင်ခွင့်ရလိုက်ပါသည်။ မိတ်ဆွေ ပြသော စာရွက်ပေါ်တွင် ပါသည့် စာတမ်း

*ကြည်မင်း*

ခေါင်းစဉ်တွေ ဖတ်ရတော့ ကျွန်တော် သဘောပေါက်သွားသည်။ ပစ်တိုင်းထောင်များဖြင့် ဖွဲ့စည်းထားသော တပ်ဖွဲ့။ ခြေမပါ လက်မပါ၊ လက်နက် မပါ။

သိပ္ပံသုတေသနတွင် အချက်အလက် စစ်ဆေးခြင်းပညာ *statistics* သည် အလွန် အရေးကြီး၏။ ဤပညာ၏ သဘောကို အသုံးပြုပြီး ကာကွယ်ထားမှသာ သုတေသန တစ်ခုသည် မှန်ကန်သော တွေ့ရှိချက်ကို ကိုယ်စားပြုနိုင်သည်။ *Biometrics* ကျတော့ ဘယ်လို ပမာဏ ရှိလာမည့် အဖြေမျိုးအတွက် စမ်းသပ်မှု အနည်းဆုံး ဘယ်လောက် ဆိုတာမျိုး၊ *confidence limit* ခေါ် စိတ်ချနိုင်မှု ဘယ်လောက်အဆင့် လိုချင်လျှင် စမ်းသပ်မှု အနည်းဆုံး ဘယ်လောက် ဆိုတာမျိုး၊ မှန်ကန်သော ကိုယ်စားပြုနိုင်မှုအတွက် ဘယ်လို ဒီဇိုင်းကို အသုံးပြုရမည် ဆိုတာမျိုးကို ကန့်သတ်ပေးသည်။

ဤ မှတ်ကျောက်များနှင့် တင်ကြည့်လိုက်လျှင် တော်ရုံတန်ရုံ သုတေသနတွေ မဟာရုံတံတိုင်းအထိ လွင့်စင်သွားတတ်ပါသည်။ မလိုသူများကတော့ *Biometrics* ကလေး တတ်ရုံနဲ့ လေကျယ်နေတယ်ဟု ပြောသံများ ပြန်ကြားရပါသည်။ ရွှေစစ်လျှင် မှတ်ကျောက်ကို ဘယ်တော့မှ မကြောက်ပါ။ *Biometrics* ကိုမှ မသိဘဲ ပညာရှင် လုပ်ချင်နေလို့ကတော့ မှတ်ကျောက်၏ အပြစ်မဟုတ်နိုင်တော့ပေ။

## သုတေသနအဆင့် ခွဲရပြီ

ကျွန်တော့် သုတေသနတွင် ပုံမှန် ဖြစ်ရှိမှု၊ ပုံမှန်ပြန့်ချက်ဟု ခေါ်သော *normal distribution* ကို ရှာရမည့် ပမာဏ လေ့လာချက် *pilot survey* ပါဝင်သည်။ လေ့လာမှုအသစ် ဖြစ်ရာ စံပြုကိန်း *normal values* များ ရှိမနေသေး။ ထို့ကြောင့် ထို စံပြုကိန်းများကို ရှာဖွေ အတည်ပြုရန် လိုသည်။ ထို့အတွက် *pilot survey* ခေါ် ပဏာမစာရင်း ကောက်ယူခြင်းကို လုပ်ရမည်။ ထိုစခန်းမှ ရလာသော စံပြုကိန်းများကို စမ်းသပ်မှု အဆင့်တစ်ဖြင့် ထပ်မံ အတည်ပြုရမည်။ စမ်းသပ်မှု အဆင့်နှစ်တွင် ပရော်စတာဂလင်ဒင်ခေါ် ဟိုမုန်း အသစ်တစ်မျိုး သုံး၍ မျိုးပွားစက်ဝိုင်းကို ညှိပြီး အသေးစိပ် ထပ်လေ့လာရမည်။

ပဏာမ လေ့လာမှုတွင် နွားမများ၏ မျိုးပွားစက်ဝိုင်း ၂၁ ရက်သံသရာ အတွက် တစ်ရက်လျှင် နမူနာ ၂၀ နှုန်းဖြင့် သားအိမ် နမူနာ ၄၂၀ နှင့် သန္ဓေတည်စ သားအိမ် ၃၀၊ စုစုပေါင်း ၄၅၀ ခု ရမည်။ ထို ၄၅၀ မှ သားအိမ် တစ်ခုလျှင် ပုံတူ စမ်းသပ်လေ့လာမှု ၅ ခု ယူရန် ဖြစ်ရာ စုစုပေါင်း

လေ့လာမှုမှာ ၂၂၅၀ ဖြစ်သွားမည်။ ထို ၂၂၅၀ မှ ရသော တန်ဖိုး *value* များအပေါ် အခြေခံ၍ ပုံမှန်ဖြစ်ပေါ်ချက် *normal occurence* ကို စက်ဝိုင်းသံသရာ *cyclic pattern* အဖြစ် တည်ဆောက်ရမည်။ ဤတန်ဖိုးများ ယုံကြည်ရမှု ရှိမရှိကို *statistical analysis* ဖြင့် အတည်ပြုရမည် ဖြစ်သည်။ အတည်ပြုချက် မရလျှင် လုပ်နည်း မှားနေတာ ဖြစ်မည်။ ပြန်လုပ်ရလိမ့်မည်။

သင်္ချာစနစ်အရ အာမခံချက် ရပြီးသော *statistically significant values* တွေ ရလာတော့မှ ပုံမှန်တန်ဖိုး *normal values* များအဖြစ် ယူပြီး စမ်းသပ်မှု အဆင့်တစ်သို့ ခရီးဆက်ရမည်။ ပဌာမအဆင့်သည် နွားသေကောင်များထံမှ ရသော သားအိမ်နမူနာများကို လေ့လာခြင်း ဖြစ်ရာ အရှင်တွေတွင် ဖြစ်မှုပျက်မှုကို သိရှိနိုင်ဖို့က သက်ရှိနွားတွေကို သုံးစွဲရမည်။ သက်ရှိနွားများတွင် ပုံမှန်ဖြစ်ပေါ်မှုကို လေ့လာပြီးလျှင် နောက်ဆုံးအဆင့်အဖြစ် ဟိုမုန်း၏ သက်ရောက်မှု *effect of prostaglandin* ကို အထူးပြုလေ့လာရမည် ဖြစ်သည်။

ကျွန်တော့် သုတေသန၏ ဒိဋ္ဌိုင်း ဖြစ်ပါသည်။

# ၁၁

# ပညာရှင် ဆရာဟောင်း

**ပိုင်းလော့ ဆာဗေး**

ပဏာမ စူးစမ်းမှု *Pilot Survey* ကို ပိုင်းလော့ ဆာဗေးဟုပဲ သုံးပါတော့မည်။

သုတေသနတွင် အကြမ်းအားဖြင့် နှစ်မျိုး ရှိသည်။ လုံးဝ မသိရသေးသည်ကို သိအောင် ရှာဖွေခြင်းနှင့် သိပြီးသည်ကို ထပ်ဆင့် စူးစမ်းခြင်းတို့ ဖြစ်သည်။ လေထဲတွင် အိုဇုန်း ပါရှိမှုကို တွေ့ခြင်းသည် ပထမ အမျိုးအစား ဖြစ်ပြီး ဒေသအလိုက် အိုဇုန်းအလွှာ အထူအပါး ကွဲပြားသည်ကို တွေ့ခြင်းမှာ ဒုတိယအမျိုးအစား ဖြစ်သည်။ သွေးထဲတွင် သွေးနီဥနှင့် သွေးဖြူဥ ဟူ၍ ရှိကြောင်း တွေ့ရှိခြင်းသည် ပထမအမျိုးအစား ဖြစ်ပြီး သတ္တဝါအလိုက်၊ အသက်အလိုက်၊ နေရာဒေသအလိုက်၊ ရောဂါအလိုက် သွေးနီဥ သွေးဖြူဥတို့၏ အခြေအရာများ ကွဲပြားသွားပုံကို တွေ့ရှိခြင်းသည် ဒုတိယအမျိုးအစား ဖြစ်သည်။

ကျွန်တော်၏ သုတေသနမှာ ဒုတိယအမျိုးအစား ဖြစ်သည်။ မီးယပ်သားဖွား ပါရဂူများက လူမိန်းမများတွင် တွေ့ရှိပြီးခဲ့သော အချက်တို့ကို ယူ၍ နည်းသစ်များ ထပ်ချဲ့ပြီး နွားများတွင် စူးစမ်းရန် ဖြစ်သည်။ ဤသို့ စူးစမ်းရန်အတွက် နွားများတွင် လေ့လာပြီးထားသော *normal value* များ ရှိနေရမည်။

မြန်မာ စာအုပ်များ



မရှိသေး။ ထို့ကြောင့် ထို *Value* များအတွက် ပိုင်းလော့ ဆာဗေး လုပ်ရတော့မည်။

ဘာမှ အတည်တကျ လုပ်စရာ ပေးမထားဘဲ ဟိုလွှတ်ဒီလွှတ်နှင့် လွှတ်ခဲ့စဉ်က မေထုန်မဲ့ သားစပ်သင်တန်းတစ်ခုသို့ သွားရောက်ခဲ့ရပုံကို ကျွန်တော် ရေးပြီးခဲ့ပါပြီ။ မြို့ပြင် မိုင် ၂၀ လောက်မှ ရပ်ကွက်(မြို့အဖျားပိုင်း တောကျကျ ရပ်ကွက်)တွင် သွားတက်ရခြင်း ဖြစ်သည်။ အထက်တန်းပညာ ဆက်မတက်လိုသော လူငယ်များ မွေးမြူရေးခြံများတွင် လုပ်လိုလျှင် လာတက်ကြသော သင်တန်း ဖြစ်သည်။ သားစပ်ပညာရှင် အဖြစ် လုပ်ပိုင်ခွင့်လိုင်စင် ရနိုင်သောကြောင့် အသက်မွေးဝမ်းကျောင်းပညာ အဖြစ်လည်း သင်ယူနိုင်သည်။ ရှစ်တန်းအောင်တွေ ကြားထဲမှာ ကျွန်တော့်လို *Vet* တစ်ယောက်အဖို့ အတော်ကြီး ကန့်လန့်ကန့်လန့် ဖြစ်နေတော့သည်။ ထိုသင်တန်းတွင် ဆရာတွေ သင်ပေးနေသော ဟိုမုန်းတွေအကြောင်းတို့၊ ပဋိသန္ဓေအကြောင်းတို့မှာ ကျွန်တော့်အတွက် အကင်း ဖြစ်နေ၏။ ကျွန်တော် ဘာ ဆိုသည်ကို သိသွားသောအခါ ဆရာတွေက လွှတ်ထားလိုက်သဖြင့် ကျွန်တော် သိချင်နေသော လက်တွေ့ပိုင်းများကို အားပါးတရ လုပ်ပိုင်ခွင့်ကြီး ရခဲ့ပါသည်။ ကျွန်တော့်ကို နွားမ ၄-၅ ကောင် ပေးထားလိုက်ပြီး ကျန်ကျောင်းသားများကို ဆရာများက အခြားတစ်ဖက်မှာ သင်ပေးသည်။

ဤလေ့ကျင့်ရေး၏ ပထမပိုင်းကို သားသတ်ရုံမှ နွားမများနှင့် စမ်းသပ်ရသည် ဖြစ်ရာ ဒင်မိုးသားသတ်ရုံ *(Dinmore Meatworks)* နှင့် ကျွန်တော် ရင်းနှီးသွားပါသည်။ ပိုင်းလော့ ဆာဗေး လုပ်ရန် ရှိလာသောအခါ ထို သားသတ်ရုံကို ကျွန်တော် သတိရသည်။ ထို့ကြောင့် ပါမောက္ခကို ပြောရာ ကျောင်းမှ စီစဉ်ပေးလိုက်ပါသည်။

## ကားတစ်စီး

ဒင်မိုးသားသတ်ရုံမှာ မိုင် ၂၀ နီးပါး ဝေးပြီး သားသတ်ရုံပိုင် မြို့လယ်နှင့် ဝေးရာသို့ ပို့ထားလေရာ ဘတ်စ်ကားဖြင့် သွားလျှင် အတော် ခရီးလှမ်းပါသည်။ မှတ်တိုင်မှ သားသတ်ရုံ ရောက်အောင် လျှောက်ရမည့် ခရီးကလည်း အဝေးကြီး။ ကျွန်တော့်မှာ ပစ္စည်းကိရိယာတွေလည်း ပါနေလေရာ ဘတ်စ်ကားနှင့်တော့ အဆင်မပြေ။ ဘတ်စ်ကား မသွားသည့် တောဖြတ်လမ်းလေး တစ်ခုတော့ ရှိသည်။ ဒင်မိုး ရောက်ခါနီးမှာ ချောင်းကူးရသည်။

*ကြည်မင်း*

ထိုအချိန်တွင် ကျွန်တော့်မှာ ကားငယ်တစ်စင်း ရှိနေပြီ ဖြစ်၍ အဆင်ပြေသွားပါသည်။

ကွင်စလန်တက္ကသိုလ်တွင် ကျောင်းလခ ဈေးအကြီးဆုံးမှာ တိရစ္ဆာန်ဆေးကုပညာဘွဲ့ *BVSc* ဖြစ်သည်။ နို့စားနွားမ ၂၀၀၊ သိုး ၄၀၀ နှင့် ကြက် ၁၀၀၀၀ လောက် ရှိသော၊ မြင်း၊ အသားစား နွားမ၊ ငုံး၊ ရစ် အစရှိသော အခြားအကောင်များအပြင် ခွေးများ၊ ကြောင်များပါ မွေးမြူပေးထားသော မွေးမြူရေးခြံကြီး ရှိသည်။ မြင်းအတွက် သီးသန့်ဆေးရုံနှင့် ခွေး၊ ကြောင်တို့အတွက် ဆေးရုံမှာ တက္ကသိုလ်ထဲမှာပင် ရှိသည်။ နွား၊ သိုး၊ ဝက်တို့အတွက် ဆေးရုံကတော့ မွေးမြူရေးခြံနှင့် တွဲလျက်ရှိနေသည်။ ကျောင်းသားများသည် ကျောင်းပိတ်ရက်ရှည်များတွင် ပြည်နယ်အတွင်းရှိ တက္ကသိုလ်ပိုင် သုတေသနခြံများတွင် လက်တွေ့ဆင်းရသေး၏။ ဤမျှလောက် ပြည့်ပြည့်စုံစုံ ဖန်တီးပေးထားရသော လိုင်းများ ဖြစ်၍ ကျောင်းလခ ဈေးကြီးပါသည်။

သူတို့ဆီမှာ တက္ကသိုလ်ဝင်ခွင့် လာစုံစမ်းသော ကျောင်းသားကို အစမ်း တစ်ပတ် တက်ခွင့်ပေးသည်။ ပြီးတော့ စာရွက်စာတမ်းများ ပေးလိုက်သည်။ တိရစ္ဆာန်ကုဆေးပညာဌာနမှ ဝေသော လက်ကမ်းစာစောင်တွင် အထူးပြု ဖော်ပြထားသော ဖော်ပြချက် နှစ်ချက် ရှိသည်။ ကျောင်းလခကို ဖော်ပြထားပြီး တတ်နိုင် မတတ်နိုင် ကြိုတင် စဉ်းစားပါ ဆိုသော အချက်က ပထမအချက် ဖြစ်သည်။ ဒုတိယ အချက်မှာ တိ/ကု ကျောင်းသားတိုင်းသည် မော်တော်ဆိုင်ကယ်/မော်တော်ကား တစ်ခုခု ပိုင်ရမည်၊ ကိုယ်ပိုင် မရှိလည်း သူများနှင့် အမြဲ ကပ်စီးနိုင်ဖို့ ကျိန်းသေ စီမံထားနိုင်ရမည် ဟူ၏။

အကြို တစ်နှစ်လုံးလုံး ကျွန်တော် ဤ မွေးမြူရေးခြံနှင့် ဆေးရုံသို့ လက်တွေ့ဆင်းခဲ့ရသည်။ ဘွဲ့လွန်ကျောင်းသား ဖြစ်နေ၍ ဌာနက စီမံပေးသဖြင့် ဝန်ထမ်းတစ်ဦး၏ ကားနှင့် လိုက်ခွင့်ရပါသည်။ တစ်ခါတစ်ရံတွင် အတန်းဖော်ကျောင်းသားတွေနှင့် ကပ်လိုက်ရသည်။ ထိုအချိန်တွင် ကျွန်တော့်မှာ ကားဝယ်နိုင်လောက်သော အင်အား မရှိသေး။ ကားလည်း လုံးဝ မမောင်းတတ်။ ဂတ်တန်သို့ သွားပြီး နွားတွေ ထိန်းရတော့မှ ကိုယ့်ဟာကိုယ် ကြံဖန် မောင်းကြည့်ပြီး လိုင်စင် ရခဲ့သည်။ ထို ဂတ်တန်မှာ နေသော ကာလမှာပင် ကျွန်တော် ကားလေး တစ်စင်း ဝယ်လိုက်ခြင်း ဖြစ်သည်။

ပိုင်းလော့ ဆာဗေးတွင် ကားက တော်တော်လေး အထောက်အကူပြုပါသည်။ ကျွန်တော့်အတွက် ကွင်းဆင်းဝတ်စုံကြမ်း *(overall)*၊ သယ်ယူစရာ

ပုံးများ၊ မှတ်သားစရာ စာရေးကတ်များ၊ လှီးဖြတ်စရာများ စသည်ဖြင့် ကိရိယာပစ္စည်းတွေ တော်တော် လိုလေရာ ကားနှင့်မှပဲ အလုပ်ဖြစ်မည်။ ကားကြောင့် ဒုက္ခရောက်ရပုံကိုလည်း ပြောရဦးမည်။ အမှန်တော့ ဖြစ်သင့် ဖြစ်ထိုက်၍ ဖြစ်ခြင်းအပြင် ကျွန်တော် သတိတစ်ချက် လိုသွားခြင်းလည်း ပါပါသည်။

## ကော်ပျော်ကုန်သော မှန်ချပ်များ

ကျွန်တော့် ပိုင်းလော့ ဆာဗေးတွင် နွားမသားအိမ်ခေါင်း *cervix* ရှိ အချွဲ *mucus* ကို မှန်ချပ်ပေါ် ဖြန့်၍ ဆေးဆိုးကြည့်ရခြင်း ပါဝင်သည်။ ဆေးဆိုးထားပြီးသော *organic* ပစ္စည်းတို့ကို သူ့အတိုင်း ထားလို့ မရ။ ဆိုးဆေး တည်မြဲအောင် အဖုံး မှန်ချပ် *cover slip* ကပ်ရသည်။ ထိုအတွက် ရှစ်တန်းမှ စပြီး ဘွဲ့ရသည်အထိ ကျွန်တော်တို့ သုံးခဲ့သည်မှာ သစ်စေးတစ်မျိုး ဖြစ်သော *canada balsam* ဖြစ်သည်။ တမာစေးနှင့် တူသည်။ ဝါဖန့်ဖန့်အရောင် ရှိသော ကော်စေးဟု ဆိုကြပါစို့။ ဆေးစွဲထားသော တစ်သျှူးအပေါ်တွင် သစ်စေး နှစ်စက်လောက် ချပြီး အဖုံးမှန်ချပ် အုပ်လိုက်ရသည်။

သားအိမ် နမူနာများကို တက္ကသိုလ်ရှိ ကျွန်တော့်အတွက် ပေးထားသော အခန်းတွင် ဆက်လက်ပြင်ဆင်၍ ဆေးဆိုးရသည်။ ပြီးတော့ သစ်စေးဖြင့် ကပ်ပြီး မှန်ကြည်ပြား *glass slide* များ သိမ်းသော စက္ကူချပ်ပြားများတွင် စီထည့်ကာ သိမ်းရပါသည်။ နောက်တော့ ကျွန်တော့်အတွက် သီးသန့်အဆောင်ကလေး တစ်ဆောင်ကို မွေးမြူရေးခြံတွင် ပေးသဖြင့် ပစ္စည်းအားလုံး ထိုအဆောင်သို့ ရွှေ့ရသည်။ တက္ကသိုလ်မှ ဆရာများနှင့် တိုင်ပင်လိုသောအခါ ထိုမှန်ချပ်များကို ပြန်သယ်ရပြန်သည်။ မှန်ချပ်က ၂၀၀၀ ကျော်လာသောအခါ ကားနောက်ဖုံးထဲတွင် ထည့်ရသည်။ ဤသို့ ထည့်လိုက်တော့ ကားအပူဒဏ်၊ နေပူဒဏ်(ထိုနိုင်ငံ၏ နွေက ပျဉ်းမနားနွေ/ယခု ရန်ကုန်နွေလိုပင် တော်တော် ပူပါသည်)တို့ကြောင့် သစ်စေးတွေ ပျော်ပြီး ကပ်ကုန်ကြတော့သည်။ မှန်ချပ်တွေ ပူးကုန်ကြသည်။ မပူးဘဲ ကျန်နေသော မှန်ချပ်တွေကိုလည်း သုံး မရတော့။

ရေစုန်မျှောပြန်ပြီ ဆိုပြီး ကျွန်တော် စိတ်ညစ်သွားပါသည်။ ဒင်မိုးကို တစ်ပတ် သုံးရက်လောက် သွားနေဆဲမို့ အဆင်တော့ ပြေနေသေး၏။ လုပ်ငန်းပြီးရမည့် အချိန်တော့ နည်းနည်း ပိုဝေးသွားပါသည်။

သစ်စေးကော်သည် အပူကို ကြောက်၏။ ဖာရင်ဟိုက် ၁၀၀ ဒီဂရီ ကျော်လာလျှင် ပျက်ချင်သည်။ ထို့ကြောင့် ထို ဆလိုက်မျိုးကို အခန်းတွင်းမှာပဲ

ထားရသည်။ ဖြစ်နိုင်လျှင် အအေးခန်းဖြင့် ထားရသည်။ ကျွန်တော်က နေပူပူတွင် ကားနောက်ခန်းထဲ ထည့်ထားလိုက်တော့ ပျက်တာတောင် နည်းသေးဟု ဆိုရတော့မည်။

**ဆရာဟောင်း**

ထိုတက္ကသိုလ်၏ တိရစ္ဆာန်ကာကွယ်ရေး ဆေးပညာဌာနတွင် ရောဂါဗေဒပါရဂူအဖြစ် *Reader* ရာထူးတွင် ထမ်းဆောင်နေသူမှာ ဒေါက်တာ ဝင်းတား *Dr Hans Winter* ဖြစ်သည်။

ဤနေရာတွင် ရှင်းစရာ ပေါ်လာပြန်ပါသည်။ ကွင်စလန်တက္ကသိုလ်ကို မဟာဌာန *Faculty* များဖြင့် ဖွဲ့စည်းထားရာ တိရိစ္ဆာန်ဆေးကုပညာ မဟာဌာန *(Faculty of Veterinary Science)* မှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ထို မဟာဌာနတွင် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ မွေးမြူရေး စသည်ဖြင့် ဌာနတွေ ထပ်ခွဲထားသည်။ ဆေးပညာကျတော့ ဌာန ၂ ခု ရှိသည်။ ကာကွယ်ရေး ဆေးပညာ *(Preventive Medicine)* အောက်တွင် ပြည်သူ့ကျန်းမာရေးနှင့် ဥပဒေ၊ ရောဂါဗေဒ၊ အဏုဇီဝဗေဒနှင့် ဆေးပညာ ၁ တို့ ရှိသည်။ *Clinical Medicine* အောက်တွင် ဆေးဝါးဗေဒ၊ ခွဲစိတ်ပညာ၊ မီးယပ်သားဖွား၊ ဆေးပညာ ၂ တို့ ရှိသည်။

ဌာနတစ်ခုကို ဖွဲ့စည်းရာတွင် ထိပ်ဆုံးရာထူးမှာ ပါမောက္ခ ဖြစ်သည်။ ပါမောက္ခထက် တစ်ဆင့်နိမ့် (လက်ထောက် ပါမောက္ခအဆင့်)ကို *Reader* ဟု ခေါ်သည်။ သူသည် သုတေသနကိစ္စများကို အဓိကလိုလို တာဝန်ခံရသူလည်း ဖြစ်သည်။ ဤ *Reader* ရာထူးကို မသိကြသူများကြောင့် '. . . သည် . . ဌာနမှာ စာဖတ်သူ ဖြစ်၏' ဆိုသော ဘာသာပြန်မျိုး ပေါ်လာတတ်သည်။ *Reader* ပြီးလျှင် အထက်တန်း ကထိက *Senior Lecturer* ၊ ပြီးလျှင် ကထိက *Lecturer* ဖြစ်သည်။ ဤရာထူးများမှာ ကျောင်းခန်းအတွင်း သင်ကြားပို့ချရသူများ ဖြစ်သည်။ သူတို့အောက်တွင် လက်တွေ့နည်းပြ *Demonstrator* ဆိုသော တစ်ယောက် ရှိတတ်သည်။ *Demonstrator* အဆင့်ပြီးမှာ ကျူတာအဆင့် ၁ မှ ၄ အထိ *Tutor Grade I-IV* ဟူ၍ ထားပါသည်။

ဆိုခဲ့သော ဒေါက်တာဝင်းတားမှာ ကျွန်တော်တို့ ဘွဲ့ကြိုကာလက *FAO* အစီအစဉ်ဖြင့် ရောဂါဗေဒ ဘာသာရပ်ကို တစ်နှစ် လာသင်ပေးခဲ့ဖူးသည်။ ဩစတြီးယား(ဂျာမန်နွယ်)ဖြစ်၍ အင်္ဂလိပ်စကားကို ကျွန်တော်တို့

နားလည်အောင် ပြောနိုင်သည်။ အသင်အပြလည်း ကောင်း၊ စေတနာလည်း ရှိ၍ ကျွန်တော်တို့ အားလုံးက ချစ်ကြသော ဆရာ ဖြစ်သည်။ တက္ကသိုလ် ရောက်စက ကျွန်တော် သွားတွေ့ပြီး ဂါဝရပြုလိုက်သေးသည်။

ကျွန်တော့် ဘွဲ့လွန်ခရီးတွင် သူ နှစ်ကြိမ် ဝင်ကယ်ပါသည်။ သစ်စေး ကြောင့် ဒုက္ခရောက်သွားရသဖြင့် သူ့ထံမှာ အကြံဉာဏ် သွားတောင်းတော့ အဲဒီ သစ်စေးနဲ့ လုပ်တဲ့နည်းက ခေတ်ကုန်သွားပြီ၊ ဒါကိုသုံးဟု ဆိုကာ *Depex* တစ်ပုလင်း စွန့်ကြဲလိုက်ပါသည်။ *Depex* ကို အလွယ်ဆုံး အနီးဆုံး ဥပမာပေး ရလျှင် ဆူပါဂလူးနှင့် တူသည်။ ကြည်လင်နေပြီး အလွန် အခြောက်မြန်သည်။

သူ့နည်းအတိုင်း ဆလိုက် ၁၀၀၀ ခန့် လုပ်ပြီး လေ့လာတော့ အတော် အဆင်ပြေသည်။ သို့သော် ဓာတ်ပုံရိုက်ရာတွင်ကား ဆေးသား မတက်ပြန်။ သို့နှင့် သူ့ထံ သွားပြတော့ သူက ဆလိုက်တွေ ပြန်ယူခိုင်းပြီး ကိုယ်တိုင် စစ် သည်။ ပြီးတော့ တစ်ခွန်းပဲ မေးသည်။ *Dehydration* အတွက် *ethanol* ကို သုံးတယ်မို့လား . . . . တဲ့။ အတိအကျပါပဲ။ *Methanol* သုံးမှ အရောင် ပို တက်တယ်၊ ဒီလို တစ်သျှူးမျိုးတွေမှာ မက်သနောပဲ သုံးရတယ်ဟု ပြောပါ သည်။ မက်သနောကို သုံးကြည့်လိုက်တော့ အမြေထွက်သွားသည်။ ဆရာ့ ကျေးဇူး ကြီးမားလှပါ၏။

# ၁၂

# စမ်းကြည့်ခြင်း

**အသစ်ဖွင့်**

သားအိမ်နံရံအတွင်းလွှာ *(endometrium)* ကို လည်းကောင်း၊ ထိုအလွှာမှ ထွက်သော အစေး *(mucus)* ကို လည်းကောင်း၊ မိုက်ကရိုစကုပ်ဖြင့် လေ့လာရာတွင် ဆေးဆိုးပြီးမှ လေ့လာရပါသည်။ လူမိန်းမများတွင် လေ့လာခဲ့သော *Papanicolou* အမည်ရှိ ဆရာဝန် တစ်ဦးက ဆေးဆိုးနည်း တစ်မျိုးကို တီထွင်အောင်မြင်ခဲ့ရာ ထိုနည်းကို *Papanicolou stain* ဟု အမည်ပေးသည်။ *Pap-stain* ဟု ယခုအခါ အလွယ်တကူ သိကြသော ထိုနည်းကို မီးယပ်ရောဂါများနှင့် ကိုယ်ဝန် ရှိ မရှိ စမ်းသပ်ခြင်းများတွင် ယခုတိုင် သုံးစွဲနေကြဆဲဖြစ်သည်။

ထိုနည်း၏ နောက်ဆုံးအဆင့်တွင် *H & E* ဟု အလွယ် သိကြသော *haematoxylin and eosin stain* ကို သုံးရသည်။ ရိုးရိုး *haematoxylin* ကို မသုံးဘဲ ဟဲရစ်၏ ဟီမာတောက်ဆလင်ကို သုံးကြည့်ရန် အကြံပေးသူမှာလည်း ဆရာ ဝင်းတားကြီးပင် ဖြစ်သည်။ သူ ပြင်ခိုင်းသလို *Methanol fixation* ဖြင့် ပြင်ထားသော ဆလိုက်များကို *Pap* ဖြင့် ဆိုး၍ သွားပြသောအခါ အပြာ

ရောင်က သိပ်တက်မလာဘူး၊ ဟဲရစ်နဲ့ ပြောင်းသုံးကြည့်ဟု အကြံပေးခြင်း ဖြစ်သည်။

ထိုအတောအတွင်းတွင် တစ်သျှူးများ ဆေးဆိုးနည်း စာအုပ်တစ်အုပ်ကို ဖတ်မိရာမှ *Orange G* အမည်ရှိ ဆိုးဆေးတစ်မျိုးအကြောင်း ဖတ်လိုက်ရသည်။ ရေးထားချက်အရ ဆိုလျှင် ကျွန်တော် လုပ်နေသော စူးစမ်းမှုတွင် *OG* သည် ထူးခြားစေလိမ့်မည်ဟု ကျွန်တော် တွေးမိသည်။ ထို့ကြောင့် *H & E* တည်းတွင် *OG* ကို အချိုးအဆ အမျိုးမျိုးဖြင့် စမ်းကြည့်လိုက်သောအခါ ယခင်က မှိန်ပျပျသာမြင်ရသော *epithelial cell* ခေါ် အစွန်လွှာကလာပ်စည်း(အကြွေ)များက ထူးခြားစွာ အရောင်ဝင်လာသည်ကို တွေ့လိုက်ရပါသည်။ ထိုနည်းသစ်ကို *HEOG Stain* ဟုပင် ရိုးရိုးကလေး နာမည်ပေးခဲ့ပါသည်။

## ယောနိနှင့် သားအိမ်ခေါင်း

အမမျိုးပွားအင်္ဂါတွင် အင်္ဂါဇာတ်ပြီးလျှင် ယောနိ(*vagina*)၊ ပြီးလျှင် သားအိမ်ခေါင်း/သားအိမ်လည်တံ(*cervix*)၊ ထို့မှလွန်သော် သားအိမ်ကိုယ်(*copus/body*)၊ ပြီးလျှင် နှစ်ခွ ထွက်သွားသော သားအိမ်/သားအိမ်(ဦး) (*horn/conu*) ရှိသည်။ ထိုလမ်းကြောင်း တစ်လျှောက်တွင် အတွင်းလွှာမှ ထုတ်လုပ်သော အစေး *mucus* ရှိနေကြသည်။ ယောနိတွင် တွေ့ရသော *vaginal mucus* မှာ သူ့ကိုယ်ပိုင် ထုတ်လုပ်မှုအပြင် အတွင်းပိုင်းမှ ထွက်လာပြီး သားအိမ်ခေါင်း *cervix* မှ အခါအလျောက် ယိုကျလာပြီး စုဝေးနေခြင်းမျိုးလည်း ရှိသည်။ ထိုလမ်းကြောင်းတစ်လျှောက် အစေးယိုထွက်မှု အနည်းအများကို သွေးတွင်းဆားဓာတ် *Nace* က ချယ်လှယ်သည်။ ထို သွေးတွင်းဆားဓာတ် ပမာဏ အတက်အကျသည် *oestrogen* ခေါ် အမဟိုမုန်းနှင့် သက်ဆိုင်သည်။

ယောနိ အခေါင်းတွင် ရှိနေသော အစေးတွင် အထက်မှ ဆင်းလာသော အစေးများနှင့် ရောနေတတ်သည့်အပြင် ဆီးလမ်းကြောင်းနှင့်ကောပြင်ပနှင့်ပါ နီးနေ၍ မသန့်။ ယခင်က ရှိခဲ့ဖူးသော သုတေသနများတွင် ဤယောနိအခေါင်းမှ နှိုက်ယူရရှိသော *mucus* ကိုသာ လေ့လာခဲ့ကြသည် ဖြစ်ရာ ပိုပြီး တိကျအောင် သားအိမ်ခေါင်းအစေး *cervical mucus* ကို လေ့လာရန် ကျွန်တော် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် တိုးတားရေးအားထားစရာ ကျောထောက်နောက်ခံ အချက်အလက် နည်းပါးနေခြင်း ဖြစ်သည်။ ရှိပြန်တော့လည်း ရူပဂုဏ်သတ္တိ *physical properties* နှင့် ဓါတု

စစ်ဆေးမှု *chemical composition* တို့လောက်သာ များများရှိသည်။ အထူး ဂုဏ်သတ္တိ *special properties* များကို လေ့လာခဲ့မှု သိပ်မရှိ။

ထို့ကြောင့်ပင် ပိုင်းလော့ ဆာဗေးကို လုပ်ခဲ့ရခြင်း ဖြစ်သည်။ ဆလိုက်ပြား ငါးထောင်ခန့် ရလာသောအခါ ကျွန်တော်၏ ပိုင်းလော့ ဆာဗေးကြီး ပြီးဆုံးသွားပါသည်။

## နွားတွေ ကျွဲတွေနှင့်

ပိုင်းလော့ ဆာဗေးတွင် သားသတ်ရုံမှ နွားမများ၏ မျိုးပွားအင်္ဂါစုကို ဖြတ်ယူရကြောင်း ပြောခဲ့ပါပြီ။ ဖြတ်သောအခါ ဥအိမ် *(ovary)* ပါအောင် ဖြတ်ရ၏။ ဥအိမ်ကို ကြည့်မှ ထိုနွားမ၏ မြိုင်သံသရာ အနေအထား *(Stage of oestrous cycle )* ကို ခန့်မှန်းနိုင်မည်။ ဤသို့ ခန့်မှန်းရရှိလာသော *stage*(အဆင့်)နှင့် ၎င်း၏ သားအိမ်ခေါင်းအစေးရှိ ဂုဏ်သတ္တိတို့ကို ယှဉ်တွဲရသည်။ ၂၁ ရက်ကြာသော မြိုင်သံသရာအတွင်း တစ်ရက်ချင်း ပြောင်းလဲပုံကို တန်ဖိုးများအဖြစ်(အညွှန်းကိန်းများ အဖြစ်) ပြုစုပြီး သင်္ချာနည်း *statistical analysis* ဖြင့် အတည်ပြုရပါသည်။ သားသတ်ရုံတွင် သန္ဓေနုနုနှင့် နွားမများလည်း ပါလာတတ်ရာ ကိုယ်ဝန် ရှိမရှိ စစ်ဆေးနည်းသစ်ကိုပါ လေ့လာနေသော ကျွန်တော့်အတွက် ဟန်ကျသွားပါသည်။

ပိုင်းလော့ ဆာဗေးမှ ပုံမှန်တန်ဖိုး *(normal values)* များ ရလာသောအခါ ထိုတန်ဖိုးများကို သက်ရှိနွားများနှင့် စမ်းသပ်ပြီးအတည်ပြုရန် လိုလာပါသည်။ ထိုစမ်းသပ်မှုအတွက် လိုအပ်သော နွားများအပြင် ကျွဲများပါ ရလိုက်၏။ တက္ကသိုလ်ခြံတွင် အသင့်ရှိနေ၍ ဖြစ်သည်။ စုစုပေါင်း အကောင် ၅၀ ခန့်ကို မြိုင်သံသရာ သုံးကြော့ (၆၃ ရက်) ဆက်တိုက် လေ့လာရပါသည်။ နွားမ၏ သားအိမ်ခေါင်းထဲသို့ ပလတ်စတစ်ပြွန်ငယ် ထိုးသွင်းပြီး ဆေးထိုးပိုက်ဖြင့် စုပ်ယူရသည်။

### *Biological Variation*

ဤဆောင်းပါးစဉ်တွင် သုတေသနနည်းအကြောင်းကို အထူးပြုရန် မဟုတ်သောကြောင့် တွေ့ရှိချက် မှန်အောင် ဒီဇိုင်းရေးဆွဲနည်း(စိမံကိန်းချနည်း)ကို မပြောသာပါ။ သို့သော် ထိုကိစ္စနှင့် ဆက်နွယ်နေသော ဇီဝဖြစ်စဉ်တို့၏ မတူသော *biological variation* ကို ကိုးကားပြောမှ ဖြစ်မည်။

*ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား*

တစ်ချိန်တည်း ပေါက်သော ကြက်အကောင် ၁၀၀ ကို တစ်နေရာတည်းမှာ သင့်တင့်မျှတစွာ ထားပြီး အစာတစ်မျိုးတည်းကို အလျှံပယ် *ad lib* ကျွေးကြည့်ပါ။ တစ်လ ပြည့်သည့်အချိန်တွင် အလေးချိန် ယူကြည့်ပါက ပိန်သူပိန် ထွားသူထွားများ ဖြစ်နေသည်ကို တွေ့မည်။ ပျှမ်းမျှ အလေးချိန်က ဂရမ် ၁၀၀၀ ဖြစ်လျှင် ၈၀၀ ဂရမ်လောက်သာ ရှိသော အကောင်ညှက်ညှက် အချို့ ပါနေသလိုပင် ၁၁၀၀-၁၂၀၀ ခန့် ရှိသော အကောင်ထွားထွား အချို့လည်း ပါနေတတ်သည်။

ဆယ်ကိုက်ပတ်လည် လယ်တစ်ကွက်တွင် သမန်းညက်အောင် ထွန်ပြီး မြေသြဇာကို လည်းကောင်း၊ ရေတို့ အလင်းရောင်တို့ကို လည်းကောင်း အားလုံး တစ်ပြေးညီ ဖြစ်အောင် စီမံပါ။ ပြီးလျှင် စပါးစိုက်ကြည့်ပါ။ အမြင့် တစ်ပေခန့် ရောက်လာသည့်အခါ တစ်ပင်ချင်း တိုင်းကြည့်လျှင် အပင်ပုတွေလည်း ပါ၊ အပင်ရှည်တွေလည်း ပါနေသည်ကို တွေ့မည်။

ဤကား *biological variation* ၏သဘော ဖြစ်၏။ ကာကွယ်ဆေး အတူတူ ထိုးပါလျက် တချို့တွင် ပဋိပစ္စည်း *immune body(immunity)* သိပ်မတက်ခြင်းကို *immunogenetics* ဖြင့် ရှင်းပြနိုင်၏။ ဤကိစ္စများမှာလည်း *biological variation* ပင် ဖြစ်သည်။

အချို့လေ့လာချက်များတွင် အသုံးပြုထားသော ကောင်ရေက များပါလျက်နှင့် တွေ့ရှိချက် *result* (ဥပမာ-ကိုယ်အလေးချိန်)က ညီထားသလို ညီနေတာ တွေ့လျှင် သုတေသနသမား စစ်စစ်ကတော့ ထပြီး မေးခွန်းထုတ်လိမ့်မည်။

ဤလို *biological variation* မျိုး မိမိ၏ သုတေသနတွင် ဘယ်လောက်များများ ပါဝင်နေသလဲ ဆိုသည်မှာ အရေးကြီးသည်။ ဘယ်လောက်ပဲ ပါရမည် ဆိုသော သတ်မှတ်ချက်က ကိုယ် တင်ထားသော *confidence limit* အပေါ်တွင် မူတည်သည်။ ယုံကြည်စိတ်ချရမှု နယ်နိမိတ်ဟု ဆိုအပ်သော ထို *confidence limit* မှာလည်း ကိုယ် လုပ်မည့် သုတေသနနှင့် ကိုယ် စမ်းသပ်မည့် အရေအတွက်(ကောင်ရေ/ကြိမ်ရေ)ပေါ်တွင် မူတည်သည်။

*Biological variation* ကိုလည်း မကြားဖူးသည့်၊ *confidence limit* ဆိုသည်ကိုလည်း မကြားဖူးသည့် သုတေသနများမှာ မှတ်ကျောက်နှင့် တွေ့လျှင် ပွန်းပဲ့သွားတတ်သည်။

## သုတေသနကို သင်ခြင်း

တက္ကသိုလ်၏ အသက်မှာ သုတေသနဟု ကျွန်တော် ဆိုခဲ့ဖူးပါသည်။ ခို တစ်ကောင်၏သွေး ဖောက်ပြီး ခိုတို့၏ သွေးသဘာဝကို လေ့လာခြင်း ဆိုသည့် စာတမ်းမျိုးကို သုတေသနဟု ခေါ်ရန် ခက်လှသည်။

သူတို့နိုင်ငံတွေမှာ အငှသေးစား သိပ္ပံစူးစမ်းမှုတွေကို အလယ်တန်း အဆင့်မှာပင် လုပ်ရသည်။ စာတမ်းတင်ရသည်။ တက္ကသိုလ်ဘွဲ့ရ ဆိုလျှင် သုတေသနလုပ်ငန်းကို အများကြီး မျက်စိပွင့်နေပြီ။ ကျွန်တော်တို့ဆီမှာက သုတေသန အလေ့အကျင့်ကို ဘွဲ့လွန်တန်းတွေကျမှ ရနိုင်သည်။ ဘွဲ့လွန်တန်း တွေကို တာဝန်ယူရတော့ သူတို့ကို ဦးဆုံး လေ့ကျင့်ပေးရသည်မှာ ရည်ညွှန်း *reference* တွေ ရှာတတ်ဖို့၊ ရှာတွေ့သော ဆောင်းပါးများကို စနစ်တကျ ဖတ် တတ် မှတ်တတ်ဖို့ ဖြစ်သည်။ ကွန်ပျူတာ သုံးစွဲနည်းကို သင်ပေးရာတွင် *format* ကျကျ ကျမ်းရေးနည်းကိုပါ တွဲသင်ပေးရသည်။ ပြီးတော့မှ သုတေသန ဒီဇိုင်း ဆွဲနည်းနှင့် *statistical approaches* ကို သင်ပေးရသည်။

ဤလို လေ့ကျင့်ပေးထားမှပင် သုတေသန လုပ်တတ်လာပြီး ဆောင်း ပါးတို့၊ ကျမ်းတို့ ရေးတတ်လာမည် ဖြစ်သည်။ ဤကဲ့သို့ လေ့ကျင့်ပေးဖို့ လိုသည် ဆိုသော အသိကို ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ရသော ဒုက္ခများနှင့် ရင်း၍ ရ လာခြင်း ဖြစ်ပါသည်။

# ၁၃

# သိလျှင် မြင်သည်

### သုတေသနစိတ်ကို ပျိုးထောင်

ဖွံ့ဖြိုးနေသည်ဟု ဆိုရသော နိုင်ငံကြီးများကို ကြည့်လျှင် စက်မှုထွန်းကားကြသည်သာ ဖြစ်မြဲကို တွေ့မည်။ နိုင်ငံတစ်ခု၏ ထုတ်လုပ်နိုင်စွမ်းကို ပြောရာတွင် *GDP* ဖြင့် ပြောရသည်။ ပိုပြီး တိကျစေရန် တစ်ဦးချင်း ထုတ်လုပ်နှုန်း *per capita GDP* ဖြင့် ပြောရသည်။ *GDP* တွင် ကဏ္ဍ *(Sector)* သုံးခုသာ ပါသည်။ စိုက်ပျိုးမွေးမြူ*(agri)* ၊ စက်မှုလက်မှု*(industrial)*နှင့် ဝန်ဆောင်မှု *(services)*တို့ ဖြစ်သည်။ စိုက်ပျိုးနှင့် ဝန်ဆောင်တို့ အားကောင်းသောကြောင့် တိုင်းပြည် ချမ်းသာကောင်း ချမ်းသာမည်။ သို့သော် ဖွံ့ဖြိုးဖို့၊ ရှေ့တန်းရောက်ဖို့ကျတော့ နည်းပညာနှင့် တိုက်ရိုက်ပတ်သတ်နေသည့် စက်မှုလက်မှုက အရေးကြီးသည်။

နည်းပညာ ဖွံ့ဖြိုးရေးတွင် သုတေသနသည် အဓိကကျသည်။ ပထမ ကမ္ဘာစစ်ကြီး အပြီးမှ စ၍ ပညာရေး ပြောင်းလဲမှုများ လုပ်လာခဲ့ကြသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အပြီးတွင်ကား ရှေ့တန်းနိုင်ငံနှင့် နောက်တန်းနိုင်ငံတို့ အကြားမှာ ပညာရေးက သိသိသာသာကြီး အဆင့်ကွာသွားလေပြီ။ ဤသို့

ကွာခြားမှုကို အာရှနိုင်ငံအချို့က သဘောပေါက်သည်မှာ ၁၉၆၀ လောက်ကျမှ ဖြစ်မည်။ ထိုတော့မှ သင်ရိုးတွေ၊ သင်ပုံတွေ၊ သင်နည်းတွေ ပြောင်းကြရသည်။

**အခြေခံမှု**

ပညာရေး ပုံစံဟောင်း၏ အခြေခံမှာ ဆရာအခြေပြု/ဆရာဗဟိုပြု သင်ကြားရေး ဖြစ်သည်။ ဆရာက အမိက၊ ဆရာ ပြောသမျှ အကုန်ကျက်၊ ဆရာ ခိုင်းသမျှ အကုန်လုပ်။ ဆရာ၏ တာဝန်မှာ စာအုပ်ထဲ ပါတာ အကုန် သင်ပြီး အိမ်စာ ပေးဖို့သာ ဖြစ်သည်။

ပညာရေးပုံစံသစ်ကျတော့ စာသင်သား ဗဟိုပြု သင်ကြားရေး ဖြစ်သွားပြီ။ ဆရာက ကျောင်းသား၏ သိချင်တတ်ချင်စိတ်ကို နှိုးဆွပြီး လမ်းစကလေး ပြပေးရုံမျှသာ ဖြစ်သည်။ ကမ္ဘာကြီး လုံးကြောင်း ပြောသည် ဆိုပါစို့။ ဆရာက ကမ္ဘာ ဆိုတာ လုံးတယ်၊ လုံးကြောင်းကို လက်တွေ့ တွေ့နိုင်တယ်၊ ဒါတွေ လုပ်ကြည့်ရင် တွေ့မယ်၊ လာ. . သွားလုပ်ကြည့်ရအောင်ဟု ဦးဆောင်သည်။

ကျောင်းသားတွင် သိလိုစိတ်များ ရှင်သန်နေရန်မှာ ကြွခိုင်ကျန်းမာပျော်ရွှင်မှု လိုသည်။ ထို့ကြောင့် အားကစားနှင့် ဂီတကို ထည့်သွင်း လေ့ကျင့်ပေးသည်။ ပညာရှာလိုစိတ်အတွက် ဖြည့်ဆည်းပေးထားရန် လိုသည်။ ထို့ကြောင့် ပြည့်စုံသော စာကြည့်တိုက်ကို တည်ထောင်ပေးသည်။ ဝင်ဖတ်ချိန်ကိုလည်း ပြဋ္ဌာန်းထားသည်။ ဝင်ဖတ်ချင်အောင်လည်း ဖန်တီးထားသည်။ မဝင်လို့ မဖြစ်အောင်လည်း လုပ်ငန်းတွေ ချပေးထားသည်။ ကျောင်းတွင် စာတမ်းတို့၊ သိပ္ပံပရောဂျက်တို့အတွက် စာကြည့်တိုက်ကို မဝင်မဖြစ်။

ဂျိုး ကရောဖို့ဒ်*(Joan Crawford)* က အရက်စွဲနေသော မိခင်အဖြစ် ပါဝင်ထားသော(ပေါလ် နယူးမင်း ရိုက်ကူးသည့်) *The Effect of Gamma Rays on Man-on-The moon Merigolds* (၁၉၇၂)ရုပ်ရှင်ဇာတ်ကားတွင် ခြောက်တန်း ကျောင်းသူလေးက ပန်းပင်လေးများဖြင့် သုတေသနပရိုဂျက် လုပ်ရပုံကို တွေ့မည်။ ဩစတြေးလျရောက် မြန်မာစာရေးဆရာတစ်ဦး ရေးသော ဆောင်းပါးတွင် သူ့သမီး အလယ်တန်းကျောင်းသူလေး စာတမ်းရေးရပုံကို တွေ့ဖူးသည်။ သုတေသန လုပ်တာတို့၊ စာတမ်းရေးတာတို့ကို ထိုအရွယ်ကပင် လေ့ကျင့်ပေးလာကြတာ သတိထားမိသည်။

ထို့ကြောင့်ပင် သူတို့ဆီမှာ တက္ကသိုလ်ဝင်တန်း အောင်သည်နှင့် သုတေသနလုပ်တာ၊ စာတမ်းပြုစုတာတို့နှင့် အကျွမ်းဝင်ပြီးသား ဖြစ်နေသည်။

ဤသည်မှာ အခြေခံသာ ဖြစ်သေး၏။ ဤမျှလောက် လုပ်တတ်ရုံနှင့် သုတေသန ဆိုသည်ကို တက်'ကိုင်'၍ မရ။

## သုတေသနလုပ်ငန်း

တက္ကသိုလ်မှာကျတော့ သုတေသနလုပ်နည်းကို ဘာသာရပ်တစ်ခု အဖြစ် ယူရသည်။ တိရစ္ဆာန်ဆေးကုဌာနမှာ ဆိုလျှင်(ဘွဲ့ရဖို့ ငါးနှစ် တက်ရသည့်ခရီး၌) စတုတ္ထနှစ်တွင် *Biometrics* နှင့် *Biological Research Methods* ဆိုပြီး အပိုင်းနှစ်ပိုင်း ခွဲ၍ တစ်ဘာသာမေးခွန်းလွှာ အဖြစ် သင်ယူရသည်။ *BRM* ခေါ် သုတေသန လုပ်နည်းတွင် စစ်တမ်းကောက်ပုံ၊ စစ်တမ်းအတွက် ဒီဇိုင်း၊ သုတေသနလုပ်ပုံ၊ သုတေသနဒီဇိုင်း၊ တွေ့တတ်သော အပြစ်များနှင့် မှားတတ်သော အမှားများ၊ အမှား ရှောင်နည်းများ စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သင်ရပါသည်။

ရေးနည်းကိုတော့ သင်မပေးပါ။ အထက်တန်းကျောင်းမှာကတည်းက အလေ့အကျင့် ရလာခဲ့သောကြောင့် ဖြစ်သည်။ တက္ကသိုလ်မှ ပြဋ္ဌာန်းထားသော ရေးနည်းမူ *style book(Book of Style)*လည်း ရှိထားသည် ဖြစ်ရာ ထိုစာအုပ်ကို ဖတ်လျှင် ခေါင်းစဉ်ခွဲပုံ၊ ရည်ညွှန်းပေးပုံတို့ကို သိနိုင်သည်။

သုတေသနတွင် သုတေသနရေးနည်း ဟူ၍ ရှိသည်။ သူတို့ကတော့ သိပြီးသား၊ ရေးဖူးပြီးသား ဖြစ်သည့်အပြင် သူတို့ဘာသာစကားမို့ ဘာမှ အခက်အခဲ မရှိပေ။ ဘာတစ်လုံးမှ မသင်ကြားခဲ့ရသော ကျွန်တော့်မှာသာ တကယ် ရေးတော့ ရှာလည်ပါသည်။ ထိုအခန်း ရောက်တော့မှ အကျယ်ပြောပါတော့မည်။

## ဒီမှာ ဒါတွေ လိုနေသေး

ရေးပြရတာလည်း အားနာလှပြီ။ ဘွဲ့လွန်ဒီဂရီကြီး တပ်ထားပြီး သုတေသန ဆောင်းပါးကို ရေးဖို့ ဝေး၊ ဖတ်တာပင် ဘယ်လို အစီအစဉ်နှင့် ဖတ်ရမှန်း မသိသူတွေ တွေ့ရသည်။

ကျွန်တော့်မှာ တာဝန်တွေနှင့် နေခဲ့ရစဉ်က ဘွဲ့လွန်သင်တန်းအတွက် ကွန်ပျူတာ အခြေခံ၊ သုတေသနဒီဇိုင်း ရေးဆွဲနည်း၊ စီစစ်နည်းနှင့် ကျမ်း

ရေးနည်းတို့ကို ကျွန်တော်ကိုယ်တိုင် သင်ပေးခဲ့ပါသည်။ စာမေးပွဲ ဖြေရုံလေးနှင့် မဟာဘွဲ့ကို ရနိုင်သော တခြားလိုင်းများနှင့်စာလျှင် ကျွန်တော်တို့ဆီမှ ဘွဲ့လွန်များခမျာ ပင်ပန်းကြပါသည်။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် သုတေသနလည်း လုပ်ရသေးသည်။ ကျမ်းလည်း ရေးရသေးသည်။ သို့သော် အလွန်အကျိုးရှိပါသည်။ ပါရဂူဘွဲ့အတွက် နိုင်ငံခြားသို့ လွှတ်သောအခါ သူတို့သည် ခေါင်းငုံ့စရာ မလိုဘဲ လုပ်ပြနိုင်ခဲ့သည်။ တစ်ဦး ဆိုလျှင် ပါရဂူဘွဲ့အတွက် ကြိုးစားနေစဉ်မှာပဲ နိုင်ငံတကာ ကွန်ဖရင့်တွေမှာ သုတေသနစာတမ်းတွေ တင်ခဲ့သည်။ မဟာသိပ္ပံ ၄-၅ ယောက်လောက်ကိုပင် ကြီးကြပ်ခဲ့သေးသည်။

ကျွန်တော်တို့ ရည်ရွယ်သည်မှာလည်း ဒါပဲ ဖြစ်သည်။ ကျွန်တော်တို့က ဇာတ်ခုံနောက်သို့ ဝင်ရတော့မည့် လူတွေ။ ကျွန်တော်တို့ မရှိလျှင် သူတို့ကပဲ ဘွဲ့လွန်တွေ ဆက်မွေးထုတ်ပေးရမည် ဖြစ်သည်။ သူတို့ကိုယ်တိုင်က သုတေသနဒီဇိုင်း မဆွဲတတ်၊ ကျမ်းမရေးတတ်လျှင် ဘာလုပ်ကြမည်လဲ။ မဖြစ်မနေ လုပ်လွှတ်လျှင် အလွန်ရသမြောက်သော သုတေသနကျမ်းတွေ ထွက်လာဖို့ရှိ၏။ ဘာ'ရသ'လဲ ဆိုတော့ ဟာသရသ။

မနေ့တစ်နေ့ကပင်(နိုင်ငံခြားတက္ကသိုလ်များဆီသို့ပါ ဖြန့်ဖြူးသည်ဟု ကြားရသော) သုတေသနဂျာနယ် ခပ်ထူထူကြီးတစ်အုပ် ဖတ်လိုက်ရသေးသည်။ လုပ်တာကတော့ ကြီးကြီးကျယ်ကျယ်တွေ ဖြစ်ရာ ဘွဲ့ယူသုတေသနတွေပင် ဖြစ်ပါလိမ့်မည်။ သုတေသန၏ အဖြေမှန်ကို မှန်းဆချင်လျှင် ပျမ်းမျှ *(mean)*နှင့် *standard error* တို့၊ *standard deviation* တို့ကို ကြည့်သည်မှာ အကျင့်ဖြစ်နေပါပြီ။ ကျွန်တော် တွေ့လိုက်သည်ကား *mean* ထက် *SD* က အဆ ၅၀၀ ကျော်ကျော် များနေခြင်း ဖြစ်သည်။ *Biological variation* ကို ထည့်တွက်ထားသော *normal distribution* တွင် *mean* နှင့် *SD* ၏ အချိုးမှာ ၆း၁ ဝန်းကျင် ရှိရသည်။ ယခု တွေ့လိုက်သော အဖြေတွင် ၆း ၃၀၀၀ ကျော်ကျော် ဖြစ်နေသည်။ မှားပုံကို ကိန်းဖြင့် ပြောလျှင် အဆပေါင်း သုံးထောင်ကျော်ကျော် မှားသွားခြင်း ဖြစ်သည်။ တွေ့ရှိချက်အမှားဟုတော့ မဆိုသာပါ။ ဒီဇိုင်း မှားခြင်းနှင့် မသုံးသင့်သော သင်္ချာနည်းစိစစ်မှု *statistical analysis* ကို သုံးမိခြင်းကြောင့်သာ ဖြစ်သည်။ ဒီဇိုင်းအမှန်၊ စိစစ်နည်း အမှန်အကန် သုံးဖို့ အလွန်အရေးကြီးပါသည်။

# ၁၄

# လုပ်တိုင်း သုတေသနမဟုတ်

**မမှားသော်လည်း ဘောင်မဝင်လျှင်**

သုတေသနဖြင့် ထုတ်ပြသော အဖြေများတွင် သင်္ချာနည်းအရ ထူးခြားမှုန်ကန်မှု *Statistical Significance* သည် အလွန် အရေးကြီးပါ၏။ သုတေသနသည် မဲရွေးတာနှင့် မတူ။ မဲပေးသူ ၁၀၀ မှာ ၅၁ ယောက်၏ မဲကို ရသူက နိုင်သည်။ *A* နှင့် *B* ယှဉ်အရွေးခံကြရာတွင် *A* က ၃၅ မဲ၊ *B* က ၃၄ မဲ၊ ကြားနေက ၃၁ မဲ ဖြစ်နေလျှင်လည်း *A* သည် ၃၅ ရာခိုင်နှုန်းသာ မဲ ရသည့်တိုင် *A* ပဲ နိုင်သည်။

သုတေသနကျတော့ ဒီလိုမဟုတ်။ အထူးသဖြင့် စက်မှုလက်မှုနှင့် ဇီဝသိပ္ပံ သုတေသနများတွင် ဒီလိုမဟုတ်။ သစ်ရွက်တစ်မျိုး၏ သန်ကျဆေး အာနိသင်ကို လက်တွေ့စမ်းသပ်သည် ဆိုပါစို့။ ကိုယ်အလေးချိန် တစ်ကီလိုဂရမ် လျှင် သစ်ရွက်အစိုမှုန့် တစ်ဂရမ်နှုန်းဖြင့်(ဝမ်းစစ်ပြီး သန်ကောင် ကျိန်းသေရှိ နေသည်ဟု သိသော) ကလေး ၁၀၀ ကို တိုက်ကျွေးကြည့်ရာ ၅၁ ယောက် တွင် သန်ကျပြီး ၄၉ ယောက်တွင် သန်မကျ။ ၅၁ ရာခိုင်နှုန်း အစွမ်းပြသည့် အတွက် ဤဆေးကို သန်ချနိုင်စွမ်း ရှိပြီဟု ပြော၍ မရပေ။ ၈၅ ယောက် ဆိုလျှင်လည်း မရသေး။ ၉၅ ယောက် သန်ကျမှသာ မှားနိုင်ခြေ ၅ ရာခိုင်နှုန်း

ထက် နည်းပြီ ဟူသော အဆိုဖြင့် လက်ခံရသည်။ *Siginificant at >5% level (less than 5% level)*ဟု ခေါ်ပါသည်။ စမ်းသပ်မှုပေါင်း ၁၀၀၀ တွင် ၉၉၁ ကြိမ်နှင့်အထက် မှန်နေတာမျိုးကျတော့ ကောင်းသည့်အဆင့် *Significant at >1% level* ဟု ခေါ်ပါသည်။ အကြိမ် တစ်သောင်းတွင် ၉၉၉၁ ကြိမ်နှင့်အထက် မှန်နေတာမျိုးကား *highly significant* ဟု ခေါ်ပါသည်။ အကောင်းဆုံး အဆင့်ပင်။

ဤကား မှန်-မှား/ ဖြူ-မည်း ဆိုတာမျိုး ဖြစ်နိုင်ခြေ နှစ်ခုသာ ရှိသည့် ကိစ္စမျိုးတွင် စဉ်းစားရသော ရိုးရိုးနည်းပင် ဖြစ်၏။ ရလာသော အဖြေ၏ အားကိုးထိုက်မှုကိုကျတော့ စောစောက ပြောခဲ့သည့် *mean,standard deviation, standard error* စသည်တို့ဖြင့် စစ်ဆေးရပါသည်။

**ခဲမူးစေ့**

မှန်-မှား/ဖြူ-မည်း ကိစ္စကို ကောက်ပါဦးမည်။ ပိုက်ဆံတစ်ပြားတွင် ခေါင်း/ပန်း ဟူ၍ မျက်နှာ နှစ်ဖက် ရှိ၏။ ပိုက်ဆံပြားကို ဒေါင်လိုက် လည်ပတ်စေလိုက်လျှင် အလည်ရပ်၍ ငြိမ်သွားသောအခါ ခေါင်း ပေါ်ချင်ပေါ်၊ ပန်း ပေါ်ချင်ပေါ်မည်။ ပစ္စည်းကော အလေးချိန်ပါ ထပ်တူညီမျှသော မူးစေ့မျိုးကို တစ်စေ့ ရွေးယူ၍ ဆက်တိုက်လှည့်ကာ စမ်းသပ်ကြည့်ပါ။ ပထမ အကြိမ်တွင် ခေါင်း ပေါ်ချင်ပေါ်၊ ပန်း ပေါ်ချင်ပေါ်မည်။ ဆယ်ကြိမ် ဆက်တိုက်လှည့်လျှင် ခေါင်း ၆၊ ပန်း ၄ ဆိုတာမျိုး ဖြစ်နိုင်သည်။ အကြိမ် ၁၀၀ တွင် ခေါင်း ၅၂၊ ပန်း ၄၈ ဆိုတာမျိုး ဖြစ်နိုင်သည်။ မူးစေ့က အမှန်အကန် ဆိုလျှင် အကြိမ် များလာလေလေ ၅၀း ၅၀ အချိုးနှင့် နီးစပ်လာလေလေ ဖြစ်သည်။

ခဲမူးစေ့ဟု ခေါ်သော မူးစေ့အတု ဆိုပါစို့။ ပထမတစ်ကြိမ်တွင် ခေါင်းကျသည်။ ဖြစ်နိုင်ခြေ *P*(ခေါင်း)အတွက် ၀. ၅နှင့် ဖြစ်နိုင်ခြေ *q* အတွက် *0.5* ရှိရာတွင် *p* ၏*0.5* ဖြင့် ကျခြင်း ဖြစ်သည်။ ဒုတိယအကြိမ်တွင် ခေါင်းပဲ ထပ်ကျလျှင် ခေါင်းဘက်၏ အားသာချက်က ၇၅ ဖြစ်ပြီး ပန်းဘက် တွင် ၂၅ သာ ကျန်တော့သည်။ မကျသောဘက်ကို မူတည်ပြီး တွက်ရသည် ဖြစ်ရာ ဆက်တိုက် ၂ ကြိမ် ဆိုတော့ $q2= (½)2=¼=0.25$ ဖြစ်သွားသည်။ ခေါင်း ဆက်တိုက် သုံးကြိမ် ဆိုလျှင် $q3$ ==0.125။ လေးကြိမ်ဆက်တိုက်တွင် $q4$ ==0.0625 ဖြစ်၏။ ဤကိန်းကို ရာနှုန်းဖြင့် ပြလျှင် ခေါင်း၏ သာရည်က *93.75%* ဖြစ်ပြီး ပန်း၏ အခွင့်အလမ်းမှာ *6.25%* သာရှိတော့သည်။ ငါးကြိမ်

ဆက်တိုက်တွင်ကား *q5* ==0.03125 ဖြစ်သွား၏။ ခေါင်း၏ သာရည်က *96.875%* ဖြစ်လာတော့သည်။ မူအရ သတ်မှတ်ထားသော *95%* အဆင့်ကို လွန်သွားပြီ ဖြစ်သောကြောင့် ထိုမူးစေ့တွင် ခေါင်းဘက်က ကျိန်းသေ ပေါ်နေသည်(ပန်းဘက်ကို လေးအောင် လုပ်ထား၍ ခေါင်းချည်း ကျနေသည်)ဟု ပြောနိုင်သွားသည်။ ပန်းကျရန် အခွင့်အလမ်းမှာ *3.125%* သာ ရှိသောကြောင့် ထိုမူးစေ့ကို လှည့်လျှင် ပန်းမကျနိုင်ဟု ကျိန်းသေ ပြောနိုင်သည်။ ကိုမူးစေ့ကို ပုံမှန် မဟုတ်သော မူးစေ့(ဝါ) ခဲမူးစေ့ဟု ၉၅% နှင့်အထက် ယုံကြည်နိုင်ခြေဖြင့် မှတ်ချက်ချနိုင်ပါပြီ။

## ခိုသွေး

ခိုတစ်ကောင်ကို ဖမ်းပြီး သွေးတစ်ကြိမ် ဖောက်ခါ စစ်ဆေးပြီး ရလဒ်များကို ပြောခြင်းသည် အလွန်မှားနိုင်ကြောင်းကို အထက်ပါ ဥပမာဖြင့် သိနိုင်လောက်ပြီ။ တစ်ကောင်ကို တစ်ကြိမ် စမ်းသပ်ရုံမျှဖြင့် အဖြေမထွက်။ ဤလို သုတေသနမျိုးမှာ ခေါင်း/ပန်းကိစ္စလို အရည်အချင်းပြ *qualitative* ကိစ္စမျိုး မဟုတ်ဘဲ အရေအတွက်ပြ *quantitative* ဖြစ်သဖြင့် ခဲမူးစေ့တုန်းကလို ငါးကြိမ် ဆက်တိုက် ဆိုတာမျိုးဖြင့် အကဲဖြတ်၍ မရပါ။ ထို့ကြောင့် သွေး ၁၀ စီစီ ထုတ်ပြီး *ဆယ်စုခွဲကာ စစ်ဆေး၍ ပျမ်းမျှရလဒ်ကို ရှာသည် ဆိုလျှင် ခပ်ရေးရေး ရ* လောက်ပါပြီ။ သို့သော် အမှန်ကြီးတော့ မဟုတ်သေး။ ဟီမိုဂလိုဘင် ပါဝင်နှုန်းတို့ အနည်ထိုင်နှုန်း *SR* တို့တွင်သာ လက်ခံနိုင်လောက်သည်။ ဂဏန်းကြီးကြီးဖြင့် ရေတွက်ရသော သွေးနီဥ ပါဝင်မှုလို ကိစ္စမျိုးတွင် စစ်ဆေးမှုတွေ အများကြီး ပိုလုပ်ရသည်။ ဤကဲ့သို့ အများကြီး လုပ်သည့်တိုင် ကိန်းဂဏန်းများ မှားယွင်း(အပိုလျော့)ကို လက်ဖြင့် တိုင်းတာလျှင် ၂၀% နှင့် စက်ဖြင့် တိုင်းလျှင် ၅% ခွင့်ပြုချက် *error margin* ပေးရသေး၏။

ထို ခိုကို တစ်နေ့လျှင် သွေး တစ်စီစီ ဖောက်ပြီး ဆယ်ရက်ဆက်တိုက် စမ်းလျှင်ကော မဖြစ်ဘူးလားဟု မေးစရာ ရှိသည်။ မဖြစ်ပါ။ သက်ရှိတို့၏ ခန္ဓာတွင်း တုံ့ပြန်မှုကြောင့် ဖြစ်သည်။ ထို့ကြောင့် တစ်ကြိမ်တည်း ၁၀ စီစီ ထုတ်လိုက်ခြင်းက ပိုမှန်သည်။

ဤလို စစ်ဆေး၍ ရလဒ်ကို တင်ပြရာတွင်လည်း သတိထားရ၏။ ခိုတစ်ကောင်တည်းမှ သွေးဖောက်စစ်ဆေးခြင်း ဖြစ်၍ "ယခု စစ်ဆေးသော အစမ်းသပ်ခံခို- ကိုယ်ပိုင်နံပါတ် *Pg 0001* ၏ သွေးတွင် သွေးနီဥ ပါဝင်နှုန်းမှာ

*ကြည်မင်း*

ပျမ်းမျှ . . . ” စသည်ဖြင့်သာ ပြောရပါသည်။ ‘ခို’ ဆိုသော အုပ်စုကြီး တစ်ခုလုံးတွက် ကိုယ်စားပြုလေဟန် မပြောရပါ။ ဆယ်ကောင်၊ ဆယ့်ငါးကောင် စသည်ဖြင့် စမ်းသပ်လျှင်လည်း ဒေသ၊ အချိန်၊ ရာသီတို့နှင့် နှိုင်းရသော *relativity* ဖြင့်သာ ပြောရပါသည်။ မြန်မာတစ်ပြည်လုံးရှိ ခိုများအကြောင်း အချုပ် ပြောလျှင်ကား ဧရိယာစတုရန်းတစ်မိုင်(တစ်စတုရန်းမိုင်)တွင် ၅ ကောင်နှုန်းဖြင့် တစ်ပြည်လုံး လိုက်ဖမ်းပြီး ပြောရန်သာ ရှိသည်။ ဤလို စစ်ဆေးလျှင်ပင် “ယခု စစ်ဆေးချက်အရ တွေ့ရှိသည်မှာ. . . ” ဟူသော စကားဖြင့် ပလ္လင်ခံရသေးသည်။

## ကြုံတတ်သော အမှားများ

သုတေသနတွင် အမှားကို ကင်းနိုင်သမျှ ကင်းအောင် ကြိုးစားရသည် ဖြစ်သော်လည်း မှားတတ်ပါသည်။ အမှန်ကို အမှား ထင်ခြင်းနှင့် အမှားကို အမှန် ထင်ခြင်း ဆိုသည့် အခြေခံအမှား နှစ်မျိုး ရှိသည်။ ထို့အပြင် *controllable error, random error* နှင့် *bias* ဟု ရှိသေး၏။ စစ်ဆေးချက် အရေအတွက် *population size, sample size* တို့ကို ပြည့်မီအောင် ကြိုးစားလျှင် ပထမ ၂ မျိုးကို ထိန်းနိုင်သည်။ *Bias* ခေါ် ဆန္ဒစွဲကတော့ မလွယ်။ မသိ၍၊ မတတ်၍ မှားသော အမှားမျိုး၊ တမင်သက်သက် ဘက်လိုက်ဆုံးဖြတ်သော အမှားမျိုး ဖြစ်၍ မိုက်ချင်လို့ မိုက်တာ ဆိုသည့် သဘောမျိုး သက်ရောက်နေသည်။ သင်္ချာနည်းကို မသိသော သုတေသနသမားမျိုးကား မသိ၍ မှားသည်။ မတတ်၍ မှားသည်။ *Biological variation* ကို နားမလည်လျှင်လည်း ထိုသို့ပင် မှားတတ်သည်။ ကြက်ဥ အလုံး ၄၀၀ ကို ဥဖောက်စက်ထဲ ထည့်ပြီးနောက် ပေါက်ဖွားလာသော အထီး ၂၀၀ ကို တစ်လကြာ အစာကျွေးပြီး အလေးချိန် ချိန်ကြည့်လျှင် တချို့အကောင်များမှာ သာမန်ထက် ပိုထွားနေပြီး တချို့က ညှက်နေတတ်သည်မှာ *variation* ဖြစ်သည်။ ဤသည်ကို လိုတိုး ပိုလျှော့ လုပ်လျှင် သုတေသနသီလ ကျိုးပါသည်။

## ကျားမီးယပ်

ခေတ်လူငယ်များသည် မြန်မာ့ရိုးရာပုံပြင်များနှင့် တော်တော် အလှမ်းကွာလာပြီကို တွေ့ရသောကြောင့် ကျားမီးယပ်ပုံပြင်ကို ပြောပြရဦးမည်။

ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား

တစ်ခါက ကျေးလက်ဒေသတစ်ခုမှာ ဆေးဆရာတစ်ယောက် ရှိပါသတဲ့။ သူက ယောက်ျား ဆိုရင် ဒူလာလို့ ပြောပြီး ဆေးကုတယ်။ မိန်းမဆိုရင် မီးယပ်လို့ ပြောတယ်။ အဲဒါကို နောက်ချင်တဲ့ ကာလသား တစ်စုက ခပ်ချောချော ယောက်ျားငယ် တစ်ယောက်ကို မိန်းမလို ဝတ်ခိုင်းပြီး ဆေးသွားကုကြတယ်။ ဆရာက စမ်းသပ် မေးမြန်းပြီး ထုံးစံအတိုင်း မီးယပ်ရောဂါလို့ ပြောတယ်။ ကာလသားတွေက လူနာရဲ့ စောင်ခြုံဖွင့်ပြ၊ မတ်တပ်ရပ်ခိုင်းပြပြီး ယောက်ျားကြီး ဖြစ်ကြောင်း ပြောတယ်။ ဆရာက မလျှော့ဘူး။ ကျား . . ကျားကွာ၊ မီးယပ်ပဲ တဲ့။

ဤလို ကျားမီးယပ်သမားတချို့ကို သုတေသန နယ်ပယ်တွင် ကြုံဖူးသည်။ *A, B, C, D* ဆိုသော ပစ္စည်း လေးမျိုးကို စမ်းရာ သင်္ချာနည်း *statistical analyis* အရ သူတို့၏ အစွမ်း *effect* မှာ မကွာဟု ထွက်သည်။ ဤလို အဖြေထွက်လာလျှင် *ABCD* တို့ကြား ထိုစမ်းသပ်ခံ ဂုဏ်သတ္တိတွင် မကွာခြား၊ အတူတူပင်ဟု ကောက်ချက်ဆွဲရမည်သာ ဖြစ်၏။ ကျားမီးယပ်ဆရာတို့ကတော့ *ABCD* တို့သည် သင်္ချာနည်းအရ ဂုဏ်သတ္တိ ကွာခြားမှု မရှိဟု တွေ့ရှိသော်လည်း အဖြေကိန်းဂဏန်းများကို ကြည့်လျှင် *A* က ဒီလို၊ *B* က သည်လောက် စသည်ဖြင့် ကိန်းဂဏန်း ကွာခြားမှု *numerical difference* ရှိနေပါကြောင်း စသည်ဖြင့် ကွန့်တတ်ကြသည်။ သုတေသန၏ အဖြေကို ပြောရာတွင် *numerical difference* ဆိုသော စကားလုံးကို သုံးလေ့ မရှိသောကြောင့် ကျွန်တော်တော့ ထိုပုဂ္ဂိုလ်များနှင့် တွေ့ရတော့မှပဲ မြင်ဖူးလိုက်ခြင်း ဖြစ်ပါသည်။

# ၁၅

# လူသစ်မှုသစ်

**ဌာနမှူးအသစ်**

ကျွန်တော် *prelim* ပြီး၍ ဟိုသွားရ ဒီသွားရနှင့် ယောင်လည်လည် ဖြစ်နေစဉ် ကာလမှာပင် ဌာနသို့ ဌာနမှူး/ပါမောက္ခ အသစ်ကလေး ရောက်ပါကြောင်း ရေးခဲ့ဖူးပါပြီ။ အတွေးအမြင်၌ ပီတာ၏နိယာမ ဆိုသော စာတစ်ပုဒ်ကို ကျွန်တော် ရေးခဲ့ဖူးသည်။ အမှန်တော့ နှစ်ပုဒ် ဖြစ်ပါသည်။ အကြောင်းမဆိုက်၍ ပရိတ်သတ်က ဒုတိယပိုင်းကိုပဲ ဖတ်ကြရခြင်း ဖြစ်သည်။ ရေးသူ *Dr Peter* က ဝန်ထမ်းများ၏ အရည်အချင်းနှင့် ရာထူးရပုံ *heirachy* အကြောင်း စိတ်ဝင်တစား စူးစမ်းရာမှ ရရှိလာသော အဆိုပြုချက်များကို ခပ်ရွှင်ရွှင် ရေးပြထားသည့် *Peter's Principle* စာအုပ်အကြောင်း တင်ပြထားခြင်း ဖြစ်သည်။ ထိုစာအုပ်ထဲတွင် *lateral arabesque* ဟူသော စကားလုံးတစ်လုံး ပါသည်။ ဘဲလေးကကွက်များ တေးသံစုံအက အော်ပရာ *musical* များတွင် ယိမ်းသမများက ဒူးကလေး ကားတား ကားတား လုပ်ပြီး ဘေးတိုက်ရွေ့လျား သွားကြခြင်းကို *Lateral Arabesque* ဟု ခေါ်သည်။

ဝန်ထမ်းလောကတွင်လည်း ဖြုတ်ရခက် ထားရခက် ဖြစ်သော အရာရှိမျိုးကြောင့် (ကုမ္ပဏီ)လုပ်ငန်းမှာ ပြဿနာ ပေါ်နေပြီဟု ဆိုလျှင် ထို *CEO* ကို ခမ်းနားသော နာမည်တစ်ခု ပေးထားသည့် ရာထူးသစ်တစ်ခု ထွင်ပြီး ရွှေ့ပေးရသည်။ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ/ကြီးကြပ်ညှိနှိုင်းရေး ပါရဂူ ဆိုတာမျိုး ကဲ့သို့ လုပ်စရာလည်း မရှိ၊ အာဏာလည်း မရှိသည့် ရာထူးမျိုး ဖြစ်သည်။ သူ့နေရာတွင် *CEO* အသစ်တစ်ယောက် ခန့်မည်။ ဌာနတွင် ကျွန်တော့် ပါမောက္ခကြီးကို ပါမောက္ခအဖြစ် ဆက်ထားပြီး *Dr Simpson Morgan* ကို ပါမောက္ခ ဌာနမှူးအဖြစ် ခန့်လိုက်သောအခါ ကျွန်တော် ထို *Lateral Arabesque* ကို သိပ်သတိရပါသည်။

ဌာနမှူးအသစ် ပါမောက္ခ ဆင်မ်ဆန် မော်ဂန်က လူငယ် ဖြစ်၏။ ကျွန်တော့်ထက် ငါးနှစ်လောက်ပဲ ကြီးသည်။ စာတော်သောကြောင့် *Ph.D.* ဆက်လုပ်ရာမှ သူ၏ ထင်ရှားသော သုတေသနကြောင့် ဤတက္ကသိုလ်က ပါမောက္ခရာထူးဖြင့် ကမ်းလှမ်းခြင်း ခံရသည်။ သူ လုပ်ခဲ့သော သုတေသနများ ကလည်း ဆန်းပြားသည်။ ပထမ တစ်ခုမှာ သိုးမ၏ ဥအိမ်*(ovary)*ကို လည်ပင်း အရေပြားအောက်တွင် ပြောင်းတပ်ပြီး မြိုင်သံသရာ *Oestrous cycle* ၏ အပြောင်းအလဲအလိုက် ဥအိမ်သို့ ပြန်ရည် ခေါ် *lymph* စီးဆင်းပုံကို လေ့ လာခြင်းနှင့် ထို ပြန်ရည်ထဲတွင် လင်ဖိုဆိုက် *lymphocyte* ပါဝင်နှုန်းကိုပါ စစ်ဆေးခြင်း ဖြစ်သည်။ ဤသို့ စစ်ဆေးနိုင်ရန်အတွက် ပြန်ရည်ကြော *lymph duct* တွင် ပိုက်ပျော့ငယ် *cannula* တပ်ထားရသည်။ ဒုတိယ တစ်ခုက ပိုဆန်းသည်။ သန္ဓေရှိနေသော သိုးမကို ဗိုက်ခွဲပြီး သိုးမ၏ ဥအိမ်မှ သွေးကြော နှင့် ပြန်ရည်ကြောတွင် ပိုက်တပ်သည်။ သန္ဓေသား၏လည်ပင်း သွေးပြန်ကြော နှင့် ပြန်ရည်ကြောတွင်လည်း ထိုသို့ပင် ပိုက် *cannula* တပ်သည်။

သူ သုတေသန လုပ်ခဲ့သော တက္ကသိုလ်မှာ ကင်ဘရာမြို့တော်မှ ဖြစ်မည် ထင်ပါသည်။ သူ့အား ကြီးကြပ်သူမှာ ပါမောက္ခ မောရစ် *(Prof Morris)* ဖြစ်နေသောကြောင့် မှန်းဆကြည့်မိခြင်း ဖြစ်သည်။ ဆရာ မောရစ် ကလည်း ပြန်ရည်ကြောများအတွင်း လင်ဖိုဆိုက်များ၏ ခုခံကြပုံကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ခဲ့သူ ဖြစ်သည်။ ယခုခေတ်မှာတော့ ရိုးချင်ရိုးနေမည်။ *Microbes in Action* ဆိုသော ကွန်ပြူတာ ဓာတ်ပြားမျိုး၊ *Immunology* ခေါ် ကိုယ် ခန္ဓာ၏ ခုခံစွမ်းအကြောင်း ဓာတ်ပြားမျိုးပင် ရှိနေပြီ။ လွန်ခဲ့သော နှစ် ၃၀ ကတော့ ထို သုတေသနများသည် အဆန်းတကြယ်ပင်။ ထို့ကြောင့်လည်း

ဆရာ ဆင်မ်ဆန် မော်ဂန်က ငယ်ငယ်နှင့် ပါမောက္ခ/ဌာနမှူး တက်ဖြစ်ခြင်း ဖြစ်သည်။ (နောက် သုံးလေးနှစ် အကြာမှာ သူ ပြန်ထွက်သွားကြောင်း ကြား ရပါသည်။)

## ဘယ်လို သိသလဲ

အမေရိကန် သမ္မတအသစ်များ ရာထူးလက်ခံ အခမ်းအနားတွင် မိန့်ခွန်း ပြောရလေ့ ရှိသည်။ ထို မိန့်ခွန်းကို *Inaguration Address* ဟု ခေါ်ပါသည်။ ရာထူးသစ် လက်ခံရသောအခါ အခမ်းအနားဖြင့် မိတ်ဆက်တင်ပြခြင်းသဘော ဖြစ်သည်။ သူတို့ဆီမှာ ပါမောက္ခနှင့်အထက် ရာထူးများတွင် ထိုသို့ ဟောပြော ရလေ့ ရှိသည်။ ပါမောက္ခ ဆိုသော ရာထူးမှာ ပညာရပ်တစ်ခုအတွက် အမြင့် ဆုံး ပညာရာထူး ဖြစ်သောကြောင့် ပါမောက္ခတစ်ဦး၏ ထိုမိတ်ဆက် မိန့်ခွန်းကို ပညာရေးလောကမှ စိတ်ဝင်စားကြပါသည်။ သူ လေ့လာဆည်းပူးခဲ့သော သုတေသနနယ်ပယ်နှင့် ပညာရပ်ဆိုင်ရာ အမြင်များ၊ ရှေ့အလားအလာများကို ချပြရသည် ဖြစ်သောကြောင့် *Inauguration Lecture* ဟု ခေါ်ပါသည်။

ဘွဲ့လွန်ကျောင်းသား ဖြစ်နေ၍ ကျွန်တော်လည်း ထိုပွဲသို့ တက်ခွင့် ရပါသည်။ ဟောပြောသူ ဆရာက တက္ကသိုလ်၏ ထုံးစံအတိုင်း ပါရဂူဘွဲ့ ဝတ်စုံအပြည့် ဝတ်ဆင်၍ ဟောပြောရသည်။ ဓမ္မဟောင်းကျမ်းတွင် ဖာရိုး ဘုရင်၏ အိပ်မက်ခန်းတစ်ခု ပါသည်။ နိုင်းမြစ်ရေပြင်ထဲမှ ပိန်ပိန်လှီလှီ နွားမ ၇ ကောင် ပေါ်လာပြီး ကမ်းပေါ်တက်ကာ ကမ်းပေါ်ရှိ ဝဝဖြိုးဖြိုး နွားမ ၇ ကောင်ကို စားမြိုပစ်ကြသည် ဆိုသော အိပ်မက် ဖြစ်၏။ ပရောဟိတ်များက ၇ နှစ်ဆက်တိုက် ရာသီဥတု ကောင်းမည်၊ ပြီးလျှင် ၇ နှစ်ဆက်တိုက် ရာသီဥတု ဖောက်ပြန်မည်။ မိုးကောင်းတုန်းက စည်ပင်ဖွံ့ဖြိုးခဲ့သမျှ ပြန်ကုန်သွားလိမ့်မည် ဟု ဟောကြသည်။ သူတို့ ဟောသည့်အတိုင်းလည်း ဖြစ်လာခဲ့သည်။ 'နွားပိန်မ ၇ ကောင်က ဝဝဖြိုးဖြိုး နွားမ ၇ ကောင်ကို ဝါးစား' ဆိုသော ခေါင်းစဉ်ဖြင့် သူ လုပ်ခဲ့သော သုတေသနများအကြောင်းနှင့် ကမ္ဘာ့မွေးမြူရေး အလားအလာ များအကြောင်း ဟောပြောသွားခဲ့ပါသည်။ ဟောပြောပွဲ ပြီးတော့ ထုံးစံအတိုင်း ဝိုင်နှင့်ဒိန်ခဲပါတီပွဲ ပေးရသည်။ သူက ဝိုင်ခွက် ကိုင်ရင်း ကျွန်တော့်အနား ရောက်လာကာ ဘယ်လိုလဲ၊ ငါ ဟောတာ အဆင်ပြေရဲ့လားဟု လာမေးနေ သေးသည်။

နည်းပညာဖွံ့ဖြိုးစခေတ်တွင် နည်းပညာဖွံ့ဖြိုးနိုင်စွမ်း များပြားသော ရပ်မြေ၌ ကြီးပြင်းခဲ့ရသူ ဖြစ်၍ သူ့၌ အဆန်းအပြား စိတ်ကူးတွေ ရှိနေသည်။ ကျွန်တော့်ကိုပင်လျှင် ရူပဗေဒဌာနနှင့် ညှိနှိုင်းပြီး နွားသားအိမ်တွင် ထည့်ထားနိုင်သော အချက်ပြ ကိရိယာမျိုး ထွင်ကြည့်ဖို့ အကြံပေးသေးသည်။ ပါရဂူဘွဲ့အတွက် သုတေသန အဖြစ် *Embryo Transfer* ကို ကျွန်တော်နှင့် အပေါင်းပါ တစ်စုတို့က ရိုးရှင်းသော ကိရိယာများ ထွင်ရန် ကြံစည်စဉ်တွင်လည်း သူက အီလက်ထရွန်းနစ်ပစ္စည်း *electronic devices* တွေ ကြံဆကြည့်ဖို့ အကြံပေးသည်။

## မိတ်ဆက် လက်ချာများ

ကျွန်တော် အငြိမ်းစားယူခဲ့ရာ တက္ကသိုလ်တွင် ၁၉၈၇ အထိ ပါမောက္ခ ဟူ၍ မရှိသေး။ ၁၉၈၈ ဘဏ္ဍာရေးနှစ်ကျတော့မှ ပါမောက္ခ နှစ်နေရာ ရသည်။ သို့သော် တစ်ဦးသာ ခန့်နိုင်ခဲ့သည်။ ၁၉၉၈ ရောက်မှ ဖွဲ့စည်းပုံ အပြည့်ကျပြီး ပါမောက္ခ ၇ ယောက် ဖြစ်လာသည်။ ဤလို ပါမောက္ခတွေ များလာတော့ *Inauguration Lecture* များ လုပ်ပေးရန် ကျွန်တော် ကြိုးစားခဲ့ဖူးသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် မပေးဖြစ်ခဲ့ပါ။ ကျွန်တော်က အဆိုပြုသည့် နေရာတွင်သာ ရှိခဲ့ရသည် ဖြစ်ရာ တကယ်တမ်း အကောင်အထည်ဖော်ပေးရမည့်သူက စိတ်ပါလက်ပါဖြင့် ခွင့်ပြုပေးမှသာ လုပ်ခွင့်ရမည် ဖြစ်၏။ နောက်ပိုင်းမှာတော့ နိုင်ငံခြားပြန် *Ph.D.* တွေ များလာ၍ ကိုယ့်သုတေသနအကြောင်း ဟောပြောတာမျိုးလောက်တော့ လုပ်ဖြစ်ကြသည်ဟု ကြားရပါသည်။

ဤသို့ မိတ်ဆက်လက်ချာ *Inaguration Lecture* မျိုးမှာ ရှိသင့်ပါသည်။ ပါရဂူ ဆိုသည်မှာ လိုင်းကျဉ်းတွင် အထူးပြုလေ့လာသူ ဖြစ်၍ သူ့လိုင်းကိုပဲ သူ သိသည်။ သို့သော် ပါမောက္ခ/ဌာနမှူး ဖြစ်လာသောအခါ ရှေ့ရေးအမြင်နှင့် ပညာရေးစီမံကိန်းသဘောများအရ ပညာရပ်တစ်ခုလုံး၏ အနေအထားနှင့် ရှေ့ရေးမျှော်မှန်းချက်များကို မသိမဖြစ် သိရဖို့ လိုအပ်လာသည်။ ဘာတွေ ဖြစ်နေလဲ၊ ဘာတွေ ဖြစ်စေချင်သလဲ၊ ဘယ်လို ဆက်စခန်းသွားမလဲ ဆိုတာမျိုးကို အခြေခံပြီး ဘယ်လို နယ်ပယ်သစ်ကို စူးစမ်းကြမလဲ ဆိုတာမျိုးကို ပါမောက္ခ/ဌာနမှူးသည် အမြဲတွေးနေရ၏။ စိတ်ကူးနေရ၏။ ဤစိတ်ကူးများကို အခြေခံပြီး သုတေသနအတွက် ဘာပစ္စည်းတွေ ဖြည့်တင်းမလဲ၊ သုတေသန အသုံးစရိတ် ဘယ်လောက် လိုအပ်မလဲ၊ ဘွဲ့ကြိုကျောင်းသားတွေ သင်ကြားရေး

မှာကော ဘယ်လို အဆင့်မြှင့်ယူမလဲ ဆိုသည့် စိမ်ချက်တွေ ရှိနေရ၏။ မိတ်ဆက်လက်ချာသည် ဤစိတ်ကူးများကို ချပြရာနေရာ ဖြစ်သည်။ ထိုလက်ချာကို အကဲခတ်ပြီး ပါမောက္ခ/ဌာနမှူးတစ်ယောက်၏ အရည်အသွေးနှင့် ထိုဌာန၏ ရှေ့အလားအလာကို ခန့်မှန်းနိုင်သည်။

## ရဖို့ ကြာပြန်

အရည်အချင်းစစ် *Prelim* ကြောင့် တစ်နှစ် ကုန်ခဲ့ရအပြီးမှာ ဆရာကြီးက ဟိုပို့သည်ပို့ လုပ်ပြီး ခွေထား၍ ရှစ်လလောက် ထပ်ကုန်ခဲ့ရသည်။ ကိုယ့်ဟာကိုယ် ကြိုးစားပြီး သုတေသနစိမ်ချက် တင်တော့မှ အဆင့်ပြေသွားသည့်အကြောင်း ရေးပြခဲ့ပါပြီ။ ပိုင်းလော့ ဆာဗေးက နှစ်ခါ ပြန်လုပ်လိုက်ရ၍ လေးလလောက် ကုန်သွားပြန်သည်။ ပိုင်းလော့ ဆာဗေး အပြီးတွင် ကနဦးစမ်းသပ်မှု အဆင့်တစ် အဖြစ် သက်ရှိနွားမများကို လေ့လာရမည် ဖြစ်သည်။ ထိုအတွက်လည်း အခက်အခဲ မရှိပေ။ ကျောင်းခြံတွင် နို့စားနွားမများသာမက လက်တွေ့ပြရန် မွေးထားသော ကျွဲတွေကိုပင် စမ်းသပ်ခွင့် ရသည်။

ပြီးလျှင် ကနဦးစမ်းသပ်မှု အဆင့်နှစ် အဖြစ် ကိုယ်ပိုင်နွားမ လေးကောင် ရဖို့ လိုလာသည်။ အရွယ်ရောက်ပြီးသော်လည်း ဗီးထပ်မတင်ရသေးသော နွားမတွေ ဖြစ်ဖို့ လိုသည်။ ဤအဆင့်အတွက် နို့စားနွားခြံတွင် ရှိနေသော နို့ပေးနွားမများကို သုံး၍ မရ။ မျိုးပွားအင်္ဂါများကို စမ်းသပ်ရမည် ဖြစ်ပြီး ဆေးဝါးများနှင့်ပါ စမ်းသပ်ရမည် ဖြစ်၍ သီးသန့် စမ်းရမည်။

သူတို့ဆီမှာ ဘွဲ့လွန်သုတေသန လုပ်ရတာ တော်တော်ကောင်းသည်။ ကျောင်းသားအတွက် ကိုယ်ပိုင်ရုံးခန်း၊ ကိုယ်ပိုင်ဖုန်း၊ ကိုယ်ပိုင်ဓာတ်ခွဲခန်း ပေးထားသည်။ ဖိုင်မှအစ ဘောပင်အထိ လိုသလောက်ရသည်။ ဓာတ်ပုံဌာနဟူ၍ သီးသန့် ရှိရာ ရိုက်ဖို့လိုလျှင် ရိုက်ပေးပြီး ကူးပေး။ ကိုယ်တိုင် ရိုက်လိုလျှင် ကြိုက်ရာကင်မရာကို ငှားနိုင်သည်။ ဖလင်ကိုလည်း အထူးနှုန်းဖြင့် ရောင်းပေးသည်။ ထို့ကြောင့်ပင် ကျွန်တော်သည် *Hasseblad* နှင့် *Miranda* မှ လွဲ၍ ကင်မရာ အားလုံးကို ကိုင်ဖူးသွားခြင်း ဖြစ်သည်။ ပထမအကြိမ် *Leica*၊ နောက်တစ်ကြိမ် *Nikon*၊ နောက်တစ်ကြိမ် *Canon* ဆိုတာမျိုး ငှားသုံးသည်။

မရှိသေးသော ပစ္စည်းအတွက်လည်း ပုံစံဖြည့် လက်မှတ်ထိုးပြီး ရုံးခန်းတွင် တင်ခဲ့ရုံသာ ဖြစ်သည်။ အချိန်တန်တော့ စားပွဲပေါ် ရောက်လာသည်။ တစ်ခါတော့ ပါရဂူဘွဲ့ သုတေသနအတွက် *Embryo Tranfer* လုပ်ရာတွင်

နွားကို မေ့ဆေးပေးရာမှာ တွဲသုံးဖို့ အောက်ဆီဂျင်ဗူး လိုပါသည်။ တက္ကသိုလ်ကို လှမ်းဖုန်းဆက်လိုက်တော့ အမြန်ပို့ပေးမည်ဟု အကြောင်းပြန်၏။ ခဏအကြာတွင် ကားတစ်စင်း ထိုးဆိုက်လာပြီး ကားမောင်းသူက ဂက်စ်အိုးကြီး ထမ်းချလာသည့်ကိစ္စကို တွေ့သည်။ သေသေချာချာ ကြည့်တော့မှ ပါမောက္ခဌာနမှူး မော်ဂန်ကိုယ်တိုင် ဖြစ်နေသည်ကို တွေ့၏။ သူတို့ဆီမှာ ရုံးလုလင်ဟူ၍ မရှိ။ ကြုံသလို ကိုယ်တိုင်လုပ်သွားကြသည်။ အထာကိုင်တာမျိုး၊ အဆင့်ခွဲတာမျိုး၊ အထက်စီး ဆက်ဆံတာမျိုး မရှိ။ ပါမောက္ခကိုယ်တိုင် ကားပေါ်မှ ဂက်စ်အိုး အကြီးကြီး ထမ်းချလာသော မြင်ကွင်းမှာ မေ့ရက်စရာ မရှိ။

ကျွန်တော့် သုတေသနအတွက် နွားမ လေးကောင် တောင်းရာမှာတော့ ဘာကြောင့်မှန်း မသိဘဲ တော်တော် ကြာသွားပါသည်။ ရနိုး ရနိုးနှင့် စောင့်ရင်းက အချိန်ရတုန်း ကျမ်းကို ရေးထားနှင့်မှပဲဟု စိတ်ကူးပေါက်သွားသည်။ သို့နှင့် သူများတွေ ရေးသော ကျမ်းတွေ ဖတ်ပြီး ပုံစံကို လေ့လာရသည်။ တက္ကသိုလ်မှ ပြဋ္ဌာန်းပေးထားသော ကျမ်းရေးနည်း လမ်းညွှန်ကို ဝယ်ရသည်။ ပြီးတော့မှ စုထားသမျှ ကတ်တလောက်နှင့် မိတ္တူဆွဲထားသမျှတွေ ပုံချကာ ကျမ်းညွှန်အထောက်အထား *Review of Literature* ကို ရေးရသည်။

နွားမ လေးကောင် ရဖို့ ခြောက်လလောက် စောင့်လိုက်ရသည်။ ထိုကာလကို အအားမထားဘဲ ကျမ်း၏ ရှေ့ပိုင်းသုံးခန်း အပြီးရေးဖြစ်သွား၍ ကံကောင်းသွားပါသည်။ လုပ်ငန်းလုံးဝ ပြီးစီးသွားမှသာ ကျမ်းကို စပြီး ရေးရမည်ဆိုလျှင် မြန်မာပြည်မှာ ပြန်ရေးပေတော့ဟု ပညာရေးဌာနမှ ပြောလာဖို့ များသည်။ ဤလိုသာ ပြန်ရေးရမည် ဆိုလျှင်လည်း ရေးဖြစ်တော့မည် မဟုတ်။ မိတ်ဆွေတစ်ဦး ဆိုလျှင် ဤလို ပြန်လာရပြီး ကျမ်းကို မရေးဖြစ်တော့ပေ။ နောက်တစ်ဦးကျတော့ ကျမ်းရေးပြီး တင်နိုင်ခဲ့သော်လည်း တစ်ခန်း မကြိုက်၍ ပြန်ရေးပေးဖို့ ပြောသည်။ သူတို့ထုံးစံမှာ ကျမ်းတင်ပြီး အိမ်ပြန်ရသည်။ သူတို့ဘာသာ စစ်ဆေးပြီး လေးငါးလ ကြာမှ လှမ်းအကြောင်းကြားလေ့ ရှိသည်။ မြန်မာပြည်သို့ ပြန်ရောက်နေပြီ ဖြစ်သော ထိုမိတ်ဆွေခမျာ ထိုအခန်းကို ပြန်မပြင်ဖြစ်တော့။ ထို့ကြောင့် ဘွဲ့မရလိုက်။

## လက်နှိပ်စက်

ကျွန်တော့်လက်ရေးမှာ သိပ်လှသော အမျိုးအစားတွင် မပါပါ။ သို့သော် ရှင်းပါသည်။ ဖတ်သူ အခက်အခဲ မရှိအောင် ကြိုးစားနေ့လေ့လည်း ရှိပါသည်။

*ကြည်မင်း*

အကြမ်းကို ဆရာကြီးထံ တင်ပြရန် ရှိသော မျဉ်းကြောင်း ပါသော လျှောက်လွှာစာရွက် ချောချောပေါ်တွင် တစ်ကြောင်းခြား ရေးရပါသည်။

မူကြမ်းကို တင်ပြီး နောက်နေ့တွင် ဆရာကြီးက ခေါ်တွေ့သည်။ စာမူကို လှမ်းပေးတော့ ဆရာကြီး မြန်မြန်ဖတ်ပေးသားပဲဟု ဝမ်းသာနေဆဲမှာ "လက်ရေးဆို ငါ မဖတ်ဘူး၊ လက်နှိပ်စက် ရိုက်လာခဲ့"ဟု ပြောသံ ကြားလိုက်ရပါတော့သည်။

စာမူတွေကို ပိုက်ပြီး ကားပေါ် တက်ကာ မြို့ထဲ ပြန်မောင်းရသည်။ လေးနာရီ ထိုးတော့မည်။ ကုန်တိုက်တွေ၊ ဆိုင်တွေက ငါးနာရီ ဆိုလျှင် ပိတ်မည်။ အရေးထဲ ကားရပ်စရာက ရှားနေ၏။ ရုံးဆင်းချိန် ဖြစ်သော ညနေ လေးနာရီမှ ခြောက်နာရီ အတွင်းတွင် မြို့လယ်ရပ်ကွက်၏ တချို့လမ်းများတွင် ကားမရပ်ရပေ။ လမ်းမကြီးတွေပေါ် ဆိုလျှင် ဘတ်စ်ကားမှတ်တိုင် တချို့တွင် ဘတ်စ်ကား မရပ်ရတော့။ ထို့ကြောင့် လွတ်လွတ်ကင်းကင်းမှာ သွားရပ်ပြီးမှ မြန်မြန် ပြေးဝယ်ရသည်။ အိုလီဗက်တီ အမျိုးအစား လက်နှိပ်စက်ကလေး တစ်လုံးအတွက် ဒေါ်လာ ၆၀ ထွက်သွားခဲ့ပါတော့သည်။

# ၁၆

# ကျမ်းရေးနည်း ကျင့်ရပြန်

## လက်နှိပ်စက်ရိုက်နည်း

လက်နှိပ်စက် ရိုက်နည်း အမှန်မှာ လက်ချောင်း ဆယ်ချောင်းစလုံး သုံးပြီး မျက်နှာလွှဲရိုက်နည်း ဖြစ်သည်။ စာလုံးကို လက်ချောင်းထိပ်ဖြင့် တွဲမှတ်ရသည်။ ဝယ်လိုက်သော လက်နှိပ်စက် အထဲတွင် လေ့ကျင့်နည်း စာရွက်တွေ ပါသည်။ လက်ဆစ်ကို ထားပုံ၊ လက်ချောင်းများကို နေရာချပုံတို့ကို ပြထားသည်။ ပြီးလျှင် *ASDF* ဆိုသော ဘယ်စာလုံးများကို ကျင့်နည်းဖြင့် စရသည်။ တစ်ပတ်လောက် ကြိုးကြိုးစားစား ကျင့်လိုက်လျှင် ကောင်းကောင်း ရိုက်တတ်သွားပါသည်။ ယနေ့ ကွန်ပျူတာခေတ်ကျတော့ *Typing Tutor* ဆိုသည့် ပရိုဂရမ်များ ရှိလာသည်။ လက်ချောင်းတွေပါ ပြထားပြီး ပုံအတိုင်း ကျင့်သွားရုံသာ ဖြစ်သည်။

ကျွန်တော် ဤသို့ စနစ်တကျ ကျင့်ခဲ့ဖို့ ကောင်းသည်။ တစ်နေ့လုံး တစ်ညလုံးသာ ကျင့်လိုက်လျှင် သုံးရက်လောက်ဖြင့် တတ်သွားမည်။ ပြန်ရောက်တော့ ဌာနမှ ဆရာငယ် တစ်ဦးကို နည်းပြ၍ လေ့ကျင့်စေရာ တစ်ပတ်နှင့်ပင် အင်္ဂလိပ်စာကို မျက်နှာလွှဲ ရိုက်သွားနိုင်သည်ကို တွေ့ဖူးကြုံဖူး၏။

ကြည်မင်း

သို့သော် လက်နှိပ်စက် ဝယ်ခဲ့စဉ်က ကျွန်တော့်တွင် ရင်ဆိုင်နေရသော ပြဿနာမှာ အချိန်မရှိခြင်း ဖြစ်သည်။ တစ်ပတ် အချိန်ယူ လေ့ကျင့်လိုက်သည်နှင့် သင်ချိန် တစ်ပတ် နောက်ကျသွားမည်။ ဒီတော့ လက်ချောင်းလေး တစ်ချောင်းလောက်သာ သုံးပြီး ရိုက်ရသော *hunt and peck* (စာလုံးလိုက်ရှာ-ခေါက်ချ)နည်းကိုပဲ ရွေးလိုက်ရပါသည်။ ရိုက်ပါများတော့ ဘယ်စာလုံးက ဘယ်နေရာမှာ ရှိသည်ကို ကျွမ်းလာတော့သည်။ ကွန်ပျူတာမှာ အင်္ဂလိပ်စာသာမက မြန်မာစာပါ ရိုက်ဖို့ ဤနည်းကိုပဲ ကျွန်တော် သုံးနေရဆဲ ဖြစ်သည်။ ကျွန်တော့်အတွက်တော့ တော်တော် အဆင်ပြေပါသည်။ တော်တော်လည်း အလုပ်ဖြစ်ပါသည်။

## သီးစစ် ရိုက်နည်း

ကျမ်းအတွက် စာမူရိုက်ခြင်းသည် *Layout Format* နှင့် ဆိုင်သည်။ ရေးနည်းတတ်သော်လည်း မာဂျင်က ဘယ်လောက်၊ အင်တင်းဟု ခေါ်ကြသည့် *indent* က ဘယ်လောက်၊ ခေါင်းစဉ်အကြီးကို ဘယ်လို၊ ခေါင်းစဉ်လတ်၊ ခေါင်းစဉ်ငယ်တို့ကို ဘယ်လို ဆိုတာတွေ သိရသည်။ ဖူးစတော့ နောက်တွင် *space* နှစ်ချက်၊ ကော်မာနောက်တွင် *space* တစ်ချက် ဆိုတာတွေ နားလည်ရ၏။ အင်္ဂလိပ် လက်နှိပ်စက်တွင် အကြီး၊ အလတ်နှင့် အသေး ဟူ၍ သုံးမျိုး ရှိသည်။ အကြီးမှာ ၁၄ ပွိုင့်အရွယ် စာလုံး ထွက်သည်။ အလတ်က ပိုက်ကား *pica* ခေါ် ၁၂ ပွိုင့်အရွယ် ဖြစ်ပြီး အသေးက *small pica* ခေါ် ၁၀ ပွိုင့်အရွယ် စာလုံး ထွက်သည်။ သို့သော် သတ်မှတ်ချက်က ၁၂ ပွိုင့် ဖြစ်နေ၍ အလတ်ကိုပဲ ဝယ်ရသည်။

မျဉ်းကြောင်းခြဲ(စာကြောင်းခြဲရာတွင်လည်း) *single* ဟု ခေါ်သော ၁၂ ပွိုင့် တစ်ကြောင်းစာ ခြဲလို့ မရ။ တစ်ကြောင်းခွဲခေါ် ၁.၅(၁၈ ပွိုင့်)ပင် ခြဲလို့ မရ။ နှစ်ကြောင်းစာ ခြဲပေးရသည်။ သို့မှသာ ပြင်စရာကို လွယ်လွယ်ကူကူ ပြင်နိုင်မည် ဖြစ်သည်။

## ပြင်ပုံ

ကျမ်းဖတ်သူများသည် ရှေးထုံးစံအတိုင်း ခဲတံကိုပဲ ကိုင်ကြရသည်။ ဘွဲ့လွန်ကျမ်းစစ် စာမေးပွဲတွေမှာ ဘောပင် ကိုင်ပြီး ပြင်ဆင်နေကြတာ တွေ့တိုင်း စိတ်ထဲ ယားကျိကျိ ဖြစ်မိသည်။ စာပြင်သူများ၊ အယ်ဒီတာများ၊ ကျမ်းစာစစ်ဆေးရသူ

များသည် ခဲတံကိုင်လေ့ရှိကြရာ အချို့ ပါမောက္ခကြီးများ ဆိုလျှင် စာမူရေးသား လျှင်ပင် ခဲတံကိုပဲ သုံးကြသည်။

ကျမ်းရေးလျှင် *passive voice* ကို သုံးကြရသည်။ မိမိကိုယ်ကိုယ် ညွှန်းလျှင်ပင် *I, me, my* စသော ပထမ နာမ်စားမျိုး *first person singular (or plural)*မျိုး မသုံးရပေ။ *The author* ဆိုသော တတိယလူ *third person* အညွှန်းမျိုးဖြင့်သာ ရေးရသည်။ ၁၉၈၀ ကျော်ကျော်က ဌာနတစ်ခုတွင် ကျမ်း သွားစစ်တော့ အတွင်းစာစစ် အဖြစ်ကော ချယ်ယာမင် အဖြစ်ပါ ဆောင်ရွက်သူ ပါမောက္ခက *The author* ဆိုတာ မှားသည်၊ *The writer* ဟု ပြင်ရမည် ဆိုပြီး အတင်းအကျပ် အာဏာပြသည်ကို ကြုံဖူးသည်။ သူ့ ကြည့်လိုက်တော့ သူ့နာမည်နောက်မှာ ပြည်တွင်းဖြစ် *M Sc* ဘွဲ့သာ ရှိနေသည်။ သူ့အရင်က ပါမောက္ခမှာ အင်္ဂလန် *Ph. D.* ဖြစ်သည်။ ထိုဆရာကြီး လက်ထက်တွင် *writer* ဟု အသုံးမခံခဲ့သည်ကို တော်လှန်ချင်၍လားတော့ မသိပေ။ ကိုယ် မှန်လျက် သားနှင့် ရာထူးကြောင့် ငုံ့ခံခဲ့ရပြီး ကိုယ့်လက်ထဲ အာဏာရောက်တော့မှ မှန်ရာကို ပြင်လျှင် အပြစ် မဆိုသာသည့်အပြင် ဂုဏ်တောင် ပြုရဦးမည်။ မှန်ခဲ့တာကို ဖျက်ပစ်တာမျိုးကတော့ မကောင်း။

## ဖျက်ရာ ပြင်ရာတွေ

လက်နှိပ်စက်ဖြင့် တစ်ညလုံး ရိုက်ပြီး နံနက်ရှစ်နာရီတွင် သွားတင်လိုက်သော စာမူကြမ်းသည် သိပ်မကြာလိုက်ဘဲ ပြန်ကျလာသည်။ ဆရာကြီးက ခေါ်တွေ့ပြီး ပြင်ပြီးသား စာမူကို ပြန်ပေးသည်။ မျက်နှာထား ပြေပြေပြစ်ပြစ်နှင့်မို့ ကိုယ့် ကြိုးစားမှုကို သူ ကျေနပ်ပုံဟု မှတ်ယူရသည်။ သူက အခု ငါ ပြင်ပေးထား တာတွေ အချောပြန်ရိုက်ပြီး အဟောင်းနဲ့ပါ ပူးတွဲတင်ဟု ဆိုသည်။ ကျောင်းက ရုံးခန်းမှာ ထိုင်ရင်း သူ့မှတ်ချက်တွေ၊ ပြင်ချက်တွေကို ဖတ်ကြည့်လိုက်တော့ ကိုးကားထားသည့် မူရင်းဆောင်းပါးကို တင်ပြဖို့ တောင်းထားတာတွေလည်း ပါသည်။ အပိုင်းလိုက် ဖြုတ်ပစ်တာတွေလည်း ပါသည်။ ထပ်ထည့်စေချင် တာတွေကို ပြထားတာလည်း ပါသည်။ စကားအသုံးအနှုန်း ရိုးနေသည်ကို လည်း ပြင်ပေးတာတွေလည်း ပါသည်။

ဆရာကြီး ပြင်ပေးသည်ကို အနှစ်ချုပ်လိုက်လျှင်-

(တစ်) မလိုတာတွေ ဖြုတ်၊ မရှည်သင့်တာတွေ ချုံ့၊

(နှစ်) ပိုပြီး ရှင်းပြသင့်တာတွေ ထပ်ရှာထည့်၊
(သုံး) အရေးအသားကို စွဲမက်စရာ ဖြစ်အောင် လုပ်

ဟု ရပါသည်။ ပထမ နှစ်ချက်က ကျွန်တော့်အတွက် မခက်ပါ။ ထပ်ရှာစရာ အတွက်လည်း ပူစရာ မရှိ။ စာကြည့်တိုက်ကို ပြောလိုက်လျှင် နိုင်ငံခြားတက္ကသိုလ်များ၊ စာကြည့်တိုက်များမှ ကျမ်းစာအုပ်တွေကိုပင် လှမ်းငှားပေးသည်။ (ထိုစဉ်က အင်တာနက် မပေါ်သေးပါ၊ *fax* ပင် ကောင်းကောင်း မပေါ်သေးပါ။ ကွန်ပျူတာပင်လျှင် *main frame* ပဲပေါ်သေးသည်။) ကျွန်တော် ဖတ်လိုသော ဘွဲ့လွန်ကျမ်းမှာ အမေရိကန်ပြည် ဝါရှင်တန် စာကြည့်တိုက် (အမေရိကန် အမျိုးသားစာကြည့်တိုက်)တွင် ရှိနေသည်။ လှမ်းပြီး ငှားတော့ စာအုပ်လိုက် မပို့နိုင်ပါ၍ လိုသောအပိုင်းကို ပြောပါ၊ ကူးပို့ပါမည်ဟု ကြေးနန်း ပြန်ဝင်လာသည်။ လိုချင်သည့် *discussion* အပိုင်းနှင့် ကျမ်းကိုးအပိုင်းက နောက်လေးရက်အကြာမှာ ရောက်လာပါသည်။

**အရေးအသား**

ကျွန်တော် အင်္ဂလိပ်စာနှင့် ပတ်သက်၍ စနစ်တကျ သင်ကြားခဲ့ရခြင်း မရှိကြောင်းကို အပိုင်းတစ်တွင် ရေးပြခဲ့ပြီးပါပြီ။ စနစ်တကျ ဆည်းပူးခဲ့ရခြင်း မရှိသော်လည်း ဘာသာရပ်ဆိုင်ရာ ဆောင်းပါးတို့၊ နည်းပညာတို့နှင့် ပတ်သက်သော အက်ဆေးတို့ကို ရေးဖို့အတွက် ကျွန်တော့်မှာ အခက်အခဲ မရှိခဲ့ပါ။ ဒီရာသီမှာ ဒီလိုရောဂါ ဖြစ်၊ ဒီလိုလက္ခဏာတွေ တွေ့၊ ဒီလို ကု၊ ဒီလို ကာကွယ် ဆိုတာတွေ ရေးရသည်မှာ ထမင်းစား ရေသောက်မျှသာ ဖြစ်သည်။ သို့သော် သုတေသနကျမ်း တစ်ခုကို ရေးတော့မည် ဆိုတော့ စကားပရိယာယ်တွေက လိုလာပြီ။ *Describe/ express/ state/ elucidate/ stress/ maintain/ feel/ opine/ emphasize* ဆိုတာမျိုးတွေ နေရာတကျ အလဲအလှယ် သုံးတတ်ဖို့ လိုလာပြီ။ ထိုသို့ သုံးတတ်ရန်အတွက် သုတေသန ဆောင်းပါးများကို ဖတ်လျှင် အကြောင်းအရာနှင့် အချက်အလက်ကိုသာမက အရေးအသားကိုပါ ဖတ်လာရသည်။

*Thesaurus* စာအုပ်လည်း ဝယ်လိုက်ရသည်။ စာအရေးအသား လေ့ကျင့်နေသူအတွက် ဤ သီဆောရပ်စ်သည် အလွန် အားကိုးရပါသည်။ ထိုစာအုပ်တွင် စကားလုံးများ၏ ပရိယာယ်နှင့် ထိုစကားလုံးနှင့် ဆက်စပ်သမျှ

နယ်ပယ်ကို ပြသည်။ *paint* ဆိုကြပါစို့။ ပန်းချီဆွဲနည်းအမျိုးမျိုးအကြောင်း၊ အရောင်အမျိုးမျိုးအကြောင်း၊ ပန်းချီဟန်အမျိုးမျိုးအကြောင်း၊ ဆေးအမျိုးမျိုး အကြောင်း စသည်ဖြင့် အကိုင်းတစ်ခုမှ ထွက်သမျှ အချက်အလက်မျိုးစုံကို ပြထားသည်။ ပင်မ အကြောင်းအရာမှတစ်ဆင့် ကိုယ် လိုချင်တာ ရှာနိုင်သည်။ ဆန့်ကျင်ဘက် စကားလုံးများ *antonyms* များကိုပင် ပြသည်။ စကားပရိယာယ် ကြွယ်ရန်အတွက် အလွန် အထောက်အကူ ဖြစ်စေသော စာအုပ်ပင်။ ထို စာအုပ်ကို ကြည့်ပြီး ရေးတတ်သွားဖို့တော့ မဖြစ်နိုင်ပါ။ သက်ဆိုင်ရာ စကားလုံး တွေ အတွက် နောက်ဆက် *preposition* များ ယူပုံ၊ ဝါကျတွင် သုံးစွဲပုံများ ကို သက်ဆိုင်ရာ စာအုပ် (အထူးသဖြင့် အဘိဓာန်များ)တွင် ဆက်ကြည့်ရန် လိုသည်။ တူသယောင်ယောင်နှင့် ကွဲပြားမှုများ *shades of difference (nuances)* ကျတော့ *Word Power* လို စာအုပ်မျိုး၊ *Use the Right Word* လို စာအုပ်မျိုးမှ ရှင်းလင်းချက်များကို ကြည့်ရပါသည်။

ကျမ်း ရေးဖို့ ကြိုးစားရင်းနှင့် ကံကောင်းချင်တော့ အင်္ဂလိပ်စာ ရေး သားနည်းကိုပါ အတန်အသင့် သဘောပေါက်ခွင့် ရလာပါသည်။

၁၇

# ပန်းဝင်လုနီး

## ရိုက်ချည်ပြင်ချည် သွားချည်ပြန်ချည်

လက်နှိပ်စက်ဖြင့် ရိုက်ပေးလိုက်သော စာမူကြမ်းကို ဆရာကြီး ပြင်ပေးလိုက်ပုံများအကြောင်း ရေးပြခဲ့ပြီးပါပြီ။ ပြင်တာကတော့ ခေတ်စကားဖြင့် ပြောရလျှင် "ဘာပြင်သလဲ မမေးနှင့်"ဟု ပြောရမည့်ပုံမျိုး ဖြစ်သည်။ ဝါကျများကို ဆိုလိုရင်း ဆိုက်အောင် ပြင်ပေးလိုက်တာတွေ ဖတ်ပြီး ပညာတော်တော် ရသည်။ အချို့နေရာများကျတော့လည်း ကိုယ် ကြိုးစားပမ်းစား အထင်ကြီး တစ်ခွဲသားဖြင့် ရေးလွှတ်လိုက်သမျှ တစ်ပိုဒ်လုံး ဖြုတ်ပစ်တာများ ကြုံရသည်။ အခန်းတွေ ကျော်ပြီး ပြောရလျှင်တော့ ကျွန်တော့်ကို ဆရာကြီး 'ပညာပေး'သွားသည်မှာ ဆွေးနွေးချက် *Discussion* အခန်းတွင် ဖြစ်သည်။ ဆွေးနွေးချက် အခန်းတွင် ကိုယ့်တွေ့ရှိချက်များကို ထောက်ခံနေသည့် သက်သေများအား ပြန်တင်ပြရသည်။ ထို့အတူပင် ကိုယ် တွေ့ထားတာနှင့် ပြောင်းပြန် ဖြစ်နေမည့် အချက်မျိုးကိုလည်း တင်ပြပြီး ဆင်ခြေပေး ကာကွယ်ရသည်။ အတိုပြောရလျှင်တော့

*Discussion* အခန်းကား ရှေ့နေလိုက်ရသည့် ဆွေးနွေးချက်များကို ရေးရသည့် အခန်းပင်။

ထိုအခန်းကို ကျွန်တော် ကြိုးစားပမ်းစား ရေးပြီး လက်နှိပ်စက် ရိုက်ရာ စာမျက်နှာ ၃၀ ကျော် ထွက်လာပါသည်။ ဆရာကြီးက လှန်လှောကြည့်ရှုကြည့်ပြီး "များလွန်းတယ်"ဟု တစ်ခွန်းပဲ ပြောပါသည်။ ကျွန်တော့် သုတေသနတွင် နည်းသစ် ၃ မျိုးနှင့် နည်းဟောင်း ၄ မျိုး၊ စုစုပေါင်း ၇ မျိုး ပါဝင်လေရာ ကျွန်တော်က နည်းတိုင်းကို အတော် စုံစုံစေ့စေ့ ခြေခြေမြစ်မြစ် ဆွေးနွေးထားခဲ့သည်။ ဆရာကြီးက အရေးကြီးတဲ့ အချက်တွေကိုပဲ ဆွေးနွေးဟု ပြောပါသည်။ များများကြီး ဆွေးနွေးထားရင် ကိုယ် လုပ်ထားတာတွေက မဟုတ်လို့ လျှောက်ဆင်ခြေပေးနေရတဲ့သဘော ဖြစ်သွားတတ်တယ်၊ မလိုတာတွေ သိပ်အာရုံမစိုက်နဲ့၊ ပြန်ဖြတ်ချဟု ပြောပါသည်။ သို့နှင့် ပြန်ယူလာပြီး သူ ညွှန်ကြားသလို ပြန်ဖြတ်လိုက်တော့ တစ်ဝက်ကျော်ကျော် ပြုတ်သွားသည်။

စာကိုး *Literature Review* အခန်းတွင်တော့ ဆရာကြီး ပြင်လိုက်သည်မှာ လက်ကုန်ဟုပင် ပြောရတော့မည်။ တချို့နေရာများကို ငါးခါလောက် ပြင်လေရာ သူ နောက်ဆုံး ပြင်ပေးလိုက်သော မူမှာ ကျွန်တော် ပထမဆုံး တင်ပြခဲ့သည့် စာမူကြမ်းနှင့် သိပ်မကွာတော့သည်ကိုပင် တွေ့ဖူးသည်။

ထိုအချိန်တွင် ကျွန်တော်သည် တက္ကသိုလ်နှင့် လေးမိုင်နီးပါး ဝေးသော တာရင်းဂါး*(Taringa)* ရပ်ကွက်တွင် နေသည်။ သုတေသန လုပ်နေရသော ခြံမှာ အိမ်မှ ခြောက်မိုင်လောက် ဝေးသည်။ နေအိမ်မှာ တက္ကသိုလ်မှ ခြံသို့ သွားသော လမ်းကြောင်းပေါ် ကျနေသောကြောင့်(သုံးပွင့်ဆိုင် မဟုတ်သဖြင့်) သွားချည်ပြန်ချည် လုပ်ရသည်မှာ သိပ်ခရီးဝေးသည် မထင်ရ။ ထိုအချိန်တွင် ကျွန်တော့်တွင် ရှိနေသော ကားနှစ်စင်းအနက် ပထမကား ဖြစ်သော *Morris 1100* ကလေးကို ပြန်ရောင်းလိုက်ပြီ ဖြစ်သည်။ အမှန်တော့ ထိုကားလေးက ကိုင်လို့တွယ်လို့ လွယ်သည့်အပြင် ဆီစားလည်း သက်သာပါသည်။ စက်က ဒုက္ခပေးလွန်း၍သာ သုတေသနကိစ္စတွေ အချိန်ဇယား မလွတ်စေရန်အတွက် နောက်တစ်စင်း ထပ်ဝယ်ရခြင်း ဖြစ်သည်။ ဒုတိယကားက အမေရိကန်လုပ် *Ford Falcon* ဖြစ်သည်။ ကားကြီးမျိုး ဖြစ်ပြီး အမေရိကန်ကားလည်း ဖြစ်နေ၍ ဆီစားလှသည်။ အိမ်၊ ကျောင်း၊ ခြံ သုံးနေရာကို လွန်းပျံထိုးနေရ၍လည်း ဆီဖိုး တော်တော် ကုန်သည်။

## ကျွဲတွေနှင့်

ရှေ့ပိုင်းတွင် ပိုင်းလော့ ဆာဗေး အပြီးမှာ ပုံမှန်နွားများဖြင့် စမ်းသပ်ရသောအခါ ကျွဲတွေကိုပါ စမ်းသပ်ခွင့် ရကြောင်း ပြောပြီးခဲ့ပါပြီ။ အမှန်တော့ ထို စမ်းသပ်မှုသည် ကျွန်တော့် သုတေသနအတွက် ဘောင်မဝင်ပေ။ *Experiment I(intensive investigation)* အတွက် သီးသန့် နွားလေးတစ်ကောင် တောင်းထားရာ တော်တော်နှင့် မရ။ ဤအတွင်း သုတေသနကို ရပ်ထားရလေရာ အလကားနေ အလကားပဲ ဆိုပြီး ဌာနနှင့် ညှိ၍ ကြုံရာ လေ့လာနေခြင်း ဖြစ်သည်။ လုပ်ပြီးသွားသော ပိုင်းလော့ ဆာဗေးမှ တွေ့ရှိချက်များကို ပြန်အသုံးချနိုင်သည် ဖြစ်၍ အကျိုးတော့ ရှိပါသည်။

ထိုအထဲတွင် ကျွဲများကို လေ့လာရသည်မှာ ထူးခြားသည်။ ဩစတြေးလျတွင် နို့စားကျွဲ မွေးလေ့ မရှိပါ။ သို့သော် မွေးမြူရေးတက္ကသိုလ် ဖြစ်နေ၍ မွေးမြူရေး တိရစ္ဆာန်အစုံ ပြထားနိုင်ရန်အတွက် ကျွဲတွေ သွင်းရသည်။ ကျွဲတွင် အီဂျစ်ကျွဲ၊ ဖိလစ်ပိုင်ကျွဲနှင့် အိန္ဒိယကျွဲမျိုးလိမ်(မူရား)တို့မှာ ကမ္ဘာကျော်သည်။ ထိုကျွဲမျိုး အကောင် ၄၀ လောက် ရှိမည် ထင်သည်။ ဩစတြေးလျမှာ ဌာနေကျွဲရိုင်းများ ရှိပါသည်။ မြောက်ပိုင်းနယ်တွင် ကျွဲရိုင်းတွေ အလွန်ပေါသည်။ အားလပ်ရက်မှာ မော်တော်ဆိုင်ကယ်တွေနှင့် အပျော်လိုက်ပစ်ကြသူတွေ ရှိသည်။ ထိုကျွဲများကတော့ မွေးမြူရေးအတွက် သုံးမရ။

ကျွဲတွေအကြောင်းကြုံ၍ ကျွန်တော်တို့လောကမှ ရယ်စရာတစ်ခုအကြောင်း ပြောလိုက်ရဦးမည်။ တိရစ္ဆာန်ဆေးကုဌာနကို မြန်မာပြည်တွင် ၁၉၀၀ ကျော်ကျော်မှ စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ရေးတတ်ဖတ်တတ်ရုံမျှသာ ရှိသော မြန်မာလူငယ်များကို အတင်းစည်းရုံးပြီး သင်တန်းပေးကာ တိရစ္ဆာန် ဆေးကုလက်ထောက် ဆရာများအဖြစ် ခန့်အပ်သည်။ နောင်တော့ လေးတန်း အောင်မှ၊ ခုနစ်တန်း တက်ဖူးမှ ဆိုတာမျိုးတွေ ဖြစ်လာသည်။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ကာလသို့ ရောက်သောအခါတွင် ထိုနှစ်နှစ်သင်တန်းသို့ အင်္ဂလိပ် မြန်မာ ၆ တန်းအောင်မှ လျှောက်ထားနိုင်သည်ဟု သတ်မှတ်သည်။ လာလျှောက်သူများကို လူတွေ့စစ်ဆေးပြီးမှ ရွေးသည်။ တစ်ဦးကို မင်း မြင်း အကန် ခံရဖူးသလား ဟုမေးရာ မခံဖူးပါဟု ဖြေသည်။ နွားကန်တာကော ဆိုတော့လည်း မခံဖူးပါဟု ဖြေသည်။ ကဲကွာ ကျွဲကန်တာကောဟု မေးတော့ ဖြေသူက သူ့တွင် အတွေ့အကြုံ နည်းသည်ကို ပေါ်လွင်သွားလျှင်

အရွေးမခံရမှာ စိုး၍ "ဟုတ်ကဲ့ ခံရဖူးပါတယ်"ဟု ဖြေလေသည်။ ဘယ်လို နေလဲကွဟု ဆိုတော့ "ပူခနဲ"ဟု ဖြေသည် ဆို၏။ ကျွဲဆိုတာ ကန်မှ မကန်တတ်တာကွာ၊ ဒီတော့ အဲဒီငတိ ပြုတ်တာပေါ့ဟု ထိုစဉ်က စစ်မေးခဲ့သူ လူကြီး တစ်ဦးက ပြောပြသည်။ ထိုကျောင်းသားငယ်သည် လက်နက်ကိုင် အဖွဲ့ အစည်းတစ်ခုသို့ ဝင်သွားရာ နောက်တော့ ထိပ်ပိုင်းအထိ ရောက်သွားခဲ့သည်။ ပူခနဲ၏ အကျိုးဆက် ဖြစ်သည်။

ဤပူခနဲ အကျိုးကို ကျွန်တော်လည်း ခံရပါသည်။ ကျွဲဆိုတာ မကန်တတ်ဟု သိထားပြီး လက်တွေ့တွင်လည်း 'ကန်ကျွဲ'ကို တစ်ခါမျှ မကြုံခဲ့ဖူးလေရာ ဩစတြေးလျကျွဲများကို ကျွန်တော် ရဲရဲကပ်ပါသည်။ ကန်လိုက်ကြသည်မှာ တဖျောင်းဖျောင်းမို့ တစ်ချက်တော့ ပူခနဲ ဖြစ်သွားခဲ့ပါ၏။

ကျွဲကို မျိုးပွားသုတေသန လုပ်ရတာ အခက်အခဲ ရှိသည်။ မေထုန်မဲ့ သားစပ်ပညာကို နွားမွေးမြူရာတွင် အဆင့်မြင့်စွာ အသုံးချနိုင်ခဲ့သော်လည်း ကျွဲနှင့်ကျတော့ သိပ်မအောင်မြင်။ နွားနှင့် သဘာဝချင်း တော်တော်ကွာသည်။ ကျွန်တော့် သုတေသနတွင်လည်း ထိုအချက်သည် ထင်ရှားသည်။

## သွားလေရာရာ

ကျွန်တော့်အခန်းထဲတွင် ထင်ထင်ရှားရှား တွေ့ရနိုင်သော ပစ္စည်းများမှာ ရေဒီယို၊ ကက်ဆက်၊ လက်နှိပ်စက်၊ ဝတ္ထုစာအုပ်များနှင့် တယောတို့ ဖြစ်သည်။ အလုပ်ပါးသော နားရက်တစ်ပတ် *(weekend)*တွင် မရောက်တာ ကြာသော ပင်လယ်ကမ်းခြေသို့ သွားဦးမှဟု အကြံဖြစ်ပြီး ပစ္စည်းတွေ စုသည်။ ကက်ဆက်၊ တယော၊ ဝတ္ထုစာအုပ်. . ။ ရေးလက်စတွေ ဆက်ရေးဖြစ်လျှင် လက်နှိပ်စက် ရိုက်သင့် ရိုက်ရန် ဆိုပြီး လက်နှိပ်စက် ပါဝင်သည်။ စနေနံနက်ထွက်၊ စနေည ပင်လယ်ကမ်းခြေမှာ ကားထိုးပြီး အိပ်၊ တနင်္ဂနွေ ညနေပိုင်း ကျတော့ ပြန်လာ။

ကားမောင်းရင်းက ကျမ်းတွင် ထည့်ရေးစရာ အချက်အလက်များကို စဉ်းစားမိသည်။ ကားရပ်ပြီး စာရွက်ပေါ် ချရေးမှတ်ရသည်။ နောက်တော့ ကားနောက်ခန်းထဲမှ ကက်ဆက်ကို မြင်ပြီး အကြံတစ်ခု ရသဖြင့် လမ်းဘေးဆိုင်တစ်ဆိုင်မှာ ကက်ဆက်ခွေ အလွတ်တွေ ဝယ်ရသည်။ ဟန်ပြီ။ ကားရပ်စရာ မလိုတော့။ စိတ်ကူးအဆန်း ရလာလျှင် ကက်ဆက်ခလုပ် နှိပ်ပြီး အသံသွင်းရုံသာ ရှိသည်။

ဤသို့နှင့် ကက်ဆက်သည်လည်း ကျွန်တော်နှင့်အတူ သွားလေရာ ပါသော သုတေသနပစ္စည်းတစ်မျိုး ဖြစ်လာပါတော့သည်။

## နွားတွေ ရပြီ

သိုးသန့်သုံးရန် ဆိုပြီး ကျွန်တော် တောင်းထားသည်မှာ နွားမ လေးကောင်မျှသာ ဖြစ်သည်။ ဤလေးကောင်မျှကိုတော့ ဘယ်အုပ်ထဲက ဆွဲပေးပေး လွယ်လွယ်ပေး လွယ်လွယ်ရမည်ဟု ကျွန်တော် ထင်ခဲ့သည်။ သို့သော် နောက်ကွယ်မှာ ဘာဇာတ်လမ်းတွေ ဖြစ်နေခဲ့သည်ကို ကျွန်တော် မသိ။ ပြီးတော့ ထိုနွားများကို ဝယ်ယူကျွေးရမည့် စရိတ်အတွက် ကျွန်တော့်ခေါင်းစဉ်မှသာ ကျခံရမည့်သဘော ရှိကောင်းရှိနေနိုင်သည်။ ထို့ကြောင့်ပင် တော်တော်လေး စောင့်လိုက်ရသည်။ မူလက ခွင့်ပြုထားသော နှစ်နှစ်အပြင် နောက်ထပ် တစ်နှစ်ပါ ကုန်သွားလေပြီ။ အမိကလေ့လာချက်က မစရသေး။ ပညာရေးဌာနမှ လာရောက်စစ်ဆေးသူများ ကျောင်းခြံသို့ လိုက်လာသည်။ ကျွန်တော် လုပ်ကိုင်နေပုံတွေကို ကြည့်ပြီး တက္ကသိုလ်သို့ သွားကာ ကျွန်တော့်ဆရာကြီးနှင့်ကော ဌာနမှူးအသစ်နှင့်ပါ ဆွေးနွေးကြပုံရသည်။ သူတို့၏ အစီရင်ခံစာကြောင့် မြန်မာပြည်မှ ကျွန်တော့်ကို နောက်ထပ် ၆ လ ခွင့်ပြုလိုက်၏။

ထို ၆ လတွင် ၄ လ ကုန်သွားပြီးမှ နွားလေးကောင် ရခြင်း ဖြစ်သည်။ သုတေသနဒီဇိုင်းအရ ထိုနွားလေးကောင်နှင့် ဆောင်ရွက်ရမည့် *Experiment I* မှာ ၃ လ ကြာမည်။ ပြီးလျှင် အထူးပြု လေ့လာချက်က နောက် ၃ လ ကြာမည်။ အချိန်လုံလောက်မည် မဟုတ်။ နွားတွေ ရဖို့ ၆ လလောက် စောင့်နေရ၍ အချိန်တွေ ပုပ်ကုန်ရကြောင်း ပညာရေးဌာနသို့ တင်ပြထားရသည်။

ပညာရေးဌာနတွင် ကျွန်တော် မိတ်ဆွေကောင်း ရထားပါသည်။ သူက ကျွန်တော့်ကို ခင်မင်သည့်အပြင် ယုံလည်း ယုံကြည်သည်။ ရစ်ချတ်ဟတ်ကက် အမည်ရှိသော ထိုမိတ်ဆွေကြီးကို ကျွန်တော် အလွန် သတိရပါသည်။ နောင်ကြုံလျှင် သူ့အကြောင်း ရေးပါဦးမည်။

## ပညာသင် ထောက်ပံ့ကြေးများ

စတိုင်ပင်တွေ အကြောင်း မပြောခင်မှာ သူတို့ဆီက အစိုးရအဖွဲ့အကြောင်း ပြောရဦးမည်။ ကျွန်တော် နေခဲ့သော လေးနှစ်နီးပါး ကာလအတွင်း ကမ္ဘာ့နိုင်ငံရေးမှာကော ဩစတြေးလျနိုင်ငံရေးမှာပါ စိတ်ဝင်စားစရာတွေ အများကြီးဖြစ်

ခဲ့သည်။ ဗီယက်နမ်မှ အမေရိကန် ထွက်ခွာရခြင်း၊ ဝါးတားဂိတ် ကိစ္စကြီး၊ နစ်ဆင် သမ္မတအဖြစ်မှ နုတ်ထွက်ရခြင်း၊ ယူဂန်ဒါတွင် ပါးစပ်ပြဲပြဲ ခေါင်းဆောင်တစ်ဦး တက်လာခြင်း . . ။ ဩစတြေးလျမှာကျတော့ အပြောင်းအလဲက အတော်ကြီးမားသည်။ ပေါက်ဖော်ကြီးကို မျက်နှာလိုအားရ လုပ်သော လေဘာအစိုးရ တက်လာခြင်း၊ ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေ တက်၊ အလုပ်သမားသပိတ်တွေ ဆက်တိုက်ဖြစ်လာပြီး မငြိမ်မသက် ဖြစ်လာခြင်းတို့မှ စပြီး ပြဿနာတွေ ကြီးထွားလာလိုက်သည်မှာ လေဘာအစိုးရ ပြန်ပြုတ်ကျသွားရသည့် အဖြစ်သို့ပင် ရောက်သည်။ ကျွန်တော့်လို မြင်ကရာ လိုက်ကြည့်ပြီး ကြားနိုင်သမျှ လိုက်နားထောင်တတ်သူတစ်ဦး အဖို့တော့ ပွဲကြီးပွဲကောင်း ဖြစ်ခဲ့ပါ၏။

ဩစတြေးလျတွင် အစိုးရ နှစ်မျိုး ရှိသည်။ ဗဟိုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ဖြစ်သည်။ ထို့ကြောင့် ပညာရေးကိစ္စများတွင်လည်း အုပ်ချုပ်မှု နှစ်မျိုး ရှိသည်။ တက္ကသိုလ်တွေကတော့ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် ရှိသော *autonomous body* များ ဖြစ်သဖြင့် ဘယ်ဝန်ကြီးဌာနနှင့်မျှ မပတ်သတ်သလောက် ရှိသည်။ သို့သော် မြောက်ပိုင်းရှိ *James Cook* တက္ကသိုလ် (တောင်းစဗီးလ်)ကျတော့ နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးဝန်ကြီးဌာနမှ ကမကထပြု ဖွင့်လှစ်ခြင်း ဖြစ်သည်။ သို့သော် အုပ်ချုပ်ရေးမှာတော့ *autonomy* ပင်။

အထက်တန်းကျောင်းအထိ ပညာရေးကို သက်ဆိုင်ရာ ပြည်နယ်ပညာရေးဌာနက ကိုင်ပါသည်။ အစိုးရ၏ အထောက်အပံ့ပေးသော ကျောင်းသားများ၊ နိုင်ငံခြားမှ ပညာသင်များနှင့် ဌာနေလူရင်းများ ဖြစ်သော အဘိုရိနီးစ် *(Aborigines)*တို့၏ ပညာရေးကိစ္စများကို ဗဟိုအစိုးရဌာန ဖြစ်သော *Commonwealth Department of Education* က ကိုင်ပါသည်။ သူတို့ ကျောင်းသားများအတွက် စကောလားရှစ်မျိုးစုံ ရှိသည်။ ပုဂ္ဂလိက ပညာသင်ဆုများလည်း ရှိသကဲ့သို့ အစိုးရမှ ပညာရည်ချွန်ဆုမျိုးအဖြစ် ပေးတာလည်း ရှိသည်။ သို့သော် အများကြီးပေးသော ဆုမှာ *Commonwealth Scholarship* ဖြစ်သည်။ တက္ကသိုလ်ကျောင်းသား ငါးယောက်လောက်တွင် သုံးယောက်လောက် ရတတ်သည်။ တစ်ရာမှာ ၆၀ လောက် ပေးခြင်း ဖြစ်သည်။ ငွေကတော့ သိပ်မများ။ ကျွန်တော်တို့က တစ်ယောက် ၅၅ ဒေါ်လာလောက် ရချိန်မှာ သူတို့က ၁၅ ဒေါ်လာလောက်ပဲ ရသည်။ မုန့်ဖိုးပဲဖိုး ပေးသလိုပင်။ သို့သော် ဘာနှောင်ကြိုးမှ မပါ။ သူတို့ဆီမှာက ရှစ်တန်းအောင်ပြီး ကျောင်းထွက်လည်း

အလုပ် လုပ်စရာ ရှိသည်။ လုပ်ခကောင်းကောင်း ရသည်။ အထက်တန်း ဆိုသည့် ၁၂ တန်း အောင်ပြီး အလုပ်ထွက်လုပ်ချင်လျှင်လည်း ရသည်။ ထို့ကြောင့် တက္ကသိုလ် ဆက်တက်သူ သိပ်မရှိ။ ဘွဲ့လွန်ဆိုတာကျတော့ ကျွန်တော်တို့လို နိုင်ငံခြားသားတွေပဲ ရှိနေကြတာ များသည်။

## ဆွယ်တရား

ကျွန်တော်တို့လိုင်းကိုပဲ ဥပမာပြပါမည်။ နောက်ဆုံးနှစ် ကျောင်းသားဘဝတွင် သူတို့ဆီက ထုံးစံအတိုင်း သက်ဆိုင်ရာတွေက လာတွေ့မည် ဖြစ်ရာ ထိုနေ့လယ် အားချိန်တွင် စိတ်ဝင်စားသူများ ကြွပါဟု ကြော်ငြာတွေ ကပ်လေ့ရှိသည်။ ကျွန်တော်လည်း စပ်စပ် စပ်စပ် သိလိုသူ ဖြစ်၍ သွားတတ်လေ့ရှိသည်။ အစိုးရဌာနကလည်း သူတို့ဆီ ဝင်လျှင် ပေးမည့်ရာထူး၊ ရမည့်လစာနှင့် အခွင့်အရေးများ၊ ပင်စင်စီမံကိန်း ဆိုတာတွေ ရှင်းပြပြီး ဆွယ်သည်။ ပုဂ္ဂလိက ကုမ္ပဏီတွေကလည်း လစာကောင်းကောင်းတွေနှင့် မြူဆွယ်သည်။ ဆေးကုမ္ပဏီကြီး တစ်ခုဆိုလျှင် သူတို့ဆေးများ ဖြန့်ဖြူးပေးပြီး စမ်းသပ်သုံးစွဲမှုများ သုတေသနလုပ်ပေးဖို့ အတွက် ဆိုပြီး လာခေါ်လေရာ သူတို့ပေးမည့် အခွင့်အရေးများတွင် ရုံးကားအပြင် ဟယ်လီကော်ပတာပါ ပါလေသည်။(*BA/BSc* များကျတော့ လက်နက်ကိုင် တပ်ဖွဲ့တွေကလည်း လာ၍ တရားဟောသည်၊ တက်သူ သိပ်မရှိ။)

ဤလို လာပြီး ဆွယ်တရား ဟောကြသည့်တိုင် *Vet* ကျောင်းသားအများစုတို့သည် ကိုယ်ပိုင်ဆေးခန်း ဖွင့်ကြဖို့ သို့မဟုတ် ကျေးလက်ဆေးခန်း/မြို့ပြဆေးခန်းတွေဆီ သွားကြဖို့သာ အားသန်ကြလေသည်။ အခွင့်အရေးတွေကို ကြည့်လိုက်တော့ လစာပင်လျှင် ပါမောက္ခလစာနီးပါး ဖြစ်နေသည်ကို တွေ့ရ၏။

သူတို့နိုင်ငံမှာ ပညာရှင်တွေ ဝင်ငွေနှင့် *Status* ကို တန်းစီလျှင် ထိပ်ဆုံးက သွားဆရာဝန်၊ ဒုတိယက *Vet*၊ တတိယကျတော့မှ လူဆရာဝန် ဖြစ်သည်။ သို့သော် သာမန်ဘွဲ့ရတွေလည်း အဆင်ပြေပါသည်။ ကျွန်တော့် ပညာရေးအရာရှိ ရစ်ချတ် ဆိုလျှင် အဝေးသင် *BA* မျှလောက်ပဲ ဖြစ်မည်။ သို့သော် ကားပိုင် အိမ်ပိုင်နှင့် ဖြစ်၏။ အထက်တန်း အောင်ပြီး ကုမ္ပဏီလောက၊ ဘဏ်လောက၊ အစိုးရရုံး စသည်တွေမှာ အလုပ်ဝင်လျှင်လည်း ကိုယ်ပိုင် လုံးချင်းအိမ် မဟုတ်တောင် အခန်းပိုင်လောက်တော့ ဝယ်နိုင်သည် ဖြစ်ရာ

တက္ကသိုလ် ဆက်တက်သူ ဦးရေက နည်းလှ၏။ ထို့ကြောင့်ပင် ပညာရေးဌာနက တက္ကသိုလ်ပညာသင်ဆုတွေ ပုံအောပေးနေခြင်း ဖြစ်သည်။

## သူတို့လောက

ဩစတြေးလျနိုင်ငံသည် အကျယ်ကြီး ဖြစ်၏။ ကျွန်တော် နေခဲ့သော ကွင်စလန်ပြည်နယ်(လူဦးရေ ၂ သန်းကျော်ရှိ)သည်ပင်လျှင် မြန်မာပြည်ထက် ကြီး၏။ သယံဇာတနှင့် အလုပ်အကိုင် အခွင့်အလမ်းတို့က ပေါလှသဖြင့် ပညာမြင့်မြင့် မတတ်လည်း အရေးမကြီး။ ထို့ကြောင့် တက္ကသိုလ် ဟက်ချင်အောင် စတိုင်ပင် မျိုးစုံဖြင့် စည်းရုံးရသည်။ ဘွဲ့လွန် ဆက်လုပ်ချင်အောင် သုတေသန ခွင့်ပြုငွေတွေ သိန်းနှင့်ချီ ပေးပြီး ဆွယ်နေရသည်။ ဒါတောင် အလွန် ရှားပါးသည်။ ကျွန်တော် လုပ်နေသော မွေးမြူရေးဌာနတွင် ဘွဲ့လွန် လုပ်နေသူ ၆ ဦး ရှိသည်။ မဟာဌာန တစ်ခုလုံးကို ကြည့်လျှင် ဘွဲ့လွန်ကျောင်းသား စုစုပေါင်း ၂၀ လောက် ရှိသည်။ ထိုအထဲတွင် သူတို့လူမျိုး တစ်ဦးသာ ပါသည်။ ကျန် ၁၉ ယောက်က နိုင်ငံခြား ပညာသင်တွေ။

တက္ကသိုလ်၏ အသက်မှာ သုတေသန ဖြစ်ရာ ဆရာတွေလည်း သုတေသန လုပ်ကြရပါသည်။ သို့သော် သူတို့နိုင်ငံအတွက် လိုအပ်သော သုတေသနကို ထိုလူမျှလောက်နှင့် မရ။ ထို့ကြောင့် ထွန်းသစ်စ နိုင်ငံများမှ ဘွဲ့လွန်ကျောင်းသားများကို လှမ်းမျက်စပစ်ရသည်။ ထို ပညာတော်သင်များအတွက် စီမံကိန်းမျိုးစုံ ရှိသည်။ ထိုအထဲတွင် တချို့ စီမံကိန်းများမှာ နိုင်ငံရေးတို့၊ ကာကွယ်ရေးတို့နှင့် ပတ်သက်နေသည်။ သူတို့ စိုးရိမ်သည်မှာ အင်ဒိုနီးရှား ဖြစ်သည်။ လူဦးရေ သိပ်များသည်။ စစ်တပ်အင်အားလည်း ကြီးသည်။ ဩစတြေးလျနှင့်လည်း ကပ်နေသည်။ ထို့ကြောင့် အင်ဒိုနီးရှားအပေါ် ကျတော့ မူတစ်မျိုးဖြင့် ဆက်ဆံကြသည်။ အတော် လျှော့လျှော့ပေါ့ပေါ့ လုပ်ပေးသည်။ ပညာသင်တွေ အများကြီး လက်ခံသည်။ စတိုင်ပင်ကလည်း ကျွန်တော်တို့ ရတာထက် ၅၀ ရာခိုင်နှုန်းလောက် ပိုများသည်။ ပြီးတော့ ရှုံးတာတွေ၊ ကျတာတွေအပေါ် သည်းခံသည်။ ကျွန်တော်တို့ မြန်မာတွေအပေါ် ထားသလို တစ်ခါတည်း အောင်ပေစေ၊ ခရက်ဒစ် ချိတ်ပေစေ ဆိုတာမျိုးတွေ မရှိ။

တကယ်တော့ အင်ဒိုနီးရှားတွေအပေါ် မတန်တဆ လိုက်လျောနေတာ မြင်သာလွန်းလှ၏။ သူတို့မှာ အင်္ဂလိပ်စာ အလွန်ညံ့ကြလေရာ ဘွဲ့လွန်ကျောင်းသား ဆိုလျှင် အနည်းဆုံး ရှစ်လလောက် အင်္ဂလိပ်စာ ကြိုတက်ကြရ

သည်။ ဆုတွေကလည်း အမျိုးစုံ ဖြစ်ရာ ဟော်တယ်ဧည့်ကြိုလုပ်ငန်း လာသင် ယူနေသော အုပ်စုကို မေးကြည့်ဖူး၏။ ၈ လ ကြာ၏။ အင်္ဂလိပ်စာက ၆ လ၊ သင်တန်းက ၄၅ ရက် ဆိုတာမျိုး။

ဩစတြေးလျ၏ နောက်ရည်ရွယ်ချက် တစ်ခုကလည်း အတော် မြင်သာသည်။ ဘွဲ့လွန်ပညာသင်ဆုတွေ ပေးလျှင် လာတက်သူသည် ပထမဘွဲ့ တစ်ခုလောက်တော့ ရပြီးသား ဖြစ်နေသည့် ပညာတတ်တွေ ဖြစ်ကြမည်။ သူတို့အထဲက ပြည်တော်မပြန်ဘဲ နေကျန်ခဲ့ချင်သူများ ပေါ်လာလျှင် သူတို့ တိုင်းပြည်တွင် အမြတ်ထွက်သည်။ အင်္ဂလိပ်စကားလည်း မပြောတတ်၊ အရင်း အနှီးလည်း ပါမလာဘဲ အလုပ်ကြမ်း လုပ်ဖို့ ဝင်လာသော လူစားတွေထက် တိုင်းပြည်မှာ အကျိုးအများကြီး ရှိသည်။ ထို့ကြောင့်ပင် ဆင်းရဲသော နိုင်ငံမှ ပညာတတ်များကို ပညာသင်ဆုတွေ ပေးနေခြင်း ဖြစ်သည်ဟု ယူလိုက ယူနိုင်ပါသည်။

## သူတို့ဥပဒေမှ တစ်ပိုင်း

အင်ဒိုနီးရှားကျောင်းသားတို့ သူတို့အခွင့်ထူး ပေးထားသည့်နိုင်ငံမှ ကျောင်းသား တို့ကျတော့ မိသားစုကိုပါ လိုက်လာခွင့် ပေးထားသည်။ လိုက်လာလျှင် ထောက် ပံ့ကြေး ထပ်တိုးပေးသည်။ အလုပ် လိုချင်လျှင် ရှာပေးသေးသည်။ အမှန်တော့ သူတို့တိုင်းပြည်၏ ကျခံမှု ဖြစ်သော ကိုလံဘို စီမံကိန်းတို့၊ *AIDA* တို့လို ထောက်ပံ့ကြေးမျိုးနှင့် လာသော ပညာတော်သင် မှန်သမျှကို ခံစားခွင့် ပေးထား ခြင်း ဖြစ်သည်။ လူမှုရေး ပြေလည်မှ ပညာရေးတွင် လိုရာ ရောက်မည်။ ဤ လို ဘွဲ့ရသွားမှလည်း သူတို့က ထောက်ပံ့ရကျိုးနပ်မည်ဟု ခံယူပုံရသည်။ တချို့ နိုင်ငံများကျတော့ ဩစတြေးလျက ခွင့်ပြုသည့်တိုင် မိန်းမ လိုက်လာခွင့် မပြု။ ပြန်မလာမှာ စိုး၍ ဖြစ်သည်။ ဆစ်ဒနီဘက်မှ အိမ်ထောင်ရှင် ကျောင်းသား တစ်ယောက် ဆိုလျှင် သတ်သေသွားခဲ့လေသည်။

သူတို့ဥပဒေအရ နိုင်ငံသား ဖြစ်ခွင့်တွင် စိတ်ဝင်စားစရာ နှစ်ချက် ရှိသည်။ သူတို့ နိုင်ငံသူနှင့် လက်ထပ်လိုက်လျှင် မည်သူမဆို အလိုအလျောက် နိုင်ငံသား ဖြစ်ခွင့်ရှိခြင်းက ပထမအချက် ဖြစ်သည်။ ဤလို အလိုအလျောက် နိုင်ငံသား ဖြစ်ခွင့် ရပြီးသွားသောအခါ ကောင်မလေးက သူ့ယောကျ်ားကို ပြန်မလွှတ်ပါနှင့်၊ ပြန်ထွက်ခွင့်၊ ပြန်သွားခွင့် မပေးပါနှင့်၊ သူတို့ အစိုးရထံ လျှောက်ထားပိုင်ခွင့် ရှိသည်။ ဒုတိယတစ်ချက်မှာ အလည်လာသူ ပညာလာ

သင်သူများက ကလေး မွေးလျှင် ထို ကလေးသည် အလိုအလျောက်ပင် ဩစတြေးလျနိုင်ငံသား ဖြစ်သွားခြင်းပင်။ ထိုသို့ အလိုအလျောက် *natural-ized* နိုင်ငံသား ဖြစ်သွားသော ကလေးကို အကြောင်းပြုပြီး မိဘများက ဩစတြေးလျတွင် နေထိုင်ခွင့်ရသည်။ နိုင်ငံသားအဖြစ် လျှောက်ထားခွင့်ရသည်။

ပညာတတ်များ ရလာအောင် စီမံကြပုံများကို မြင်နိုင်ကြမည် ထင်ပါသည်။

# ၁၈

# နောက်ဆုံးဆောင်း

**နွားမလေးကောင်**

ကျွန်တော့်အတွက် ပေးလိုက်သော နွားမ လေးကောင်မှာ အေအိုင်အက်စ် *(AIS - Australian Illawara Shorthorn)*အမျိုး ဖြစ်သည်။ နီရင့်ရင့် အရောင်ရှိသော ထိုအမျိုးမှာ အသားစားနွားမျိုးနွယ် ဖြစ်သော်လည်း နို့ ထွက်နှုန်းမှာ နို့ပေးကာလ ဆယ်လအတွင်း တစ်နေ့လျှင် ပျမ်းမျှ ၆ ပိဿာခန့် ထွက်သည်။ ကျွန်တော်တို့လို အပူပိုင်းနိုင်ငံအတွက်တော့ မျိုးကောင်း ဖြစ်နေနိုင်သော်လည်း သူတို့နိုင်ငံအတွက်တော့ နို့စားနွား အညံ့စားဟု သတ်မှတ်ထားသည်။

ထိုနွားမ လေးကောင်အတွက် ကျွေးမွေးစရိတ်ကို ဌာန၏ သုတေသနရန်ပုံငွေမှ ကျခံပေးပါသည်။ သားမွေးပြီး တစ်လကျော်ကျော်သာ ရှိသေး၍ နို့ထွက်နှုန်းမှာ လေးကောင်စုစုပေါင်း တစ်နေ့ပိဿာ ၃၀ ခန့် ရပါသည်။ ခြံမှ နွားများနှင့် ရော၍ ညှစ်သဖြင့် ပင်မ လှောင်ကန်ကြီးထဲ ဝင်သွားပြီး ရောင်းရငွေမှာလည်း ခြံ၏ အဝင်စာရင်းထဲ ရောက်သွားမည် ထင်ပါသည်။

## သူတို့လောက

သားမွေးပြီး နှစ်လ နီးပါး ရှိနေ၍ သားစပ်ရန် အချိန် ရောက်လာပါသည်။ မြိုင်သံသရာ သုံးပတ်ကို နေ့စဉ် လေ့လာရသဖြင့် နွားတစ်ကောင်အတွက် ၆၃ ရက်ခန့် နေ့စဉ် လေ့လာရပါသည်။ *Day 0* မှာ မြိုင်ပေါ်သောနေ့ ဖြစ်ပြီး *Day 20* မှာ မြိုင် မပေါ်ခင်နေ့ ဖြစ်၏။ *Day 5* မှ *Day 17* အထိ တစ်နေ့ ၂ ကြိမ် *cervical mucus sample* ယူရပြီး *18,19,3,4* တို့တွင် တစ်နေ့ လေး ကြိမ်နှင့် *Day 20,0,1,2* တို့တွင် တစ်နေ့ ၆ ကြိမ်မှ ရှစ်ကြိမ် *sample* ယူရပါသည်။ နွားများသည် လူများလို လပြည့်၊ လကွယ်နှင့် မသက်ဆိုင်ကြသဖြင့် တစ်နေ့တည်း နှစ်ကောင် မြိုင်ပေါ်ခြင်း ဆိုသည်မှာ မရှိသလောက် ရှားပါသည်။ တစ်ကောင်က *Day 0* တစ်ကောင်က *Day 5* ၊ တစ်ကောင်က *Day 11,* တစ်ကောင်က *Day 16* ဆိုတာမျိုး ဖြစ်နေတတ်သည်။ ထို့ကြောင့် ထိုနေ့ တစ်နေ့တည်းမှာပင် ၈ ကြိမ် *sample* ယူရမည့်နွား ရှိနေသကဲ့သို့ တစ်ကြိမ်ပဲ ယူရမည့် နွားလည်း ရှိနေပါသည်။ ကံကောင်းသော အချက်တစ်ချက်မှာ နွားများ၏ မြိုင်ပေါ်မှုမှာ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် အတွေ့ရများပြီး ညချမ်း ဝင်ချိန်မှ စပြီး မြိုင်လက္ခဏာ ဆိုင်းသွားတတ်ခြင်း ဖြစ်၏။ ညပိုင်းတွင် နောက်အကျဆုံး ၈ နာရီခန့် အထိသာ လုပ်ရန် လိုပါသည်။

## တစ်ညလုံး

နှစ်လခွဲလောက် အကြာတွင် စမ်းသပ်မှု ပြီးသွားသည်။ နွားများကို နှစ်လ လောက် အနားပေးလိုက်၏။ ကျွန်တော်ကတော့ မနားရပါ။ နံနက် ၇ နာရီ ဆိုလျှင် ခြံထဲရှိ *Lab* မှ ရုံးခန်းသို့ ရောက်နေရပြီ။ ည ၈ နာရီမှာ အလုပ်စခန်း သိမ်းပြီးနောက် ဓာတ်ခွဲခန်း ကိစ္စတွေ ဆက်လုပ်ရသေးသဖြင့် ည ၁၀ နာရီကျော်မှ ခြံက ထွက်ဖြစ်သည်။ အိမ်ရောက်ပြန်တော့ ရေးစရာအတွက် ဖတ်လိုက် ရေးလိုက်၊ လက်နှိပ်စက် ရိုက်လိုက်နှင့် အလုပ်ဆက်ရပါသည်။

နိုင်ငံခြားက ပြန်လာရင်တော့ ဝဖြိုးပြီး ဖြူဝင်းလာမှာပဲဟု ပြောလိုက်ကြသူတွေ ရှိသည်။ ကျွန်တော် ငယ်ငယ်က အတော်အသားဖြူသည်ဟု ပြောကြပါသည်။ ကျောင်းသားအရွယ် ရောက်တော့ ရေကူး၊ ဘောလုံးကန် စသည့် အားကစားများ အပြင် နွေနေ့လယ်ပူပူကြီးမှာ အပေါင်းအဖော်တစ်သိုက်နှင့် လျှောက်အလည်ထွက်လေ့ ရှိခဲ့သောကြောင့်လား မသိ၊ အသားညိုသွားလိုက်

သည်မှာ တစ်ခါမှ ပြန်မဖြူတော့ပေ။ ကျွန်တော်တို့ မောင်နှမ လေးယောက် စလုံး အသားအရည်နှင့် ပတ်သတ်လျှင် အမေ့ဘက် လိုက်သည်ဟု ဆိုရမည်။

နိုင်ငံခြား ရောက်စကတော့ ရုတ်တရက် အစားပြောင်းသဖြင့် ကိုယ်အလေးချိန် တိုးပြီး ဘောင်းဘီ အသစ်တွေပင် ဝယ်ရသည်။ တစ်လ နှစ်လ ရှိတော့ သူတို့ အစားတွေကို စားမရတော့ပေ။ မြန်မာပီပီ ထမင်းပါမှ စားရတာ မက်မက်စက်စက် ရှိသည်ဟု ထင်လာသည်။ တကယ်တော့ ပေါင်မုန့် စားခြင်းက ဈေးအများကြီး သက်သာသည်။ ပေါင်မုန့်တစ်လုံး ပြား ၂၀ သည် သုံးရက် စားလို့ ရသည်။ ဆန်နို့ဆီ ၂ ဗူးစာက ပြား ၅၀ လောက် ကျသည်။ တစ်နေ့ တည်းနှင့် ကုန်သည်။

## ၀၃ ဒေါ် အသားသွတ်မုန့်

*Gatton Collage* တွင် နွား အကောင် ၂၀၀ သွားကျောင်းရသော လေးငါးလ အချိန်ကာလမှ လွဲပြီး ကျွန်တော် ကျောင်းဆောင်မနေခဲ့ပါ။ ဈေးကြီး၍ ဖြစ်သည်။ ရောက်စနှစ်က ထောက်ပံ့ကြေးအဖြစ် ဘွဲ့ကြိုပညာတော်သင်တွေကို တစ်ပတ် ၄၇ ဒေါ်လာ ပေးပြီး ဘွဲ့လွန်ကျတော့ ၅၂ ဒေါ်လာ ပေးသည်။ အဆောင်ခကျတော့ ဘွဲ့ကြိုက တစ်ပတ် ၄၀ ပေးရပြီး ဘွဲ့လွန်က ၄၅ ဒေါ်လာ ပေးရသည်။ ဘွဲ့လွန် သမားတွေ အတွက် သီးသန့် အဆာပြေ စားသောက်ခန်း တစ်ခု ပေးထားပြီး ကော်ဖီနှင့် မုန့် အလျှံပယ် ပေးထားသည်။ ထမင်းစားခန်း ကျတော့ ဘွဲ့လွန်တွေက အဆောင်မှူး အပါအဝင် လူကြီးတွေနှင့် အတူ ထိုင်ရတာပဲ ကွာသည်။ ကိုယ်တိုင်ယူစနစ် ဖြစ်၍ စားနိုင်သမျှတော့ ရမည်။ အသားကိုတော့ မရ။ ကြက်သား တစ်ခြမ်း ဆိုလျှင် လူတိုင်း ကြက်သား တစ်ခြမ်းပဲ ရပါသည်။

ကျွန်တော် ရောက်သည့်အချိန်တွင် အဆောင်နေသူ ဟူ၍ သတ္တဗေဒမှ ဒေါ်မော်လီမောင်နှင့် ကိုဆွေသွင်တို့သာ ရှိသည်။ ကျန်လူများက ကျောင်းနှင့် မလှမ်းမကမ်း ဖြစ်သော *Huntington* အမည်ရှိ ဘန်ဂလိုမှာ နေကြသည်။ ကျွန်တော် ရောက်သည့်နေ့မှာပင် မြန်မာကျောင်းသားများ ရှိရာ ဝင်လည်ပြီး ထို ဟန်တင်တန်မှာပင် နေဖြစ်သွားပါသည်။ အခန်းခက တစ်ပတ် ၁၀ ဒေါ်လာ။ နံနက်စာ ကော်ဖီနှင့် မုန့်ကျွေးသည်။ မီးဖိုဆောင် ရှိသည်။ ချက်ပြုတ်လိုလျှင် မီးဖိုမှ ဓာတ်ငွေ့မီတာတွင် ပိုက်ဆံအကြွေစေ့ ထည့်ပြီး ချက်ရ၏။ အဆောင်ခက ၁၀ ဒေါ်လာသာ ကျပြီး အစားနှင့် အသောက်အတွက် ၁၅

*ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား*

ဒေါ်လာလောက်သာ ကျသောကြောင့် ပိုက်ဆံ ပိုပါသည်။ စာအုပ်တွေ ဝယ်နိုင်ပါသည်။ ဤအကြောင်းများကို နောင်မှ ရေးပါဦးမည်။

သုတေသနဖြင့် တစ်နေ့ကို ၁၈ နာရီလောက် အလုပ်ရှုပ်လာရသောအခါ ကျွန်တော့်မှာ ထမင်းချက်ချိန် မရှိတော့ပေ။ မကြိုက်လှသော ပေါင်မုန့်ကိုပဲ ကြက်ကြော်လေး၊ ငါးကြော်လေး ဝယ်ပြီး မျှောချနေရ၏။ တစ်နေ့ မနက်စောစောမှာ ဆိုင်တစ်ဆိုင် ဝင်ပြီး ကော်ဖီ တစ်ခွက်ဝယ်ရင်း၊ မုန့်စားရင်းတွင် *Pie* ဟု တွေ့၍ စိတ်ဝင်စားသွားသည်။ ပုံပေါ်အောင် ပြောရလျှင် ဘဲသားမုန့်လို အပြင်က ဂျုံအခွံမာမာနှင့် အလယ်တွင် အသားဟင်း သွတ်ထားခြင်းဖြစ်သည်။ ကျွန်တော်က သိုးသားပိုင် တစ်ခုဟု မှာသောအခါ အရောင်းကလေးမက ချက်ချင်းတော့ မရဘူး၊ စောင့်ရမယ်ဟု ပြောပါသည်။ ကျွန်တော့်မှာ ခြံသို့ အရေးတကြီး သွားရန် ရှိနေသဖြင့် ဘယ်လောက် ကြာမှာလဲဟု မေးတော့ နှစ်မိနစ်ဟု ဖြေပါသည်။ ကျွန်တော် တော်တော် စိတ်တိုသွားသည်။ ခဏစောင့်ဟု ပြောလျှင်လည်း ရပါလျက်နှင့် ဒီကလေးမ ဘာပညာပြတာပါလိမ့်ဟု စူးစမ်းရမည်။ သူက ရေခဲသေတ္တာထဲမှ မုန့်ကို ထုတ်ပြီး ကောင်တာပေါ်မှ စက်ကလေးတစ်ခုထဲ ပြောင်းထည့်သည်။ ခလုပ်နှိပ်သည်။ တစ်မိနစ်လောက်ကြာတော့ ရပြီ၊ သတိထား စားဟု ပြောရင်း ပေးသည်။ ပြောထားပေလို့သာပင်။ ကျွန်တော့်နှုတ်ခမ်း အတော် ပူသွားသည်။ သူ့ပညာကိုလည်း ရိပ်မိလိုက်သည်။ ထိုစဉ်က မိုက်ကရိုဝေ့ဖ် မီးဖိုများ ပေါ်ခါစ။ ထိုမီးဖိုထဲတွင် ကြက်ဉတစ်လုံး ပြုတ်လျှင် စက္ကန့်ပိုင်းသာ ကြာ၏။ နှစ်လုံး သုံးလုံး ဆိုလျှင် နည်းနည်း ပိုကြာသည်။ ကလေးမက သူတို့ဆိုင်၏ ပစ္စည်းသစ် အစွမ်းကို ပြချင်တာဟု ကျွန်တော် သဘောပေါက်သွားသည်။

ကော်ဖီပူပူနှင့် အသားသွပ်မုန့်က အတော်လိုက်ဖက်၏။ ကျွန်တော်ဝန်းကျင်မှာ မိုက်ကရိုဝေ့ဖ်မီးဖို မရှိ။ သို့သော် စမ်းသပ်မှုများတွင် သုံးရန်မီးဖို *oven* (အာဗင်) တော့ ရှိသည်။ ထိုနေ့ခင်းတွင် ကျွန်တော် အသားသွပ်(ပိုင်)မုန့် တစ်သေတ္တာ(၂၄ ခုပါ) ဝယ်လိုက်ပြီး ရေခဲသေတ္တာထဲ ထည့်လိုက်ပါသည်။ မစားခင် နာရီဝက်လောက် ကြိုပြီး ပိုင်တစ်ခုကို အာဗင်ထဲ ထည့်။ ရေနွေးကတော့ ကြိုနေစရာ မလို။ ရေပူ ရေအေး ရသဖြင့် ရေပူပိုက်ကို ကြာကြာဖွင့်လျှင် ကော်ဖီ ဖျော်လောက်အောင် ပူကျက်နေသော ရေနွေး ရပါသည်။

ဖြူပြီး ဝလာမှာပဲ ဆိုသော စကားကို ပြန်ဆက်ပါဦးမည်။ ကျွန်တော်နေရသော အရပ်က မန္တလေးလို၊ မကွေးလို ဖြစ်မည် ထင်သည်။ အေးစရာ

ရှိလျှင် အေးပြီး နွေကျတော့ ကျောကျွတ်အောင် ပူသည်။ အစားအသောက်ကလည်း သူတို့ စားသလို မစားနိုင်။ ထို့ကြောင့် ဖြူကိန်း ဝဖြိုးကိန်းနှင့်မကြုံခဲ့ပါ။

## ကွင်စလန်ဆောင်း

နိုင်ငံခြားမှာ ဆောင်းရာသီ ဆိုတော့ နှင်းပွင့်တွေနှင့်၊ ရေခဲပြင်တွေနှင့်ဟု ထင်ကြမည်။ နှင်းပွင့်ကို မြင်ချင်၍၊ နှင်းလျှောစီးတာ ကြုံဖူးချင်၍ ကင်ဘရာအနားက *Snowy Mountain* ရောက်အောင် မိုင် ၉၀၀ နီးပါး သွားခဲ့ရသည်။ ကွင်စလန်၏ တောင်ဘက် မိုင် ၆၀၀ လောက် ဆင်းပြီးမှာ ကုန်းတွင်းကို မိုင် ၃၀၀ လောက် ထပ်ဝင်ရခြင်း ဖြစ်သည်။ ကွင်စလန်မှာက နှင်းပွင့် မပြောနှင့်၊ ပုသိမ်တို့၊ ရန်ကုန်တို့မှာ ဆောင်းနံနက် တွေ့ရသည့် မြူနှင်းမှိုးပင် မရှိ။ တစ်ခါတော့ ကြုံဖူးသည်။ ဆောင်းရာသီကြီး ညဥ့်နက်နက်မှာ ကားမောင်းပြန်လာတုန်း နှင်းမြူတွေ ဆိုင်းနေတာ တွေ့ရ၍ ကားရပ်ပြီး ဆင်းငေးခဲ့ရဖူးသည်။ ချောင်းရိုးကလေးတစ်လျှောက် မြူနှင်းတွေ(ဇာပဝါ လွှမ်းထားသလိုဟု ပြောတတ်ကြသလို) ဆိုင်းနေခြင်း ဖြစ်သည်။

ပထမဆုံး ကြုံရသော ခရစ္စမတ်မှာ သူတို့၏ နှစ်ပေါင်း ၇၀ အတွင်း အပူဆုံး ခရစ္စမတ်ဟု စံချိန်ဝင်ပါသည်။ ခရစ္စမတ် ဆိုလျှင် နှင်းငွေကြားမှာ ချမ်းချမ်းစီးစီးဟု သိထားခဲ့သော ကျွန်တော့်အဖို့ ရေကူးဘောင်းဘီ ဝတ်ပြီး ဘီယာသောက်နေရသည့် ခရစ္စမတ်ကို ကြုံလိုက်ရခြင်း ဖြစ်သည်။ ဒီဇင်ဘာမှ ဖေဖော်ဝါရီအထိ ဆောင်း သုံးလမှာ ကမ္ဘာ့မြောက်ခြမ်းအတွက် ဖြစ်သည်။ တောင်ခြမ်းမှာမှ တောင်ဝင်ရိုးနား ရောက်နေသော ဩစတြေးလျအဖို့ ထိုလများသည် နွေ ဖြစ်၏။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်ကမှ ဆောင်း။

ဆောင်းတွင်းမှာ နှင်းမကျ၊ ရေမခဲဟု ဆိုသော်လည်း ရေခဲလုနီး အထိတော့ အေးပါသည်။ တူဝမ်းဘား အမည်ရှိ(၅၅ မိုင်အကွာ) တောင်ပေါ်မြို့ကလေးမှာတော့ ရေခဲလေ့ ရှိသည်ဟု ဆို၏။ ဤလို ဒေသအလိုက် ကွာခြားမှုများ ရှိသည်။ ဩစတြေးလျကား အတော် ကျယ်ပြောသော နိုင်ငံ ဖြစ်သည်။ မြောက်ဘက် အကျဆုံး ပြည်နယ်၏ မြို့တော် ဖြစ်သော ဒါဝင် ဆိုလျှင် အင်ဒိုနီးရှားနှင့် ကပ်နေပြီ။ အီကွေတာနှင့် နီးနေပြီ။ တောင်ဘက်အကျဆုံး ပြည်နယ် ဖြစ်သော တက်စမေးနီးယားကျွန်းကျတော့ တောင်ဝင်ရိုးစွန်းနားကပ်နေသည်။ သူ့ထက်ပိုပြီး တောင်ဘက်ကျသော ဆို၍ တောင်အာဖရိကနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၏ တောင်ဘက်ဖျားတွေပဲ ရှိတော့သည်။

ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား

ဘရစ္စဘိန်း၏ ဆောင်းညများသည် တစ်ခါတစ်ရံ အအေးချိန်က ၄ ဒီဂရီ စင်တီဂရိတ်သို့ ရောက်တတ်သည်။

နွားမ လေးကောင်ကို လေတဟူးဟူး တိုက်နေသော ခြံထဲတွင် တစ်ညလုံး *sample* ယူနေခဲ့ရသည်မှာ ဤလို ဆောင်းညမျိုး ဖြစ်ပါသည်။ နောက်ဆုံးဆောင်းလည်း ဖြစ်၊ မမေ့ရက်စရာဆောင်းလည်း ဖြစ်ပါသည်။

# ၁၄

# နှုတ်ဆက်ရက်များ

## ပြီးခဲ့ပါပြီ

ချမ်းလှအေးလှသော ဆောင်းတစ်ညမှာ ကျွန်တော့် လေ့လာရေး ပြီးဆုံးခဲ့ပါ သည်။ နွားမများ၏ မြိုင်သံသရာ *oestrous cycle* အတွင်း အသေးစိတ် လေ့လာပြီးသွားပါပြီ။ သန္ဓေတည်စ *early pregnancy* တွင် တွေ့ရသော သား အိမ်ခေါင်းချွဲရည် *mucus* မှ ထူးခြားချက်များကို တည်ဆောက်ပြရန် လုံလောက် သော နမူနာ အရေအတွက်လည်း ရပြီ။ သုတေသန စမ်းသပ်မှု ပြီးဆုံးသွားချိန် တွင် ထိုနွားမ လေးကောင်စလုံးတွင် ဇီးကပ်(ကိုယ်ဝန်ရ)သွားပြီ ဖြစ်သည်။

ကျွန်တော် ဆွဲထားသော သုတေသန ဒီဇိုင်းမှာ(ငါးဖမ်းသည့်) ကျား ပါးစပ်ပိုက်လို အဆုံးတွင် ရှုံ့သွားသည့်သဘော ရှိသည်။ အခြေခံ လမ်းညွှန်မှု များအတွက် သားသတ်ရုံမှ ယူသော လေ့လာမှု ငါးထောင်ကျော်ကို အခြေခံ သည်။ ထိုတွေ့ရှိချက်များ၏ ယုံကြည်ရမှုကို သက်ရှိနွားမများတွင် ဆက်လက် စစ်ဆေးသည်။ အထူးပြု တည်ဆောက်ပြလိုသော အချက်များအတွက် နောက်

ဆုံးအဆင့် အဖြစ် နွားမ လေးကောင်ဖြင့် အနီးကပ် စစ်ဆေးသည်။ သန္ဓေရခါစ ကာလတွင် တွေ့ရသော အပြောင်းအလဲများကိုပါ(သားတင်ပေးအပြီး) စစ်ဆေးသည်။

ဤသို့ စစ်ဆေးရှာဖွေရာတွင် ဌာနမှူးပါမောက္ခ အသစ်ကလေးက လိုချင်သလို အီလက်ထရောနစ် ပစ္စည်းများ တီထွင် သုံးစွဲနိုင်လိုက်လျှင် ပါရဂူအဆင့် ကျမ်းတစ်စောင် ဖြစ်လာမည်။ နွားမွေးမြူရေး နယ်ပယ်အတွက်လည်း အလွန် ထူးခြားသော အဆင့်များသို့ ဆက်သွားနိုင်မည်။ ကျွန်တော့်ပါမောက္ခကြီး လိုချင်သလို သွေးတွင်းရှိ ဟိုမုန်းတစ်ချို့ကို အဏုမြူနည်း *Radioimmunoassay (RIA)*ဖြင့် တွဲဖက် စမ်းသပ်ပြနိုင်လျှင်လည်း ပါရဂူအဆင့် ကျမ်းတစ်စောင် ဖြစ်လာမည်။ စက်အသစ်ကြီးကလည်း တပ်ပြီးတာ မကြာသေး။

သို့သော် ကျွန်တော်ကား ခေါင်းမာသူ ဖြစ်ပါသည်။ မမာထိုက်သော နေရာများတွင်ပါ ခေါင်းမာလေ့ရှိသူ ဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာနိုင်ငံအတွက် လာရောက်သင်ယူနေသူ ဖြစ်ရာ မြန်မာပြည် လယ်တော၊ ယာတောတွင် ချသုံးနိုင်သော နည်းကိုသာ ထွင်ရန်ဟု အယူစွဲခဲ့သည်။ ယခုအထိလည်း ထိုအမြင်ကို လက်ခံဆဲ ဖြစ်ပါ၏။ သိပ္ပံနယ်ပယ်တွင် *Pure Science* နှင့် *Applied Science* ဟူ၍ လမ်းခွဲကြီးနှစ်ခု ရှိသည်။ *Pure Science* ကြောင့် လက်တွေ့အသုံးချ အတတ်ပညာများတွင် ပိုမို မြင့်မားလာမှု ရှိခဲ့သည်ကို မငြင်းနိုင်ပါ။ ဥပမာဖြင့် ပြောလျှင် ပိုရှင်းမည် ဖြစ်ပါသည်။ ရာဘာကို အစားထိုးနိုင်ကိန်း ရှိသည့် ပေါ်လီမာများ၏ မော်လီကျူးကို တည်ဆောက်ကြည့်ခြင်းသည် *Pure Science*၊ ပိုကြာကြာခံသော စက်ဘီး တာယာများ တီထွင်ခြင်းသည် *Applied Science*၊ မော်လီကျူး အသစ်ဖြင့် ဖွဲ့စည်းထားသော ပေါ်လီမာအသစ်ကို စက်ဘီးတာယာ ထုတ်လုပ်ရေးတွင် ဆွဲယူအသုံးချနိုင်သော အခါတွင် *Pure* က *Applied* ကို အကျိုးပြုခြင်း ဖြစ်လာသည်။

## သွားပေါ့ သွားပေါ့

ချမ်းချမ်းစီးစီး ထုတ်ယူထားရသော နမူနာများကို နည်းအလိုက် လေ့လာရန်အတွက် အခန်းအောင်းရပြန်သည်။ ညဉ့်နက်သည်အထိ နေရန် မလိုတော့။ စနေ၊ တနင်္ဂနွေမှာလည်း နည်းနည်းတော့ နားခွင့် ရလာပါပြီ။ ထုတ်ယူ ရရှိသော အဖြေများက စိတ်ဝင်စားစရာ ကောင်းနေလျှင် ဂရပ်အကြမ်းများ ဆွဲကြည့်ရသည်။ ထိုအဖြေကိုပင် ပေါ်ပေါ်လွင်လွင်နှင့် ထက်ထက်မြက်မြက်

ဖြစ်အောင် ဘယ်လို တင်ဆက်ရမည်ကို ကြံဆရသေး၏။ ထို့ကြောင့် ကျောင်းမွေးရေးခြံထဲသို့ မရောက်ဖြစ်။

ကျွန်တော်တို့ ခြံမှာ တစ်လတစ်ကြိမ်လောက်တော့ ပါတီလုပ်ဖြစ်သည်။ စည်ဘီယာတွေ၊ ဝိုင်ပုလင်းတွေနှင့် အမြည်းကလည်း ကျောင်းမွေးမြူရေးခြံထွက်ပစ္စည်းဖြင့် အလျှံပယ်။ အမဲသားကင်၊ သိုးသားကင်၊ ဝက်သားကင်၊ ကြက်ကြော်၊ ကြက်ဥကြော်။ ငုံးဥပင် ပါလိုက်သေးသည်။ သင်ကြားရေးမှ ဝန်ထမ်းများ၊ ခြံဝန်ထမ်း အပြင် ကျောင်းသူကျောင်းသား တချို့လည်း ပါသည်။ တခြားဌာနမှ ဆရာကြီးတွေလည်း ပါတတ်သည်။ ဒိန်ခဲ၊ အာလူးကြော်၊ ဘီယာနှင့် ဝိုင်တို့အတွက်တော့ တစ်ယောက် ၂ ဒေါ်လာစီ ကောက်လေ့ရှိသည်။

ဆောင်းတွင်းက ကျောင်းပိတ်ရက် ဖြစ်သည်။ နွေဦးပေါက် ဖြစ်သောစက်တင်ဘာ မတိုင်ခင်ကလေးတွင် ကျောင်းပြန်ဖွင့်သည်။ ထိုကျောင်းဖွင့်ရက်အတွက် လုပ်သော ပါတီတွင် ခြံရှိလူစုံနှင့် ဆုံရ၏။ ကျွန်တော် သုတေသနလုပ်နေစဉ်က ခင်မင်စွာ ကူညီခဲ့ကြသော ဝန်ထမ်းများနှင့် ပြန်ဆုံရသည်။ တစ်ဦးက "ဒီဗမာ(မြန်မာ)ပေါ့ကွာ၊ ဆောင်းတွင်း ချမ်းချမ်းစီးစီး သန်းခေါင်ယံကြီး နွားမတွေ ဖင်နှိုက်တာ"ဟု ရယ်စရာ လှမ်းပြောပါသည်။ ထိုတော့မှပင် ကျွန်တော့် နွားလေးကောင်ကို သတိရမိတော့သည်။ အဲဒီ နွားတွေကောဟု မေးကြည့်သောအခါ သတ်ပစ်လိုက်ပြီဟု ဘာမှ မဖြစ်သလို ဖြေပါသည်။ နို့ထွက်နှုန်းက ၆ ပိဿာ ဝန်းကျင်လောက် ရှိသော်လည်း ထို နို့ထွက်နှုန်းကို နို့စားနွားဟု မခေါ်ပေ။ ထို့ကြောင့် ပယ်ပစ်ခြင်း ဖြစ်နိုင်သည်။ နောက်တစ်ချက်မှာ နွားနို့ကို အစိမ်းတိုင်းသာ ပုလင်းသွပ် ရောင်းချကြသည် ဖြစ်ရာ နို့ပေးအတွက် မွေးသော နွားမတိုင်း ဆေးစစ်ပြီး မှတ်ပုံတင်ထားရသည်။ ကျွန်တော့်နွားမတွေက ဤလို ဆေးစစ်ခံပြီးသား ဖြစ်ချင်မှ ဖြစ်မည်။ ပြီးတော့ ဤနွားများကို ကျွန်တော့်သုတေသနအတွက်သာ စားစရိတ် ပေး၍ မွေးထားခြင်း ဖြစ်ရာ သုတေသန ပြီးသွားတော့ အစာကျွေးစရာ စရိတ် မရှိတော့။ ထို့ကြောင့် သတ်ပစ်သည်။ သတ်ပြီး ဘာလုပ်သလဲ ဆိုတော့ မီးရှို့ပစ်တာပေါ့ဟု ဖြေပါသည်။ နမြောစရာကြီး ဆိုသောအခါ မင်း နွားမတွေက အမတွေ၊ အသက်ကလည်း လေးငါးနှစ်ဟု ဖြေပါ၏။ သူတို့ဆီမှာ အသားစားနွားက အသက် နှစ်နှစ်ထက် မကြီး။ ထို့ပြင် အသားစားနွားမျိုးလည်း ဖြစ်ရသည်။ အထီးလည်း ဖြစ်ရသည်။ အိုမင်းသော နွားတို့၊ နို့ခန်း နွားမတို့ကျတော့ ခွေးစာ၊

ကြောင်စာ ဖြစ်သွားသည်။ နွားတွေ သေကြရသည်မှာ သူ့ထိုက်နှင့် သူ့ကံကြောင့် ဖြစ်မည်။ သို့သော် ကွမ်းသွေးရင့်ရောင် ထိုနွားမ လေးကောင်ကို ယနေ့ထိပင် မျက်စေ့ထဲမှ မထွက်။

**နောက်ဆုံးနွေဦး**

ရုရှားကဗျာဆရာ စာရေးဆရာကြီး ဘောရစ် ပတ်စတာနက်(ဒေါက်တာရှီဗားဂိုးရေးသူ) ရေးသည့် နောက်ဆုံးနွေဦး ဆိုသည်ကို စွဲနေမိ၏။ သုတေသနလုပ်ငန်းအပြီး နွေဦး ဝင်လာတော့(တခြားတစ်ဖက်မှာ တစ်ပိုင်းတန်းလန်း စထားသည့်) ပါရဂူ သုတေသနသာ ဆက်လုပ်ခွင့် မရပါက ဤနွေဦးသည် ကျွန်တော့်အတွက် နောက်ဆုံးနွေဦး ဖြစ်တော့မည်ဟု စဉ်းစားလိုက်မိသည်။

နွေဦးမို့ နေ့ရောင်ဝင်လာပြီး ရာသီဥတု နွေးစ ပြုလာ၏။ ကျွန်တော်တို့ မြန်မာပြည်အောက်ပိုင်းက စက်တင်ဘာရက်များလိုပင် နေပျော် ထိုင်ပျော်ရှိသည်။ နွေဦးပွဲတော်တွေ လုပ်ကြသည်။

ခြေခင်းလက်ခင်းသာသော တစ်ညနေတွင် ရုံးခန်းမှ ခဏထွက်ပြီး အပြင်အုတ်ခုံလေးတွင် ထိုင်မိ၏။ ခြံအဝင်ပေါက်က အပင်များကို ကြည့်မိတော့ အဖြူရောင်ပန်းပွင့်တွေ တွေ့ပြီး ကျွန်တော် မင်တက်မိ(ကြက်သေသေ)ရာက အားရပါးရ ရယ်ပစ်လိုက်မိသည်။ ဤနေရာနှင့် ရင်းရင်းနှီးနှီး နေခဲ့ရသည်မှာ နှစ်နှစ်ကျော်ပြီ။ ထိုအပင်များ၏ အရွယ်အစား၊ အပွေးအခေါက်နှင့် အရွက်တို့ကို ကြည့်ပြီး ကသစ်ပင်များဟုပင် ထင်ခဲ့၏။ ဩစတြေးလျသို့ ဝင်လာခဲ့သော ပထမနေ့က ပါသ့်လေယာဉ်ကွင်းပတ်လည်တွင် အပွင့်နီနီများ ဝေနေသော ကသစ်ပင်များကို စတွေ့ခဲ့သည်။ ထို့ကြောင့်ပင် သူတို့ဆီမှာလည်း ကသစ်ရှိပါလားဟု မှတ်ရာက ကသစ်ကို စွဲနေခြင်း ဖြစ်လိမ့်မည်။ ယခုကျမှ အပွင့်ဖြူဖြူတွေ တွေ့၍ သခွတ်ပင်တွေ ဖြစ်မှန်း သိသွားရသည်ကို ရယ်မောနေမိခြင်းဖြစ်သည်။ ကသစ်သည် တာဝတိံသာမှ သိကြား၏ပန်း။ သခွတ်က အသူရာပြည်မှ ပန်း။ *အပွင့်ဖြူဝါ သခွတ်ကိုသာ မြင်တော့မှ ဝတိံတွင် မဟုတ်ပါလားလို့ အသူရိန်တွေဟာ. .* ဆိုသော သီချင်းတစ်ပုဒ် ရှိသည်။ ငွေရောင် အဆင်းနှင့် သခွတ်ကို မြင်တော့မှ ကိုယ့် နေရာကနေ တခြား ရောက်နေမှန်း သိရသော အသူရာတို့ တာဝတိံသာ တက်ပြီး စစ်တိုက်ကြသည်ဟု ဆို၏။ ကျွန်တော်လည်း သခွတ်ပန်းကို မြင်ရပြန်လေပြီ။

**အရေးသံသရာ**

နည်းနည်းချင်း ရေးလာရင်းနှင့် ကျမ်းက တော်တော်ပြီးနေပြီဟု ကိုယ့်ကိုယ်ကိုယ် ထင်သည်။ အမှန်တော့ အဓိက အခန်းကြီးတွေ ကျန်နေသေး၏။ အများကြီး ရေးရသော *Review of Literature* အခန်းပဲ ပြီးသွားခြင်း ဖြစ်သည်။ အချော ရိုက်ထားမည် ပြင်တော့ ဆရာကြီးက ရိုက်တာ မြန်ပါတယ်၊ စောင့်ပါဦးဟု ပြောပြီး ကျန်အခန်းတွေ မြန်မြန်ရေးရန် တိုက်တွန်းသည်။ *Materials and Methods* အခန်းကတော့ အစတည်းက ရေးလာခဲ့၍ ဘာမျှ မပင်ပန်း။ ရလဒ်များ *Results* ကျတော့ အခက်အခဲ တွေ့လာသည်။ ကွင်စလန် တက္ကသိုလ်သည် သုတေသနသင်္ချာပညာ *Statistics* တွင် အားသန်လှလေရာ ကျွန်တော်လည်း သူတို့ လိုချင်သည့်အတိုင်း စမ်းကြည့်သည်။ နမူနာပေါင်း ငါးထောင်ကျော်သော ပထမအဆင့်မှာပင် အခက်အခဲ တွေ့တော့သည်။ ဌာနရှိ *stat* တာဝန်ခံနှင့် ဆွေးနွေးကြည့်သောအခါ တက္ကသိုလ်တွင် မိန်းဖရိမ်ခေါ် ကွန်ပျူတာကြီး တပ်ဆင်စ ဖြစ်ပြီး ဌာနတိုင်းသို့ သွယ်ပေးထားပြီး ဖြစ်၍ ကျွန်တော့် စာရင်းဇယားများကို ကွန်ပျူတာဖြင့် စစ်မည်ဟု ဆိုသည်။ ထိုအချိန် (၁၉၇၆)က အတွက်အချက်နှင့် ပတ်သက်လာလျှင် ဂဏန်းပေါင်းစက်လောက်ပဲ လူသိများသေးသည်။ ကွန်ပျူတာ ပေါ်ဦးစခေတ်ဟု ဆိုရမည်။ ထို့ကြောင့် လွယ်လွယ် တွက်မရ။ ယခုခေတ် ဆိုလျှင်တော့ ဘာမှခက်စရာ မရှိ။ ထိုစဉ်ကတော့ ကျွန်တော့် ကိန်းဂဏန်းများအတွက် သူတို့ ပရိုဂရမ် သပ်သပ် ပြန်ဆွဲရပါသည်။ သုံးရက်လောက်ကြာမှ အဖြေထွက်သည်။ ဘေးနှစ်ဖက် အပေါက်တွေ ပါသော စာရွက်တွေ တစ်ထပ်ကြီး ထွက်လာသည်။

ဤမျှ များပြားသော ဇယားများကို ကျမ်းထဲ ထည့်ပြရန်မှာ မလွယ်ပေ။ ထို့ကြောင့် ကိန်းဂဏန်းများကို နောက်ဆက်တွဲ *appendices* အဖြစ် တင်ပြပြီး အနှစ်ချုပ်ဇယား ပြန်ဆွဲကာ ပြန်စစ်ရပြန်သည်။ ဤလို ရှင်းထုတ်လိုက်သောအခါ ဖြေပြလို့ ကောင်းသွားသည်။

**ဆွေးနွေးချက်ပညာ**

ရှေ့ပိုင်းမှာ ရေးခဲ့ပြီးသည်ကို ပြန်ရေးပြရဦးမည်။ အဖြေ *results* ပြီးသွားသောအခါ ဆွေးနွေးချက် အခန်းကို ရေးရသည်။ ဤအခန်းကား ကျွန်တော် အားခဲထားသောအခန်း ဖြစ်၏။ ကျမ်းကိုးတွေ အများကြီး ဖတ်ခဲ့သည် ဖြစ်ရာ မိမိ ရရှိထားသော ရလဒ်များ၏ အကောင်း အညံ့ကို လျှောက်လဲချက် ကောင်း

ကောင်းပေးသည်။ အားပါးတရ ဆွေးနွေးလိုက်သည်မှာ စာမျက်နှာ ၃၀ ကျော်သွားသည်။ ဆရာကြီးထံ သွားပြတော့ များလွန်းတယ်ဟု ဝေဖန်သည်။ မင်းများများ ဆွေးနွေးထားရင် မင်းရဲ့ အဖြေတွေက မှားနေလို့ အကြီးအကျယ်လျှောက်လဲချက် ပေးနေရတဲ့ သဘောမျိုး ဖြစ်သွားမယ်၊ တိုတိုနဲ့ လိုရင်းကိုပဲ ခိုင်ခိုင်ခန့်ခန့် ဆွေးနွေးဟု ညွှန်ကြားပါသည်။ ပညာရလိုက်ပါ၏။ ပညာ ရလိုက်၍ ဝမ်းသာသော်လည်း အားပါးတရ လျှောက်လဲချက် ပေးထားရသည်များကို နှမြောလိုက်သည့် ဖြစ်ခြင်း။

ဆွေးနွေးချက် *Discussion* ၏ သဘောမှာ မိမိ ရထားသော အဖြေများက ယခင် ပညာရှင်များ၏ အဖြေများနှင့် သဘောချင်း ညီလျှင် ထိုသို့ ညီညွတ်ကြောင်း တင်ပြ၍ မိမိတွေ့ရှိချက်များ၏ ခိုင်ခံ့ပုံကို သက်သေထူရမည်။ ကွဲလွဲချက်များ ရှိနေလျှင်လည်း ကွဲလွဲနိုင်သော အခြေနေများကို တင်ပြပြီး ဒါကြောင့် မတူရတာပါဟု ဖြေရှင်းချက် ပေးရသည်။ ဤသို့ ဆွေးနွေးပြီးလျှင် နိဂုံးချုပ်ကောက်ချက်(တွေ့ရှိချက်) *conclusion* ကို ဆွဲရတော့မည် ဖြစ်ရာ ကိုယ့် ဆွေးနွေးချက်များက ရေပက်မဝင် ဖြစ်နေဖို့ လိုသည်။ ကျွန်တော်က ထိုသို့ အကွက်စေ့ချင်သည့် အပြင် ကိုယ် ဖတ်ထားသမျှကိုလည်း ထုတ်ကြွားပြနေချင်ပုံ ရသည်။ ဆရာကြီးကတော့ စစ်ဆေးအကဲဖြတ်ရမည့် စာစစ်သူ အမြင်မှ ကြည့်၍ ညွှန်ကြားခြင်း ဖြစ်ပါ၏။

## ဆွေးနွေးချက်အပြီး

ဆွေးနွေးချက်အခန်း ပြီးလျှင် နိဂုံးချုပ်ကောက်ချက်အခန်း *Conclusion* ကို ရေးရသည်။ သုတေသန၏ ရလဒ်အဖြေ ဖြစ်၏။ ထိုအခန်း ပြီးလျှင် *summary* ခေါ် လုပ်ငန်းစဉ်နှင့် တွေ့ရှိချက် အကျဉ်းချုပ် လာသည်။ ပြီးလျှင်တော့ ကျမ်းကိုး *Reference* အခန်း ဖြစ်သည်။ ကျမ်းကို ပြုစုရန်အတွက် ကက်တလောက်ကတ်များက အလွန် အကျိုးပြုသည်။ ထို့ကြောင့်ပင် ကျွန်တော် စပြီး ကျမ်းတွေ၊ ဆောင်းပါးတွေ ဖတ်ကတည်းက ကက်တလောက်ကတ်တွေ လုပ်ထားခဲ့သည်။ ကျမ်းကိုးပေးရာတွင် အမှားမခံ။ ဖူးစတော့၊ ကော်မာ၊ ဆီမီးကော်လံ၊ ကော်လံ၊ စာလုံးစောင်း၊ စာလုံးမည်းများကို မှား၍ မရ။ ကော်မာလေး တစ်ခု ကျန်နေခဲ့၍ မရ။ ကျမ်းတစ်ခုလုံး အမှားဘယ်နှချက် ပါနေသည်ဟု တွက်ရာတွင် ကော်မာတစ်ခု ကျန်နေခဲ့လျှင်လည်း အမှားတစ်ခုဟု တွက်ကြမည်သာ။ အယူအဆ လွဲခြင်းသည် ပထမတန်းစား အမှား(အမှားကြီး)၊ သဒ္ဒါ

မှားခြင်းသည် ဒုတိယတန်းစား အမှား(အမှားလတ်) ဖြစ်ပြီး ကော်မာတို့၊ စာလုံး *type* တို့ မှားခြင်းမှာ တတိယတန်းစား အမှား(အမှားလေး) ဖြစ်သည်။ အမှားကြီး ပါလျှင် ကျချင်ကျမည်၊ ပြန်ပြင်ခိုင်းတာမျိုး ဖြစ်ချင်ဖြစ်မည်။ ဘွဲ့လွန်ကျမ်းကို *Bachelor* စာတမ်း အဖြစ်ပဲ သတ်မှတ်လိုက်တာမျိုး ဖြစ်ချင်ဖြစ်မည်။ အမှားလတ်က သုံးလေးခုထက် များလို့ မရ။ ပြန်ပြင်ခိုင်းသည်။ အမှားလေးကိုတော့ သိပ်မများလွန်းလျှင် သူတို့ဘာသာ ပြင်ပေးပါသည်။ များလွန်းလျှင်တော့ ကျမ်း မရေးတတ်ဟု ဆိုပြီး ပြန်ပို့တာ/ချပစ်တာတို့ လုပ်ပါသည်။

ကြီးကြပ်သူ ဆရာက စာကိုယ်ကိုတော့ ဖတ်ပေးပါသည်။ ကျမ်းကိုးအပိုင်းကျတော့ လှန်၍ပင်မကြည့်။ ကိုယ်ညံ့လျှင် ကိုယ်ခံရုံပင်။ အချောရိုက်ပေးသူက အတွေ့အကြုံရှိသူ ဖြစ်လျှင်တော့ အမှားလေးတွေ ကင်းသလောက်နီးပါးရှိသည်။ ထို့ကြောင့် အချောရိုက်ပေးဖို့ စိတ်ချရသူ ရှာရပြန်၏။ မြန်မာကျောင်းသူ တစ်ဦး၏ ပါရဂူကျမ်းအတွက် ကူညီပေးစဉ် သူ့ကျမ်းကို ရိုက်ပေးသောလက်နှိပ်စက် ကျွမ်းကျင်အမျိုးသမီးနှင့် ခင်မင်သွားခဲ့သည်။ ရိုက်နေကျ ဖြစ်၍ မြန်လည်းမြန်၊ မှန်လည်းမှန်မို့ ရင်အေးရပြီဟု တထစ်ချ မှတ်လိုက်မိပါသည်။ တကယ်တော့ မအေးရပါ။ အသေးအဖွဲ အမှားလေးတွေ ပြန်ကြည့်၊ ပြန်မြင်ရ ပြန်သည်။ စင်းလုံးချော ကောင်းပြီး ဟန်ကျပြီဟု ထင်၍ ဆရာကြီးထံ *final copy* အဖြစ် တင်တော့ သူက စိတ်တိုင်းကျ ပြန်ပြင်ပြန်သည်။ ကွန်ပျူတာ *DTP* ခေတ် ရောက်ဖို့ ၁၀ နှစ်ကျော်ကျော်လောက် လိုနေသေးသည် ဖြစ်ရာ စာမျက်နှာ ၄၀ လောက် ရိုက်ပြီးခါမှ ရှေ့ပိုင်း ထပ်ပြင်လိုက်၍ စာမျက်နှာတွေ မှားကုန်သောကြောင့် အစက ပြန်ရိုက်ရပြန်ပါသည်။

## ရာဇသံ

သုတေသနက ဩဂုတ်လကုန်လုနီးတွင် ပြီးသွားသည်။ သုတေသနအတွက် တကယ် ကျွန်တော် သုံးခဲ့ရသည့် အချိန်က ၁၄ လလောက်ပဲ ရှိပါသည်။ ထို ၁၄ လတွင် နွားတွေ ဝယ်မပေးသေး၍ စောင့်နေရသော အချိန်တွေက သုံးလခန့် ပါသည်။ သို့သော် အရည်ချင်းစစ်က တစ်နှစ်၊ ဟိုဟိုဒီဒီ လျှောက်လွှတ်နေတာကလည်း တစ်နှစ်နီးပါး ဖြစ်၍ သုတေသန အပြီးတွင် မူလ ခွင့်ပြုချက် ၃ နှစ်နှင့် နောက်ထပ် ခွင့်ပြုချက် ၆ လ- ပေါင်း သုံးနှစ်ခွဲက ပြည့်တော့မည်။ ထို့ကြောင့် သက်ဆိုင်ရာက ကျွန်တော့်အား ပြန်လာရန် ခေါ်နေလေပြီ။ တက္ကသိုလ်နှင့် ပညာရေးဌာနက ထိုအချက်ကို လက်မခံ။ တွေ့ရှိချက်များ

အချောသပ်ရန်နှင့် ကျမ်းရေးရန် အတွက် သူတို့ ထပ်တောင်းပေးမည်။ မပြန်နှင့်ဟု ဆို၏။ ပြန်ပြီး ဟိုကနေ ရေးတင်မယ် ဆိုတဲ့ ကျောင်းသား အားလုံး ကျမ်းပြန်မတင်နိုင်ကြဘူး၊ ဒီတော့ မင်းက အပြီးသတ် စာရင်းပြုစုတာတွေ တောင် မပြီးသေးဘူး၊ မပြန်နဲ့ဟု တားကြပါသည်။ ကျွန်တော်ကလည်း ထိုသို့ ပင် သဘောရပါသည်။ ထိုခေတ်က ပညာတော်သင်များ ကားသွင်းခွင့် ရသည်။ ထို့အတွက် ကျွန်တော် စုဆောင်းထားသောငွေ ရှိပါသည်။ များတော့ မများပါ။ ကားဟောင်း ခပ်စုတ်စုတ် တစ်စီးစာ ဖြစ်သော ဒေါ်လာ တစ်ထောင်လောက် သာ ဖြစ်သည်။ တိုင်းပြည်က ဆက်တက်ခွင့် မပြုသောကြောင့် ဩစတြေးလျ အစိုးရကပါ ထောက်ပံ့ကြေး ရပ်ဆိုင်းလိုက်လျှင် ထိုငွေများဖြင့် ဆက်လက် နေထိုင်ပြီး အပြီးအစီး လုပ်သွားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

အောက်တိုဘာကုန်အပြီး နိုဝင်ဘာလဆန်းတွင် ဩစတြေးလျ ပညာရေးဌာနက သူတို့ ဆက်လက် ထောက်ပံ့မည် ဖြစ်ကြောင်း အကြောင်း ကြားသည်။ ဒီဇင်ဘာလကုန်အထိ ထောက်ပံ့ကြေး ဆက်ပေးမည်။ သို့သော် ဤအရစ်သည် ယခု လက်ရှိ လုပ်နေသော ဘွဲ့လွန်ဒီဂရီအတွက် နောက်ဆုံး အရစ် ဖြစ်ကြောင်း အသေအချာ မှတ်သားပါဟု ဆို၏။

နောက်များမကြာခင်ပင် မြန်မာပြည် ပညာရေးဝန်ကြီးဌာန၏ အလားတူ ခွင့်ပြုချက်မျိုး ရပါသည်။

# ၂၀

# မောင့်ကူသာတောင်ထိပ်မှ

## ဖြိုးပါဖြိုး

ထိုနှစ် ဒီဇင်ဘာကား ကျွန်တော်အတွက် အတော်ကြီး ထူးခြားဆန်းပြားသည်ဟု ပြောရမည်ထင်သည်။ အောက်တိုဘာလကုန် အထိသာ ခွင့်ပြုချက် ရထားပြီး ဖြစ်သော်လည်း ကျမ်းကို ရေးမပြီးနိုင်သေးသဖြင့် အောက်တိုဘာလကုန်မှာ အပြီးသတ်နိုင်ဖွယ် မမြင်။ လလယ်လောက်တွင် ပညာရေးအရာရှိ(နောက်လူ) *Michael Lowe* က လကုန်လျှင် မြန်မာပြည် ပြန်ရန် အသင့်လုပ်ထားဖို့ အကြောင်းကြားသည်။

ဆရာကြီးထံသို့လည်း အကြောင်းကြားလေရာ ဆရာကြီးက ခါးခါးသီးသီး ငြင်းသည်။ မင်း ပြီးအောင်သာ ဆက်လုပ်၊ ငါ ရအောင် တောင်းပေးမယ်ဟု ဆိုသည်။ ပညာရေးဌာနမှ လူကြီးတစ်ဦးက ကိုယ်တိုင် လာရောက်စစ်ဆေးသည်ဟု နောက်တော့ ပြန်သိရသည်။ ကျွန်တော်၏ ဆောင်ရွက်နေမှုများကို ကျေနပ်သောကြောင့် မြန်မာပြည်က ခွင့်မပြုစေကာမူ သူတို့က ထောက်ပံ့ကြေး ဆက်ပေးထားမည် ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဒီဇင်ဘာလကုန်အထိ ခွင့်ပြုခြင်းမှာ နောက်ဆုံးအကြိမ် ဖြစ်ကြောင်း၊ မည်သို့သော အခြေ

အနေတွင်မှ ရက်ထပ်တိုးပေးလိမ့်မည်မဟုတ်ကြောင်း အကြောင်းကြားလာပါသည်။ ကျွန်တော်ကတော့ ဘယ်သူမှ တိုးမပေးလည်း ရှိတာလေး ချွေတာစားသောက်ပြီး ကျမ်းကို အပြီးရေးသွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ မြန်မာပြည်ကျမှ အပြီးသတ် ရေးတင်မည်ဆိုလျှင် တင်ဖြစ်တော့မည်မထင်။ ဤလိုနှင့် မတင်ဖြစ်သူတွေက အများကြီး။ ကျွန်တော့်နောက်မှ ပြန်လာသူ တစ်ဦးပင် ကျမ်းမတင်နိုင်။ ရှေ့မှာလည်း ဥပမာတွေ ရှိနှင့်ပြီ။ တစ်မျက်နှာလောက် ပြန်ပြင်ဖို့၊ တစ်ခန်းလောက် အသစ် ပြန်ရေးဖို့ ဆိုပြီး ကျမ်း (မူကြမ်း) ကို ပြန်ပို့ပေးခြင်း ခံရသူတွေ တစ်ယောက်မှ မတင်ဖြစ်ကြ။ ဘွဲ့မရကြ။ သူတို့၏ လုပ်ငန်းသဘော အရ ဘွဲ့လွန်ဒီဂရီ ထပ်မရ၍ ဘာမှမဖြစ်။ ကျွန်တော်ကတော့ ပညာရေးဝန်ထမ်းဖြစ်ရာ ဘွဲ့မရလျှင် ရှေ့ရေး စုန်းစုန်းမြုပ်သွားမည်။

ဒီဇင်ဘာလဆန်းအထိ ကျမ်းကို အားသွန်ခွန်စိုက် ရေးနေခဲ့ရ၏။ အကြမ်း သွားပြလိုက်၊ အချော ရိုက်လိုက်၊ အချော သွားပြလိုက်၊ ပြန် ပြရ လိုက်နှင့် ရုပ်လုံးပုံကြမ်း ပေါ်လာပြီ။ လိုသော ပုံများ၊ ဇယားများ၊ ဂရပ်များအတွက် အချောသပ်ရပြန်သည်။ ဒီဇင်ဘာလလယ်လောက်တွင် ပြီးသလောက်နီးပါး ရှိသွားသည်။ ဒီဇင်ဘာ ၂၀ တစ်ဝိုက်တွင် ကျွန်တော့်ဘက်မှ လုပ်စရာတွေ အားလုံး ပြီးသွားသည်။ ဆရာကြီးကလည်း *Conclusion* နိဂုံးအခန်းအထိ ဖတ်ပေးပြီးသွားပြီ။ ကျမ်း၏ အကျဉ်းချုပ် *Summary*၊ ကျမ်းကိုး *Reference* နှင့် နောက်ဆက်တွေ *Appendices* များအတွက် အမှားအယွင်း မရှိ ပြုစုပေးရန်သာ ကျန်တော့သည်။ ထို အပိုင်းများကတော့ ကိုယ့်အားကိုယ်ကိုးရမည့် အပိုင်းများ ဖြစ်သည်။ နောက်ဆက်တွဲမှာ လေ့လာတွေ့ရှိရသမျှ၏ စာရင်းပေါင်းချုပ်နှင့် လုပ်ငန်းရှင်းလင်းချက်များ ဖြစ်သည်။

ခရစ္စမတ် မတိုင်မီ နှစ်ရက် အလိုမှာ အားလုံး အပြီးသတ်ပြီး လက်နှိပ်စက်ရိုက်သူထံ ပို့ပေးနိုင်လိုက်ပါသည်။

## ကားမှောက်ခြင်း

ကားမှောက်သည်ဟု ဆိုသော်လည်း ကား လုံးဝ မှောက်သွားခြင်း မဟုတ်ပါ။ ကားကြီးကို တစ်နာရီ ၈၅ မိုင်နှုန်းဖြင့် မောင်းလာရာက ချော်ထွက်ပြီး လည်သွားခြင်း ဖြစ်သည်။ ကားကို ဂရုစိုက် ထိန်းနေရင်းက ကျွန်တော်သည် ရတနာသုံးပါး၊ မိဘနှစ်ပါးနှင့် သားချင်းများကို လည်းကောင်း၊ ဆရာများကို လည်းကောင်း တွေးနေမိခဲ့ပါသည်။ ရေးပြီးသွားသော ကျမ်းကိုလည်း နှမြော

နေမိသည်။ ဤမျှ အရှိန်ကြီးဖြင့် တောင်ဆင်းလမ်း မြေပြင်တွင် ချာလည်ပတ် ယမ်းနေသော ကားကြီးပေါ်တွင် ပါလာသူ ကျွန်တော်သည် ကံကောင်းလျှင် ခြေတစ်ဖက်၊ လက်တစ်ဖက်လောက်ပဲ ဆုံးပြီး မြန်မာပြည် ပြန်ရောက်မည်။ ဆရာ မင်းသုဝဏ်၏ 'သူမှာတမ်း'ကဗျာမှ 'အားနာ'ဆိုသည့် စကားလုံးကိုပင် သတိရမိခဲ့ပါသေးသည်။ မှန်ပါသည်။ ကျွန်တော် ချာလည်ပတ်ယမ်းနေခဲ့သည် မှာ အနည်းဆုံးတော့ ငါးမိနစ်ခန့် ရှိမည်။ သို့သော် အလွန် ကံကောင်းလှစွာနှင့် ပင် ကျွန်တော် အပွန်းအပဲ့ တစ်ချက်ပင် မရရှိဘဲ လွတ်မြောက်ခဲ့ပါသည်။ သစ်ပင်တွေကြား ဝင်သွားလိုက်၊ ချောက်နှုတ်ခမ်းပါးကနေ ပြန်ထွက်လာ လိုက်နှင့် ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့သော ကား၏ စွပ်ကြောင်းရာကို နံနက်ကျမှ ပြန်မြင်ပြီး ကျွန်တော် အလွန်ကြောက်လန့်စွာ တုန်နေခဲ့ရပါ၏။ ထိုညကား ခရစ္စမတ် အကြို။ အချိန်ကား ခရစ္စမတ်နေ့သို့ ကူးပြီးစ အချိန်။

ကျွန်တော် တကယ့်ကို ကံကောင်းခဲ့ခြင်း ဖြစ်သည်။ ကားကလည်း မြောင်းငယ် တစ်ခုထဲ ထိုးကျသွား၍ အင်ဂျင်အောက်ခံအပိတ် *Sump* ကွဲသွား ရုံသာ ဖြစ်သည်။ အလွန် ကံကောင်းခဲ့ခြင်း ဖြစ်ပါ၏။ ထိုမတိုင်ခင် နှစ်လတိတိ (အောက်တိုဘာ ၂၄ ည)ကလည်း ကျွန်တော် ထိပေါက်လိုက်သေးသည်။ ဘာမှ စုဆောင်းမိသူ မဟုတ်သဖြင့် ကား ဝယ်ရန် အလောတော် ဖြစ်သွားခဲ့ပါသည်။ သီးသန့် ရေးရဦးမည်။

## နောက်ထပ် ရာဇသံ

ဒီဇင်ဘာ ၂၈ လောက်တွင် ကြေးနန်းတစ်စောင် ဝင်လာသည်။ ပညာရေးအရာ ရှိက သူ့ထံ တယ်လီဖုန်းဆက်ဖို့ ကြေးနန်းပို့လိုက်ခြင်း ဖြစ်သည်။ ဆက်သွယ် လိုက်တော့ ဒီဇင်ဘာ ၃၁ ရက်နေ့ နံနက် ၁၀ နာရီ လေယာဉ်ဖြင့် စီစဉ်ထား ပြီးပြီ၊ ထိုနေ့ နံနက် ၈ နာရီမှာ အသင့်စောင့်နေပါဟု ဆိုသည်။

ကျွန်တော်က ပြန်ရန် အသင့် မဖြစ်သေး။ လက်နှိပ်စက် ရိုက်သူက ခရစ္စမတ်မှာ နှစ်ရက်လောက် နားနေသည်။ ရိုက်ပြီးသမျှကို မိတ္တူဆွဲဖို့မှာက လည်း စာမျက်နှာမှာ နံပါတ် မတပ်ရသေး။ အားလုံး ပြီးမှ မာတိကာကို စဉ်ရ မည်။ ဘယ်လိုမှ မမီ။ မင်းတို့ လေယာဉ်လက်မှတ် ပြန်အပ်လိုက်ပါ။ ငါ မပြီးမချင်း မပြန်ဘူး။ ပိုက်ဆံအတွက်လည်း ပူမနေနဲ့။ လေယာဉ်စရိတ် ငါ ပေးရမယ် ဆိုလည်း ပေးမယ် . . .

*ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား*

ပန်းတိုင်ကို မြင်နေရချိန်မှာ ကျွန်တော် ခြေခေါက်လဲကျ၍ မဖြစ်တော့ပေ။

## နောက်ဆုံးရက်များ

နှစ်သစ်ကူးသွားပါပြီ။ မုန်တိုင်းဝင်၍ မိုးတွေ ရွာနေသည်။ လက်နှိပ်စက် ရိုက်ပေးသူကလည်း ကြိုးစားရှာပါသည်။ သူ ရိုက်ပြီးသမျှတွေကို ကော်မာတို့၊ ဆီမီး ကော်လံတို့က အစ သေသေချာချာ စစ်ရ၏။ အလုပ်ဝင်စတုန်းက သတင်းဂျာနယ်တွင် အယ်ဒီတာ လုပ်ခဲ့ရသည့် အတွေ့အကြုံများမှာ ဤနေရာတွင် အလွန် အသုံးဝင်သည်။ ကိုလှအောင်(အထောက်တော် ဦးလှအောင်)က ကျွန်တော့်ကို အရင်ဆုံး လေ့ကျင့်သင်ကြားပေးသည်မှာ စာပြင်နည်း ဖြစ်သည်။ ထိုအချိန်မှ စ၍ ရရှိလာခဲ့သော 'စာပြင်ဆရာ မျက်စိ'သည် ယခုတိုင် အသုံးဝင်ဆဲ ဖြစ်ပါ၏။

ကျမ်းနှင့် ပတ်သက်သော ကိစ္စတွေ ပထမအပတ်အတွင်း ပြီးစီးရန် ကျိန်းသေသွားသောအခါ ပညာရေးဌာနကို လည်းကောင်း၊ တက္ကသိုလ်မှ ကျွန်တော် လုပ်ကိုင်ရာဌာနကို လည်းကောင်း အသိပေးလိုက်ရပါသည်။ ပညာရေးဌာနက ကျွန်တော်အတွက် ဇန္နဝါရီ ၁၀ ရက်နေ့ နံနက် ၁၀ နာရီ လေယာဉ်တွင် ဘွတ်ကင် ချိတ်ထားပြီး ဖြစ်ကြောင်း အကြောင်းကြားသည်။ ဌာနကလည်း ၈ ရက်နေ့ ကြာသပတေးညတွင် နှုတ်ဆက်ပါတီ ပေးမည် ဖြစ်ကြောင်း အကြောင်းကြားသည်။

## ဇန္နဝါရီ ၈ ရက်၊ ကြာသပတေး

တက္ကသိုလ်၏ မိတ္တူကူးဌာနတွင် မိတ္တူပွားသည်။ ပညာရေးဝန်ကြီးဌာနက ကျွန်တော်တို့ ပညာသင်တွေ ပြန်လာလျှင် ကျမ်းမိတ္တူ သုံးစောင် ပေးရမည်ဟု ညွှန်ကြားထားခဲ့၏။ ထို့ကြောင့် ကျမ်းကို မိတ္တူ ၇ စောင် ထပ်ကူးရသည်။ ကျွန်တော် သယ်ယူသွားရန် တစ်စောင်၊ တက္ကသိုလ်သို့ တင်ရန် ၄ စောင်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးအတွက် ၃ စောင် စုစုပေါင်း ၈ စောင် ဖြစ်ရန် မိတ္တူပွားရခြင်း ဖြစ်သည်။ အတော် လက်ဝင်သော အလုပ် ဖြစ်သော်လည်း လက်နှိပ်စက် ရိုက်ပေးသူက ဟာဝန်ယူပေးပါသည်။ သူ့ယောက်ျားကပါ ခွင့်ယူ၍ ကူလုပ်ပေးသည်။ ကျွန်တော် အပါအဝင် သုံးယောက် ဝိုင်းဝန်းလုပ်ကိုင်ကြသည့်တိုင် ညနေ သုံးနာရီကျမှ ကူးပြီးသည်။ ကျမ်းက တော်တော်ထူသော

ကြောင့် ဖြစ်၏။ ကူးနေဆဲမှာ အိမ်ပြန်၍ ပန်းချီကားနှစ်ကား ယူပြီး ကုန်မာဆိုင်သို့ ပြေးရ၏။ ဘောင်တပ်ပေးဖို့ ခိုင်းသောအခါ တစ်ပတ် ကြာမည်ဟု ဆိုသည်။ မြန်မြန် တပ်ပေးလို့ မရဘူးလားဟု မေးတော့ မရဟု ငြင်းသည်။

## ပါတီ

စာရွက်တွေ ရသလောက် စီနေရင်းက ငါးနာရီထိုးတော့ အထုပ်လိုက်ကြီးကို သယ်ပြီး ဌာနသို့ ယူသွားရသည်။ ပါမောက္ခကြီး၏ အခန်းကော်ဇောပေါ်တွင် နေသားတကျ ချပြီး အိမ်အမြန် ပြေးကာ ရေမိုးချိုးပြီး အဝတ်အစားကောင်းကောင်း ဝတ်ရသည်။

ပါတီရောက်တော့ လူစုံနေပြီ။ ပညာရေးအရာရှိ မိုက်ကယ်က ခဏပဲ နေပြီး ပြန်သွားသည်။ ဌာနမှူးပါမောက္ခက စကားပြောသည်။ ပြီးတော့ ကျွန်တော့်ဆရာ ပါမောက္ခကြီးက စကားပြောသည်။ ပြီးတော့ ကျွန်တော့်ကို ပြောခိုင်းကြသည်။ ကျွန်တော်က ကျွန်တော့်အား ကူညီခဲ့ကြသူ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောပြီ ဌာနအတွက် အမှတ်တရလက်ဆောင် ပေးပါရစေဟု ခွင့်တောင်းကာ ကျွန်တော့် ပန်းချီကား နှစ်ချပ် လက်ဆောင်ပေးပါသည်။ *Anonymity* (အမည်မဲ့ခြင်း)နှင့် နောက်ပန်းချီကား အသေးတစ်ချပ်*(Just Another Tree 3)*တို့ ဖြစ်၏။ ဘောင် သွားတပ်သော်လည်း အချိန်မမီသဖြင့် ကျွန်တော့်ကိုယ်စား ဆောင်ရွက် ပေးပါဟု အတွင်းရေးမှူး အမျိုးသမီးကို တိုးတိုး ကပ်မှာရင်း ကျသင့်ငွေကို ပေးသောအခါ ပေးစရာ မလိုဘူး၊ ဌာနရန်ပုံငွေနဲ့ ငါတို့ ဘောင်တပ်လိုက်မယ်ဟု ပြောပါသည်။ (နှောင် ဆယ်နှစ်လောက် အကြာတွင် ညီမငယ်တစ်ဦး ထိုဌာနသို့ ပညာတော်သင် ရောက်သွားသည်။ ကျွန်တော့် နာမည်ကို ပြောပြလိုက်သောအခါ ပန်းချီဆရာလားဟု ပြန်အတည်ပြုကြောင်း သိရပါသည်)

## ရိုက်ချက်

ပါတီမှာ လူစုံသည်။ သူတို့နှင့် ဘီယာခွက်ချင်း ဆိုင်ရ၍ ကျွန်တော် တော်တော် 'ထိ'ပါသည်။ ဆက်လုပ်ရဦးမည့် အလုပ်ကို သတိရသဖြင့် ဒိန်ခဲများများ စားပြီး ထိန်းနေရ၏။ ပီအိပ်ချ်ဒီ လုပ်နေသော ကျောင်းသားတစ်ဦးက တို့ဌာနမှာ ဒီလို ပါတီ မပေးဖူးဘူး၊ မင်းကို စပယ်ရှယ် ဂုဏ်ပြုတာဟု ပြော၏။ ဘာ ဂုဏ်ပြုစရာ ရှိလဲကွာ၊ ငါက မဟာဘွဲ့ပဲ လုပ်တာဟု ဆိုတော့ ဒီဌာနရဲ့ ၁၀

နှစ်ကာလ ရာဇဝင်မှာ ကျမ်းအပြီး တင်သွားနိုင်တာ မင်းပဲ ရှိတယ်လေဟု ပြောသဖြင့် အတော်ကြီး မြောက်ကြွကြွ ဖြစ်သွားရသည်။ ကျွန်တော် မိတ်ဆွေ ကောင်းကြီး(ပညာရေးအရာရှိဟောင်း) ရစ်ချတ် ဟက်ကက်ကလည်း ဘေးနား မှာ နားထောင်နေရင်း တပြုံးပြုံး ဖြစ်နေ၏။ ရှစ်နာရီလောက်ကျတော့ လူစုံစ ပြုလာသည်။ ရစ်ချတ် ဟတ်ကက်က ပြန်ဝင်လာပြီး ကျွန်တော့်ကို တိုးတိုးခေါ် ထုတ်၏။ ပြီးတော့ လှန်လျက်သား ဖိုင်တစ်ခုကို ပြပါသည်။ စာတစ်စောင်။

ထိုစာမှာ ကျွန်တော်နှင့် ပတ်သက်နေသည်။ ကျမ်း ရေးနေဆဲ ကာ လတွင် အညာရှိ *James Cook* တက္ကသိုလ်တွင် *Ph.D.*လုပ်ရန် လုပ်ငန်းရှိ မရှိ ကျွန်တော် လှမ်းမေးဖူးသည်။ ဌာနမှူး ပါမောက္ခက ယခုလောလောဆယ် မရှိသေးကြောင်း ပြန်စာကို ကျွန်တော့်ထံ ပြန်ရေးပို့လိုက်သည်မှာ နှစ်လလောက် ရှိပြီ။ ယခု တွေ့ရသော စာမှာ ထိုတက္ကသိုလ်က လှမ်း စုံစမ်းသောစာ ဖြစ်၏။ အောက်တွင် ဌာနမှူး ပြန်ကြားစာ ရှိနေသည်။ ကျွန်တော်သည် အင်္ဂလိပ်စာ လည်း ကျေနပ်ဖွယ် မရှိ၊ သုတေသနလုပ်ရာတွင်လည်း အစွမ်းအစ မပြနိုင် ဆိုသော မှတ်ချက်များ ပေးထားသည့် ပြန်ကြားစာ ဖြစ်သည်။ ကျွန်တော် အပေါင်းအသင်း မတတ်ခဲ့ခြင်း၏ ရိုက်ချက်ပင်။ ရစ်ချဒ် ဟတ်ကက်က အတော် ဒေါ်ပွပြီး နံရံကို လက်သီးဖြင့် ထိုးနေသည်။ လောရင့်တို့၊ ဟက်စ်တို့၊ ကာ ဖကာတို့ကို မင်း ပေးတော့မှ ငါ ဖတ်ဖူးခဲ့တာဟု ဆက်ပြောနေသည်။

## လုံခြုံရေးက စစ်ဆေးခံရ

ပါတီပွဲ ပြီးသွားတော့ ကျွန်တော့်စာရွက်တွေ ရှိရာ အခန်းထဲ ဝင်ပြီး ကုတ်အင်္ကျီ ချွတ်၊ လည်စီး ချွတ်ကာ စာရွက်တွေ စီရသည်။ စီရင်း စီရင်းနှင့် ဘီယာတန်ခိုး ကြောင့် ကျွန်တော် အိပ်ပျော်သွားသည်။ မျက်နှာကို ဓာတ်မီးရောင်ဖြင့် ထိုးပြီး နှိုးသံကြားရတော့မှ ကော်ဇောပေါ် မှ လူးလဲထရသည်။ နာရီ ကြည့်လိုက်တော့ သန်းခေါင်ကျော် ၂ နာရီ။ တက္ကသိုလ်မှ လုံခြုံရေးအစောင့်များ ဖြစ်ကြပါသည်။ မီးလင်းနေလို့ လာစစ်တာဟု ပြောပြီး သဘောလောက် မေးမြန်းကြကာ ပြန် သွားပါသည်။

သူတို့ဆီက အဆောက်အဦတွေမှာ ခြံဝင်း သော့ခတ်တာတို့၊ သံ ဆန်ခါ အလုံပိတ် ကာပြီး သံတံခါး တပ်ထားတာတို့ မရှိ။ ထို့အတူပင် နေ့စောင့် ညစောင့် ဆိုတာလည်း မရှိ။ ညနေ ငါးနာရီကျော်လျှင် *Security* ဟု ခေါ်သော လုံခြုံရေး ဝန်ထမ်းတွေ  ရောက်လာကြသည်။ အဆောက်အဦများ လုံခြုံရေး

အတွက် ငှားထားသော ကုမ္ပဏီမှ ဝန်ထမ်းများ ဖြစ်သည်။ တစ်ညလုံး ကားများဖြင့် ပတ်နေပြီး စစ်တန်သည်ကို ဝင်စစ်သည်။ အခန်းတိုင်းကို ဖွင့်နိုင်သော *Master Key* များ ပေးထားရသည်။ အရေးအကြောင်း ရှိလျှင် သုံးစွဲရန် သေနတ်များ ပါသည်။

လုံခြုံရေးတွေ လာစစ်သောကြောင့် မျက်စိကျယ်သွား၍ အလုပ်ပြီးအောင် ဆက်လုပ်ရသည်။ နံနက်အရုဏ်တက်မှ အားလုံး ပြီးသွားသည်။ အခန်းထဲမှာပဲ ထားခဲ့ကာ အိမ်ပြန်လာခဲ့ပါ၏။

## ဇန္နဝါရီ ၉ ရက်၊ သောကြာနေ့

စာမူကို အကြမ်းချုပ်ပေးမည့် ဌာနက ကျွန်တော်တို့ဌာန အနီးမှာပဲ ရှိသည်။ ဌာနမှ ကြိုတင်စီစဉ်ပေးထားသောကြောင့် နံနက် ၉ နာရီတွင် သွားအပ်သည်ကို မွန်းလွဲ ၂ နာရီခွဲတွင် ရမည်ဟု အာမခံလိုက်သည်။ စာစစ်သူများထံသို့ တင်ပြရန်အတွက် အကြမ်းချုပ်ခြင်းမှာ အဖုံးတပ်၍ ချုပ်ပင်ဖြင့် ချုပ်ပေးရန်သာ လိုသည်။ စာအုပ်အဖြစ် တင်ခွင့် မရှိ။ ဖတ်ရှု စစ်ဆေး၍ ကျေနပ်ကြောင်း အတည်ပြုပြီးတော့မှသာ ခန့်ချုပ်ကို တက္ကသိုလ်မှ တာဝန်ယူ ချုပ်ပေးမည် ဖြစ်သည်။

မွန်းလွဲ ၂း ၃၀ တွင် စာအုပ် ၈ အုပ် ရသည်။ မော်ကွန်းထိန်းရုံးသို့ ပေးရန် ရုံးစာကိုလည်း အတွင်းရေးမှူးက အသင့်ပြင်ထားပြီးပြီ။ မော်ကွန်းထိန်းရုံးသို့ သွားတင်သောအခါ လေးအုပ်ပဲ လက်ခံသည်။ သူတို့ ထုံးစံအရ လေးအုပ်သာ တင်ရသောကြောင့် ဖြစ်၏။ ထို လေးအုပ်ကိုပဲ မှတ်တမ်းသွင်းပြီးလျှင် ဌာနသို့ ပြန်ပို့မည်။ ဌာနက စာစစ်အဖွဲ့ဖွဲ့၍ ဖတ်ရှုစစ်ဆေးကြမည်။ ကျေနပ်လျှင် မော်ကွန်းထိန်းရုံး ပြန်ပို့၊ ရုံးက အခန့်ချုပ်၊ ရွှေစာလုံး တပ်ပြီး ဗဟို စာကြည့်တိုက် တစ်အုပ်၊ ဌာန စာကြည့်တိုက် တစ်အုပ်၊ ကြီးကြပ်သူ ပါမောက္ခကြီးအတွက် တစ်အုပ်နှင့် ကျွန်တော့်အတွက် တစ်အုပ် ပြန်ပေးလိမ့်မည်။

အပို မိတ္တူ သုံးစောင်ကို ဌာနမှ အုပ်ချုပ်ရေး အရာရှိသို့ ပြန်အပ်ခဲ့ရသည်။ အချော ချုပ်လျှင် ထည့်ချုပ်ပြီး ပြန်ပို့ပေးပါဟု ပန်ကြားခဲ့ရသည်။ (ထိုစာအုပ်များ ရောက်မလာပါ။ အမှန်တော့ ထိုအကြမ်းများကိုပင် ယူလာပြီး ဝန်ကြီးဌာနသို့ ပေးလိုက်သင့်သည်။)

မော်ကွန်းထိန်းရုံးမှ ပြန်ထွက်လာတော့ လေးနာရီခွဲပြီ။ ကျွန်တော့် မဟာဘွဲ့ ခရီးရှည်ကြီး၏ ဇာတ်သိမ်းချိန် ဖြစ်ပါသည်။ တက္ကသိုလ် အလယ်ရှိ

*ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား*

*Great Court* ခေါ် ကွင်းပြင်ကြီးထဲသို့ နောက်ဆုံးအကြိမ် အဖြစ် ကျွန်တော် လျှောက်ကြည့်မိသည်။ ပတ်ပတ်လည်မှ အဆောက်အဦ စကြံန်လမ်းများ၏ တိုင်များပေါ်မှ ကျောက်ဆစ်ပန်းပု *gargoyle* များက နွေနေရောင်တွင် ဝင်းနေကြသည်။ ကွင်းပြင် အစပ်မှ စိန်ပန်းပြာများတွင်တော့ လက်ကျန် ခရမ်းပြာများ ကျိုးတိုးကျဲတဲ ရှိနေဆဲ။ ပျံလွှားလေးများ ခိုနားရာ မျှော်စင်ကြီးကတော့ *A PLACE of Light, Liberty and of Learning* ဆိုသည့် စာလုံးကြီးများဖြင့် သိက္ခာကြီးနေဆဲ။

နှုတ်ဆက်ပါရဲ့ တက္ကသိုလ် . . . ။

## မောင်ကုသ

သောကြာနေ့ ညနေပိုင်းတွင် ဈေးအဝယ်ထွက်တတ်ကြသည်မို့ အိမ်အပြန်တွင် လူရှင်းနေသည်။ အားပါးတရ ရေမိုးချိုးပြီး ကားမောင်းထွက်လာခဲ့သည်။ ကျွန်တော် နေထိုင်သော တူဝေါင်း*(Toowong)*ရပ်ကွက်၏ အရှေ့တောင်ကျကျတွင် မောင့်ကူသာ*(Mt Cotha)* အမည်ရှိ တောင်တစ်တောင် ရှိ၏။ ထီးတည်းစူထွက်နေသော တောင်ထိး ဖြစ်သည်။ ပေ ၅၀၀ လောက် မြင့်မည်။ ထိုတောင်ပေါ်တွင် ရုပ်မြင်လွှင့်တိုင်များ၊ စတေရှင်များ ရှိ၏။ စားသောက်ဆိုင်တစ်ခုနှင့် ရှုခင်းသာစခန်းများ ရှိသည်။ ထို တောင်ပေါ်မှ ကြည့်လျှင် မြို့လုံးပတ်လည် မြင်၏။ ပစိဖိတ်သမုဒ္ဒရာကိုပင် လှမ်းမြင်ရသည်။ ထိုတောင်ကို ကျွန်တော်တို့ မြန်မာတစ်သိုက်က မောင်ကုသဟုပင် ခေါ်သည်။

နွေတွင် နေရောင်သည် ရှစ်နာရီလောက်မှ ပျောက်ပါသည်။ ထို့ကြောင့် တောင်ထိပ်သို့ ကျွန်တော် ရောက်သွားချိန်တွင် အားလုံးကို ထင်ထင်လင်းလင်း မြင်ရသေး၏။ တက္ကသိုလ်ဘက် လှမ်းမျှော်ရင်း ရောက်စကနေခဲ့သော ဟန်တင်တန်ဆီ မှန်းကြည့်ရသည်။ ထိုနောက် နေထိုင်ခဲ့သော မြစ်တစ်ဖက်မှ *West End* နှင့် *Hill End* ရပ်ကွက်၊ ဦးကိုလေးတို့ မိသားစုနေသော မောင့်ဂရာဗတ်ရပ်ကွက်၊ ကိုရှိန်ကြီး နေခဲ့သော ဟော်လန်ပတ်၊ သွေးသားရင်းလို စောင့်ရှောက်ခဲ့ကြသည့် *Mr & Mrs Hall* တို့ နေထိုင်ရာ *Camp Hill*၊ ထိုမှတစ်ဆင့် ရော်နီတို့၊ ကျော်နီတို့၊ ဦးရှမ်းဗိုလ်တို့ နေထိုင်ရာများ . . . ။ မြောက်ဘက် မိုင် ၇၀ အကွာမှ *North Coast* နှင့် တောင်ဘက် မိုင် ၅၀ အကွာမှ *Gold Coast* တို့ကတော့ မှုန်ပျပျသာ။ တက္ကသိုလ် နောက်နားဆီမှ ပတ်သွားသော ဘရစ္စဘိန်းမြစ်ကိုကား မြွေကြီးတစ်ကောင်လို မြင်နေရသည်။

ကြည်မင်း

ဒဏ္ဍာရီတံတား *Story Bridge* ၊ ဝိတိုရိယတံတား *Victoria Bridge* ၊ ဝီလျံဂျော်လီတံတား *Willion Jolly Bridge* နှင့် အသစ် ဖွင့်လိုက်သော *James Cook Bridge* တို့ကိုကား ထင်ထင်ရှားရှား မြင်ရသည်။

ကျွန်တော် ဘဝထဲမှ လေးနှစ်တာ ကာလကို ထုတ်နုတ်ယူငင်လိုက်သော မြို့၊ ဘရစ္စဘိန်းမြို့။

# ၂၁

# ပြည်တော်ပြန်

**စောင့်သူမှာ မောင့်ကူသာတောင်ထိပ်က**

ခွေးချီးသည် ရှေးခေတ်ကဗျာဝါသနာရှင်များ အချင်းချင်းပညာ စမ်းကြ၊ ရုတ်ချည်းပေါ် ကဗျာဉာဏ်ဖြင့် မှတ်တမ်းတင်ကြရာ၌ အလွန်အသုံးများပြီး အလွန်လည်း အသုံးတည့်သော ကဗျာမျိုးများအနက် အထင်ရှားဆုံးတစ်ခုဟု မြန်မာပညာတတ်တိုင်းပင် သိကြမည် ထင်သည်။ သိပ္ပံဘွဲ့ရများက မသိလျှင် နေမည်၊ ဝိဇ္ဇာဘွဲ့ရများကတော့ သိကြမည်။ စာပေဝါသနာပါသူများ ဆိုလျှင် ကောင်းကောင်း သိသည်။

ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ မကြာခဏ စာချိုးပြိုင်ကြပုံကို ဖတ်ဖူးကြဖို့ များသည်။ မူလတန်း ဖတ်စာထဲတွင်ပင် ပါခဲ့ဖူးသည်။ ဧရာဝတီမြစ်ကို လှေဖြင့် ဖြတ်ကူးကြတုန်းမှာ ငါးပျံတစ်ကောင် ရေပြင်ပေါ် အမြူးလွန်ရာမှ လှေထဲ ကျလာသည်။ တစ်ဦးက -

*"နိဗ္ဗာန်ကိုရှယ်*
*ကယ်ပါတော့လား"*

ဟု ခံလိုက်၏။ ခံသည် ဆိုခြင်းမှာ အစပျိုးပေးခြင်းကို ခေါ်သည်။ အအုပ်ပိုဒ်နှင့် လိုက်ပေး၊ အုပ်ပေးရမည်။ ထို့ကြောင့် ကျန်တစ်ဦးက -

"ကြံ့ပလေ တစ်ကောင်ထဲ
ဖော်ကွဲတဲ့ ငါး" ဟု အုပ်လိုက်လေသည်။

ဘရစ္စဘိန်းမြို့မှာ နေခဲ့စဉ်က မောင့်ကူသာတောင်ထိပ်သို့ တက်ရင်း ကျွန်တော် ဒွေးချိုးအအုပ်တစ်ပုဒ် ညည်းခဲ့ဖူးသည်။

"စောင့်သူမှာ
မောင့်ကူသာတောင်ထိပ်က
လွမ်းစိတ်နှင့် ဆွေး"

အမှန်တော့ ဒွေးချိုးတွင် အခံပိုဒ်မှ စရသည်။ အခံပိုဒ် ရှိမှ အအုပ်ပိုဒ်က လိုက်ရသည်။ အခံချည်း ရှိပြီး အအုပ် မပါသော ဒွေးချိုးမျိုးကို ကြုံရတတ်သည်။

ကျွန်တော့်ကဗျာက အခံပိုဒ် မပါ။ အအုပ်ချည်းသက်သက် ဖြစ်နေ၏။ စဉ်းစားလိုက်တော့ ရယ်ပင် ရယ်မိသေးသည်။ ကွင်စလန်တွင် ကျွန်တော့်ပွဲတွေက နိုင်ပွဲတွေချည်း ဖြစ်သည်။ အခံ မပါ၊ အအုပ်တွေချည်း။

သူများရေ၊ သူများမြေမှာ (ဗမာ့သွေး)ကို ပြပြီး အနိုင်တိုက်ခဲ့ရခြင်းမှာ ပျော်စရာ ကောင်းသည်။ ဂုဏ်ယူစရာလည်း ကောင်းသည်။

ကျွန်တော်သည် ထိုစဉ်က လောက၏ ပရိယာယ်ကို မေ့နေခဲ့ပါသည်။ လောက၏ သဘောကို မေ့နေခဲ့ပါသည်။ ကိုယ်က ကသစ်ဟု ထင်ခဲ့တာတွေ သခွတ်ပန်း ဖြစ်လာတာမျိုး ရှိနိုင်ခြင်းကို မေ့နေခဲ့ပါသည်။ သူများရေ၊ သူများမြေမှာ သူတို့ကို အနိုင်တိုက်ခဲ့သမျှ ကိုယ့်မြေ၊ ကိုယ့်ရေမှာ ပြန် ခံရတော့မည်ကို ကျွန်တော် မတွေးခဲ့မိပါ။ ကျွန်တော် ရခဲ့သော ပညာများကို ဖြန့်ဖြူးရမည်၊ ကျွန်တော် မြင်ခဲ့သော တန်ဖိုးများကို မျှဝေပေးရမည်၊ ကျွန်တော် အားကျခဲ့သော ပညာသင်ယူမှု ပုံစံများ၊ လုပ်ငန်းခွင် ဆက်ဆံရေးများကို ကျွန်တော့်ဝန်းကျင်၏ တန်ဖိုးအသစ်များ ဖြစ်လာအောင် ထုဆစ်ပေးရမည်ဟု ကျွန်တော် ခံယူခဲ့သည်။ ကျွန်တော့်အား ကွင်စလန်သို့ လွှတ်လိုက်ခြင်းအတွက် တိုင်းပြည်အပေါ် ကျွန်တော် တင်ရှိနေသော အကြွေးများကို ဤသို့ ပြန်လည်ပေးဆပ်ရမည်ဟု ကျွန်တော် နားလည်ခဲ့သည်။

ထိုစဉ်က ကျွန်တော့်အသက်မှာ သုံးဆယ် ပြည့်ပြီးရုံပင် ရှိသေး၏။ လက်ထောက် ကထိကအဖြစ် အလုပ်ဝင်ခဲ့သည်မှာ လုပ်သက် ခုနစ်နှစ် ကျော်ခဲ့ပြီ။ (ထိုရာထူးဖြင့် နှစ်ပေါင်း ၂၀ နေခဲ့ရပါသည်။) နိုင်ငံခြား တက္ကသိုလ်ကြီး တစ်ခုမှ ဘွဲ့လွန်ဒီဂရီအတွက် သုတေသနဖြင့် ကျမ်းပြုစုပြီး တင်ခဲ့သူ။ ဤအဆင့်အထိ အရာအားလုံးသည် ကျွန်တော့်အတွက် ကြည်ကြည်လင်လင် သာသာယာယာ ရှိနေပါ၏။ တကယ်လည်း တတ်လာခဲ့ပြီ ဖြစ်၍ ထိုအသိအမြင်များဖြင့် မိမိ၏ တက္ကသိုလ်ကို ကောင်းကျိုးပြုနိုင်ခွင့်တွေ အလွယ်တကူ ရရှိပြီး ဘာသာရပ်ဆိုင်ရာ၏ ပညာရေးတွင် ထွန်းတောက်လာတော့မည်ဟု ယုံကြည်ခဲ့၏။

သို့သော် ကျောင်းဒကာအဘိုးကြီး မာန်လျှော့ရသလိုပင် ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရဲ့ ဆိုသော ဇာတ်လမ်း။

ထိုနောက်ပိုင်းဇာတ်တော်ကြီးကို ခဏမေ့ထားပြီး နှစ်ပါးသွားတို့ အော်ပရာတို့ကို ကြည့်ကြပါဦးစို့။

**ပစ္စည်းသိမ်း**

ကျွန်တော်၏ ကျမ်းကို မော်ကွန်းထိန်းရုံးသို့ သွားတင်သည့် အချိန်က သောကြာနေ့ မွန်းလွဲပိုင်း(လေးနာရီကျော်ကျော်) ဖြစ်သည်။ အတိအကျ ပြောရလျှင် ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက် ညနေလေးနာရီကျော်ကျော်။ မော်ကွန်းထိန်းရုံးမှ ပြန်ထွက်လာပြီး ကွင်စလန်တက္ကသိုလ်၏ ဂရိတ်ကုတ်သို့ နောက်ဆုံးအကြိမ် အဖြစ် အလွမ်းပြေ ဖြတ်လျှောက်ရသည်။ မြက်ခင်းစိမ်းပေါ်တွင် စိန်ပန်းပြာများ လွင့်ကျနေဆဲ။ ဤနေရာ ဤဌာနသို့ ဤဘဝတွင် နောက်တစ်ကြိမ် ပြန်ရောက်မရောက် ဆိုသည်မှာ မသေချာ။ ယခုအကြိမ်သည် ကွင်စလန်တက္ကသိုလ်အတွင်း ကျွန်တော် နောက်ဆုံး လမ်းလျှောက်ရခြင်း ဖြစ်မည်။

အိမ်သို့ ပြန်လာတော့ ဘယ်သူမှ မရှိသေး။ တို့တိတို့တိနှင့် ပစ္စည်းသိမ်းလာခဲ့သောကြောင့် လည်းကောင်း၊ စာအုပ်နှင့် ပန်းချီကားမှ လွဲ၍ အခြားသိမ်းဆည်းစရာ များများစားစား မရှိသောကြောင့် လည်းကောင်း ကျွန်တော့်တွင် ပစ္စည်းသိမ်းရန်အလုပ်က အပူတပြင်း မဟုတ်။ ရေမိုးချိုးပြီးနောက် ကားထုတ်ကာ မောင့်ကူသာတောင်ပေါ်သို့ တက်လာခဲ့သည်။ ထို တောင်မြင့်ပေါ်မှ နေ၍ ကျွန်တော်၏ ဘဝထဲမှ လေးနှစ်တာကာလကို နှုတ်ယူလိုက်သော မြို့ကို ထိုင်ကြည့်နေမိသည်။

## နက်ဖြန်

ဒီနေ့ ကျမ်းတင်အပြီး နက်ဖြန် ပြန်ရမည် ဆိုခြင်းမှာ အတော်ရက်စက်ရာ ကျပါသည်။ သောကြာနေ့မှာ ကျမ်းကို တင်နိုင်လိမ့်မည်ဟု ကျွန်တော်က ပညာရေးဌာနသို့ အကြောင်းကြားသောအခါ ဒီလိုဆိုရင် စနေနေ့ လေယာဉ်မှာ ဘွတ်ကင်ချိတ်လိုက်မည်ဟု အကြောင်းပြန်၏။ ချက်ချင်းကြီးလိုလို ဖြစ်နေသော်လည်း ကျွန်တော် လက်ခံလိုက်ပါသည်။ နက်ဖြန်နံနက် ၁၀ နာရီ ကွမ်းတာ့စ်လေယာဉ် *(Qantas)* ဖြင့် ပြန်ရတော့မည်။ မဟာဘွဲ့လောက်ကလေး ယူရတာချင်းအတူတူ မြောက်ပိုင်းနိုင်ငံတွေ သွားရသူများက ကိုးလ ကျောင်း တက်ပြီး ရေဖြေနှင့် ဘွဲ့ရလာကြသည်။ ရှုံးလျှင် ဆပ်ပလီ ထပ်ဖြေလို့ ရသေး၏။ တချို့နိုင်ငံများတွင်တော့ သုတေသနနှင့် ကျမ်းပြုမဟာဘွဲ့ကို နှစ်နှစ်လောက် လုပ်ရသည်။ ကျမ်းတင်ပြီးသောအခါ စာစစ်အဖွဲ့ ဖွဲ့ပြီး တစ်လအတွင်း စစ် ပေးသည်။ လိုအပ်လျှင် *viva* (လူတွေ့စစ်မေး) ခေါ်သည်။ အောင်ရှုံး ချက်ချင်း သိရသည်။ ပြင်စရာရှိလျှင် ထပ်ပြင်နိုင်သည်။

ကွင်စလန်ကတော့ သူ့မူနှင့်သူ။ ကျမ်း ပြီးလျှင် ပြီးပြီ။ ပြင်စရာ ရှိလျှင် ကျမ်း ကြီးကြပ်သူဆရာကို စာစစ်အဖွဲ့က ညွှန်ကြားသည်။ ကြီးကြပ်သူ ဆူပါဗိုက်ဇာက ကျောင်းသားနှင့် ဆက်သွယ်ပြီး လိုတာ ပြန်ပြင်ခိုင်းသည်။ ကျွန်တော်တို့လို နိုင်ငံခြား ပညာသင်မျိုးကျတော့ ဩစတြေးလျအစိုးရကလည်း ကျမ်းတင်ပြီးသည်အထိသာ ထောက်ပံ့ငွေ ပေးသည်။ မြန်မာအစိုးရကလည်း ဩစတြေးလျက ထောက်ပံ့ကြေး ရပ်လိုက်ပြီး ၇ ရက်အတွင်း ပြန်လာရန် ညွှန်ကြားသည်။

ထို့ကြောင့် ကျွန်တော်တို့လို ကျောင်းသားမျိုးမှာ ကျမ်းကို အလွန် ဂရုတစိုက် ပြင်ဆင်ပြီးမှ တင်ရဲကြသည်။ ကော်မာတို့၊ ဖူးစတော့တို့၊ အဖြူ/ အမည်း/အစောင်း စသော စာလုံးအမျိုးအစားတို့က အစ သေသေချာချာ ဂရုစိုက်ရသည်။ စာစီစာရိုက်အမှားတွေ သိပ်များနေလျှင် ကျတတ်ပါသည်။

ရေပုံသားပုံနှင့် ဘာသာရပ် အယူအဆတို့ကို မကြိုက်လျှင် ပြင်ရေး ခိုင်းတတ်သည်။ ဌာနက ကိုယ့်ဆီ လှမ်းပို့ဖို့ တစ်လလောက် ကြာမည်။ ထို အချိန်တွင် ကိုယ်က မိခင်တိုင်းပြည်မှာ တာဝန်တွေ၊ ဝတ္တရားတွေ တစ်လှေ ကြီးနှင့် ဆိုလျှင် မရှုနိုင် မကယ်နိုင် ဖြစ်ပြီ။ ဤသို့ ပြန်ပြင်ရန် ကျမ်း ပြန်အပို့ ခံရသူ အားလုံးနီးနီးမှာ ပြီးစီးအောင် မလုပ်နိုင်ကြသဖြင့် ဘွဲ့မရကြတော့ပေ။

အခြား တိုင်းပြည်မှ *Ph.D.* ပညာတော်သင် တစ်ဦးမှာကား ပြန်လာအပြီး ၆ လလောက် ကြာမှ ကျမ်း ပြန်ပြင်ရန် ညွှန်ကြားချက် ရောက်လာသည်။ သူ့ကို အတင်း တွန်းတွန်းထိုးထိုးနှင့် လက်နှိပ်စက်ပါ ငှား၍ ရေးခိုင်းသူ ပေါ်လာသောကြောင့်သာ ပါရဂူဘွဲ့ ရသွားခဲ့လေသည်။

## နောက်ဆုံးည

မောင့်ကူသာမှ အိမ်ပြန်ရောက်တော့ အိမ်တွင် လူစည်နေလေပြီ၊ ကျွန်တော့် မိတ်ဆွေ အားလုံးက ကျွန်တော် နက်ဖြန် ပြန်မည်ကို သိကြသည်၊ ထို့ကြောင့် ကျမ်းပြီးပါတီ၊ နှုတ်ဆက်ပါတီ လာလုပ်ကြသည်။ ဘီယာတွေ၊ ဝီစကီတွေ လှိုင်နေသော်လည်း သိပ်မသောက်ရဲ။ ပစ္စည်းအပြီးသတ် သိမ်းရဆည်းရဦးမည်၊

အိမ်မှာ ကျွန်တော် ငှားထားသော လုံးချင်းအိမ် ဖြစ်သည်၊ ကျွန်တော် ဤအိမ်သို့ ဝင်လာခါစက အိမ်ငှားမှာ ဂျူး ဖြစ်သည်။ နောက်တော့ မိုင် ၅၀ လောက် ဝေးသည့် တောင်ကြားရွာကလေး တစ်ရွာတွင် သူ့ရည်းစားနှင့်အတူ အိမ်ဆောက်ပြီး ပြောင်းထွက်သွားရာ ကျွန်တော်ကပဲ အိမ်ငှားတာဝန် ဆက်ယူရသည်။ တစ်အိမ်လုံးအတွက် တစ်ပတ် ဒေါ်လာ ၅၀ နှင့် လျှပ်စစ်ခ၊ ဓာတ်ငွေ့ခတို့ ပေးရသည်။ ကျွန်တော် ပြန်တော့မည် ဆိုတော့ ကျွန်တော့် အိမ်ငှား ဖြစ်သူ မိုက်ကယ်က ဆက်ငှားသည်။

အိမ်ငှားတာဝန် ယူရခြင်းမှာ သိပ်တော့ မစွံလှပေ၊ ခြံထဲမှာ မြက်ရှည်နေလျှင် ရိတ်ရ၏။ အမှိုက်ရှုပ်နေလျှင် ရှင်းရ၏။ အခန်း ၅ ခန်းစလုံး ပြည့်နေလျှင် တစ်ယောက် ၁၀ ဒေါ်လာနှင့် အိုကေ။ သို့သော် တစ်ယောက် ယောက် ထွက်သွားသည်နှင့် ကိုယ်က စိုက်ရပြီ။ ရှယ်ယာသဘောဟု ပြောမထားမိ၍ အိမ်ငှားများက အတွက်သင့် ဝိုင်းပေးရန် မစဉ်းစား၊ တစ်ယောက် ထွက်သည်နှင့် ထိုတစ်ယောက်အတွက် ကိုယ် စိုက်ရသည်၊ ထို့ကြောင့် တက္ကသိုလ် ပိတ်ချိန် ဆိုလျှင် ကျောင်းသားတွေ ပြန်ကုန်၍ အတော် ရင်ပူရ၏။

## ကြိုတင်ငွေ၏ အတိုး

ချက်ပြုတ်ရန်ဓာတ်ငွေ့အတွက် ကြိုတင်ငွေ ဒေါ်လာ ၂၀ တင်ထားရသည်၊ တစ်လ တစ်ခါ ဂက်စ်ဖိုး တောင်းခံလွှာ လာလျှင် အိမ်ငှားတွေထံမှ တွက်သင့်ကျ တောင်းရသည်။ ကျွန်တော် ပြန်တော့မည် ဆိုတော့ ဓာတ်ငွေ့ကုမ္ပဏီသို့ သွား၍

*ကြည်မင်း*

စာရင်းရှင်းရပါသည်။ သူတို့ဆီက မီတာစာရေးကို ချက်ချင်းလွှတ်ပြီး ဖတ်စေသည်။ ပြီးတော့ မင်း ငွေ သီးသန့် ပေးမလား၊ ကြိုတင်ငွေထဲက နှိမ်ရမလားဟု မေးရာ ကျွန်တော်က လက်ငင်း ရှင်းလိုက်သည်။ သူတို့က ကျွန်တော်၏ ကြိုတင်ငွေ(စပေါ်)ကို ပြန်ပေးတော့ ဒေါ်လာ ၂၀ မက။ ၂၁ ဒေါ်လာကျော်ကျော် ဖြစ်နေသည်။ သူတို့ ပေးသော စာရွက်တွင် လက်ခံရရှိကြောင်း လက်မှတ်ထိုးရသည်။ ပိုငွေမှာ အတိုး ဖြစ်သည်။ ကုမ္ပဏီက ကျွန်တော့်ထံမှ ဒေါ်လာ ၂၀ ကို ကြိုတင်ငွေအဖြစ် ယူထားသည့်အတွက် အစိုးရဘဏ်တိုးနှုန်းအတိုင်း အတိုးပေးခြင်း ဖြစ်သည်။ လျှပ်စစ်မီတာခတွင်လည်း ထို့အတူ ဖြစ်သည်။ ကြိုတင်ငွေကို မယူမဖြစ်၍ ယူကြရခြင်းပင်။ အချို့က အိမ်/အိမ်ခန်း ငှားပြီး မီးတွေ သုံး၊ ဂက်စ်တွေ သုံးကာ လစ်ပြေးကြသည်။ ကျွန်တော် ငှားထားသော အိမ်တွင် လူ ၅ ယောက် နေသည်။ တစ်လကို ဂက်စ်ဖိုး ၂ ဒေါ်လာ ဝန်းကျင်သာ ကျသည်။ ကြိုတင်ငွေ ၂၀ ယူထားလိုက်တော့ လစ်မပြေးကြတော့ပေ။

# ၂၂

# ပါတီကတစ်ဖက် အသိမ်းကတစ်ဖက်

**စုံစီနဖာ များပြား**

ကျွန်တော့်တွင် စောဘာဘလုပ်ဟု 'ခေါ်သော မိတ်ဆွေတစ်ဦး ရှိခဲ့ဖူးသည်။ ယခုတော့ ကွယ်လွန်ခဲ့ပြီ ဖြစ်၍ 'ရှိခဲ့'ဟု သုံးလိုက်ရခြင်း ဖြစ်သည်။ မိတ်ဆွေဆိုသောကြောင့် ငယ်ငယ်တုန်းကပင် ပေါင်းသင်းခဲ့သော သူငယ်ချင်း မဟုတ်။ တိ-မွေး-ကု တက္ကသိုလ်တွင် ကျောင်းတက်သည်မှ ကျွန်တော် ပင်စင်ယူသည်အထိ တွဲခဲ့ကြသောကြောင့် နှစ်ပေါင်း ၄၀ လောက် တွဲခဲ့ကြရခြင်း ဖြစ်ရာ သူငယ်ချင်းဟု ပြောတာ ပိုကောင်းမည်။

သူနှင့် ကျွန်တော်မှာ တော်တော် ကွာခြားသည့် နေရာတွေ ရှိ၏။ ကျောင်းသားဘဝ အဆောင်မှာ နေစဉ်တွင် ကျွန်တော့်အခန်းထဲ၌ ထင်းရှူးသေတ္တာ အကြီးကြီးနှင့် ထည့်ထားသော ကိုယ်ပိုင်စာကြည့်တိုက် ရှိ၏။ အဝတ်အစား ထည့်သော သံသေတ္တာအကြီးက တစ်လုံး၊ ခရီးဆောင်အိတ်အသေးက

တစ်လုံး၊ မွေ့ရာထူထူ အပါအဝင် အိပ်ရာက တစ်ခု။ ဘာဘာလုမှာ သံသေတ္တာ သေးသေးတစ်လုံးနှင့် ဖျာတစ်ချပ်သာ ရှိသည်။ အင်္ကျီအဖြူလက်ရှည် နှစ်ထည် နှင့် လက်တို နှစ်ထည်၊(ထိုစဉ်က တက္ကသိုလ်ကျောင်းသားတိုင်း တိုက်ပုံ ဝတ် ရ၍) တိုက်ပုံ တစ်ထည်၊ ဘောလုံးသမား ဖြစ်၍ ဘောလုံးအဝတ်အစားများ၊ ပုဆိုးက သုံးလေးထည်၊ ဂျူတီကုတ် တစ်ထည်၊ စွပ်ကျယ် နှစ်ထည်လား မသိ၊ ဒါပဲ ရှိသည်။ ကျောင်းပြန်လာလျှင် အင်္ကျီနှင့် ပုဆိုးကို ရေလျှော်ပြီး လှန်းသည်။ ခြောက်သော အင်္ကျီပုဆိုးကို ပုံစံတကျခေါက်၍ အိပ်ရာအောက် သွင်းထား သည်။ သူ့ကို ဘယ်တော့ ကြည့်ကြည့် တွန့်တွန့်ကြေကြေ ညစ်ညစ်ပတ်ပတ် မတွေ့ရ။ နည်းနည်းနှင့် ကျဲကျဲဝိုင်းတတ်သူဟု ခေါ်ရမည် ထင်သည်။ သူ့ အခန်းက သပ်ရပ်သန့်ရှင်းနေ၏။ ကျွန်တော်နှင့်တော့ တခြားစီ။ ပစ္စည်းက များ၊ အခန်းက ရှုပ်ပွ။

ပြည်တော်ပြန်ဖို့ ပစ္စည်းသိမ်းမည် ကြံတော့ အရင်ရက်ပိုင်းများက ကြိုသလောက် နည်းနည်းစီ သိမ်းထားခဲ့၍သာ တော်တော့သည်။ စာအုပ်တွေ၊ ဓာတ်ပြားတွေ၊ ပန်းချီပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေကို ထည့်ဖို့ လက်ဖက် ခြောက်သေတ္တာ *Tea chest* လေးလုံး ဝယ်ထားမိသည်မှာ အနေတော် ဖြစ်သွား ၏။ စာအုပ်က တော်တော် များသည်။ ရေးတင်ထားသော ကျမ်းက ပြန်ပြင် စရာတွေ ပေါ်လာလျှင် ပြန်လည် ကိုးကားနိုင်ဖို့ ဆိုပြီး မှတ်စု အတိုအစ တွေက အစ ပြန်သယ်ရသည်။

ဩစတြေးလျ ပညာသင်များတွင် ကံကောင်းခြင်းမှာ လေယာဉ်နှင့် ပြန်ယူမည့် ပစ္စည်းအတွက် ဝန်ပိုကြေးကိုလည်း ပေးဆောင်ပေးသည့်အပြင် သင်္ဘောဖြင့် ပို့ပေးမည့် သေတ္တာလေးလုံးအတွက် *sea freight* ကိုပါ တာဝန် ယူပေးခြင်း ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်မှ ကျောင်းသားနှစ်ဦး ဆိုလျှင် သူတို့ စုဆောင်းထားသော သတင်းစာအဟောင်းတွေ ပြန်သယ်သွားကြတာပင် မြင်ဖူးသည်။

## မိတ်ဆွေများရဲ့ လက်ဆောင်

ကျွန်တော့် ပညာရေးအရာရှိဟောင်း၊ အင်္ဂလိပ်ဝတ္ထုများ ဆွေးနွေးဖက် ရစ်ချက် ဟတ်ကက်က သူ ကြိုက်သော ဝတ္ထုစာအုပ်တစ်အုပ် လာပေးသည်။ ဂျူးက လည်း စာအုပ်ကြီး တစ်အုပ် လာပေးသည်။ အတူနေသော မိုက်ကယ်တို့၊ မာရီး *(Maree)*တို့ကလည်း ဓာတ်ပြားတွေ ပေးကြသည်။ ပန်းချီ ရေး၊ ကဗျာ

ရေးသော ပီတာ ရောဂျားစ်က တကူးတကန့် လာပြီး သူ ကြိုးစားပမ်းစား အချိန်မီ ဆွဲထားသော ပန်းချီကားကြီးတစ်ခု လာပေးသည်။

ကျွန်တော့်အား လာရောက် နှုတ်ဆက်ကြသူများအနက် ရစ်ချက် တစ်ယောက်သာ လေးနှစ်ကြာ ခင်မင်ခဲ့သူ ဖြစ်သည်။ မြန်မာထဲမှ ကိုညွန့်ပင် လျှင် ကျွန်တော်နှင့် သုံးနှစ်သာ တွဲခဲ့ရသည်။ မြန်မာ မိသားစုများအနက် ကျွန်တော်နှင့် စွဲမြဲစွာ ခင်မင်ခဲ့သော ဦးကိုလေးတို့ မိသားစုကတော့ နက်ဖြန် ကျမှ လေယာဉ်ကွင်းသို့ လာကြမည်။

ဤလို သုံးလေးနှစ်တာ အတူနေခဲ့ရသူများနှင့် ခွဲရတော့မည့် အရေး မှာ ကျွန်တော့်အတွက်တော့ ဝမ်းနည်းစရာကြီး ဖြစ်သည်။ ကျွန်တော့်မှာ သံယောဇဉ်ကြီးတတ်၊ ဝမ်းနည်းတတ်သူ ဖြစ်သည်။ *West End* မှ အခန်းကို ပြန်အပ်ပြီး ယခုအိမ်သို့ ပြောင်းလာရစဉ်က ထိုအခန်းတွင် အတူနေဖူးသူများ အကြောင်း စဉ်းစားပြီး အလွန် ဝမ်းနည်းခဲ့ဖူးသည်။ ယခုလို သုံးနှစ်နီးပါးမျှ သွားအတူ၊ စားအတူ မိသားစုလို နေခဲ့ရသော သူတွေနှင့် ခွဲခွာရန်ကို စဉ်းစားမိလျှင်ပင် ရင်ထဲ ဆို့လာသည်။

သို့သော် တကယ်တမ်းကျတော့ ဝမ်းနည်းစိတ်တွေက ဘယ်ပျောက် လေသည် မသိ။ ဧည့်သည်တွေက တရုန်းရုန်း၊ သောက်စရာတွေကလည်း တစ်ခွက်ပြီး တစ်ခွက်၊ လစ်လျှင် ပစ္စည်း ပြေးသိမ်းရသေးသည်။ လူစဲတော့ သန်းခေါင်ကျော်လို့ သန်းလွဲ ရောက်နေလေပြီ။ ပင်ပန်းတာနှင့် ဘီယာတွေ သောက်တာ များပြီး 'ဒေါင်း'သွားပါတော့သည်။ မနက် ၁၀ နာရီမှာ လေယာဉ် ထွက်မည်၊ ကွင်းသို့ ၉ နာရီခန့် ရောက်ရမည်၊ ၈ နာရီ အိပ်ယာထရမည်ဟု ကိုယ့်ဟာကိုယ် သတိပေးရ၏။

## လာနိုးတော့ ၆ နာရီ

တံခါးခေါက်သံ ပြင်းပြင်း ပေါ်လာ၍ အတင်းလူးလဲထပြီး တံခါးဖွင့်လိုက်သော အခါ အတူနေသော မိုက်ကယ်နှင့် သူ့ရည်းစားလူဝီးစ်၊ ပြီးတော့ ကဗျာ ဆရာမလေး မာရီးတို့ သုံးယောက် ကိတ်မုန့်ကြီးတစ်လုံးနှင့် ကတ်ပြားများ ကိုင်လျက် ရပ်နေကြသည်ကို တွေ့၏။ အချိန်က နံနက် ၆ နာရီ ကျော်ရုံလေး ရှိသေးသည်။

"ဟက်ပီး ဘာ့ဒေး အာဝါဂုရု"

သူတို့က ကျွန်တော့်ကို နာမည်ပြောင်ဖြင့် *Guru* (ဆရာကြီး)ဟု ခေါ်ကြသည်။ သူတို့ နှုတ်ဆက်သံ ကြားမှပင် ယနေ့သည် ကျွန်တော့် မွေးနေ့- အနှစ်သုံးဆယ်မြောက်မွေးနေ့ ဖြစ်နေသည်ကို တွေ့ရ၏။

*" Wash up Guru! We have something for you"*

မျက်နှာသစ်နေရုံ မဟုတ်တော့ဘဲ ရေအပြီးချိုးလိုက်ရသည်။ မီးဖိုခန်းထဲ ဝင်တော့ ဝက်အူချောင်းမြုပ်ထားသော ကောက်ညှင်းပေါင်း၊ ကြက်တောင်ပံဆီပြန်ဟင်းနှင့် ရေနွေးကြမ်း။ အားလုံး မိုက်ကယ့်လက်ရာ ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် သင်ပေးထားသော ဟင်းချက်နည်း၊ ကောက်ညှင်းပေါင်းနည်းများဖြင့် နှုတ်ဆက်ခြင်း။ အအိပ်ကြီးနေဆဲ ဖြစ်သော ဆွီဒင်သူ ဘရောန်ဂန်ကိုပါ သွားနှိုးပြီး ဝိုင်းစားကြသည်။ မကြာမီ ဂျူးပါ မွေးနေ့ လက်ဆောင်တွေနှင့် ရောက်လာပြန်သည်။

## လေဆိပ်သို့ အဆင်း

ရှစ်နာရီခွဲလောက်တွင် ပညာရေးဌာနမှ ကား ရောက်လာသည်။ တာဝန်ရှိသည့်အတိုင်း ပညာရေးအရာရှိ *Michael Lowe* က ကိုယ်တိုင် လိုက်ပို့သည်။ သဘော်ဖြင့် ပို့ရန်ပစ္စည်းများကို မေးမြန်းမှတ်သားသည်။ တနင်္လာနေ့ကျမှ လာယူပြီး ပို့ပေးမည် ဖြစ်သည်။ ကျွန်တော့်ကား ထွက်လာတော့ ကျွန်တော့်မိတ်ဆွေများကလည်း ကားနှစ်စီးဖြင့် လိုက်လာကြသည်။ ဇန္နဝါရီ ဖြစ်၍ သူတို့ဆီမှာ နွေ။ ကသစ်တို့၊ စိန်ပန်းတို့၊ စိန်ပန်းပြာတို့ ဝေကောင်းဆဲကာလ။

ဘရစ္စဘိန်းမြစ်ကမ်းဘေးမှ မြို့ကို ဖြတ်ပြီး လေဆိပ်ရှိရာ သွားကြရသည်။ လေးနှစ်တာ ကျင်လည်ခဲ့ရသော မြို့ကို ကြည့်နေမိသည်။ နောက်တစ်ကြိမ် ပြန်ရောက်ဖို့ လွယ်ချင်မှ လွယ်မည်။

## မိုးနှင့် မျက်ရည်

လေဆိပ် ရောက်တော့ မိုးရွာနေသည်။ သူတို့ဆီမှာ နွေရာသီတွင် မိုးရွာပါသည်။ လေဆိပ်ထဲ ရောက်တော့ အရင်ဆုံး လာတွေ့သူမှာ ပါမောက္ခကြီး(ကျွန်တော့်ဆရာကြီး) ဒေါက်တာဒေါင်းလင်း ဖြစ်သည်။

ဆရာကြီးက ကျွန်တော့်ကို လိုက်ပို့ရန်အတွက် မိသားစုအပန်းဖြေခရီးမှ နောက်ချန်နေခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်ကို နှုတ်ဆက်ပြီးလျှင် သူ

မြန်မာ စာအုပ်များ



ပင်လယ်ကမ်းခြေသို့ တိုက်ရိုက်ဆက်မောင်းသွားမည်။ သူက ဆန်းဆန်းပြားပြား စကားတစ်ခွန်းပြောသည်။ မင်း မပြန်ပါနဲ့ တဲ့၊ ငါ မင်းအတွက် သင်ကြား ရေးမှာ *tutor grade 4* တစ်နေရာလည်း လုပ်ပြီးပြီ၊ *Ph.D.* အတွက်လည်း ခွင့်ပြုချက် တင်ပြီးပြီ၊ မြန်မာပြည်ကနေ မင်းရဲ့မိသားစုအပြင် မင်းရဲ့ ကောင်မလေးကိုပါ ခေါ်နိုင်ဖို့အတွက် ငါ လုပ်ပေးဦးမယ်၊ မင်း မပြန်ပါနဲ့ တဲ့။ သူက *FAO* တွင် ဩစတြေးလျတာဝန်ခံအဖြစ် ဩဇာရှိနေဆဲဖြစ်ကြောင်း ကျွန်တော် ကြားဖူးသည်။ ပြီးတော့ ဤလို ရွှေ့ပြောင်းဖို့ လုပ်ရတာ (ထိုစဉ်က) သိပ်လွယ်သည်။ (လွယ်လှကြောင်း ခဏအကြာတွင် ကျွန်တော်တွေ့ပါသည်။)

ဆရာကြီးကို ကျွန်တော် ငြင်းလိုက်ပါသည်၊ ကျွန်တော် ပြန်လာခဲ့ပါမယ်၊ အစိုးရက ထပ်လွှတ်ဦးမှာပါ၊ အခုတော့ ကျွန်တော် တစ်ယောက်ပဲ အောင်အောင်မြင်မြင် ဖြစ်သေးတာမို့ ကိုယ့်တိုင်းပြည်အတွက် ဒီပညာတွေ ပြန်ဖြန့်လိုက်ပါဦးမယ်ဟု ငြင်းခဲ့ပါသည်။ အောင်အောင်မြင်မြင် ဆိုသည့် စကားကို သုံးရသည်မှာ ကျွမ်းကို အစအဆုံး ပြန်ဖတ်ကြည့်ကြောင်း၊ ဘွဲ့ရဖို့ အခက်အခဲ မရှိနိုင်ကြောင်း စောစောက ပြောထား၍ ဖြစ်ပါသည်။

ဆရာကြီးကို ကန်တော့ဖို့ ဆိုပြီး ကျွန်တော် ဆင်ရုပ်နှင့် ငွေမောင်းကလေး မှာယူထားဖူးသည်။ ယနေ့မှပဲ ပေးဖြစ်လိုက်ပါသည်။

*Good bye until we meet again* ဆိုပြီး ဆရာကြီး မိုးရွာထဲ ထွက်သွားပါသည်။ နောက်ဆုံး တွေ့လိုက်ရခြင်း ဖြစ်ပါ၏။ ကျွန်တော့်ဘဝတွင် ဩစတြေးလျ၌ ကားမောင်းလိုင်စင် ယူရခြင်း အပါအဝင် ကြုံခဲ့သမျှ စာမေးပွဲတိုင်း အောင်ခဲ့သည်ချည်းသာ ဖြစ်၏။ အမှန်တော့ ကျခဲ့ဖို့ ကောင်းသည်။ ကျဖူးသူတွေ နောက်တစ်ခေါက်၊ နောက်တစ်ခေါက် စသည်ဖြင့် လက်ဖက် ထုပ်တန်ခိုးဖြင့် ရက်ကန်းယှက်သလို သွားနေကြပြီး ကျွန်တော်နှင့် နောက် တစ်ယောက်မှာကား ဘာစာမေးပွဲ ဖြစ်ဖြစ် တစ်ကြိမ်တည်းနှင့် အောင်ခဲ့လို့လား မသိ၊ ထပ်မသွားရတော့ပေ။

## လေးယောက်ထဲက ရွေး

ဆရာကြီးကို လိုက်ပို့အပြီး လေယာဉ်ဆိပ်ထဲ ပြန်ဝင်လာတော့ မိုက်ကယ်က ခဏလောက် လိုက်ခဲ့ပါဟု ဆိုသည်။ ထိုစဉ် ဦးကိုလေးတို့ကော ရစ်ချက် ဟတ်ကက်တို့ပါ ရောက်နေပြီ ဖြစ်၍ ကျွန်တော်က သူတို့နှင့် ဘီယာဝိုင်းဖွဲ့ရန် ကြံနေဆဲ ဖြစ်သည်။

ကြည်မင်း

မိုက်ကယ်က ခပ်တည်တည် ဖြစ်နေ၍ ကျွန်တော် လိုက်သွားသည်။ ထောင့်ချိုးတစ်ခုကို ကွယ်၍ အမျိုးသမီး လေးယောက် ရပ်နေကြ၏။ ဂျူး၊ ဘရောန်ဂန်၊ လူဝီးစ်နှင့် မာရီး။ ကျွန်တော်၏ မိတ်ဆွေများ။

"တို့တိုင်းပြည်မှာ ဥပဒေတစ်ခု ရှိတယ်၊ ဩစတြေးလျသူနဲ့ လက်ထပ်ရင် ချက်ချင်း ဩစတြေးလျသား ဖြစ်တယ်၊ ငါတို့က မင်းကို မပြန်စေချင်ဘူး၊ သူတို့ကလည်း အကြံပေးကြတယ်၊ ဒါကြောင့် သူတို့ ပြောစေချင်တာကို ပြောရမယ်၊ ဒီ လေးယောက်ထဲက မင်း ကြိုက်တဲ့သူကို ရွေးလိုက်၊ ဒီလို ဆိုရင် ဟို လူဝင်မှု ကြီးကြပ်ရေးကို ငါတို့ သွားပြောပြီး မင်းကို ခေါ်ထားလို့ ရပြီ"

အတော်နောက်သည့် မိုက်ကယ်ပါပဲဟု ပြောရမှာကလည်း သူက တကယ် အတည်ပေါက် ပြောနေခြင်း ဖြစ်သည်။ သူ့ရည်းစား လူဝီးစ်နှင့် နိုဝယ်၏ အတူနေရည်းစား ဂျူး အပါအဝင် ထို လေးယောက်၏ မျက်နှာကို ကြည့်လိုက်တော့လည်း နောက်ပြောင်နေပုံ မပေါ်။ ကျွန်တော်သာ နေခဲ့ချင်လျှင် သူတို့ အဲဒီလို ဆွဲမထားလည်း နေလို့ရသည်ပင်။ မပြန်ဘူး ဆိုပြီး လေယာဉ်ဆိပ်ထဲမှ ပြန်ထွက်သွားရုံနှင့် ရသည်။ ဩစတြေးလျသည် အကျယ်ကြီး။ မွေးမြူရေးကိစ္စ၊ စားကျက်ကိစ္စတွေနှင့် နယ်ဆင်းတုန်းက ကျေးလက်တွေမှာ ကျွန်တော့်ကို ဖျောက်ပေးထားပြီး ကူညီချင်သူတွေ တစ်ပုံကြီး တွေ့ခဲ့သည်။ လူဦးရေက ၁၂ သန်းပင် မပြည့်လေရာ ပညာတတ်တွေ အများကြီး လိုနေသေးသည်။ အတတ်ပညာရှင် ဆိုလျှင် လက်သမားတို့၊ ပန်ရံတို့ကိုပင် လှမ်းမြှုနေရသည့် တိုင်းပြည်။

**အကြောင်းနှစ်ခု**

အကြောင်းနှစ်ခုကြောင့် ကျွန်တော် လေယာဉ်ပေါ် တက်ခဲ့ပါသည်။ ပထမ အချက်မှာ ကိုယ့်ပြည်မှာ ပညာရေးတွေ ဘယ်လောက် နောက်ကျနေခဲ့ပြီကို မြင်သောကြောင့် ဖြစ်၏။ မျိုးချစ်စိတ် ဆိုသော ကြီးကြီးကျယ်ကျယ် အပြောမျိုး ကျွန်တော် မပြောလိုပါ။ နေရစားရတာ၊ စိတ်ဓာတ်လွတ်လပ်မှု ရှိတာလေးတွေကြောင့် ဆိုသော ကိုယ့်တစ်ကိုယ်စာ ကြီးပွားကောင်းစား ပျော်ရွှင်ရေးသည် မြန်မာ့ပညာရေးနှင့် ယှဉ်စဉ်းစားလျှင် အသေးအဖွဲ ဖြစ်သွားပါသည်။ ပင်ရင်းဘာသာကို လည်းကောင်း၊ ဘွဲ့လွန်သုတေသနလုပ်ငန်းများတွင် လည်းကောင်း ကျွန်တော်သည် ကိုယ့်အားကိုယ်ကိုး ဆူးခြုံတိုးခဲ့ရသူ ဖြစ်ရာ မြင်လာ၊ တတ်လာတာတွေ ရှိသင့်သလောက် ရှိခဲ့ပြီ။ ဒါတွေကို ပြန်လည် ဖြန့်ဝေပေးရမည့်

သူထဲတွင် ကျွန်တော်သည် ရှေ့တန်းနားမှာ ပါနေခဲ့သည်။ ပါမောက္ခချုပ်ကို ဂျစ်ကန်ကန် လုပ်လိုသည်နှင့် ကိုယ်နှင့် မဆိုင်သော ဘာသာရပ်ကို(အမှန်းခံ၍) ဝင်ဖြေလိုက်ရာမှ ဒီအခြေအနေအထိ ဆိုက်ခဲ့ခြင်း ဖြစ်သည်။ ကံပစ်ချရာ နေရာမှာ ကျရာတာဝန်ကို ရဲရဲယူလိုက်သဖြင့် မြင်လာ၊ ဘတ်လာသမျှကို ကျွန်တော်သည် ကိုယ့်တိုင်းပြည်အတွက် ပြန်ဖြန့်ပေးဖို့ တာဝန် ရှိလာပြီဟု ခံယူသည်။ ကျွန်တော်သာ မပြန်ဘဲ နေလျှင် ကျွန်တော်နှင့် ယှဉ်ရွေးပြီး ပြုတ်ကျန်ခဲ့သူများ အလွန် ဒေါပွကြမည်။ သို့သော် ဒါက ဘာမျှအရေးမကြီး။ အရေးကြီးတာက ဒီဘာသာရပ်အတွက် နောက်တစ်ယောက် ထပ်ရွေးပြီး ထပ်လွှတ်ရဦးမည်။ ကံကောင်း၍ ထိုသူ ချောချောမောမော ဖြစ်လာခဲ့သည့်တိုင် ၁၉၈၀ လောက်ကျမှ ပြန်ရောက်မည်။ လေးနှစ်လောက် ထပ်အချိန်ကုန်သွားတော့မည်။ တတ်သင့်တာ မတတ်လိုက်ရသော လူငယ်တွေ လေးငါးနှစ်စာ ဘွဲ့ရသွားကြတော့မည်။ ပညာရေးတွင် နာတော့မည်။

နောက်အကြောင်းတစ်ခုကတော့ ကျွန်တော် စာရေးဆရာ ဖြစ်နေခြင်း ဖြစ်၏။ ထိုအချိန်တွင် ကျွန်တော်သည် ကြည်မင်း ဆိုသော နာမည်တစ်လုံးကို မဂ္ဂဇင်းများတွင် ဝတ္ထုတိုများဖြင့် ထူထောင်ပြီး ဖြစ်နေခဲ့ပါပြီ၊ နိုင်ငံခြားတွင် နေစဉ်မှာလည်း နိုင်ငံရပ်ခြား ကျောင်းသားများအဖွဲ့၏ စာစောင်တွင် အင်္ဂလိပ်လို ဝတ္ထုတို ရေးပေးဖြစ်သည်။ သို့သော် ကျွန်တော်သည် အင်္ဂလိပ်လို အမြဲရေးပြီး နာမည်ရလာမည့် ဩစတြေးလျ စာရေးဆရာ ဖြစ်လာဖို့ မရှိ၊ မြန်မာ စာရေးဆရာ ဖြစ်ဖို့ကတော့ အထူးထပ်မံ ကြိုးစားနေဖို့ မလို၊ လှမ်းပို့သော စာတွေပင် မဂ္ဂဇင်းတွေမှာ ပါခဲ့ကြသည်၊ ကျွန်တော် ဖြစ်ချင်သည်မှာ စာရေးဆရာ။ စာရေးဆရာ ဖြစ်ဖို့အတွက် မြန်မာပြည်မှာ နေမှ ရမည်၊ ကိုယ် ဝါသနာပါလှသော စာဖတ်ခြင်း အလုပ်ကိုလည်း တစ်သက်လုံး လုပ်ပေရော့။

## နှုတ်ဆက်ပါသည်

ကျွန်တော် *Quants* လေယာဉ်ပေါ် တက်ခဲ့ပါပြီ၊ လေယာဉ် အဲတော်ကြီး မြင့်လာတော့ မှတ်တမ်းရေးနေသည်ကို ရပ်ပြီး အောက်ဘက် ငုံ့ကြည့်မိသည်။ မြေပြင်တစ်ခွင်လုံးက နီနေသည်၊ ထို့ကြောင့်ပင် ဩစတြေးလျကို *Red Land* ဟု ခေါ်ကြခြင်း ဖြစ်မည်။

*Good Bye! My dear Red Land!*

# ၂၃ ·

# နေ့ကြီးတစ်နေ့

## နှင်းဆီကနီနီ ခရမ်းပြာကပြာပြာ

*Roses are red, my love,*

*Violets are blue*

*Sugar is sweet, my love* ဆိုသော *Jim Reeves* ၏သီချင်းကို ကြားဖူးကြမည် ထင်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၇၀ ဝန်းကျင်၌ အလွန်ခေတ်စားသည်။ ထိုသီချင်းတွင် *Long, long time ago, when the big day came* ဆိုသော စာသားများ ပါသည်။ *big day* ဆိုသည်ကို ဘာမှန်း မသိခဲ့။ ကျွန်တော် ဘွဲ့လွန် အရည်အချင်းစစ် အောင်တော့ ပါမောက္ခကြီးက ခေါ်ယူတွေ့ဆုံပြီး *It's your big day, isnt it?* ဟု ပြောမှ နေ့ထူးနေ့မြတ်၊ အမှတ်ရစရာ အောင်မြင်သောနေ့ကို ဆိုလိုကြောင်း သိတော့သည်။ ကျမ်းတော့တင်ခဲ့ပြီ။ အောင်မြင်သောနေ့က ဘယ်မှာနည်း။

## ရွှေပြည်တော်သို့ အဝင်

ဇန်နဝါရီ ၁၃ ရက်နေ့ ညနေတွင် ကျွန်တော် ပြန်ရောက်သည်။ အင်္ဂါနေ့ဖြစ်၏။ နောက်နေ့နံနက်တွင် ကျောင်းသို့ သွား၍ သတင်းပို့သည်။ ကျေးဇူးရှင်

ဆရာကြီးကို လက်အုပ်ချီမိုး ရှိခိုးရင်း ကျွန်တော် တကယ် တတ်လာခဲ့ပါပြီ၊ ဆရာ၊ ခိုင်းချင်တာ ခိုင်းပါတော့ဟု ပြောရပါသည်။ ဆရာကြီးအတွက်၊ ဌာနမှူးအတွက် အစရှိသည်ဖြင့် ဘာလက်ဆောင်မှ မပါ။ ထိုခေတ်က လက်ဆောင်ခေတ် မဟုတ်။ ပြီးတော့ ကျွန်တော် လောလောလတ်လတ်ကြီး ကျင်လည်ခဲ့သော တိုင်းပြည်တွင် ခရစ္စမတ်လက်ဆောင်နှင့် မွေးနေ့လက်ဆောင်မှ လွဲ၍ ဘာမှ ပေးလေ့မရှိ။ အသားလွတ် လက်ဆောင် သွားပေး၍ မရ။ ပါမောက္ခကို ခရစ္စမတ်လက်ဆောင် ပေးချင်လျှင်ပင် ကတ်ပြားတစ်ပြားနှင့် ဆေးပြင်းလိပ်နှစ်လိပ်လောက်သာ ကောင်းသည်။ အောက်လက်ဝန်ထမ်းက အထက်လူကြီးကို ခရစ္စမတ်လို ကာလမျိုးမှာပင် တန်ဖိုးကြီးကြီးတွေ မပေးရပါ။ နာရီတို့၊ ပတ်ကားဖောင်တိန်တို့၊ နက်ကတိုင်တို့လို ပစ္စည်းများမှာ ဆွေမျိုးသားချင်းတွေကသာ ပေးရသည်။

ထို့ကြောင့် ကျွန်တော့်မှာ ကန်တော့ပစ္စည်း ပါမလာ။

## ပေးနိုင်တာ

ရောက်ပြီး နောက်တစ်နေ့က စပြီး အလုပ်ဝင်လိုက်သည်မှာ နွေကျောင်းပိတ်အချိန်အထိပင်။ နွေကျောင်းပိတ်ရက်ကျတော့လည်း ဇာတိပြန်ချင်လို့ ပိတ်ရက်အပြည့် ပေးပါဟု ကျွန်တော် မတောင်းဆိုခဲ့။ အများနည်းတူပင် တစ်ဝက်ပဲ ယူသည်။ နိုင်ငံခြားမှ ပြန်လာပြီးနောက် မိဘရပ်ထံ ပြန်ပြီး တစ်လကိုးသီတင်း နှပ်နေတာမျိုး လုပ်ဖို့ ကျွန်တော် မစဉ်းစားမိခဲ့ပေ။ ကျွန်တော် ပြန်ရောက်စဉ်က ဇန်နဝါရီလ တစ်ဝက်ကျိုးနေပြီ ဖြစ်ရာ စက်တင်ဘာတွင် ပြီးရမည့် အတန်းများအတွက် ၆ လသာ သင်ချိန် ရှိတော့သည်။ ပြီးတော့ ကျွန်တော် သင်ရမည့် အတန်းက နောက်ဆုံးနှစ် အပိုင်း(က)နှင့် (ခ)။ ဘွဲ့ရကြမည့်အတန်း ပါနေ၍ ပြည့်ပြည့်စုံစုံ သင်လွှတ်ရန် လိုသည်။ ကျွန်တော် ခွင့်ယူနေလျှင် သူတို့အတွက် ခေတ်ပေါ်ပညာရပ်တွေအကြောင်း ကြားသိရဖို့ အခွင့်အရေးကြီး လွတ်သွားတော့မည်။ တတ်မြောက်လာသော ပညာရပ်အသစ်အပြင် မူရင်းရာထူး၏ တာဝန်အရလည်း ဆေးပညာကို သင်ပေးရ၏။ ထို့ကြောင့် ဆေးရုံလည်း ထိုင်ရ၏။

နိုင်ငံခြားမှာ နေတုန်းက ကိုယ့်ပိုက်ဆံနှင့်ကိုယ် အချိန်ပို နေပြီး ကျမ်းကို အပြီးလုပ်လာနိုင်ခဲ့ခြင်းကို ဝမ်းသာနေရ၏။ ခုလို တာဝန်တွေ များပုံနှင့်က ဘာမှ ရေးဖြစ်ဖို့ မရှိ။

## ၁၉ ဇူလိုင်

ဇန်နဝါရီက ပြန်လာအပြီး အချိန်တွေ တစ်လပြီးတစ်လ ကုန်သွားလိုက်သည်မှာ ဇူလိုင်လသို့ပင် ရောက်သွားသည်။ ဇူလိုင် နောက်ဆုံးအပတ်သို့ပင် ရောက်လာလေပြီ။ တစ်နေ့တွင် ကွင်စလန်တက္ကသိုလ်တံဆိပ်နှင့် စာအိတ်တစ်လုံး ရောက်လာသည်။ ပါမောက္ခကြီး ဒေါက်တာဒေါင်းလင်းထံမှ စာ ဖြစ်သည်။ မင်းအတွက် အောင်စာရင်း ထုတ်ပြန်ပြီးသွားပြီ၊ ဂုဏ်ပြုပါတယ်၊ မြန်မာပြည်အတွက် ဆက်လက်ကြိုးစားနိုင်ပါစေ တဲ့။

နေ့စွဲကို ကြည့်လိုက်တော့ ၁၉ ဇူလိုင်။ ကျွန်တော်တို့ဆီမှာတော့ အာဇာနည်နေ့ ဆိုသော တိုင်းပြည်သမိုင်းအတွက် မမေ့အပ်သည့် အခါကြီး ရက်ကြီး။ ထိုနေ့တွင် ကျွန်တော့်ကျမ်းကို လက်ခံလိုက်ကြပြီ ဖြစ်သည်။ (တစ်လောကပင် ကွင်စလန်တက္ကသိုလ် ဝက်ဘ်ဆိုက်၌ ရှာကြည့်တော့ ကိုယ့်နာမည်နှင့် ကိုယ့်ကျမ်းကို တွေ့လိုက်ရသေး၏။ ဘာမှတော့ ရင်မခုန်ပါ။)

## စာတမ်း

ရောက်ပြီး နှစ်လလောက်အကြာတွင် *BVA* ညီလာခံနှင့် စာတမ်းဖတ်ပွဲတွင် ကျွန်တော့်သုတေသနမှ တစ်ပိုင်းကို စာတမ်းအဖြစ် ဖတ်သည်။ ထိုစာတမ်းဖတ်ပွဲတွင်ပင် တခြားစာတမ်းများကို *statistics* နှင့် ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့သည်။ နောက်ပိုင်း စာတမ်းဖတ်ပွဲ မှန်သမျှတွင် နာမည်တစ်လုံး ရလာခဲ့ခြင်းကို ဤဆောင်းပါးများ၏ အစတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ နောက်ပိုင်းတွင်လည်း သုတေသန များများ လုပ်ခဲ့၊ သုတေသနကျမ်း များစွာ ကြီးကြပ်ခဲ့ပါသည်။ ယခုနှစ်အစပိုင်းမှာပင် ကျွန်တော် ကူညီခဲ့သော ပါရဂူသင်တန်းသားသုံးဦးတို့ ဘွဲ့ တက်ယူသည်ကို တွေ့လိုက်ရသေးသည်။

## တက္ကသိုလ်ပညာရေး

တက္ကသိုလ်ပညာရေးတွင် သင်ယူပုံကော သင်ပြပုံပါ ခေတ်မီနေရန် လိုသည်။ ပရိုဂျက်တာတွေ၊ ပါဝါပွိုင့်တွေ ခေတ်မှာ သင်ပုန်းပေါ် မြေဖြူနှင့် ရေးပေးနေသော စာရေးဆရာ(စာရေးပေးနေသောဆရာ)၏ လက်ချာကို လိုက်ကူးပြီး ၏/သည် မလွဲ ပြန်ဖြေနေကြရသော ကျောင်းသားများကို ကျွန်တော် အလွန်သနားမိပါသည်။ တစ်ချိန်တည်းမှာပင် တိုင်းပြည်အတွက်လည်း အလွန်

ရင်လေးပါသည်။ ပညာရေးနှင့် ပတ်သက်နေရသော တချို့ပုဂ္ဂိုလ်တွေ ဆိုလျှင် တက္ကသိုလ်၏ အသက်မှာ သုတေသန ဆိုသည့်အချက်ကိုပင် မသိကြတာ ကြုံဖူးသည်။ သိအောင် ပြောပြန်တော့လည်း နားမဝင်။ ဤလို အခြေအနေမျိုးတွင် တကယ် လေးစားထိုက်သော သုတေသနမျိုးကို ဒီဇိုင်းဆွဲနည်း အကြောင်း ပြောပြနေစရာအကြောင်း မမြင်။ ငွေဖြင့် အရာရာကို ဖြေရှင်းလိုကြသော ပါရဂူလောင်းတွေကို သုတေသနဆောင်းပါး ဖတ်နည်းတွေ၊ အနှစ်ထုတ်နည်းတွေ၊ ရေးနည်းတွေ ပြောပြနေစရာအကြောင်း မမြင်။

သို့သော် ပြောစရာ ရှိသမျှ ပြောရမည်သာဟု ခံယူ၍ ပြောလိုက်ပါပြီ။ သက်ဆိုင်သူများက တစ်စုံတစ်ရာ ရရှိသွားကြလျှင် ကျွန်တော် ဝမ်းသာနေမည် ဖြစ်ပါသည်။

**ကြည်မင်း**
၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်။

မြန်မာ စာအုပ်များ

# အခြားနိုင်ငံများသို့

၁

# ခရီးသွား၍ အဝအပြစားခြင်း

(၁)

ကျွန်တော် အစားကြီးတဲ့ ဝေါလားလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါတယ်။ တစ်ရက်လုံးလုံးမှ လက်ဖက်ရည် နှစ်ခွက်၊ မုန့်တစ်ထုပ်နဲ့ နေခဲ့ဖူးတာတွေ လွန်ခဲ့တဲ့ နှစ်အတွင်း အတော်များခဲ့ပါတယ်။ ထို့အတူပဲ စားကောင်းကောင်းနဲ့ 'တွယ်ထည့်' လိုက်တာတွေလည်း ရှိတာပါပဲ။ တစ်ခု သေချာတာကတော့ မနက်ပိုင်းမှာ တအားစားကောင်းရင် ညနေပိုင်းကျတော့ လက်ဖက်ရည် လောက်၊ မုန့်လောက်နဲ့ပဲ နေတော့တာပါပဲ။ နေမကောင်းတဲ့အခါတို့၊ ညလုံးပေါက် လုပ်ကိုင်စရာ 'အလုပ်ပူ'တွေ ဝင်လာတဲ့အခါတို့ ဆိုရင်တော့ ကျောင်းသားဘဝတုန်းက စာကြိုးစားဖို့ လိုတဲ့ညတွေမှာ ကျင့်သုံးသလိုပဲ ညစာကို ဟုတ်တိပတ်တိ မစားဘဲ နေလိုက်ပါတယ်။

(၂)

ခရီးသွားတဲ့အကြောင်းကတော့ ပြောမယ်ဆိုရင် သိပ်များများ ပြောစရာ မရှိပါဘူး။ ကျွန်တော်က ခရီးထွက်ရတာ ဝါသနာမရှိလှဘူး။ ဖြစ်နိုင်ရင်

ထမင်းကိုတောင် ကိုယ့်စာကြည့်ခန်းထဲမှာပဲ ယူစားတာပါ။ ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့သူတစ်ဦးဆိုရင်·(မိန်းမသားပင်ဖြစ်သော်လည်း) အလွန် ခရီးသွားဝါသနာ ပါပါတယ်။ သံဖြူဇရပ်ကနေ မြစ်ကြီးနားအဆုံး လူကြုံကောင်းရင် ကောက်လိုက်သွားတယ်ဆိုတဲ့ လူစားမျိုးပါ။ ဟိုးတစ်နှစ်က တရုတ်ပြည် တောင်သွားလည်လိုက်သေးတယ်။ မနေ့က မနက်က အဝေးပြေးကားနဲ့ ရောက်လာပြီး ဒီနေ့ညကျတော့ မီးရထားနဲ့ ပြန်သွားပြန်ပါပြီ။

ခရီးသွားရတာကို မကြိုက်ပေမဲ့ ဝန်ထမ်းအဖြစ်နဲ့ တာဝန်အရ ခရီးသွားခဲ့ရတာတွေ ရှိပါတယ်။ အဲဒီအထဲက မလေးရှားခရီးအကြောင်း ပြောချင်လို့ပါ။

(၃)

ကျွန်တော်သွားခဲ့တာ ပညာရေးကိစ္စနဲ့ ဖြစ်ပါတယ်။ ပါရဂူဘွဲ့သင်တန်းတွေအတွက် တက္ကသိုလ်ချင်း ညှိနှိုင်းဖို့ ငါးရက်ကြာ ဆွေးနွေးပွဲ တစ်ခုကို တက်ရတာပါ။

ကျွန်တော်တို့ကြားက *MOU* သဘောတူညီချက်အရ ခရီးစရိတ်ကို ကိုယ်က ပေး၊ သူတို့မြေမှာ ရှိနေသရွေ့ သွားလာစားသောက်နေထိုင်မှုအားလုံး သူတို့က ပေးရပါတယ်။ သူတို့ လာတုန်းကလည်း ကျွန်တော်တို့က ဒီလိုပဲ တာဝန်ယူရပါတယ်။

သူတို့က ကျွန်တော်တို့ကို အလတ်စား ဟိုတယ်တစ်ခုမှာ ထားပါတယ်။ *Bed and breakfast* ဆိုတဲ့ နံနက်စာပါ ကျွေးတဲ့ ဟိုတယ်မျိုးပါ။ ဟိုတယ်မှာ နံနက်စာ စားပြီးတာနဲ့ ကားပေါ် တက်၊ တက္ကသိုလ်ကို သွား၊ ဆွေးနွေးစရာတွေ ဆွေးနွေး၊ လေ့လာစရာတွေ လေ့လာ၊ နေ့ခင်းစာကို စားသောက်ဆိုင်တွေမှာ သွားစား၊ ညနေစာကိုတော့ သူတို့ လာခေါ်ပြီး ဒင်နာပေးရင် ပေး၊ ဟိုတယ်မှာပဲ မှာစားရင် စားပေါ့လေ။

(၄)

ကျွန်တော် ဩစတြေးလျမှာ ဘွဲ့လွန်တက်နေတုန်းမှာ ဘွဲ့ကြိုသင်တန်း တတိယနှစ်က ကုလားလေး တစ်ယောက်နဲ့ ခင်ပါတယ်။ သိပ်တော့ မရင်းနှီးပါဘူး။ သူက မလေးရှားကပါ။ အဲဒီတုန်းက မလေးရှားနိုင်ငံရယ်လို့ တည်ထောင်ပြီးတာ ဆယ်နှစ်တောင် မရှိသေးတဲ့ အချိန်ပါ။ မလေးတက္ကသိုလ် ဆိုတဲ့ ဟိုးကိုလိုနီခေတ် လက်ကျန် တက္ကသိုလ်တစ်ခု ရှိပေမဲ့ ခေတ်ပေါ် သိပ္ပံနဲ့

နည်းပညာတွေ မသင်နိုင်တော့ လူငယ်တွေကို နိုင်ငံခြား တက္ကသိုလ်တွေ လွှတ်ရပါတယ်။ မလေးရှား လေး၊ ငါး၊ ဆယ်ယောက်နဲ့ အဲဒီမှာ ဆုံခဲ့ရပါတယ်။ ကုလားနဲ့ တရုတ်ချည်းပါပဲ။ မလေးလူမျိုး ရှားပါတယ်။

အဲဒီတုန်းက တွေ့ခဲ့တဲ့ တတိယနှစ် ကျောင်းသားလေးဟာ မဟာဌာနမှူး (ပါမောက္ခချုပ်)အဖြစ်နဲ့ ကျွန်တော်တို့ဆီကို အဖွဲ့တစ်ဖွဲ့ ဦးဆောင်ပြီး လာခဲ့ဖူးပါတယ်။ အခု ကျွန်တော်တို့က သူတို့တက္ကသိုလ်ကို သွားကြည့်တာပါ။

မလေးရှားက တော်ပါတယ်။ ၁၉၇၀ ဝန်းကျင်လောက်မှာ လူငယ်တွေကို နိုင်ငံမျိုးစုံ လွှတ်ပြီး၊ ဘာသာရပ်စုံစုံမှာ သင်ယူစေပါတယ်။ အဲဒီအချိန်မှာ ပညာရေးဌာနကနေ စံချိန်မီ သင်ရိုးညွှန်းတမ်းတွေ ဆွဲပါတယ်။ ပြီးတော့ တက္ကသိုလ်အဆောက်အအုံတွေ ဆောက်ပါတယ်။ နိုင်ငံခြား ပါရဂူတွေကို ပါမောက္ခအဖြစ် ငှားပါတယ်။ ပညာသင်ရာက ပြန်လာတဲ့ လူငယ်လေးတွေထဲက တက္ကသိုလ်မှာ ခန့်သင့်သူတွေကို ပြန်ခန့်ပြီး ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖွင့်လိုက်ပါတယ်။

(၅)

ဒီနေရာမှာ ကြားဖြတ်ပြီး တက္ကသိုလ် *University* ဆိုတဲ့ အခေါ်ကို ရှင်းပြဖို့ လိုတာ ရှင်းပြချင်ပါတယ်။ တက္ကသိုလ် ဆိုတာ ပင့်ကူအိမ်နဲ့ တူပါတယ်။ ပင့်ကူနဲ့ တူတယ်လို့ ပြောရင်လည်း ရပါတယ်။ လက်တံတွေ ဘေးကို ပြန့်ကားသွားတဲ့ သဘောပေါ့။ တက္ကသိုလ်ကို မဟာဌာနတွေနဲ့ ဖွဲ့စည်းပါတယ်။ စိုက်ပျိုးရေး မဟာဌာန၊ ဆေးပညာ မဟာဌာန၊ သိပ္ပံ မဟာဌာန၊ ဥပဒေ မဟာဌာန ဆိုတာမျိုးပါ။ မဟာဌာနမှူးကို *Dean* လို့ ခေါ်ပါတယ်။ ပါမောက္ခချုပ်သဘောမျိုးပါ။ သူ့လက်အောက်မှာ ဌာနမှူးပါမောက္ခတွေ ရှိပါတယ်။ တက္ကသိုလ်ရဲ့ အင်္ဂါရပ်ဟာ သူတို့ဆီမှာတော့ ကမ္ဘာတစ်လွှားမှာပါ ဒီလိုပဲ တည်ဆောက်ကြပါတယ်။ တက္ကသိုလ် ဆိုရင် ဘာသာမျိုးစုံ၊ ဘွဲ့မျိုးစုံ ဖြစ်ရတဲ့ သဘောပါ။

(၆)

ကျွန်တော် မလေးရှားကို သွားတဲ့ အဓိကတာဝန်က ပညာရေးကိစ္စပါ။ ပါရဂူဘွဲ့ သင်တန်းတွေမှာ တက္ကသိုလ် နှစ်ခု ပူးပေါင်းဆောင်ရွက်ရမယ့် စီမံချက်တွေ အပြီးသတ်လက်မှတ်ထိုးဖို့ပါ။ သို့သော် ဘွဲ့ကြိုသင်တန်းတွေမှာ သင်ကြားနေပုံတွေ၊ သုတေသနလုပ်ကြပုံတွေ၊ ကုန်ကုန်ပြောရရင် သူတို့ရဲ့ ပင်ရင်းစာကြည့်တိုက်ကြီးမှာ လုပ်ကိုင်ဆောင်ရွက်နေပုံတွေက အစ လေ့လာရပါတယ်။

*ကြည်မင်း*

ကျွန်တော့်မှာက စာရေးဆရာ ဆိုတဲ့ တခြား တစ်ဘဝကလည်း ရှိနေပါသေးတယ်။ အဲဒီ *presonality* ရဲ့ မျက်စိဟာ အရာရာကို ကြည့်ချင်တတ်ပါတယ်။ ရှားရှားပါးပါး ရောက်တုန်းရောက်ခိုက်မှာ ကြည့်နိုင်သမျှ ကြည့်သွားဖို့ပါ။ သူတို့ သတင်းစာတွေကို ကြည့်ရတယ်။ ဘတ်စကား၊ မြို့ပတ်ရထား၊ ဈေးဆိုင်၊ စူပါမားကတ်၊ ပျံကျဈေး၊ ပန်းချီဆိုင်၊ ကွန်ပျူတာဆိုင်၊ မန်ယူဘောလုံးအသင်းရဲ့ ဆိုင်၊ တောင်အာရှရဲ့ အကြီးဆုံး စာအုပ်ဆိုင်ဆိုတာတွေ ကြည့်ရပါ တယ်။ ထို့အတူပဲ မုန့်ဟင်းခါးဆိုင်တို့၊ ကွမ်းယာရောင်းတဲ့ စီဒီခွေတ်ပြားဆိုင်တို့လည်း ရောက်တာပါပဲ။

(၇)

တစ်နိုင်ငံနဲ့ တစ်နိုင်ငံမှာ စာပေ ယဉ်ကျေးမှုနဲ့ လူမျိုးဆိုင်ရာ ဓလေ့ထုံးတမ်းတွေ ကွဲခြားကြသလိုပဲ၊ အစားအသောက်မှာလည်း ကွာခြားပါတယ်။ ဒီကွာခြားမှုကို ဟိုတယ်မှာ ကောင်းကောင်း မြည်းစမ်းခွင့် ကြုံပါတယ်။ ဆိုခဲ့တဲ့အတိုင်း *bed and breakfast* ဟိုတယ် ဆိုတော့ ဟိုတယ်ခထဲမှာ နံနက်စာ ပါပြီးသားပါ။ စားလည်း ဒီဈေး၊ မစားလည်း ဒီဈေးပါပဲ။ ကျွေးတာကလည်း ကိုယ် ကြိုက်ရာ ယူစား စနစ် (ဘူဖေး) ဆိုတော့ များများစားလည်း ရတာပါပဲ။ တချို့တွေ နေ့လယ်စာအတွက် စက္ကူလေးနဲ့ ကိုတ်ထုတ်ယူသွားတာတောင် ရှိပါတယ်။

ဘူဖေးအတွက် ချပေးထားတာ အစုံပါ။ အနောက်တိုင်းအစာက ခုံတန်းတစ်တန်း၊ တရုတ်စာက တစ်တန်း၊ ယိုးဒယားစာက တစ်တန်း၊ မလေးအစာက တစ်တန်း၊ ကော်ဖီ၊ လက်ဖက်ရည်၊ သစ်သီးရည်နဲ့ သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံက တစ်တန်းပါ။ ကျွန်တော်ကတော့ စုံအောင် စားကြည့်ပါတယ်။ အထူးသဖြင့် ယိုးဒယားစာနဲ့ မလေးစာပေါ့။ မလေးစာ အတန်းတစ်တန်းကိုပဲ ကြည့်ရင် အုန်းထမင်း၊ ထမင်းဖြူ ခေါက်ဆွဲကြော်၊ ငါးဟင်း၊ ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ ကြက်ကြော်၊ ငါးကြော်၊ ဟင်းရွက်ကြော်၊ ဟင်းချို ပုစွန်ပေါင်း၊ ပင်လယ်စာ ဆိုတာတွေ တွေ့မယ်။ ကြိုက်တာ ကြိုက်သလောက် ယူစားရုံပါပဲ။

(၈)

မလေးရှားက အရင်တုန်းကတော့ ရာဘာ ကြက်ပေါင်စေးရယ်၊ ခဲမဖြူရယ် ထုတ်လုပ်တဲ့ နိုင်ငံပါ။ ခဲမဖြူက ကုန်သွားပြီ။ ရာဘာကလည်း သိပ်အားကိုး

လောက်တဲ့ ထွက်ကုန်မဟုတ်တော့ဘူး။ ဒီတော့ စက်မှုလုပ်ငန်းဘက်မှာ နိုင်ငံ စီးပွားများကို တည်ဆောက်ပါတယ်။ စားသုံးကုန်အနေနဲ့ ကမ္ဘာကို တက်ယှဉ်ပြီး ဈေးကွက်လုလာတာကတော့ စားအုန်းဆီပါ။

ဟိုတယ်မှာ စားရတဲ့အကြော်တွေမှာ စားအုန်းဆီအနံ့ မရပါဘူး။ စားအုန်းဆီကို စားမိရင် မျက်နှာတွေ ထူပူပြီး သွေးတိုး မြင့်လာတတ်၊ ခေါင်းမူးတတ်တဲ့ ကျွန်တော်ဟာ အဲဒီ ဟိုတယ်စာတွေ စားပြီး ဘာမှ မဖြစ်ဘူး။ သူတို့တွေ တော်ကြသားပဲ၊ အစားအသောက်တွေကို ပဲဆီတို့၊ နေကြာဆီတို့၊ ပန်းနှမ်းဆီတို့နဲ့ စီမံပေးထားကြပါပေတယ်လို့ စိတ်ထဲက ချီးကျူးမိပါတယ်။ ဖွင့်မေးကြည့်တော့မှ ဘယ် ဟုတ်ပါ့မလဲ။ အားလုံးဟာ စားအုန်းဆီနဲ့ ချက်ထား၊ ကြော်ထားတာချည်းပဲလို့ သိရပါတယ်။

စားအုန်းဆီ ပေါ်စက အမေရိကန်နဲ့ ဥရောပမှာ ဈေးကွက်ရှာတော့ ကိုလက်စထရော တက်မယ့် ဆီကြမ်းတွေ ပါလို့ သွေးတိုးရောဂါ ဖြစ်နိုင်တယ်ဆိုပြီး အပယ်ခံရပါတယ်။ အဲဒါကို တက္ကသိုလ်ပညာရှင်တွေနဲ့ ပြင်ပကုမ္ပဏီက ပါရဂူတွေ ပေါင်းပြီး သုတေသန လုပ်လိုက်ကြရာမှာ အထူး သန့်စင်တဲ့ နည်းတွေ တွေ့လာပါတယ်။ မကောင်းတဲ့ အစိတ်အပိုင်းတွေကို အကုန်လုံး ပယ်ပစ်နိုင်လို့ စားအုန်းဆီဟာ အကောင်းဆုံး စားဆီတွေ ဖြစ်တဲ့ သံလွင်ဆီတို့၊ နေကြာဆီတို့လိုပဲ ဘေးကင်းပါတယ်၊ ဈေးကျတော့ ပေါပါတယ် ဆိုပြီး ကမ္ဘာ့ဈေးကွက်ကို ဝင်ပြိုင်တာ ပေါက်သွားပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်အတွက် အဓိကထွက်ကုန်တစ်ခု ဖြစ်လာပါတယ်။ စားအုန်းဆီမှာ ကိုလက်စထရော မြင့်စေတဲ့၊ သွေးတိုးစေတဲ့ ပစ္စည်းတွေ ပါနေတာ ဆီမသန့်လို့ပါ။ သူတို့ သုတေသနပြုထားတဲ့ နည်းတွေ သုံးပြီး စက်တွေနဲ့ သန့်စင်လိုက်ရင် အဆင့်မြင့်အကြော်ခံဆီကို ရလာတယ်လို့ သိလိုက်ရပါတယ်။

(၉)

အစားအကြောင်းနဲ့ စကားစထားတော့ အစားအကြောင်းနဲ့ပဲ ပြန်ပိတ်ရပါမယ်။ ဟိုတယ်မှာက ရေသန့်ဘူးကအစ ဈေးကြီးပါတယ်။ ကိုကာကိုလာတို့၊ *sprite* တို့ဆိုရင် ဝီခေါ်နေပါတယ်။ ခေါက်ဆွဲကြော်တစ်ပွဲ ဆိုရင် ၂ ဒေါ်လာလောက် ရှိပါတယ်။ ဒါတောင် ဈေးအပေါဆုံးပါ။ ကောင်းကောင်းဆိုရင် ၃ ဒေါ်လာ။ ကိုကာကိုလာ တစ်ဘူး တွဲလိုက်ရင် လေးဒေါ်လာခွဲ (မလေးရှား ရင်းဂစ် ၁၈၊ ၂၀ လောက်) ဖြစ်သွားပါတယ်။ ကျွန်တော်တို့အဖို့ကတော့ ကိုယ် စားချင်တာ

ကြည်မင်း

မှာစားပြီး ပြေစာမှာ လက်မှတ်ထိုးပေးရုံ ဖြစ်ပါတယ်။ အဲဒီလို စားရင် သူတို့က (ဟိုတယ်ခ အပြင်) လိုက်ရှင်းပေးရပါတယ်။ အပြင်မထွက်လို့ ဟိုတယ်မှာပဲ ကိုယ့်ဟာကိုယ် စားကြရမယ် ဆိုရင် ကျွန်တော်ကတော့ ဈေးအပေါဆုံး ထမင်းကြော်တစ်ပွဲပဲ မှာစားလိုက်တာပါပဲ။ အခန်းထဲ ပြန်ရောက်တော့မှ ရေပိုက် ဖွင့်ပြီး ရေ သောက်ပါတယ်။ သူတို့တက္ကသိုလ် အတွက် အပိုဝန်မလေး စေချင်လို့ပါ။ ပူစရာတော့ တကယ်တမ်းမှာ မရှိပါ။ ဒါလောက်လေးက သူတို့ အတွက် အကင်းပါ။ သူတို့ ကထိကတွေ၊ ပါမောက္ခတွေကတော့ နိုင်ငံတကာ ခရီးကို တာဝန်အရ သွားရင် လေယာဉ်ပျံမှာတောင် အထက်တန်း အခန်းကပဲ စီးကြရတာ၊ အကောင်းဆုံး ဟိုတယ်မှာ တည်းပြီး၊ ထမင်းစရိတ်ကိုတောင် တစ်နေ့ အမေရိကန်ဒေါ်လာ ၆၀ လောက် ရကြတာပါ။ သူတို့ ဘယ်လို ရတယ် ဆိုတာကို ကျွန်တော် ဝင် စဉ်းစားနေဖို့ မလိုပါဘူး။ ဒီငတိက သူ မပေးရတိုင်း အကောင်းစားတွေချည်း မှာတွယ်နေတာပါလားလို့ အမြင်မခံနိုင်ပါဘူး။

*စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ၊*

# ၂

# ခရီးသွား၍ ပရော်ဖက်ဆာများနှင့် စကားပြောခြင်း - ၁

(၁)

သူတို့စရိတ်နှင့် အဖိတ်ခံရတုန်း နိုင်ငံခြား သွား၍ စူဇကာလို ဝော်ကြီးကျသော ဆောင်းပါးကို ရေးပို့လိုက်သောအခါ စံပယ်ဖြူက အစားပုပ်တာတွေ စာဖွဲ့နေတယ် ဟူသော မှတ်ချက်ဖြင့် ဘေးချထားလိုက်ကြောင်း သိရသည်။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊ ဆောင်းပါးစဉ် တစ်ခုအတွက် ပေါ့ပေါ့ ပါးပါးဖြင့် ပလ္လင်ခံလိုက်ခြင်းကို ရှင်းအောင် မပြမိ၊ တစ်ပုဒ် ပါမှ နောက်တစ်ပုဒ် ဆက်ရေးတတ်သော အကျင့်စွဲနေသောကြောင့် ကျွန်တော် လက်တွန့်သွားပြီး ရေးမည် ကြံထားသော စီးပွားရေး ကိစ္စများကို အသွင်ကော စင်ပါ ပြောင်းလိုက်ရသည်။ အခုတော့ စံပယ်ဖြူက အစားပုပ် ဆောင်းပါးကြီး သုံးပေးလိုက်ပြီ။ ဆက်ရေးပါဟု ပြောလာသောအခါ စီးပွားရေးကို ကျော်ပြီး ပါမောက္ခတွေနှင့် စကားပြောခန်းသို့ ဆက်ရပါတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲဟု ကိုယ့်အပြစ်ကို ကိုယ်တိုင် ဝန်ခံခဲ့ပြီးပါပြီ။ တုတ်ထိုးအိုးပေါက် ရေးရမည့် ကိစ္စများကို (ဆရာဇော်ဂျီ ရေးခဲ့သော သိပိုးဝါး၊ ကြားပိုးဝါး၊ တွေးပိုးဝါး စသည်များကို) ‘ရေးပိုးဝါး’

လုပ်ခဲ့မိခြင်း၏ အပြစ် ဖြစ်ပါမည်။ ဤလို တစ်ဝက်သွေးခေါ် *half tone* ဖြင့် ရေးခြင်းမှာ ကျွန်တော်တို့ မျိုးဆက်၏ လက္ခဏာ ဖြစ်မည် ထင်သည်။ တဲ့တိုး မပြောဘဲ တစ်ဝက်လျှော့ ပြောခြင်းမျိုးကို *half tone* ဟု ဝတ္ထုတို အတတ်ပညာ တွင် သုံးပါသည်။

စားအုန်းဆီကို ကျန်းမာရေးအတွက် မကောင်းဟု ကျွန်တော်တို့ ထင်ခဲ့ကြသည်။ အဆီတွင် *HDL* ခေါ် *high density lipid* နှင့် (ယခုအခါ *trans fat* ဟု ခေါ်သော) *LDL* ခေါ် *low density lipid* တို့ ပါဝင်ကြသည်။ စားအုန်းဆီတွင် *LDL* များတတ်သည်။ *LDL* က သွေးကြောနံရံတွင် အနည် ထိုင်တတ်၍ သွေးကြော ကျဉ်းစေသည်။ သွေးတိုးရောဂါလည်း ဖြစ်လာစေ နိုင်သည်။ ထို့ကြောင့် *LDL* များသော စားအုန်းဆီသည် ကျန်းမာရေးကို ဒုက္ခပေးနိုင်သည်ဟု ကျွန်တော်တို့ နားလည်ခဲ့ကြသည်။ ဤလို ဟင်းချက်ဆီမျိုး ကို အမေရိကန်ဈေးကွက်၊ ဥရောပ ဈေးကွက်က အဝင်မခံပေ။ မလေးရှားက သုတေသနများ လုပ်ပြီး စားအုန်းဆီကို ပြုပြင်ရာ အမေရိကန် ဈေးကွက်သို့ တိုးဝင်နိုင်သော အဆင့်သို့ ရောက်သွားသည်။ ဤအချက်ကို ကျွန်တော် ပြော ခဲ့ပါသည်။ ကျွန်တော် ကိုယ်တိုင် တစ်ပတ်ခန့် နေထိုင် စားသောက်ခဲ့ရာ စားအုန်းဆီဟုပင် မထင်ရကြောင်း ရေးခဲ့ပါသည်။ အမေရိကန် ဈေးကွက်သို့ တင်ပို့ရောင်းချနေသော စားအုန်းဆီ၊ သူတို့ ပြည်တွင်းဈေးကွက်တွင် ရောင်းနေ သော စားအုန်းဆီတို့မှာ ကျွန်တော်တို့ဆီ ဝင်လာနေသော စားအုန်းဆီနှင့် မတူကြောင်း ဆက်စပ်စဉ်းစားကြရန် ကျွန်တော် မျှော်လင့်ခဲ့ပါသည်။ ဤသို့ စဉ်းစားနိုင်လျှင် နောက်ထပ် စဉ်းစားစရာတွေ ပေါ်လာစရာ အကြောင်း ရှိပါသည်။

(၂)

စားအုန်းဆီကို ထားပြီး ပရော်ဖက်ဆာတွေဆီ သွားကြပါစို့။

သူတို့ဆီက ယူနီဗာစီတီအဆင့်တက္ကသိုလ် ဖွဲ့စည်းပုံသည် ၁၉၆၀ လောက်က ကျွန်တော်တို့၏ ရန်ကုန်တက္ကသိုလ် ဖွဲ့စည်းပုံမျိုး ဖြစ်သည်။ ဖွဲ့စည်းပုံအရ အမြင့်ဆုံးမှာ *Chancellor* ခေါ် အဓိပတိ ဖြစ်၏။ သို့သော် ထိုရာထူးမှာ နိုင်ငံရေးရာထူး ဖြစ်သောကြောင့် နိုင်ငံရေးရာထူးရှင် တစ်ဦးဦး (မလေးရှားတွင် စူလတန်ဘုရင်)က ယူရသည်။ သို့သော် သူ့မှာ မိန့်ခွန်းပြောရုံ ဘွဲ့နှင်းသဘင် တက်ရုံလောက်သာ တာဝန်ရှိသည်။ သင်ကြားရေး၊ အုပ်ချုပ်

ရေးနှင့် ဘာမှမဆိုင်။ ထို့ကြောင့် တက္ကသိုလ်အတွက် တကယ့် ထိပ်ဆုံးပုဂ္ဂိုလ် (ပါမောက္ခချုပ်)မှာ *Vice Chancellor* ခေါ် ဒုတိယ အဓိပတိ ဖြစ်သည်။

တက္ကသိုလ်၏ ပင်မ အုပ်ချုပ်မှုအောက်တွင် မဟာဌာနများ ရှိသည်။ အင်ဂျင်နီယာ မဟာဌာန၊ စိုက်ပျိုးရေး·မဟာဌာန၊ တိရစ္ဆာန် ဆေးကု မဟာဌာန၊ ဝိဇ္ဇာမဟာဌာန၊ သိပ္ပံမဟာဌာန အစရှိသဖြင့် ဖြစ်သည်။ မဟာဌာန *(faculty)* တစ်ခု၏ အကြီးအကဲမှာ မဟာဌာနမှူး *(Dean)* ဖြစ်သည်။ ကျွန်တော်တို့ ဆီနှင့် ညှိလျှင်တော့ ပါမောက္ခချုပ်သဘောမျိုး ဖြစ်သည်။ သူ့ လက်အောက်တွင် *Deputy Dean* ခေါ် လက်ထောက် မဟာ ဌာနမှူး နှစ်ယောက်၊ သုံးယောက် ရှိသည်။ သုံးယောက် ဆိုလျှင် တစ်ဦးက အုပ်ချုပ်ရေး၊ တစ်ဦးက သင်ကြားရေးနှင့် တစ်ဦးက သုတေသနကို ကိုင်ရသည်။ နှစ်ဦးသာ ဆိုလျှင်တော့ သင့်သလို တွဲကိုင်ရပါသည်။

ကျွန်တော် သွားခဲ့သော(မလေးရှား၏) *UPM* ခေါ် *University Putra Malaysia* ၏ တိရိစ္ဆာန်ဆေးပညာမဟာဌာနတွင် *Dean* အဟောင်း (အငြိမ်းစားယူ)မှာ ကျွန်တော်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ လောက်က ဩစတြေးလျပြည်၊ ကွင်စလန် တက္ကသိုလ်တွင် ဆုံခဲ့ဖူးသူ ဖြစ်၏။ ထိုစဉ်က သူက တတိယနှစ်ကျောင်းသား၊ ကျွန်တော်က ဘွဲ့လွန် တက်နေသူ။ တတိယနှစ်ကျောင်းသား ဆိုတော့ ကျွန်တော့်ထက် ငယ်ရမည် ဖြစ်ရာ သူက ယခု အငြိမ်းစား ဆိုတော့ မျက်စိလည်စရာတွေ ဖြစ်တုန်တော့သည်။

(၃)

ကျွန်တော် ပလ္လင်ခံခဲ့ဖူးသလိုပါပဲ၊ စာရေးဆရာသည် အာရုံငါးပါး တံခါးတို့ကို ဖွင့်ထားသူ ဖြစ်၏။ စားစရာ စားပြီး တွေးမည်၊ မေးစရာ မေးပြီး တွေးမည်၊ ကြည့်စရာ ကြည့်ပြီး တွေးမည်။

တကယ်တော့ မရှုပ်ပါ။ သူတို့ဆီမှာ အငြိမ်းစား ယူရမည့် အသက်ကို ၅၅နှစ်ဟု ပြဌာန်းထား၍သာ ဖြစ်သည်။ အငြိမ်းစား ယူပြီးသော်လည်း ပါမောက္ခ ဆက်လုပ်နေဆဲဟု သိရပြန်သောအခါ တွေးစရာ မေးစရာ ပေါ်လာပြန်သည်။ သူတို့ဆီမှာ စည်းမျဉ်း ရှိနေ၍ ဖြစ်သည်။ အငြိမ်းစား ယူပြီးသော်လည်း ဆက်လုပ်ချင်သေးလျှင် နောက်ထပ် နှစ်နှစ် ထပ်လုပ်ခွင့်ပေးသည်။ သို့သော် *Dean* (ပါမောက္ခချုပ်)ရာထူးမှာတော့ ဆက်လုပ်လို့ မရ၊ ပါမောက္ခအဖြစ်ပဲ လုပ်ရမည်။ ထိုပြဿနာကို ရှင်းပုံကလည်း လွယ်ပါသည်။

*Dean* ရာထူးမှာ ပုံသေ မဟုတ်။ အလှည့်ကျ ထမ်းဆောင်ရသည်။ သို့သော် အလှည့်ကျတိုင်းလည်း မရ၊ မဟာဌာနမှူး ဖြစ်ထိုက်သော အရည်အသွေး ရှိမှ အစဉ်းစားခံရနိုင်သည်။ ဒီတော့ ပင်စင်ယူခါနီး မဟာဌာနမှူးကို ပင်စင် မယူခင်လေးမှာ ပါမောက္ခအဖြစ် ပြန်ပို့ပြီး မဟာဌာနမှူး အသစ်တစ်ယောက် တင်ရုံပင်။

ဤလို နှစ်နှစ် ထပ်လုပ်ခွင့် ရသူတွေက ပွကြသည်။ ပင်စင်မယူခင် နောက်ဆုံးလစာက ၁၀ သိန်း ဆိုလျှင် ပင်စင် ၅ သိန်း ရမည်(ဆိုပါတော့)။ ပါမောက္ခလစာက ၈ သိန်း ဆိုလျှင် ပင်စင်ယူပြီး ပြန်လုပ်ရသော ပါမောက္ခသည် လစာ ၁၃ သိန်း ရနေလေပြီ။ ကျသင့်သော ဝင်ငွေခွန်ကိုတော့ ပေးရမည်သာ။ မှတ်သားစရာ နောက်တစ်ချက်က ထို နှစ်နှစ်အပြင် နောက်ထပ် မရနိုင်တော့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထို သန်တုန်းမြန်တုန်း၊ လူသားမျိုးနွယ်အတွက် အလုပ်ကောင်းတွေ အများကြီး လုပ်ပေးနိုင်တုန်း ပညာရှင်များသည် တခြားနိုင်ငံများသို့ ကူးပြီး ပါမောက္ခ သွားလုပ်စားကြသည်။ ဤတက္ကသိုလ်၏ တိရစ္ဆာန်ဆေးပညာ မဟာဌာနမှာ အပြည်ပြည်ဆိုင်ရာ အရည်အသွေးလက်မှတ် *ISO 9001* ရထားသဖြင့် သူတို့ဆီမှ ဘွဲ့ရလူငယ်များမှ ပါမောက္ခများအထိ နိုင်ငံတကာတွင် မျက်နှာပန်းပွင့်ကြသည်။ ထိုက်ထိုက် တန်တန် အလုပ်တွေ ရကြသည်။

(၄)

ကျွန်တော့်ကို တာဝန်ယူရသူမှာ *Deputy Dean* (ဒုချုပ်)တစ်ဦး ဖြစ်သည်။ သူက ကားနှစ်စီး သုံးနေသည်ကို တွေ့၍ မနေနိုင် မထိုင်နိုင် မေးကြည့်ရသည်။ မေးလည်း မေးချင်စရာပါ။ အခြား ပါမောက္ခတစ်ဦး ဆိုလျှင် မာစီဒီး ငွေရောင် ကြီးနှင့် ဖြစ်သည်။ ကျွန်တော့်လူ၏ ကားများကတော့ မလေးရှား ပြည်တွင်းဖြစ် ပရိုတွန် *(Proton)* အမျိုးအစားများ ဖြစ်သည်။ ပြည်တွင်းဖြစ် မလေးရှားပိုင် ကားလုပ်ငန်းမှ ကား ဆို၍ ကျွန်တော် ယာဉ်ကြောကို ဂရုစိုက် ကြည့်မိသည်။ ဂျပန်ကား၊ အင်္ဂလိပ်ကား၊ အမေရိကန်ကား၊ ဂျာမန်ကား စသည်ဖြင့် မျိုးပေါင်းစုံ တွေ့သော်လည်း အများစုမှာ ပြည်တွင်းဖြစ် ပရိုတွန်များသာ။ ပရိုတွန် မိုဒယ် ပေါင်း ၁၇ ခု ရှိသည်ဟု မှတ်လိုက်ရသည်။ ယခုဆိုလျှင် အသစ် နှစ်မျိုးလောက် ထပ်ထွက်ပြီး ၁၉ ခု ဖြစ်ချင် ဖြစ်နေလိမ့်မည်။ ကျွန်တော်တို့ဆီက ဆူဇူကီးလို အသေးစားလေးမှအစ *Toyota Landcruiser*လို အကြီးစားကြီးတွေ အထိ

ရှိသည်။ များများစားစား တွေ့ရသည်မှာတော့ *Corolla* လို၊ *Crown* လို၊ *Super Saloon* လို ပရိုတွန်ကားမျိုးတွေ ဖြစ်သည်။ အတွင်းကော အပြင်ပါ အလွန် လှသည်။ (ပူအိုက်သော အီကွေတာရပ်ဝန်း ဖြစ်၍ ထင်သည်) ကား တိုင်းမှာ အဲယားကွန်း ပါသည်။ ဇိမ်ခံကားမှသာ မဟုတ်။ ဘတ်စ်ကားနှင့် မြို့ပတ်မီးရထားပါမကျန် အဲယားကွန်း ရှိသည်။ (တက္ကသိုလ် ဆရာတွေ ရုံးခန်း၊ အမှုထမ်းတွေ ရုံးခန်း၊ စာကြည့်တိုက်၊ နေရာတကာ အဲယားကွန်း ရှိပါသည်။ ဖွင့်လည်း ဖွင့်ထားကြပါသည်။)

ပရော်ဖက်ဆာများအကြောင်း ရေးမည် ကြံစည်ရင်းက ကားတွေ အကြောင်း ရောက်သွား၍ ပြီးအောင်ပဲ ဆက်ရေးလိုက်ပါတော့မည်။

သူတို့ဆီတွင် အစိုးရဝန်ထမ်း ဖြစ်သည်နှင့် လုပ်သက်တစ်ခု(ဥပမာ ဆယ်နှစ်)သို့ အရောက်တွင် ကားဝယ်ခွင့်နှင့် အိမ်ဝယ်ခွင့်အတွက် အစိုးရက ငွေချေးပေးပါသည်။ ဘဏ်မှ စိုက်ထုတ်ပေးပြီး အိမ်နှင့် ကားအတွက် ငွေချေးပေး သည်။ ပြီးတော့ လစာထဲမှ အရစ်ကျ ပြန်ဖြတ်ယူသည်။ ဆယ်နှစ် အတွင်း အရစ်ကျ ပြန်ဆပ်ရခြင်းမျိုး ဖြစ်သည်။ သို့သော် ဘဏ်တိုးက အထူးနှုန်းအဖြစ် မဆိုစလောက်ကလေးသာ အာပတ်လွတ်ရုံ ယူထားသည်။

ဘဏ်ချေးငွေ ရပြီး ငွေချေလိုက်ပြီးသည်နှင့် ကားပိုင် အိမ်ပိုင် ဖြစ် သွားပြီ။ ထိုကား၊ ထိုအိမ်ကို မကြိုက်လျှင် သို့မဟုတ် အမြတ် ရလျှင် ကိုယ့် သဘောအတိုင်း ရောင်းခွင့် ရှိပြန်သည်။ အကြွေး ကျေသည် ဖြစ်စေ၊ မကျေသေးသည် ဖြစ်စေ ရောင်းနိုင်သည်။ အရစ်ကျကို မှန်မှန် ဆပ်နေဖို့ပဲ လိုသည်။ တစ်ခုပဲ ရှိပါသည်။ ဤအခွင့်အရေးမှာ ဝန်ထမ်းတစ်ဦးအတွက် တစ်သက်တစ်ခါသာ ရပါသည်။ ဟို ရာထူးတုန်းက တစ်အိမ်၊ တစ်ဆင့် တက်တော့ နောက်ထပ် တစ်အိမ် ဆိုတာမျိုး မရ။

ဤစီမံချက်သည် လူလတ်တန်းစားများကို မြှင့်တင်ပေးလေသည်။ ရာထူး ငယ်တုန်းက လက်နိုင် ခြေနိုင် ဝယ်ထားသော အိမ်ကို အိမ်ခြံမြေဈေး အတက်မှာ ပြန်ရောင်းပြီး ပိုကောင်းတာ ရှာဝယ်သွားခြင်းဖြင့် နေထိုင်မှုအဆင့် မြင့်လာသည်။ လင်ရော မယားရော ဝန်ထမ်း ဖြစ်နေလျှင် ပို ဟန်ကျသည်။ တစ်လုံး ရောင်းလိုက်ပြီး မြေကွက် ကောင်းကောင်း ရှာဝယ် စိတ်ကြိုက် ဆောက်မလား။ အညံ့နှစ်လုံး ရောင်းပြီး အကောင်းစား တစ်လုံး ယူမလား၊ ခပ်သင့်သင့်လေးပဲ ဝယ်လိုက်ပြီး ပိုထွက်လာသော ငွေနှင့် အားလပ်ရက်မှာ မိသားစုနှင့် ကမ္ဘာပတ်ကြမလား။

*ကြည်မင်း*

(၅)

စာရေးလျှင် ဥပေက္ခာစိတ် သွင်းပြီး မြင်သမျှ ကြားသမျှ အရင်း အတိုင်း ပြန်ဖောက်သည်ချရတာမျိုးလည်း ရှိသည်။ မြင်ခဲ့ ကြားခဲ့သည်များကို ခံစားပြီးမှ ကိုယ့်ခံစားချက်ကို ပြန်ရေးပြရတာမျိုးလည်း ရှိသည်။ ခံစားရသမျှ၊ ဝေဖန် သုံးသပ်မိသမျှကို ဇက်ချုပ်ပြီး အရှုံးမရှိအောင် ရေးရတာများလည်း ရှိပါသည်။ သို့သော် ဘာပဲ ရေးရေး ကိုယ့်အနေအထားအရ ပြောထိုက်တာတွေ ပြောချင်လို့ ရေးနေတာပါလားဟု အထင်ခံချင်သူများ၏ နောက်ဆုံးတန်းနားလောက်တွင် ကျွန်တော် ပါမည် ထင်ပါသည်။

*စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊*

# ၃

# ခရီးသွား၍ ပရော်ဖက်ဆာများနှင့် စကားပြောခြင်း - ၂

(၁)

စင်ကာပူ ရောက်စဉ်က ကျွန်တော် နားရော မျက်စိရော ပါးစပ်ရော ပိတ်ထားဖို့ ကြိုးစားပါသည်။ မလေးရှားမှာ ခံလိုက်ရပြီ ဖြစ်သောကြောင့်ပင်။ ဘာတွေ ခံခဲ့ရသည်ကို အပြည့်အစုံ ပြောမနေချင်တော့ပေ။ ပုံပေါ် ရုံလောက် အနည်း အကျဉ်းသာ ပြောပါတော့မည်။

တစ်နေ့တွင် တက္ကသိုလ်စာကြည့်တိုက်သို့ သွားကြ၏။ မဟာဌာန *(faculty)* မှ စာကြည့်တိုက် မဟုတ်ပါ။ တက္ကသိုလ်တစ်ခုလုံးအတွက်ဖြစ်သော ဗဟိုစာကြည့်တိုက်ကြီး ဖြစ်ပါသည်။ အဝင်ခန်းမ *(foyer)* အပြီးမှာ အဝင် ညွှန်ကြားကောင်တာသို့ရောက်သည်။ ထိုမှတစ်ဆင့် ကွန်ပျူတာခန်းများ၊ ရုပ်သံ ကြည့် *audio-visual* ခန်းများဆီ ရောက်သည်။ ဓာတ်ပြားတို့၊ ကက်ဆက် ခွေတို့ဖြင့် သိမ်းထားသော မှတ်တမ်းများ၊ လက်ချာများကို ကြည့်နိုင်သည့်အခန်း ဖြစ်သည်။ ပြီးမှ စာအုပ်များ ထားရာနေရာ အဝင်ကောင်တာသို့ ရောက်သည်။

အိတ်တွေ ထားခဲ့ပြီး မျှော်မဆုံးနိုင်သော စာအုပ်စင်တွေကြား ဝင်ကြည့်ရသည်။ ကျောင်းသားများ လွတ်လွတ်လပ်လပ် ဝင်ရောက်ဆွဲယူ ဖတ်ရှုနိုင်သော နေရာဖြစ်၏။ ထိုင်ဖတ်စရာနေရာတွေ လုပ်ပေးထားသည်။ ကူးယူလိုလျှင် မိတ္တူကူးစက်တွေက အသင့်။ လေအေးစက်တွေ အလုံအလောက်မို့ ချမ်းစိမ့်စိမ့်ပင်ဖြစ်နေသည်။ တက္ကသိုလ် စာကြည့်တိုက်မှာတောင် ဤမျှ ခမ်းနားပြည့်စုံပြီး ဝင်ရောက်ဖတ်ရှုလေ့လာမှုကို အားပေးနေလျှင် အမျိုးသားစာကြည့်တိုက်တွင် ဘယ်လို ရှိနေလိမ့်မည်ကို ကျွန်တော် တွေးကြည့်မိသည်။ ပညာ၏အသက်မှာ တက္ကသိုလ်၊ တက္ကသိုလ်၏ အသက်မှာ သုတေသန၊ သုတေသန၏ အသက်မှာ လိုအပ်သော ကျောထောက်နောက်ခံ အချက်အလက် *(background information)* ဖြစ်သည်။ နိုင်ငံတကာဂျာနယ်တွေ (သုတေသနဂျာနယ်ကို ပြောခြင်းဖြစ်ပါသည်။ အင်တာနက်တွင် ရနိုင်သည်ဟု ဆိုသော်လည်း တချို့ဂျာနယ်မျိုးကို ထုတ်ဝေပြီး တစ်နှစ်ကျော်မှသာ ဖတ်ခွင့်/ဆွဲချကူးယူ *download* လုပ်ခွင့် ရှိလေရာ များသောအားဖြင့် ခေါင်းစဉ်လောက်နှင့် ကျေနပ်ရတတ်ပါသည်။ ထို့ကြောင့် မူရင်းဂျာနယ်က ပိုအဓိကကျသည်။ နည်းပညာမှာ ကမ္ဘာကို အမီ လိုက်ချင်လျှင် သုတေသနဂျာနယ်တွေ ချက်ချင်းရအောင် လုပ်ဖို့လိုပါသည်။ သုတေသနဂျာနယ်က အလကား မရ။ တစ်နှစ်အတွက် တစ်မျိုး ဒေါ်လာတစ်ထောင် ဆိုသလို ပေးရတတ်သည်။ ခပ်စုတ်ချာချာ တက္ကသိုလ်တစ်ခုအတွက်ပင်လျှင် ဤဂျာနယ်မျိုး ၃၀ ခန့် လိုသည်။ ဒေါ်လာ သုံးသောင်း။ တက္ကသိုလ် ၁၆၀ ဆိုလျှင် အနည်းဆုံး တစ်နှစ်မှာ ဒေါ်လာသုံးသန်း ဖြစ်သွားလိမ့်မည်။ ဤသည်မှာ ဂျာနယ်ဖိုးပဲ ရှိသေးသည်။

## (၂)

တက္ကသိုလ်က ပြန်ထွက်လာတော့ ကားမှတ်တိုင်ကို လှမ်းမြင်နေရ၏။ ရှစ်ပေလောက်ရှိသော ရေမှုန်ဖျန်း ပန်ကာကြီးနှစ်လုံး တပ်ပေးထားသည်။ ကားစောင့်နေသော တက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအတွက် အေးမြနေအောင် ဖန်တီးပေးထားခြင်း ဖြစ်သည်။ ဘတ်စ်ကားပေါ် တက်လိုက်တော့ အဲယားကွန်းနှင့်၊ မြို့ပတ်ရထားပေါ် တက်လိုက်တော့ အဲယားကွန်းနှင့်။ အတော် အဲယားကွန်း ကြိုက်သော ငတိတွေဟုပင် ပြောရမလို ဖြစ်နေသည်။ ကျွန်တော် သွားရောက်လေ့လာခဲ့သော မဟာဌာနတွင် အဲယားကွန်း အလုံး ၇၀ ကျော်သာ တပ်နိုင်သေး၍ ထပ်တပ်ရဦးမည်ဖြစ်ကြောင်း စီမံရေးရာ

မြန်မာ စာအုပ်များ



လက်ထောက်ဌာနမှူး (ဒုတိယ ပါမောက္ခချုပ်-စီမံ) က ညည်းတွားနေသေးသည်။ ဆရာတိုင်းကို တစ်ယောက်တစ်ခန်း ပေးပြီး အခန်းတိုင်း အနည်းဆုံး အဲယားကွန်းတစ်လုံး တပ်ပေးထားသည်ဟု ပြောပြသည်ကို ဘာမှမဟုတ်သလို ပုံစံမျိုး ပြခဲ့ရသေး၏။ ဟန်ကိုယ့်ဖို့ မဟုတ်လား။ သူတို့က ကိုယ့်ဆီ လာဖူးသူတွေ ဖြစ်၍ ကိုယ့်အကြောင်း သိနှင့်ပြီးကြပြီ။ ဟန်ကိုယ့်ဖို့ လုပ်လည်း မထူး၊ မလုပ်လည်း မထူး။

(၃)

သူတို့၏ ပြည့်စုံတာတွေကိုချည်း ပြောနေ၍ မသင့်။ ကိုယ့်ဘက်က သာတာတွေလည်း ပြောရဦးမည်။ လူဦးရေက ကိုယ့်တစ်ဝက်ပင် မရှိဟု ထင်သည်။ တက္ကသိုလ်ကျတော့ တစ်ပြည်လုံး ပေါင်းလို့ လက်ဆယ်ချောင်းထက် ကျော်ရုံပဲ ရှိနိုင်သည်။ ကွန်တော်တို့လို ၁၅၀ ကျော်ကျော် မရှိနိုင်။ ဌာနချင်း ကြည့်ဦး မလား။ ကျွန်တော်တို့တွင် ပါမောက္ခရာထူး (၇) နေရာ ရှိသည်။ ထို့ကြောင့် ပါမောက္ခနှင့် တန်းတူဟု ပြောလို့ရသည့် အဓိပ္ပာယ်လည်း ထွက်သည့် တွဲဖက် ပါမောက္ခ (*Associate* သည် တန်းတူသဘောကို ပြသည်။ လက်ထောက် ဆိုလျှင် အဆင့်မတူခြင်း သဘောကို ပြသည့် *Assistant Professor* ဟု သုံးစွဲရမည်) ရာထူးလည်း ခုနစ်နေရာ ရှိသည်။

သူတို့ဆီမှာ ပါမောက္ခရာထူး *chair* က နှစ်နေရာပဲ ရှိသည်။ ထို နှစ်နေရာသည် အသေလည်း မဟုတ်။ ဘာသာရပ် ရှစ်ခုမှ လက်ထောက် ပါမောက္ခများအနက် အသင့်လျော်ဆုံး နှစ်ယောက်က ပါမောက္ခရာထူးကို ရမည်။

(၄)

ဤသို့ ဆိုလျှင် လုပ်သက်အရင့်ဆုံးသူက ပါမောက္ခ ဖြစ်လာသည်ဟု မြင်နေကျနှင့် တွဲ၍ ထင်ကြပါလိမ့်မည်။ ထိုသို့ မဟုတ်။

သူတို့ဆီက ပါမောက္ခ ရွေးပုံမှာ စိတ်ဝင်စားစရာ ကောင်းသည်။

ပါမောက္ခ နှစ်ဦးနှင့် လက်ထောက်ပါမောက္ခ ရှစ်ဦး ရှိနေသည် ဆိုပါစို့။ ပါမောက္ခ တစ်ဦးက အသက် ၅၅ နှစ် ပြည့်သောကြောင့် ပင်စင် ယူတော့မည်။ ထိုနေရာအတွက် ပါမောက္ခတစ်ဦး တင်ရန် ရှိလာပြီ။ အငြိမ်းစား

ယူမည့် ပါမောက္ခမှာ ဆေးပညာမှ ဖြစ်၍ သူ့နေရာသို့ ဆေးပညာမှ လက်ထောက်ပါမောက္ခကို ဆွဲတင်တာမျိုး မလုပ်ရ။ လက်ထောက်ပါမောက္ခများထဲမှ အလားအလာ အရှိဆုံး၊ အထက်မြက်ဆုံး၊ သုတေသနတွင် အစွမ်းဆောင်နိုင်ဆုံး တစ်ယောက်ကို ရွေးသည်။ ပြီးလျှင် သူ့လုပ်ဆောင်ချက်များ၊ သူ ရေးခဲ့သော သုတေသန ဆောင်းပါးများ၊ သူ ဦးစီး ကြီးကြပ်ပေးခဲ့သော ဘွဲ့လွန်ကျမ်းများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့အတွက် သူကိုယ်တိုင် ရေးသားပြုစုခဲ့သော (သူ့ကိုယ်ပိုင်)ကျမ်းများတို့ကို သုံးစုံ ပွားပြီး ထိုဆရာ၏ ပညာလိုင်းတွင် ကမ္ဘာကျော်သော ပညာရှင် သုံးဦးထံသို့ ပို့သည်။ ဤသို့ ပို့ရာတွင် တစ်နိုင်ငံမှ တစ်ဦးနှင့် သုံးနိုင်ငံမှ သုံးဦး ဖြစ်စေဖို့ အလွန်သတိထားသည်။ ထိုပညာရှင်(များသောအားဖြင့် ဝါရင့်ပါမောက္ခ) သုံးဦးတို့၏ အကဲခတ်ဆုံးဖြတ်ချက်ကို ကြည့်၍ ပါမောက္ခရာထူး ခန့်ပါသည်။ လွန်ခဲ့သောနှစ်က တစ်ဦး ဆိုလျှင် အင်္ဂလန်နှင့် အမေရိကန် ပါမောက္ခတို့က ထောက်ခံသော်လည်း ဩစတြေးလျပြည် ကွင်စလန်တက္ကသိုလ်မှ ပါမောက္ခက မထောက်ခံသောကြောင့် ပါမောက္ခ မဖြစ်လိုက်ရပါ။ နောက်တစ်ဦး ထပ်ရွေးလိုက်ရကြောင်း သိရသည်။

(၅)

ဤဖြစ်ရပ်ကို ကြည့်ပြီး ကျွန်တော်တို့ ကောက်ချက်ဆွဲနိုင်တာ ရှိပါသည်။ နံပါတ်စဉ် မထိုးတော့ဘဲ တောက်လျှောက် ရေးပြသွားပါတော့မည်။

သူတို့ဆီမှာ တက္ကသိုလ်ဆရာ ဖြစ်ဖို့အတွက် ကျောင်းသားဘဝမှာပင် တောက်လျှောက် ထူးချွန်လာခဲ့ရပါသည်။ ဘွဲ့ရပြီးလျှင် ဘွဲ့လွန် ဆက်တက်ရသည်။ ဘွဲ့လွန်သုတေသနကာလအတွင်း ကမ္ဘာ့အဆင့်မီ သုတေသနဂျာနယ်များမှာ ဆောင်းပါး ရေးရသည်။ သုတေသနဆောင်းပါး ဖြစ်သည်။ ဘွဲ့လွန်ဒီဂရီ ရပြီးသောအခါ ကျောင်းတွင် ဆရာ ပြန်လုပ်ခွင့်အတွက် လျှောက်ထားနိုင်သည်။

လက်ထောက်ကထိကမှ ကထိက ဖြစ်ဖို့ သုတေသနတွေ လုပ်၊ စာတမ်း ဖတ်၊ စာတမ်း ရေးရသည်။ မဟာဘွဲ့ ရပြီးသူ ဖြစ်လျှင် ပါရဂူဘွဲ့ ဆက်လုပ်နေရမည်။ ပါရဂူဘွဲ့ ရပြီးမှ ကျောင်းပြန်ဝင်ခြင်း ဖြစ်လျှင် အသစ် လုပ်နေသော သုတေသနနှင့် ရေးလိုက်သော/ဖတ်ကြားသော သုတေသန စာတမ်းကို

မြန်မာ စာအုပ်များ



ကြည့်ပြီး မြန်မြန် ရာထူးတက်နိုင်သည်။ ကထိက ဖြစ်နိုင်သည်။ ကထိကသည် ပီအိပ်ချ်ဒီဘွဲ့ရတွေသာ ဖြစ်၏။ သို့သော် သုတေသနအသစ်များ ထပ်လုပ်နေရမည်။ ဘွဲ့လွန်ကျောင်းသားများကို လက်ခံကြီးကြပ်ပေးရမည်။ ဂျာနယ်များတွင် ဆောင်းပါးများ ရေးရမည်။ နိုင်ငံတကာ စာတမ်းဖတ်ပွဲများတွင် တက်'ကျယ်'နိုင်ရမည်။ လိုအပ်သော အရည်အသွေးကို ပြနိုင်လျှင် လက်ထောက်ပါမောက္ခ ဖြစ်လာမည်။

လက်ထောက်ပါမောက္ခမှ ပါမောက္ခ ဖြစ်ဖို့ကျတော့ ပြည်ပမှ အကဲဖြတ်တွေ လိုလာပြီ။

ပြည်ပ အကဲဖြတ်တွေက ထောက်ခံလိုက်၍ ပါမောက္ခ ဖြစ်သွားပြီး ဘာမှ ဆက်လုပ်စရာ မလိုတော့ဘဲ ငြိမ့်သွားပြီဟု ထင်လျှင် မှားမည်။ ဩစတြေးလျ အပါအဝင် နိုင်ငံတကာ တက္ကသိုလ်ကြီးတွေမှာ သင်ကြားရေးရာထူးများကို သုံးနှစ် ကန်ထရိုက်ဖြင့်သာ ခန့်သည်။ သုတေသန ဆက်မလုပ်၊ သုတေသနစာတမ်းလည်း မရေးနိုင်သော ပုဂ္ဂိုလ်တွေသည် အဆင့်နိမ့်ရာထူးသို့ ပြန်မရောက်ပါ။ တစ်ခါတည်း ရပ်စဲလိုက်ခြင်းသာ ရှိသည်။ ဒီတော့ သုတေသန မလုပ်ချင်လို့ မရ၊ ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းမနေလို့ မရ။

(၆)

ကျောင်းတွင် စာသင်ရာမှာလည်း ထက်မြက်အောင် ဖန်တီးထားသည်။ အချင်းချင်း အကဲဖြတ်မှု၊ ကျောင်းသားများ၏ အကဲဖြတ်မှုဖြင့် ဘာသာအလိုက်၊ ဌာနအလိုက်ကိုပါ အကဲဖြတ်စေသည်။ ပြီးတော့မှ စာသင်အကောင်းဆုံးဆုကို ပေးသည်။ ဒိုင်းလို ဆုမျိုးမျှသာ ဖြစ်သော်လည်း ရသူတို့က အလွန်ဂုဏ်ယူသောဆုအမျိုးအစား ဖြစ်ပါသည်။

ဤဆုသည် ဆရာတစ်ယောက်၌ လိုအပ်သည့် အရည်အသွေးများဖြစ်သော စာသင်ကောင်းမှု၊ တကယ် တတ်ကျွမ်းမှု၊ ပညာရပ် တိုးတက်ရေးတွင် စိတ်ရောကိုယ်ပါ ရှိမှုတို့ကို တိုင်းတာပြီး ဖော်ထုတ်ဂုဏ်ပြုသည့်ဆု ဖြစ်ပေသည်။

(၇)

၁၉၆၄ လောက်ကမှ နိုင်ငံရယ်လို့ ဖြစ်လာပြီး နောင် ဆယ်နှစ်ကျော်ကျော်ကြာတော့မှ တက္ကသိုလ်ဟု တူတူတန်တန် တည်ထောင်နိုင်ခဲ့သော မလေးရှား

သည် အချိန်တိုအတွင်း မြန်မြန်ကြီး ဖြတ်တက်သွားသည်မှာ အကြောင်းရှိသည်။ အကောင်းဆုံးတွေ ရှာဖွေရွေးယူ အတုခိုးသောကြောင့် ဖြစ်ပါသည်။ ကောင်းပြီးသားတွေ ဆွဲစုပြီး ကိုယ်ပိုင်လုပ်ပစ်လျှင် အကျိုးက များများနှင့် မြန်မြန် ရလာတတ်သည်ကို တွေ့နိုင်သည်။

ပညာဆိုတာ ယူတတ်လျှင် ရပါသည်။ ယူချင်ဖို့နှင့် ယူတတ်ဖို့တော့ လိုပါ၏။

*စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ၊*

# ၄

# ခရီးသွား၍ ကြည့်သမျှမြင်ခြင်း

(၁)

'ကြည့်သမျှ မြင်ခြင်း'ဟု ရေးထားသည်ကို ဖတ်ပြီး မိတ်ဆွေတစ်ဦးက "ကြည့်မှတော့ မြင်ရမှာပေါ့"ဟု ပြောပါသည်။ သူ့စကားကို သေသေချာချာ စဉ်းစားသောအခါ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များကို တွေ့လာရပါသည်။ တချို့ အချက်အလက်များမှာ *unpleasent truth* ခေါ် နားအောင့်စရာ အမှန်တရားများ ဖြစ်နေကြသည်။

စဉ်းစားမိသည်များကို ရေးပြပါမည်။

(က) ပဿန္တော၊ ပဿန္တာပိ ပဿန္တိ အစရှိသော ပါဠိဂါထာ တစ်ပုဒ်ရှိပါသည်။ အပြည့်အစုံကို မြန်မာလို ရေးပြရလျှင် မြင်သူသည် မြင်သူကိုလည်း မြင်၏၊ မမြင်သူကိုလည်း မြင်၏။ မမြင်သူသည် မြင်သူကိုလည်း မမြင်၊ မမြင်သူကိုလည်း မမြင်ဟု ဖြစ်ပါသည်။ မြင်သူသည် မြင်ကို မြင်ပြီး မမြင်သူသည် မမြင်ကို မမြင်ဟု ပြောရမည် ထင်သည်။

(ခ) အထက်ပါစာပိုဒ်ပါ 'မြင်ခြင်း'ကို ဉာဏ်မျက်စိဖြင့် မြင်ခြင်းဟု အစားထိုး စဉ်းစားကြည့်သည့်အခါ စိတ်ဝင်စားစရာများ တွေ့လာရပါသည်။ စဉ်းစားကြည့်ကြပါရန်။

ကြည်မင်း

(ဂ) ကျွန်တော် ကျောင်းဆရာဘဝတုန်းက ကျွန်တော့်ဌာနတွင် မှုတစ်ခု ချထားသည်။ *တတ်စေချင်ရင် တတ်အောင် သင်၊ မြင်စေချင်ရင် မြင်အောင် ပြ၊ ရစေချင်ရင် ရောက်အောင် ပေး* ဟု ဖြစ်သည်။ အတတ်ပညာကို သင်ပေးနေသူသည် မခိုတရို့လေး လုပ်နေ၍မရ။ ခွဲတာစိတ်တာကို မြင်ဖူးစေချင်လျှင် မြင်ရအောင် လုပ်ပေးရမည်။ ခွဲတာ စိတ်တာ တတ်သွားစေချင်လျှင် တတ်အောင် သင်ရမည်။

(ဃ) 'တန်ခိုးရှင် မြင်အောင် ပြလိုက်မယ်၊ မြင်စေဗျ မြင်စေ' ဆိုသော နတ်စကားမျိုးကို ငယ်ငယ်က ကြည့်ခဲ့ရသော ဘိုင်စကုတ် (ဓာတ်ရှင်/ရုပ်ရှင်) နှင့် ပွဲများတွင် ကြားဖူးကြုံဖူးပါသည်။ ထိုနတ်မျိုး ပါလာသောဇာတ်လမ်းတွင် လူအဖြစ် သရုပ်ဆောင်ရသူများက အနီးအနားတွင် ရပ်နေ၊ ထိုင်နေသော နတ်ဆိုသူကို မမြင်သလို၊ မရှိသလို သရုပ်ဆောင်ပြကြရသည်။ (ဝင်မတိုက်မိအောင်လည်း သတိထားကြရသည်။)
ဤဇာတ်လမ်းမျိုးတွင် တန်ခိုးရှင် ဆိုသူက သူ မြင်စေချင်တာကို မြင်အောင် ပြနိုင်သည်။ မမြင်စေချင်သောအခါ ကိုယ်ဖျောက်နိုင်၊ ဝှက်ပစ်နိုင်သည်။

(င) တစ်ခါတစ်ခါကျတော့ မရှိတာကို မြင်ကြရသည်။ သဲကန္တာရမှာ ခရီးသွားရင်းက ရူပဗေဒ၏ အလင်းပြန် အရိပ်ထိုးသဘောကြောင့် ခပ်လှမ်းလှမ်း သဲပြင်ပေါ်မှာ အိုအေစစ်တို့၊ မြို့ကြီးပြကြီးတို့ကို မြင်ရတတ်သည်။ တံလျှပ်*(mirage)* သဘောဖြစ်သည်။ တံလျှပ်ကို ရေထင် ရွှေသမင် အလိုက်မှား ဟု စကားပုံ ရှိသည်။

(စ) ကြည့်သော်လည်း မြင်ချင်မှ မြင်သည်။ မြင်လောက်သော 'အခံ' မရှိလျှင် မမြင်။ ကျွဲပါး စောင်းတီး ဆိုသော ပုံခိုင်းစကားသည် ဤနေရာနှင့် ကွက်တိဝင်သည်။

(၂)

မလေးရှားတွင် ထူးထူးခြားခြား သတိထားမိသည်များ၌ လမ်းတွေ ကောင်းကြခြင်းလည်း ပါသည်။ စည်ပင်သာယာအဖွဲ့ပိုင် လမ်းများကလည်း ကောင်းသည်။ ပိုက်ဆံပေးရသော လမ်းကျယ်ကြီးများ *(toll way)* ကတော့ ပြောစရာ မရှိ။

သူတို့နိုင်ငံသည် အီကွေတာနားမှာ ရှိသည်။ ထို့ကြောင့် နေက မြောက်ဘက် ယဉ်စွန်းတန်းနား ရောက်သွားသော ဇွန်၊ ဇူလိုင်နှင့် တောင်ဘက် ယဉ်စွန်းတန်းနား ကပ်သွားသော ဒီဇင်ဘာ၊ ဇန်နဝါရီ ဆိုသည့် လေးလအတွင်း နည်းနည်း စိမ့်ရုံ အေးမည်။ ကျန် ရှစ်လကတော့ နွေ ဖြစ်သည်။ နွေ ဆိုလျှင် နံနက်ပိုင်း နေသာပြီး မွန်းလွဲသည်နှင့် မိုးရွာ၏။ မုန်တိုင်း ဝင်လျှင် အချိန်မရွေး မိုးရွာသည်။ အီကွေတာရပ်ဝန်းဒေသ ဖြစ်၍ မိုးကြီးပြီး လေပြင်းပါ ရောဝင်လေ့ ရှိသည်။

လမ်းမကောင်းသော ဒေသတချို့ကို ကြုံဖူးပါသည်။ ထိုဒေသမှ လမ်းတာဝန်ခံများက မိုးများသောကြောင့်ဟု အကြောင်းပြတတ်ကြလေရာ ထိုပုဂ္ဂိုလ်တွေကို မလေးရှားတို့၊ စင်ကာပူတို့ဆီ ခေါ်ပြလိုက်ချင်သည်။ အနည်းဆုံးတော့ လွန်ခဲ့သော နှစ်ငါးဆယ်က လာခင်းပေးသွားသော အစ္စရေး နိုင်ငံ၏ မေတ္တာလက်ဆောင် ဆူးလေဘုရားလမ်းကို ပြလိုက်ချင်သည်။ လမ်း ပျက်ခြင်း၏ အဓိက တရားခံမှာ လုပ်ကိုင်ပုံ စနစ်မကျခြင်းနှင့် ပစ္စည်းမှန် မသုံးခြင်းသာ ဖြစ်ပါသည်။

(၃)

ကြုံ၍ *toll way* နှင့် *toll gate* များအကြောင်း ပြောပါဦးမည်။ ကွာလာ လမ်ပူသည် မြို့ကျယ်ကြီး ဖြစ်၏။ မြို့နယ်ခွဲပေါင်း များစွာ ရှိရာ မြို့နေ သာမန် လူထုအတွက် ဘတ်စ်ကားနှင့် လိုကယ်ရထားများ ဖောဖောသီသီ ထားပေး သည်။ ဘတ်စ်ကားများက စည်ပင်သာယာပိုင် လမ်းများပေါ်မှာပဲ မောင်းသည်။ ကိုယ်ပိုင်ကားများကတော့ လမ်းပိုကောင်းပြီး ကားလည်း ရှင်းသော *toll way* အခပေး လမ်းကျယ်များကို သုံးကြသည်။ မြို့တွင်း ဖြစ်၍ ငွေကောက်ခံစခန်း များမှာ ၁၀ ကီလိုမီတာတွင် တစ်ဂိတ် ဆိုသလိုမျိုး (၂၀ လည်း ဖြစ်ချင်ဖြစ်မည်။ ရှစ်ကီလို = ၅ မိုင်) ရှိ၏။ ထိုဂိတ်များသည် ကျွန်တော်တို့ဆီက အဝေးပြေး လမ်းမပေါ်ရှိ ဂိတ်များအနက် အင်းတိုင်ဂိတ်ထက် နည်းနည်း ပိုကြီးသည်။ တစ်ဖက် လေးလမ်းသွား ဖြစ်၍ ရှစ်ဂိတ် ရှိသည်။

မနေ့တစ်နေ့ကပင် ရန်ကုန် မန္တလေး အဝေးပြေးလမ်းပေါ် ကျွန်တော် ရောက်ခဲ့သေးသည်။ လမ်းကြေး၊ တံတားကြေးတွေ အပြင် မြို့ဝင်ကြေး ဆိုတာ ပါ ရှိလိုက်သေး၏။ ပေးရတာ အကြောင်း မဟုတ်။ ခဏခဏ ရပ်နေရတာက

အကြောင်း ဖြစ်သည်။ လမ်းပိုင်းတချို့ကလည်း လယ်ထွန်ထားသလား အောက်မေ့ရလောက်အောင် အခြေအနေ ဆိုးသည်။ ဘီးလှိမ့်ရုံ မောင်းနေရ၏။

မလေးရှားမှာ လမ်းကြေးကို ကတ်စနစ်ဖြင့် ကောက်သည်။ ကား မောင်းသူ၏ ရှေ့မှ ဒက်ရှ်ဘုတ်ပေါ်တွင် ကတ်ပြားထည့်စရာ အထိုင်ကလေး ပါသည်။ တစ်ရာတန်ကတ်၊ နှစ်ရာတန်ကတ် စသဖြင့် ကိုယ် တတ်နိုင် သလောက် ဝယ်ပြီး ထို *slot* လေးထဲတွင် နေသားတကျ ထောင်ထားလိုက်ရုံ ဖြစ်သည်။ ကားတစ်စင်း ဝင်လာလျှင် ကင်မရာက ထိုကတ်ပြားကို လှမ်းဖတ် သည်။ ပြီးတော့ ကျသင့်ငွေကို လှမ်းနုတ်သည်။ ဥပမာ ကတ်အသစ်မို့ ရင်းဂစ်(မလေးရှားဒေါ်လာ) ၁၀၀ လုံးလုံး ကျန်နေသည် ဆိုပါစို့။ ဂိတ်ကြေးက သုံးဒေါ်လာ ဆိုလျှင် ကျသင့် ၃၊ လက်ကျန် ၉၇ ဆိုသော စာသားက ဂိတ် အဝင် မော်နီတာပေါ်တွင် ပေါ်လာပြီး ဂိတ်တန်း မောင်းတံက အလိုအလျောက် ပွင့်သွားမည်။ ကားက ဘယ်နေရာမှာမှ အရှိန်လျှော့စရာ မလို။ ကိုက် ၅၀ အလိုလောက်မှ စပြီး ကွန်ပျူတာက အလိုအလျောက် အလုပ်လုပ်သွားခြင်း ဖြစ်သည်။ လုပ်ပုံကလည်း စက္ကန့်ပိုင်းမျှသာ ကြာသည်။ နောက်တစ်ဂိတ် ရောက်လျှင် ဂိတ်ကြေး ၃၊ လက်ကျန် ၉၄ ဟု ပြလိမ့်မည်။ ဂိတ်ကြေးက အမျိုးမျိုး ရှိရာ တချို့နေရာများတွင် ၄. ၅၇ ဆိုတာမျိုး ရှိနိုင်သည်။ အကယ်၍ ကတ်ထဲ ကျန်နေတာ ၁. ၆၀ ဖြစ်ပြီး ပေးရမှာက ၄. ၀၀ ဆိုလျှင် ကားရပ်ပြီး လိုသမျှကို လက်ငင်း ပေးရလိမ့်မည်။ အရှိန်မပျက် အရေးတကြီး မောင်းသွား ချင်လျှင်တော့ ကတ်ပြား အပို ဆောင်ထားဖို့ လိုမည်။

(၄)

*toll way* များတွင် မတွေ့ရဘဲ စည်ပင်လမ်းများတွင်သာ တွေ့ရသော နောက် ယဉ်ကျေးမှုတစ်ခုအကြောင်း ပြောရပါဦးမည်။ မော်တော်ဆိုင်ကယ်များ အတွက် သီးသန့် လမ်းပေးထားခြင်း ဖြစ်သည်။ ကားလမ်း၏ ဝဲယာ နှစ်ဘက် တွင် လူသွားစင်္ကြံ *(pavement)* ရှိသည်။ ဈေးမရောင်းရပါ။ လူလျှောက်ရန် သက်သက် ဖြစ်သည်။ ထို လူလျှောက်လမ်း(ပလက်ဖောင်း) ပြီးလျှင် ပုဏ္ဏရိတ်လို အပင်ပုမျိုး အတန်းတစ်တန်း၊ ပြီးလျှင် မော်တော်ဆိုင်ကယ်လမ်း၊ ပြီးတော့မှ ရေမြောင်းနှင့် နံရံ။ မီးပွိုင့်အနား ရောက်လျှင် ထို မော်တော် ဆိုင်ကယ်လမ်းမှ ပင်မ ကားလမ်းဆီသို့ လမ်းပြန် ဖောက်ပေးထားသည်။ ဒါမှ ကွေ့ချိုးလိုသော ဆိုင်ကယ်သမားတို့ အဆင်ပြေမည်။ မော်တော်ဆိုင်ကယ်

ဆိုသည်မှာ ကျောင်းသား၊ ကျောင်းသူတွေ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းလေးတွေ၊ အိမ်ရှင်မတွေ။ စာပို့ ကြေးနန်းပို့ စာအုပ်ဖြန့်၊ ဂျာနယ်ဖြန့်သမားတွေ၊ အိမ်တိုင်ရာရောက် အစားအသောက်ပို့ လုပ်ငန်းတွေ၊ လောင်စာ ချွေတာလိုသူတွေအတွက် အလွန် အားကိုးရသော အထောက်အကူယာဉ် ဖြစ်လေရာ ခေတ်ပေါ်မြို့များအတွက် မရှိမဖြစ် ပစ္စည်း။ မိသားစုစရိတ်၊ ကုမ္ပဏီ စရိတ်၊ အစိုးရဌာနစရိတ် စသည်တို့ကို ချွေတာပေးနိုင်သကဲ့သို့ တိုင်းပြည် အတွက်လည်း လောင်စာကို ချွေတာပေးနိုင်သော ယာဉ်။ သူတို့ တက္ကသိုလ်တွေမှာ မော်တော်ဆိုင်ကယ် ရပ်နားစခန်းကို တသီးတသန့် လုပ်ပေးထားရသည်။

'အမြင်' ရှိသော ပုဂ္ဂိုလ်တစ်ဦးအကြောင်း ပြောလိုက်ရပါဦးမည်။ သူသည် အမေရိကန်လူမျိုး ဖြစ်သည်။ *Bill Heinecke* ဟု ခေါ်ပါသည်။ ဘန်ကောက်မှာ ဆယ်တန်း အောင်သည်။ မိဘက အမေရိကန်၏ တက္ကသိုလ်ကောင်းကောင်း တစ်ခုမှာ ဆက်တက်ဖို့ စီမံပေးထားသည်ကို လက်မခံဘဲ ဆယ်တန်းအောင်နှင့်ပင် စီးပွားရေး လောကထဲ ဝင်ခဲ့သူ ဖြစ်သည်။ ထွန်းသစ်စဖြစ်သော ထိုင်းနိုင်ငံတွင် စီးပွားရေး အကွက်ကောင်း များစွာ ရှိသည်ကို သူမြင်သည်။ သူ အောင်အောင်မြင်မြင် တည်ဆောက်ခဲ့သော လုပ်ငန်းများစွာတွင် ပီဇာ မုန့်ဆိုင်လုပ်ငန်းလည်း အပါအဝင် ဖြစ်သည်။ ထိုင်းလူမျိုးတွေ လျှာတွေ့မည့် ပီဇာမျိုးကိုပါ တီထွင်ပြီး တယ်လီဖုန်း အမှာစာအရ အိမ်တိုင်ရာရောက် လိုက်ပို့ပေးသောစနစ်ကိုပါ တီထွင်ခဲ့သည်။ မှာပြီး နာရီဝက်အတွင်း မရောက်လျှင် အပိုတစ်ခု လျှော်ပေးမည်ဟု အာမခံသည်။ ဘန်ကောက်မြို့တော်၏ လမ်းကြိုလမ်းကြားနှင့် လိပ်စာ ဆန်းဆန်းပြားပြားများသို့ အလွယ်ဆုံးရောက်ရှိရန်မှာ ဆူပါကပ် မော်တော်ဆိုင်ကယ်များကို သုံးမှ ရမည်ဟု သူမြင်၏။(ကိုရီးယားဇာတ်လမ်းများတွင် ဤလိုပင် မော်တော်ဆိုင်ကယ်ဖြင့် အစားအသောက် အမှာစာ ပို့ကြပုံကို မြင်နိုင်ပါသည်။)

ပီဇာကုမ္ပဏီက ဆူပါကပ် အစင်းနှစ်ရာ ဝယ်လိုက်သည်။ ပြီး မုန့်ပို့ အလုပ်လုပ်လိုသူများကို အပိုင် ငှားလိုက်သည်။ ပြီးတော့မှ လစာထဲမှ နှစ်နှစ်အတွင်း အကျေပြန်ဖြတ်သည်။ မုန့်ပို့လိုသူတွေအဖို့ ဆိုင်ကယ် ဝယ်ရန် မလို၍ ဟန်ကျသွား၏။ ကုမ္ပဏီက အလုပ်လည်း ဖြစ်၊ ဆိုင်ကယ် ၂၀၀ ကို သိုလှောင်ထိန်းသိမ်းပြင်ဆင်ပေးရန် နေရာလည်း မလိုတော့၍ ဟန်ကျသည်။

ကြည်မင်း

(၅)

*Bill Heinecke* ၏ အကြောင်းဖြင့်ပင် ဆောင်းပါးကို အဆုံးသတ်ရပါမည်။ သူသည် တက္ကသိုလ်ဘွဲ့ရ မဟုတ်သော်လည်း စီးပွားရေးအမြင် ရှိပြီး စီမံရာတွင် ထူးချွန်သောကြောင့် လုပ်ငန်းအစမှာ ဒေါ်လာ ၁၀၀၀ ချေးယူပြီး လုပ်ငန်းလေးနှစ်ခု တည်ထောင်ခဲ့ရသော ၁၇ နှစ်သား လူငယ်လေးဘဝမှ ယခု အသက် ၅၀ ကျော် အရွယ်တွင် သန်းပေါင်း ၅၀၀ ကျော် ချမ်းသာသူ ဖြစ်နေပေပြီ။ ထိုင်းနိုင်ငံ၊ ထိုင်းလူမျိုးနှင့် ထိုင်းရိုးရာကိုလည်း အလွန် လေးစားမြတ်နိုးသူ ဖြစ်ရာ ထိုင်းနိုင်ငံသားအဖြစ် ခံယူလိုက်ပါ၏။ သူသည် ထိုင်းနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အရေးကြီး ပုဂ္ဂိုလ်များနှင့် တွဲဖက် လုပ်ဆောင်ခဲ့ဖူးသည်။ ဘာကြောင့် ထိုင်းနိုင်ငံသားအဖြစ် ခံယူလိုက်ရသလဲဟု မေးကြသောအခါ ကျေးဇူးဆပ်ချင်လို့၊ ပြီးတော့ ဘုရင်ရဲ့ ပြည်သူပြည်သားတွေအပေါ် ထားတဲ့ စေတနာနဲ့ ရိုးသားဖြူစင်မှုကို လေးစားလို့ဟု ဖြေပါသည်။

*စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊*

# ၅

# စခရင်းနေကြာတို့ခေတ်

(၁)

ပျင်းလျှင် ဟိုလှန်သည်လှန်ကြည့်၊ လိုအပ်လာလျှင်လည်း အသုံးတည့်ကောင်း တည့်နိုင်မည့် စာအုပ်တစ်အုပ် ဝယ်ဖူးပါသည်။ *The Oxford Essential Dictionary of New Words* ဖြစ်သည်။ ငါးမိနစ်လောက် အားချိန်ကလေး ရ၍ ကြုံရာ တစ်မျက်နှာလောက် ကောက်လှန်လိုက်လျှင် စိတ်ဝင်စားစရာ ပျော်စရာ တစ်ခုလောက်တော့ ကောက်ရနိုင်သည့် စာအုပ်ငယ်လေး ဖြစ်သည်။ ဈေးကလည်း မဂ္ဂဇင်း တစ်အုပ်ဖိုးလောက်သာ ရှိသည်။

ထိုအထဲတွင် စာလုံးတစ်လုံး တွေ့လိုက်သည်။

**စခရင်းနေကြာ**- **Screenager**- (*noun*) informal, a person in their teens or twenties who has an aptitude for computers and the internet.

ORIGIN 1990s: blend of screen and teenager

စခရင်းနေကြာ (နေဂျာ) ဟူသော ထိုစာလုံးမှာ ကွန်ပျူတာတို့၊ အင်တာနက်တို့အပေါ် စွဲစွဲလမ်းလမ်းဖြစ်နေသော လူငယ်လူရွယ်များကို

ခေါ်ခြင်း ဖြစ်သည်။ ဂိမ်း *gamer* များကို မဆိုလိုပါ။ အားသည်နှင့် ဆိုက်ဘာကဖေးသို့ ဝင်လျှင် ဝင်၊ ကိုယ့်လိုင်း ရှိလျှင် ဖွင့်ပြီး *surfing* တို့၊ *chatting* တို့၊ *browsing* တို့၊ *posting* တို့၊ *mailing* တို့ လုပ်နေသူ လူငယ်လူရွယ်များကို ခေါ်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ဝန်းကျင်တွင် *Screenager* တွေ တွေ့လာရပါပြီ။ ဆိုက်ဘာ စင်တာတွေလည်း များလာပြီ။ အရင်နှစ်တုန်းက တစ်ရပ်ကွက်လုံးမှာ နှစ်ဆိုင်ပဲ ရှိသည်။ ယခုတော့ ငါးဆိုင် ဖြစ်လာသည့်အပြင် တည်ထောင်ဆဲ နှစ်ဆိုင်ကိုပင် တွေ့ရသေး၏။ စက်လည်း ကောင်း၊ သဘောလည်း ကောင်းသော ဆိုင်မျိုးတွင် ဈေးကြီးသည့်တိုင် လူပြည့်နေလေသည်။ တစ်နာရီ ၃၀၀ ယူသော်လည်း စာတစ်မျက်နှာ တက်လာဖို့ပင် ဆယ်မိနစ်လောက် စောင့်နေရသော ဆိုင်တွင် လူပါးသွားပြီး တစ်နာရီ ၅၀၀-၆၀၀ ယူသော်လည်း *web page* တွေ ဖျတ်ခနဲဖျတ်ခနဲ တက်နေသော ဆိုင်မျိုးတွင် လူပြည့်နေမည်သာ။ တွက်ကြည့်လိုက်တော့ ငွေကုန်ပုံချင်းအတူတူမှာ အချိန်ကုန် သက်သာတာနှင့် စိတ်ချမ်းသာတာက အများကြီး ကွာခြားသည်။

(၂)

မလေးရှားမှာ ကျွန်တော် တည်းခိုခဲ့သောဟိုတယ်က သိပ်အမြင့်စားကြီး မဟုတ်။ တယ်လီဖုန်း၊ တီဗီ၊ ရေချိုးခန်း၊ အိမ်သာ၊ နှစ်ယောက်အိပ်ရာ၊ ဆိုဖာဆက်တီ တစ်စုံ ဒါပဲ ပါသည်။ အရေးကြီးသော ခေတ်ပေါ်ပစ္စည်း ဖြစ်သည့် *network cable* ခေါ် အင်တာနက်လိုင်း မပါ။ အင်တာနက်ကို သုံးချင်လျှင် ကောင်တာသို့ ဆင်းပြီးသုံးရ၏။

သို့သော် တက္ကသိုလ်မှာ ကျတော့ ဌာနဆိုင်ရာ စာကြည့်တိုက်ကလေးမှာကော ဗဟိုစာကြည့်တိုက်ကြီးမှာပါ အင်တာနက် *terminal( network cable)* တွေ ပေးထားလေသည်။ ဌာနမှာလည်း ရုံးခန်းတိုင်း *internet access* ပေးထားသည်။ ဆရာကြီးများအခန်း ဆိုလျှင် *internet* အတွက် သီးသန့် ကွန်ပျူတာ ရှိနေသည်။ ဌာနက ပေးမထားလည်း သူတို့ကိုယ်ပိုင် *laptop* နှင့် ဆက်ထားလိုက်ရုံပင်။

စင်ကာပူမှာကျတော့ ဟိုတယ်ခန်းက ပိုကျဉ်းသော်လည်း ခေတ်မီသည်။ အင်တာနက်လိုင်း သွယ်ပေးထားသည်။ ကိုယ့်မှာ *laptop* ပါလာလျှင်

အသင့်သုံးရှိသာ။ သူတို့၏ တက္ကသိုလ်တစ်ခု ရောက်တော့ အဝင်ဝ *foyer/lobby* မှာပင် အင်တာနက်ပွိုင့်တွေ တပ်ပေးထားတာ တွေ့ရ၏။ စာကြည့်တိုက်မှာ မသုံးချင်လျှင် ထိုပွိုင့်တွေမှာ ကြိုး ထိုးသွင်းပြီး သုံးရုံပင်။ တံခါးမရှိ ဓားမရှိ အဆောက်အဦးတွေဖြစ်၍ ရုံးပိတ်ရက်ပါမကျန် ၂၄ နာရီ သုံးနိုင်သည်။ ကျွန်တော် ရောက်စဉ်က *laptop* ကိုယ်စီနှင့် အလုပ်ရှုပ်နေကြသူများကို *Lobby* (ဧည့်ကြိုအခန်း) တွင် တွေ့ခဲ့ရသေး၏။ ဘွဲ့လွန်ကျမ်းပြုတစ်ဦးကို ကူညီရန်အတွက် သူ နေထိုင်ရာ အထပ်မြင့်အိမ်ရာသို့ လိုက်သွားရဖူး၏။ သူ့အခန်းမှာလည်း အင်တာနက်ကြိုး ရှိနေသည်။ ခေတ်ပေါ် တိုက်ခန်းတွေမှာ တယ်လီဖုန်းကော အင်တာနက်လိုင်းပါ ချိတ်ပေးထားရန် လိုအပ်နေပုံ ရသည်ဟု ကျွန်တော် ထင်ပါသည်။

(၃)

လွန်ခဲ့သည့်လအတွင်းက မြန်မာစာတန်းထိုး ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ တစ်ခု ကြည့်လိုက်ရသည်။ ဟားဗတ်တက္ကသိုလ်မှ မေတ္တာဇာတ်လမ်းတစ်ပုဒ်ဟု အဓိပ္ပာယ်ရမည် ထင်သည်။

ထိုတက္ကသိုလ်ဇာတ်လမ်းသည် ဟားဗတ်တက္ကသိုလ်၌ ဆုံကြသော ကိုရီးယားကောင်မလေး တစ်ဦးနှင့် ကိုရီးယားကောင်လေး နှစ်ဦးတို့၏ အကြောင်း ဖြစ်သည်။ ကောင်မလေးက ဆင်းရဲသော်လည်း တအလွန်ကြိုးစားပြီး လူမှုရေးလုပ်ငန်းတွေမှာ တော်သော ဆရာဝန်လောင်းတလေး။ ကောင်လေး နှစ်ယောက်လုံးက ကမ္ဘာကျော် ဟားဗတ်ဥပဒေကျောင်း၏ ကျောင်းသားများ။

ကောင်လေးက သူတို့ ငှားနေရာ ရိပ်သာမှ ကျောင်းသို့ စက်ဘီးလေးဖြင့် သွားသည်။ (ကောင်မလေးကလည်း စက်ဘီးလေးဖြင့်ပင် ဖြစ်သည်။ ဒုတိယမင်းသားကတော့ ကားစီးနိုင်သည်။) ကျောင်းသွားတိုင်း လွယ်အိတ်နှစ်လုံး လွယ်ထားသဖြင့် သမီးတွေက သူတို့အမေရိကန် တက္ကသိုလ်မှာ ကျောင်းတက်ရတာ အိတ်နှစ်လုံးနဲ့ဟု မှတ်ချက်ချသည်။ အမှန်တော့ တစ်လုံးပဲ ကျောင်းလွယ်အိတ် ဖြစ်ပြီး နောက်တစ်အိတ်က *Laptop* ဖြစ်သည်။ စာသင်ခန်းထဲတွင် ပါမောက္ခက စာသင်ကြားသည်ကို ကျောင်းသားများက *Laptop* ကိုယ်စီဖွင့်ပြီး ပြန်လှန်ဆွေးနွေး ငြင်းခုန်ကြပုံများမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

(၄)

ကိုယ့်တိုင်းပြည်က ဆင်းရဲသည်၊ ကိုယ့်လူမျိုးက ဆင်းရဲသည်ဟု ပြောလျှင် မခံချင်စိတ်က ထောင်းခနဲ ထလာမည်မှာ မြန်မာတို့ သတ္တိဟု ပြောရမလို ဖြစ်နေသည်။ ဆန့်ကျင်ရာသို့ သွားပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးက ချမ်းသာတယ်ဟု ပြောလျှင်(ကိုယ့်ကိုယ်နှင့် ကိုယ့်ပတ်ဝန်းကျင် ပြန်ကြည့်ပြီး) ဒီလူ ဘာလာငေါ့နေတာလဲဟုတော့ ချက်ချင်း ပြန်ပြောကြမည်ပင်။

ချမ်းသာတာ၊ မချမ်းသာတာကို လွယ်လွယ်ကူကူ တိုင်းတာရန် မှတ်ကျောက်တစ်ခု ရှိသည်။ *Mod Cons* ဟု အလွယ်ခေါ်သည့် *Modern conveniences* တွေကို လူလတ်တန်းစား၏ ရာခိုင်နှုန်း ဘယ်လောက်က သုံးစွဲနေကြပြီနည်း ဆိုသည့် မှတ်ကျောက် ဖြစ်၏။

*Mod cons* ဆိုသည်မှာ လူသက်သာစေသော ခေတ်ပေါ်ပစ္စည်းကို ခေါ်ပါသည်။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကြိုးဖုန်း၊ လက်ကိုင်ဖုန်း၊ အိမ်သုံးကွန်ပျူတာ၊ လက်ပ်တော့ ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ တီဗီ၊ အောက်စက်၊ *fax, e-mail, internet* တို့ ဖြစ်သည်။

လူလတ်တန်းစားကိုမှ ညွှန်းရခြင်းမှာ (က) လူဆင်းရဲတို့နှင့် မပတ်သက်ခြင်း၊ (ခ) လူချမ်းသာ ဆိုသည်မှာ ဘယ်တိုင်းပြည်မှာ ကြည့်ကြည့် လူနည်းစုသာ ဖြစ်ခြင်း၊ (ဂ) တိုင်းပြည်၏ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ တက်ခြင်း ကျခြင်းကို လူလတ်တန်းစားအလွှာမှာသာ ကြည့်ရခြင်းတို့ကြောင့် ဖြစ်သည်။ လူလတ်တန်းစားအလွှာ ဆိုသည်မှာ သင့်တင့်မျှတသော ဝင်ငွေရှိသူများ၊ သင့်တင့်မျှတစွာ နေနိုင်စားနိုင်သူများ၊ ပညာတတ်ကြသူများဖြင့် ဖွဲ့စည်းထားသောအလွှာ ဖြစ်၍ တိုင်းပြည်အတွက် အရေးကြီးသည်။ လူလတ်တန်း အလွှာ၏ ဝင်ငွေနှင့် စုဆောင်းငွေ များလာခြင်းနှင့် နေမှုပုံစံ*(lifestyle)* မြင့်လာခြင်းသည် တိုင်းပြည်၏ အခြေအနေ တိုးတက်လာခြင်းပင် ဖြစ်သည်။ လူလတ်တန်း၏ အောက်ဆုံးအလွှာ*(lower middle class)*က လူဆင်းရဲအလွှာသို့ ထိုးဝင်ကျဆင်းသွားပြီ ဆိုလျှင် (ငွေ မစုနိုင်ခြင်း၊ ဝယ်နိုင်အား ကျဆင်းခြင်း၊ စားသုံးမှု ကျဆင်းခြင်း၊ ပုံမှန်ဝင်ငွေဖြင့် မလုံလောက်တော့ခြင်း ဖြစ်လာပြီ ဆိုလျှင်) တိုင်းပြည်၏ *HDI(Human Development Index)* ခေါ် နိုင်ငံသား ဘဝအခြေညွှန်းကိန်းလည်း ကျသွားတတ်သည်။

*HDI* ကို တိုင်းရာတွင် ပညာရေးအနေအထားကိုပါ ထည့်သွင်း တွက်ချက်ရလေသည်။

*အခြားနိုင်ငံများသို့*

အမှန်မှာကား အနိမ့်ဆုံး လုပ်ခရယ်၊ ဘွဲ့ရတစ်ဦး၏ အနိမ့်ဆုံး လုပ်ခ သို့မဟုတ် ပျမ်းမျှ လုပ်ခ လစာရယ်၊ *PPP* ခေါ် *Purchasing Power Parity* ရယ် သုံးမျိုးဖြင့် ညှိရသည်။ *PPP* ဆိုသည်မှာ တိုင်းတာနေသည့်၊ ဆန်းစစ်နေသည့် ထိုနိုင်ငံ၏ ငွေကြေး၏ ဝယ်နိုင်အားတန်ဖိုးကို ကမ္ဘာ့ငွေကြေး တစ်ခုခုဖြင့် ညှိပြထားခြင်း ဖြစ်သည်။ ဥပမာ- တရုတ် ဆိုပါစို့။ ပေါင်မုန့် နှစ်လုံး၊ အမဲသား တစ်ကီလို၊ ဘတ်စ်ကား တစ်ကီလိုမီတာခရီးအတွက် ကျသင့်ငွေ၊ ရေသန့် တစ်ပုလင်း၊ ရှူးဖိနပ် အလတ်စား တစ်ရံ၊ ရုပ်ရှင်တစ်ပွဲစာ ကုန်ကျငွေ၊ ပါဆယ် ခေါက်ဆွဲကြော်တစ်ပွဲ၊ ထိုအရာအားလုံးအတွက် ကျသင့်သော ယန်းငွေကို အမေရိကန်ဒေါ်လာ ပေါက်ဈေးဖြင့် ပြန်တွက်ရသည်။ ဒေါ်လာ ၈၀ ကုန်ကျမည် ဆိုပါစို့။ အလားတူ ပစ္စည်းမျိုးကို အမေရိကန်တွင် ဝယ်လျှင် ဒေါ်လာ ၁၆၀ ကုန်မည် ဆိုပါက တရုတ်ယန်းငွေသည် အမေရိကန်ဒေါ်လာထက် တန်ဖိုး တစ်ဆ ပိုမြင့်မည်။ ထို့ကြောင့် တရုတ်ပြည်မှ အနိမ့်ဆုံး လုပ်ခ ဖြစ်သော ၁၂၅၅ ဒေါ်လာ(တစ်နှစ်)သည် အမှန်အားဖြင့် ၂၅၁၀ ဒေါ်လာ ဖြစ်သည်။ *BA* ဘွဲ့ရ တစ်ဦး၏ အနိမ့်ဆုံး ဝင်ငွေမှာ ၂၈၀၀ ဒေါ်လာဟု ဆိုလျှင် *PPP* မှာ ၅၆၀၀ ဒေါ်လာ ဖြစ်သွားလိမ့်မည်။ ဂျပန်တို့၊ တောင်ကိုရီးယားတို့ကျတော့ လုပ်ခ မြင့်သည့်တိုင် ကုန်ဈေးနှုန်းများက မြင့်လှသောကြောင့် ဝင်ငွေ ဒေါ်လာ ၂၀,၀၀၀ သည် *PPP* မှာ ၁၄,၀၀၀ လောက် ဖြစ်သွားနိုင်သည်။ ဆိုမာလီလို မှောင်ခိုဒေါ်လာဈေးက အလွန်မြင့်သော နိုင်ငံမျိုးကျတော့ ဝင်ငွေ နည်းပြီး အခြေခံ ကုန်ဈေးနှုန်းတွေသည်ပင်လျှင် တော်တော်ကြီးမြင့်နေတတ်၍ *PPP* တွင် အလွန် နိမ့်သွားပါသည်။

(၅)

ဆင်းရဲသော နိုင်ငံတစ်နိုင်ငံအတွက် ဇိမ်ခံကားတွေ မလိုပါ။ (ဘေးတိုက်ထိုင်စီးရပြီး အလွန်လည်း အန္တရာယ်များသော ဟိုင်းလပ်တို့၊ ဒိုင်နာတို့လို ခရီးသည်တင် ခရီးတို၊ ခရီးရှည် ဘတ်စ်ကားမျိုးလည်း မလိုပါ။ မြို့ပြင် တက္ကသိုလ်များသို့ ပြေးဆွဲနေသည့် နှစ်နာရီလောက် မတ်တတ်ရပ်စီးရသော ကျပ်ကျပ်ညှပ်ညှပ် ဘတ်စ်ကားမျိုးလည်း မလိုပါ။ ခေတ်ပေါ် *gadget* ဆန်းဆန်းတွေ ပေါ်တိုင်း ဝယ်သုံးနိုင်သော လူငယ်လူနည်းစုမျိုးလည်း မလိုပါ။ လက်ကိုင်ဖုန်း ကိုယ်စီ၊ လက်ပ်တော့ကိုယ်စီဖြင့် ကျောင်းတက်နေကြသော၊ အားလျှင် စာကြည့်တိုက်မှာ စာအုပ် မွှေနေသော၊ အင်တာနက် *Outlet* တွေမှာ လက်ပ်

တော့ကို တပ်ဆင်ပြီး အပျင်းဖြေသည့်အခါ ဖြေ၊ ပညာရှာသည့်အခါ ရှာနေသော၊ အသိပညာအရာတွင် ကမ္ဘာကို အမိလိုက်မည့် လူငယ်များသာ လိုပါသည်။ သူတို့သည် ၂၁ ရာစု၏ မြန်မာယောသက များ ဖြစ်သည်။ သူဌေးကြီး ယောသက အကြောင်း ဖတ်ဖူးကြမည် ထင်ပါသည်။ မွေးစားသား ဖြစ်၍ အမွေ ခွဲပေးရမှာ စိုးသောကြောင့် ဖခင် သူဌေးကြီးက နည်းမျိုးစုံဖြင့် သေကြောင်းကြံသော်လည်း သားအရင်းကသာ သေသွားပြီး ယောသက က အမွေတွေ ဆက်ခံကာ သူဌေးကြီး ဖြစ်သွားသော ဇာတ်ကြောင်း ဖြစ်သည်။ ဘုရားရှင် လက်ထက်တော်တွင် ထင်ရှားခဲ့သော သူဌေးကြီးများအနက် တစ်ဦး ဖြစ်သည်။

ယနေ့လူငယ်များလည်း ဘာတွေ ဖြစ်လာဖြစ်လာ၊ အနာဂတ် မြန်မာပြည်ကို အမွေဆက်ခံကြရမည့်သူများ ဖြစ်ပေသည်။ ကိုယ် ချစ်သော ကိုယ့်မြေကို ဘယ်လိုလူငယ်မျိုးတွေဆီ လွှဲခဲ့မှာလဲ ဆိုသော မေးခွန်းသည် ယနေ့ ကျွန်တော်တို့ အိုပယ်ဂျင်နရေးရှင်း ခေါ် လူအိုမျိုးဆက်က ရင်ဆိုင် ဖြေရှင်းရမည့် မေးခွန်း ဖြစ်သည်။

(၆)

အင်္ဂလိပ်စာလုံး အကြောင်းဖြင့်ပင် ပိတ်ရလိမ့်မည်။ ဆိုခဲ့ပြီးသော အဘိဓာန် စာအုပ်ငယ်တွင် *Generation D* ဆိုသော စကားလုံးလည်း ပါသည်။ ကွန်ပျူတာ အစရှိသော ဒစ်ဂျစ်တယ်ပစ္စည်းများကို စိတ်ဝင်စား ရှုသွပ်သော မျိုးဆက်ဟု ဆိုလိုပါသည်။ *Digital Generation* ကို ပြောခြင်း ဖြစ်သည်။ မျိုးဆက်ဟု ဆိုလိုက်သဖြင့် ၁၉၈၀ လောက်မှာ မွေးဖွားခဲ့သူ အားလုံးကို ညွှန်းလိုက်ရာ ကျနေပြန်သည်။ ထိုသို့ မဟုတ်ပါ။ ဒစ်ဂျစ်တယ်ကမ္ဘာထဲသို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ ပျော်ရွှင်စွာ စီးမျောနေသော ကွန်ပျူတာ/အင်တာနက်လူငယ်များကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။ ကွန်ပျူတာကို လက်နှိပ်စက် အကြီးစားလောက်ပဲ သိမြင်နေသူများကိုလည်း *Generation D* ဟု မခေါ်ပါ။ စာရေးသူတိုင်း စာရေးဆရာ ဆိုသော ဂုဏ်နှင့် မထိုက်သလိုမျိုး ဖြစ်သည်။

*စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊*

# ၆

# ခရီးသွား၏ တံတားကိုမြင်ခြင်း

(၁)

၂၀၀၆ အတွင်းက ဖြစ်သည်။ ပညာဒါန ဘာသာပြန်သင်တန်းတွင် သင်ကောင်းနေတုန်း တယ်လီဖုန်း ဝင်လာသည်။ မိန်းကလေးတစ်ဦး၏ အသံ။

"ကျွန်မ နာမည်က သီတာပါ၊ ဆရာ့ဆီမှာ အကူအညီတစ်ခုတောင်းချင်လို့"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မ *Thesis* ရေးထားတာ ဖတ်ပေးနိုင်မလား"

"ဘာဘာသာလဲ"

". . . . ."

"အဲဒီလိုင်းက ကျွန်တော့်လိုင်း မဟုတ်ဘူး မသီတာ"

"ကျွန်မမှာလည်း တော်တော် အခက်အခဲတွေ့နေလို့ပါဆရာ၊ ကျွန်မရေးထားတာတွေ မရှင်းလို့ဆိုပြီး ဌာနက လက်မခံဘူး၊ ဒါနဲ့ မြန်မာပြည်လှမ်းစုံစမ်းတော့ . . ."

*ကြည်မင်း*

"နေပါဦး၊ အခု ဘယ်ကပြောနေ တာလဲ"

"စင်ကာပူကပါ။ အခု ဆရာ့သင်တန်းမှာ လာတက်နေတဲ့အထဲမှာ ကျွန်မ သူငယ်ချင်း တစ်ယောက်ပါတယ်၊ သူက ပြောလို့ . . . "

"အရေးအသားပဲ ဆိုရင်တော့ ရပါတယ်၊ လာခဲ့ပေါ့ . . . "

"ဟုတ်ကဲ့၊ ကျွန်မ မနက်ဖြန် သဘက် ရောက်အောင် လာခဲ့ပါ့မယ်"

(၂)

ပညာရေးလောကမှာ နှစ်ပေါင်း လေးဆယ်နီးပါးလောက် ကျင်လည်ခဲ့ ရာတွင် သုတေသနနှင့် ကျမ်းပြုစုခြင်း ကိစ္စတို့နှင့် အနှစ် ၂၀ နီးပါးလောက် ရင်းနှီးခဲ့ရသဖြင့် အငြိမ်းစားယူသောအခါ သုတေသန ဒီဇိုင်းဆွဲနည်း၊ ကျမ်းပြုနည်းများကို ပညာဒါနအဖြစ် ဆောင်ရွက်ပေးရန် ကျွန်တော် ဆုံးဖြတ်ခဲ့သည်။ ပီအိပ်ချ်ဒီ အလောင်းအလျာတွေ တော်တော်များများ ရောက်လာသည်။ တချို့ကတော့ မဆိုး။ တချို့ကျတော့ သုတေသန ဆောင်းပါး ဖတ်နည်း၊ ကတ်တလောက် လုပ်နည်းတွေကိုပင် ပြန်သင်ပေးရသည်။ မသီတာကတော့ ကျမ်းကို အကြမ်းထည်ပင် တင်ပြပြီးပြီ ဆိုတော့ သိပ်ခက်မည် မထင်။

နောက်နေ့မှာ သူ ရောက်လာသည်။ သူ့ကျမ်းကို ဖတ်ကြည့်လိုက်တော့ မြန်မာလို တွေးပြီး အင်္ဂလိပ်လို ရေးထားတာတွေ များနေကြောင်း တွေ့ရသည်။ တချို့နေရာများတွင် သူ ဘာပြောချင်သည် ဆိုသည်ကို မေးပြီး လွယ်လွယ်ရှင်းရှင်း ပြန်ရေးပြရသည်။ အရေးကြီးသော အပိုင်းတွေကို ပြင်အပြီးမှာ သူ စင်ကာပူ ပြန်သွားပါ၏။

(၃)

ထိုနှစ်၏ မိုးရာသီမှာ စင်ကာပူ၌ စာတမ်းဖတ်ပွဲတစ်ခု ကျင်းပသည်။ ကျွန်တော့်ကိုလည်း မြန်မာဝတ္ထုတိုများ၏ ဖွံ့ဖြိုးတိုးတက်လာပုံအကြောင်း စာတမ်းဖတ်ကြားရန် ဖိတ်သည်။ ဤသို့ စင်ကာပူကို လာရန်ရှိနေသည် ဆိုခြင်းကို တကယ်ဝမ်းသာနေသူမှာ မသီတာ ဖြစ်သည်။ သူ့ကျမ်းက အချောအဆင့် မရောက်နိုင်သေး။

ဟိုတယ်မှာ နေသားကျအပြီး သူ့ဆီ လှမ်းဖုန်းဆက်တော့ ကျွန်မ အခု ချက်ချင်းလာခဲ့ပါ့မယ်ဟု ဆိုသည်။ သူ ရောက်လာတော့ ဆယ်နာရီ ထိုးနေလေပြီ။ နာရီဝက်လောက် မေးမြန်းဆွေးနွေးပြီးနောက် သူ ပြန်သွားသည်။ ဒီအချိန်

ကြီး အဆင်ပြေရဲ့လား ဆိုတော့ ရပါတယ်ဆရာဟု ဖြေသည်။ သူတို့ဆီမှာ ဆိုင်တွေက ည ၁၁ နာရီမှ ပိတ်ကြသည် ဖြစ်ရာ မြေအောက်ရထားနှင့် ဘတ်စ်ကားတို့က အနည်းဆုံး သန်းခေါင်အထိတော့ ရှိနေပေလိမ့်မည်။

နောက်တစ်ရက် ညနေပိုင်း ဆက်ရှင်အပြီးမှာ အချောထုတ်ကြည့်ဖို့ လိုလာသည်။ ကွန်ပျူတာတွင် စစ်နေရုံဖြင့် အလုံးစုံကို မမြင်နိုင်။ သူ့မှာလည်း ပရင်တာ မရှိ။ ထို့ကြောင့် သူ့တက္ကသိုလ် သို့ သွားကြရသည်။ ကျမ်းကို ရှေ့ဆုံး စာမျက်နှာမှ နောက်ဆုံးစာမျက်နှာအထိ ထုတ်ကြသည်။ ည ၇ နာရီလောက်မှ ပြီးသွားသည်။ တက္ကသိုလ် တစ်ဝိုက်မှာ မှောင်နေလေပြီ။ ကျွန်တော်က ဤ တက္ကသိုလ်ဝင်း တစ်နေရာတွင် ရှိမည့် စားသောက်ဆိုင်သို့ ညစာစားပွဲ တက်ရန် သွားရမည်။ လမ်းမှောင်မှောင်၊ အမှန်တော့ မှိန်ပျပျ ဖြစ်ပါသည်။ စင်ကာပူသည် သစ်ပင် အလွန်မွေးသော နိုင်ငံ ဖြစ်လေရာ သစ်ကိုင်းများ အုပ်ဆိုင်းနေသောကြောင့် မီးရောင် မှိန်ပျပျ ဖြစ်နေရခြင်း ဖြစ်သည်။ ထိုမှိန်ပျပျတွင် စားသောက်ဆိုင်အရောက် တော်တော်ကြီး လျှောက်လာရသည်။ ရပြီ ဆရာ၊ သွားတော့၊ ကျွန်မ ပြန်တော့မယ်ဟု ဆိုသည်။ ဟဲ့ . . ကားလမ်းရောက်အောင် အဝေးကြီး ပြန်ထွက်ရဦးမှာ၊ *Taxi* စီးသွားဟု ပြောသောအခါ (စင်ကာပူတက္ကစီများမှာ မီတာနှင့် ဖြစ်သော်လည်း ညဆိုလျှင် နှစ်ဆ ယူကြသည်။ ယူခွင့်ပေးထားသည်။) နေပေစေ ဆရာ၊ ဖြတ်လမ်း ရှိတယ်၊ ကျွန်မတို့ သွားနေကျဟု ပြောပါသည်။ မှောင်နေလို့ဟဲ့၊ နင်က တစ်ယောက်တည်းဟု ပြောသောအခါ ကျွန်မ တစ်ယောက်တည်း သန်းခေါင်သန်းလွဲလည်း သွားနေကျ ဆရာရဲ့၊ ဒါ စင်ကာပူလေ ဟု ပြောသွားပါသည်။ ကျွန်မတို့က ကျောင်းသား ဆိုတော့ စနေ၊ တနင်္ဂနွေမှာ အလုပ်လုပ်ကြရတယ် ဆရာ၊ မိန်းကလေး တစ်ယောက်တည်း သန်းခေါင်သန်းလွဲ လမ်းလျှောက်သွားလည်း ဘာမှ ပူစရာ မရှိဘူး၊ အခွန်ဆောင်ရတာ တန်ပါတယ်ဟု မနေ့ကပင် သူ ပြောသေး၏။

(၄)

စင်ကာပူတွင် လေယာဉ်ကွင်းမှ ထွက်ကတည်းက သတိထားမိနိုင်သည်မှာ သန့်ရှင်းခြင်း ဖြစ်၏။ လေ သန့်သည်။ လမ်း သန့်သည်။ ရေမြောင်းတွေကတော့ အဖုံးတွေနှင့် ဖြစ်၍ ရေ စီးသလား။ အမှိုက် ဆို့သလား မကြည့်ခဲ့ရ။ သစ်ပင်တွေ ပန်းပင်တွေကလည်း နေရာအနှံ့ပင်။ လမ်းကျော်ခုံးတံတားများပေါ်မှာ စင်္ကြံ ပန်းပင်တွေ စိုက်ထားပုံမျိုးကျတော့ မလိုအပ်သလောက် ဖြစ်နေသည်။ အချို့

အမြင်အရ စင်ကာပူသည် စည်းကမ်း တင်းကျပ်လွန်းနေသည်။ အမှိုက် မချရ၊ ပီကေ မဝါးရ၊ ပီကေ မရောင်းရ၊ ယောက်ျားလေးတွေ ဆံပင်ဂုတ်ထောက် မထားရ ဆိုတာမျိုး။ ပြစ်ဒဏ်စီရင်ရာတွင်လည်း ခေတ်ပေါ် လူ့ဘောင်က လက်မခံနိုင်သော စီရင်မှုမျိုး၊ ဥပမာ- ပါမစ် မရှိဘဲ အလုပ် ခိုးလုပ်သူကို သေရာပါ ဒဏ်ရာ ရစေသော ကြိမ်ဒဏ် စီရင်မှုမျိုးတွေ ရှိသည်။ ဤလို ခပ်ကြမ်းကြမ်း ကိုင်သောကြောင့်ပဲ စည်းကမ်း ရှိနေကြသလား မပြောတတ်ပေ။

လမ်းမပေါ်တွင် အမှိုက်တွေ ရှုပ်ပွနေသည်ကို မမြင်ခဲ့ရ မဟုတ်ပါ။ မြင်ခဲ့ပါသည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တွေ နေထိုင်ကြသော *Little India* ရပ်ကွက်တွင် ဖြစ်သည်။ ကျွန်တော်တို့ ဖြတ်အသွားမှာ လမ်းဘေးဝဲယာတွင် ကုလားတွေ အများကြီးကို တွေ့ခဲ့သည်။ အပြန်ကျတော့ ထိုတစ်လမ်းလုံး ကြော်ငြာစာရွက်တွေ ပြန့်ကျဲနေလေသည်။

(၅)

လမ်းမပေါ် ပြန့်ကျဲနေသော ထို ကြော်ငြာစာရွက်ငယ်များကို ကြည့်ပြီး *China Town* ဆိုသော စကားတစ်လုံးကို သွားသတိရသည်။ ကမ္ဘာပေါ်ရှိ မြို့ကြီးများတွင် တရုတ်တန်း ရှိတတ်သည်။ ထိုတရုတ်တန်းကို *China Town* ဟုခေါ်သည်။ သူတို့တွင် သူတို့ဓလေ့၊ သူတို့ရိုးရာနှင့် သူတို့ကိုယ်ပိုင်အုပ်ချုပ်ပုံ ရှိနေကြသည်။ ကျွန်တော် သတိရလိုက် သော *China Town* မှာ တရုတ်တန်းနှင့် ဘာမှမဆိုင်။ *Jack Nicholson* က အလွတ်စုံထောက် *Jake* အဖြစ် သရုပ်ဆောင်သော ရုပ်ရှင်ကား ဖြစ်သည်။ *New Mexico* လို နေရာမျိုးတွင် ဥပဒေ အထက်မှာ ရှိနေသော သူကြွယ်မိသားစု တစ်ခုအကြောင်း ဖြစ်သည်။ ဇာတ်လမ်း အဆုံးတွင် နယ်မြေရဲမှူးက စုံထောက်ကို *It's China Town, Jake* ဟု ပြောလိုက်သည်။ သူ့အရပ်နဲ့ သူ့ဇာတ်ဟု ပြောလိုရင်း ဖြစ်မည်။

စင်ကာပူ၏ *Little India* လည်း *China Town* ဖြစ်နေသလားမသိ။

(၆)

စင်ကာပူကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင်လုပ်ခဲ့သော ခေါင်းဆောင်များကိုကား အမှန်ပင် ချီးကျူးသင့်လှသည်။ မြို့တစ်မြို့သာ ရှိသော ကျွန်းကလေး။ ထိုကျွန်းကလည်း ကျွန်တော်တို့၏ ရန်ကုန်တိုင်းလောက်မှ ကျယ်ပါ့မလား မသိ။ လူဦးရေကလည်း ရန်ကုန် တစ်မြို့စာလောက်ပဲ ရှိမည်။ အရင်

တုန်းက အပ်ကုန်တွေ လက်ခံပြီး ပြန်ရောင်းပေးသော အလုပ်လောက်ပဲ လုပ်ခဲ့ရသည်။ ဈေးဝယ်သူတွေ လာချင်ဖို့အတွက် အကောက်ခွန်အချို့ကို လျှော်ပစ်သော *duty free* အခွင့်အရေး ပေးသည်။ တည်းခိုစရာတွေ ချဲ့လာသည်။ ကြာကြာနေပြီး ကြည့်ချင်စရာတွေ ရှိလာအောင် လုပ်သည်။ သိပ်အဆင့်မမြင့်သော စက်မှုလုပ်ငန်းများ ထူထောင်သည်။ နည်းပညာ တော်လှန်ရေး ဝင်လာသောအခါ စက်ရုံတွေကို အဆင့်မြှင့်ရသည်။ ဤနေရာတွင် သူတို့လုပ်ပုံကိုင်ပုံတစ်ခုက တော်တော် ကောင်းသည်။ စက်ရုံအသစ်နှင့် အံမဝင်တော့သော လုပ်သားဟောင်းများကို နည်းပညာသစ်များ သင်တန်းပေးသင်ကြားခြင်းဖြစ်သည်။ နိုင်ငံတော်မှ ဝါဒအဖြစ် လုပ်ဆောင်ခြင်း ဖြစ်ရာ အလုပ်လက်မဲ့ မရှိတော့ပေ။ အသစ် ထူထောင်သော စက်ရုံများမှာလည်း တန်ဖိုးမြင့်ပစ္စည်းများကို နေရာကျဉ်းကျဉ်းနှင့် ထုတ်လုပ်နိုင်သော အီလက်ထရွန်းနစ်ပစ္စည်းစက်ရုံမျိုးတွေသာ ဖြစ်သည်။

ထို့နောက် စင်ကာပူသည် ပညာရေးနှင့် ကျန်းမာရေးတို့ထံ ခြေလှမ်းဆက်သည်။ ဤနေရာ၌ မလေးရှားနှင့် ကွာသွားသည်။ မလေးရှားက တက္ကသိုလ်တွေ ကမ္ဘာ့အဆင့် မီလာဖို့ ကြိုးစားသည်။ စင်ကာပူက ဒေသတွင်း အကောင်းဆုံး ဖြစ်လာရန်ပဲ မျှော်မှန်းသည်။ ကျန်းမာရေးတွင် ထိုင်းနှင့် စင်ကာပူတို့တူကြသည်။ ကမ္ဘာပေါ်ရှိ အကောင်းဆုံးဆေးရုံ ဆိုတာတွေနှင့် ပခုံးချင်းယှဉ်နိုင်သော ဆေးရုံကြီးတွေ ထောင်သည်။ ဤသို့ တက္ကသိုလ်ပညာ မြှင့်တင်ခြင်း၊ ဆေးရုံအဆင့် မြှင့်တင်ခြင်းတို့မှာ နိုင်ငံ့စီးပွားရေးအတွက်ပင် ဖြစ်သည်။ ကျောင်း နာမည်ကြီးလာလျှင် ဒေသတွင်းမှ လာကျောင်းတက်ကြမည်။ ထိုကျောင်းသားများထံမှ ဝင်ငွေရမည်။ ဆေးရုံ နာမည်ကြီးလာလျှင် ဒေသတွင်းမှ လာရောက်ဆေးကုကြမည်၊ ဝင်ငွေရမည်။

စင်ကာပူတွင် ကံကောင်းခြင်း တစ်ချက်ရှိနေသေး၏။ အလုပ် လိုချင်နေကြသော လူငယ်တွေများစွာရှိသည့် နိုင်ငံများ ဝန်းရံနေခြင်းပင်။ စင်ကာပူ၏ ညချမ်းတွင် ဇာတိအုပ်စုအလိုက် စုဝေး စုဝေးနှင့် ရှိနေကြသော နေရာများ ရှိသည်။ ဥပမာ-အင်ဒိုနီးရှားတွေ နေတတ်သောနေရာ၊ ဘင်္ဂလားဒေ့ရှ်တွေ စုတတ်သောနေရာ၊ ဖိလိပိုနိုတွေ ဆုံကြသောနေရာ၊ မြန်မာများ၏ ပင်နင်ဆူလာ ပလာဇာ ဆိုတာမျိုး ဖြစ်သည်။ နိုင်ငံခြားသား အလုပ်သမား အများစုသည် အလုပ်ကြမ်းသမားများ ဖြစ်ကြသည်။ ပညာတတ်များဖြင့် ပြည့်နေပြီး စက်မှုစီးပွားကော ဝန်ဆောင်မှုစီးပွားပါ ဖွံ့ဖြိုးနေသော စင်ကာပူတွင် အောက်ခြေ

ကြည်မင်း

အလုပ်သမားများသာ လိုပေသည်။ ပညာတတ်များ မလို ဟူ၍တော့ မဟုတ်ပါ။ သူတို့စံနှုန်းကို မီသဖြင့် သူတို့က အသိအမှတ်ပြုထားသော ပညာတတ်များကား ကိုယ့်ပညာအလျောက် အလုပ် ရနိုင်ကြပါသည်။ လုပ်ခလည်း မြင့်၊ ရည်ရွယ်ချက်ကလည်း မြင့်သောကြောင့် သူတို့ တင်ထားသော ပညာ တတ်မြောက်မှုစံကလည်း မြင့်လှသည်။ အရင်နှစ်က ဖတ်လိုက်ရသော စစ်တမ်းတစ်စောင်တွင် အထက်တန်းအဆင့် သင်္ချာ တတ်မြောက်မှု၌ စင်ကာပူက ကမ္ဘာပေါ်တွင် ပထမဟု ဖတ်လိုက်ရသေး၏။

(၇)

မီးရောင်မှိန်မှိန်တွင် တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်ပြန်သွားသော မြန်မာပညာသင်ကလေး မသီတာကို ကြည့်ပြီး မလေးရှားကို ပြန် သတိရနေ၏။ မလေးရှားသို့ အလုပ် သွားလုပ်ကြသော လူငယ်များကတော့ ကောင်းကောင်း သိကြမည်ပင်။ ကျွန်တော်တို့ မလေးရှားရောက်တော့ လာကြိုသူ ပါမောက္ခများက သေသေချာချာ သတိပေးလိုက်တာ တစ်ခုရှိသည်။ ဘယ်သွားသွား အထူးသဖြင့် ဈေးပင်းစင်တာ တစ်ဝိုက်သွားရင် ခါးပိုက်နှိုက် သတိထားပါ၊ လူပြတ်တဲ့ နေရာမျိုး တစ်ယောက်တည်း မသွားပါနဲ့၊ ပတ်စပို့ အပါအဝင် အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို ဟိုတယ်မှာ အပ်ထားပါတဲ့။

စင်ကာပူနှင့် မလေးရှားသည် တံတားတစ်ခုသာ ခြားပါသည်။ ထို တံတားသည် တော်တော် ကြီးမားရှည်လျားပုံ ပေါ်၏။

*ဝံပယ်ဖြူမဂ္ဂဇင်း ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ၊*

မြန်မာ စာအုပ်များ

# ပညာရှင်စာတမ်း

# ၁

# ကိန်းဂဏန်းများ၊ စစ်တမ်းများ

(၁)

*မနေ့သုခမြို့၊ ၁၂ ရပ်ကွက်၊ ၉ လမ်း၊ လမ်းသွယ်(၄)မှ အိမ်အမှတ် ၃၁၁၊ အခန်းအမှတ် ၈ နေ ဒေါက်တာမင်းသူရမောင် (မှတ်ပုံတင် အမှတ် AZT ၀၀၂၃၇၈၊ ဆမ ၉၉၈၂၃၄)သည် နံနက် ၇း၀၀ တိတိ အချိန်တွင် ကော်ဖီ တစ်ခွက်နှင့် ဆီထမင်းတစ်ပွဲကို စား၍ ၇း၃၀ ခန့်တွင် ကားကို ထုတ်ယူကာ ရုံးသို့ မောင်းထွက်ခဲ့သည်။ မိုင်သုံးဆယ်နှုန်းဖြင့် မောင်းလာသော သူ၏ကား (က၈၈/၄၅၆၊ တန်ဖိုး ၂၈. ၅ သိန်း) သည် . . .*

လူသားတို့၏ နေ့စဉ်ဘဝတွင် ကိန်းဂဏန်းများ ရှိနေ၏။ သတိမပြုမိ၍သာ သတိမထားလိုက် ရှိမည်။ လူသားသည် ကိန်းဂဏန်းများနှင့် မကင်းနိုင်။ အထက်က ဖော်ပြခဲ့သော စိတ်ကူးလောကမှ ဇာတ်ဆောင်အကြောင်းကို ကြည့်လျှင် ကိန်းဂဏန်းများစွာကို တွေ့မည်။ ဤဖော်ပြချက်ထဲမှ ကိန်းဂဏန်း များသည် အမှတ်အသားတစ်ခု အဖြစ်ဖြင့်သာ တန်ဖိုးရှိနေသည်။ နောက်ဆုံး

ကိန်း ဖြစ်သော ၂၈.၅ သိန်း ဆိုသည့် ဂဏန်းကသာ အဆင့်အတန်းကို ညွှန်ပြသော တာဝန်ကို ထမ်းဆောင်လေသည်။

အဖျားဒီဂရီ ၁၀၃.၄၊ နေ့တွက်လုပ်အားခ ၁၂၅ ကျပ်၊ ရပ်ကွက်တွင်းရှိ တယ်လီဖုန်း အလုံးရေ ၂၈၊ ရွာရန်ရာနှုန်း ၈၀၊ ဒဏ်ရာရသူ ၁၅ ဦး၊ ဤကဲ့သို့သော ကိန်းဂဏန်းများကား အမှတ်အသားပြုခြင်းထက် ပိုသော ညွှန်ပြမှုကို ပြုသည်။ ပိုမိုလေးနက်လာသော ဖော်ပြချက် ဖြစ်လာသည်။ ကိန်းဂဏန်းတို့၏ အသုံးဝင်မှုတန်ဖိုး ပိုကြီးလာလေပြီ။ ဤသို့ဖြင့် တစ်ဆင့်စီ ရှေ့တက်သွားလျှင် ကိန်းဂဏန်းတို့၏ အသုံးတန်ဖိုး *(Applied Value)* ကြီးမားလာသည်ကို တွေ့နိုင်၏။

(၂)

ဖော်ပြချက်တစ်ခုကို ခိုင်ခံ့စေလိုလျှင် သဘာဝယုတ္တိ*(Common Sense)*နှင့် အာဂမယုတ္တိ*(Reference)*တို့ကို သုံးလေ့ရှိ၏။ တပေါင်းလ မရောက်မီမှာပင် ပိတောက်ပန်းပွင့်ကို မြင်ခဲ့ရသည်ဟု ဆိုလျှင် ယုတ္တိမရှိဟု ဆိုကြလိမ့်မည်။ သို့သော် အပူမြင့်လာသော ရာသီတွင် တစ်ပတ်ခန့် ခြားပြီး မိုး နှစ်ကြိမ် သုံးကြိမ် ရွာလျှင် ပိတောက်ပန်း ပွင့်နိုင်ပါသည်။ ဤအချက်ကို ပေါ်လွင်အောင် ရှင်းပြနိုင်လျှင် သဘာဝယုတ္တိရှိသည်ဟု ခေါ်၏။ အာဂမယုတ္တိ ဆိုသည်မှာကား ယခင် ဖြစ်ခဲ့ဖူးသော အထောက်အထား မှတ်တမ်းမှတ်ရာတို့ကို ပြန်ကိုးကားတင်ပြခြင်း ဖြစ်ပါသည်။

ကိန်းဂဏန်းများဖြင့် ခိုင်ခံ့အောင် တင်ပြခြင်းကို အသင့် ယုတ္တိရှိအောင် တင်ပြသည်ဟု ဆိုကြ၏။ အသင့်ယုတ္တိကို *Significance* ဟု ခေါ်သင့်မည် ထင်ပါသည်။ ထိုသို့ အသင့် ယုတ္တိရှိစေရန်အတွက် ကိန်းဂဏန်းများဖြင့် ထောက်ကူရခြင်းကို များစွာ တွေ့နိုင်ပါသည်။ စာတတ်မြောက်နှုန်းမှာ အရွယ်ရောက်ပြီးသူတို့၏ ၈၅ ရာခိုင်နှုန်း၊ ၅၃ နှစ်အတွင်း အမြင့်ဆုံး အပူချိန် ဖြစ်သော ၁၁၂.၄ ဒီဂရီ ဖာရင်ဟိုက် အစရှိသည်များပင်။

မိမိ၏ တင်ပြချက်ကို ခိုင်ခံ့ရန်အတွက် ကိန်းဂဏန်းများ၏ အကူအညီကို ယူလေ့ရှိသော စနစ်သည် အချိန်နှင့်အမျှ ပိုမိုတွင်ကျယ်လာနေသည်။ ယနေ့ မြန်မာစာပေနယ်ကို ကြည့်လျှင် ဈေးကွက်သတင်းအချက်အလက်များကိုင်းညွှတ်ချက်*(attitude)*များကို ကိန်းဂဏန်းများ၊ စစ်တမ်းများဖြင့် ဖော်ပြလာနေကြောင်း တွေ့နိုင်ပါသည်။ မပီမသ ယေဘုယျလုံးဝိုင်းဖော်ပြချက်များ

*(rounded figures)*ထက် ပို၍ ဩဇာရှိလာသော (အတိအကျသဘောကို ပိုဆောင်လာသော) ဖော်ပြချက်များ ဖြစ်လာလေပြီ။ ကွန်ပျူတာများ သုံးစွဲလာကြပြီး သတင်းဘဏ် *Data Bank* များ တည်ထောင်လာကြ၍ လည်းကောင်း၊ အင်တာနက်ခေတ် အီလက်ထရွန်းနစ် စာပို့*(E-mail)*ခေတ်သို့ လှမ်းဝင်စပြုလာပြီဖြစ်၍ လည်းကောင်း ရှေ့နှစ်များတွင် အသင့်ယုတ္တိ ပိုမိုအားကောင်းသော တင်ပြချက်များ ခေတ်စား လာတော့မည်ဟု ဟောကိန်း ထုတ်လိုက ထုတ်နိုင်ပါပြီ။

(၃)

ကိန်းဂဏန်းများကို သုံးစွဲရာတွင် ရာနှုန်းဖြင့် ဖော်ပြလေ့ရှိကြ၏။ အသုံးများလှသည်ဟုပင် ဆိုရပါမည်။ တစ်ခါတစ်ရံတွင် ရာနှုန်းဖြင့် မပြထိုက်ဘဲ ပြသည်များပင် တွေ့ရ၏။ ဂျပန်ပြည်၏ လူစီးကား ထုတ်လုပ်နှုန်းသည် ၁၈၀၀ ရာခိုင်နှုန်း မြင့်တက်ခဲ့၏ ဟူသော ဖော်ပြချက်တွင် ၁၈၀၀ ရာခိုင်နှုန်း အစား ၁၈ ဆဟု သုံးလိုက်ခြင်းက ရိုးရိုးရှင်းရှင်းနှင့် ထိရောက်ပါသည်။

ရာခိုင်နှုန်းသည် တစ်ခါတစ်ရံ အယူမှားမှု*(Misleading)*ကိုလည်း ဖြစ်စေ၏။ နိုင်ငံကြီးတိုင်းတွင် အလုပ်လက်မဲ့များ ရှိကြသည်မှာ ဓမ္မတာ ဖြစ်၏။ အလုပ်လက်မဲ့ဦးရေကို ရာနှုန်းဖြင့် ဖော်ပြတတ်ရာ ၄ ရာခိုင်နှုန်း ဆိုသော ကိန်းဂဏန်းကို လက်ခံနိုင်ဖွယ် ပမာဏဟု ယူမှတ်လေ့ရှိကြ၏။ ဤတွင် ပထမဦးစွာ အယူမှားတတ်မှုကို ပြောလိုပါသည်။ လူဦးရေ သန်း ၁၀၀ ရှိသော တိုင်းပြည်တွင် အလုပ်လက်မဲ့ဦးရေက ၄ ရာခိုင်နှုန်းဟု ဆိုသောကြောင့် လမ်းပေါ် ရောက်နေသူမှာ ၄ သန်းခန့်ဟု နားလည်ရမလို ဖြစ်သွားသည်။ သာမန်စာဖတ်သူတစ်ဦးအဖို့ ဤသို့ပင် ယူဆသွားနိုင်ပါသည်။ ထို့ကြောင့် လူပေါင်း ၄ သန်းအတွက် အလုပ်အကိုင် ရရှိရေး၊ ပုံမှန်ထောက်ပံ့ရေး၊ လူမှုဖူလုံရေးတို့ အကြောင်း ဆက်စဉ်းစားပြီး အလွန်ချောက်ချားသွားဖွယ် ရှိပါ၏။ စီးပွားရေး ပညာရှင်တို့၊ သတင်းစာဆရာတို့ကမူ ၄ ရာခိုင်နှုန်း ဆိုသည်မှာ စုစုပေါင်း အလုပ်သမားဦးရေ(ပုံမှန်လစာရ ဝန်ထမ်းစုစုပေါင်း)၏ ၄ ရာခိုင်နှုန်းသာ ဖြစ်ကြောင်း သိပြီး ဖြစ်နေပါမည်။ ထိုတိုင်းပြည်တွင် လူဦးရေ၏ ၁၂ ရာခိုင်နှုန်းက အလုပ်သမားများ၊ ဝန်ထမ်းများ ဖြစ်သည် ဆိုပါစို့။ စုစုပေါင်း ၁၂ သန်း (လူဦးရေ သန်းတစ်ရာ၏ ၁၂ ရာခိုင်နှုန်း) ရှိမည်။ ထို ၁၂ သန်းအနက် ၄ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ ဖြစ်နေကြပြီဟု ယူဆရမည် ဖြစ်ရာ အလုပ်

လက်မဲ့ ၄ သိန်း ၈ သောင်းခန့်ဟု သိနိုင်ပါသည်။ (အလုပ်လက်မဲ့ ၄. ၈ သိန်းကို ထောက်ပံ့ထားရသော ဝန်ထုပ်ဝန်ပိုးနှင့် ထို အလုပ်လက်မဲ့ ၄. ၈ သိန်း၏ နောက်ကွယ်မှ မှီခိုသူ အိမ်ထောင်စုဝင်များ၏ လူမှုဖူလုံရေးတို့အတွက် ဝန်ထုပ်ဝန်ပိုးကို တွေးကြည့်ကြပါရန် စကားချပ် အဖြစ် ပြောလိုက်ရပါဦးမည်။)

ရာခိုင်နှုန်းကြောင့် အယူမှားမှု*(misleading)* ဖြစ်နိုင်သော ဒုတိယ အမျိုးအစားလည်း ရှိပါသေးသည်။ ဆွစ်ဇာလန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၁၉၉၈ တွင် ၅၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည် ဟူသော ဖော်ပြချက်မျိုး ဖြစ်သည်။ စောစောက ဥပမာဖြင့် ဆက်စပ်စဉ်းစားလျှင် ၁၉၉၇ တွင် အလုပ်လက်မဲ့ ၄. ၈ သိန်း ရှိခဲ့ရာမှ ၅၀ ရာခိုင်နှုန်း မြင့်တက်ပြီး ၁၉၉၈ တွင် ၇. ၂ သိန်းသို့ ရောက်သွားခဲ့သည်ဟု ယူဆရတော့မလို ဖြစ်သွားသည်။ ၅၀ ရာခိုင်နှုန်း မြင့်တက်သွားသည်မှာကား အမှန်ပင် ဖြစ်ပါသည်။ သို့သော် ဆွစ်ဇာလန်နိုင်ငံတွင် အလုပ်လက်မဲ့ မရှိသလောက် ရှားသည်ကိုလည်း သိထားဖို့ လိုမည်ဖြစ်၏။ ဖြစ်ရပ်အမှန်မှာ ၁၉၉၇ တွင် အလုပ်လက်မဲ့ ၃၆ ဦး ရှိခဲ့ရာမှ ၁၉၉၈ တွင် ၅၄ ဦး ဖြစ်လာခြင်းသာ။

ထို့ကြောင့် ကိန်းဂဏန်းများကို ဖတ်လျှင် ၎င်းတို့၏ အမှန်တကယ် ကိုယ်စားပြုချက်၊ ရည်ညွှန်းချက်တို့ကိုပါ မြင်အောင် ကြည့်နိုင်ဖို့ လိုပါသည်။ အစီရင်ခံစာများကို ဖတ်လျှင် ကိန်းဂဏန်းများ၊ စာရင်းဇယားများကို ယူနစ်များ၊ စကေးများပါ စစ်ဆေးဖတ်ရှုရပါမည်။ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းမှာမဆို ယူနစ်ကစားမှု၊ စကေးကစားမှုမျိုးတွေ ရှိနိုင်သည်။

(၄)

အတိုင်းအတာအတွက် သုံးသော ယူနစ်ကို လိုသလို ကစားတတ်လျှင် ကြွားချင်သည်ကို ကြွလာအောင်၊ အပြစ်ကို သေးသွားအောင်၊ မပြောမဖြစ် ပြောရမည့် ညံ့ကွက်ကို ဝေဝါးသွားအောင် ဖန်တီးယူနိုင်သည်။

ကော်ပိုရေးရှင်းကြီးတစ်ခု ဆိုပါစို့။ အလျှုငွေ ၁၅. ၅ သိန်း ရှိသည်ကို ထောင်ဂဏန်း ယူနစ်ဖြင့် ပြလျှင် ကျပ်ထောင်ပေါင်း ၁၅၅၀ ဟု ဖြစ်လာမည်။ ဒါရိုက်တာအဖွဲ့ လစာကျတော့ ငယ်သည် ထင်ရအောင် ၂၈ သိန်းကို ၀. ၂၈ သန်းဟု ပြမည်။ ဆေးပြားတစ်ပြား၏ အလေးချိန်ကို ၀. ၀၀၅ ကီလိုဂရမ်ဟု ပြောလိုက်လျှင် ကီလိုဂရမ်နှင့်ပင် ဖော်ပြနေရသောကြောင့် အလေးကြီးပါလား

ဟု ထင်ရမည်။ အမှန်တော့ ၅ ဂရမ်မျှသာ ဖြစ်သည်။ တမင်ပင် အထင်ကြီးစရာ ဖြစ်အောင် ယူနစ်ကစား၍ ကြော်ငြာခြင်း ဖြစ်သည်။

စကေးကစားမှုကို မျဉ်းဂရပ်၊ လိုင်းဂရပ် စသော ပုံပြဇယားများတွင် တွေ့ရ၏။ တိုးတက်မှုကို ပေါ်လွင်စေလိုသောအခါ စကေးသေးသေးဖြင့် ဆွဲပြသည်။ ဥပမာ - ဝင်ငွေတို့၊ အလှူတို့ကို နှစ်အလိုက် ပြသည့်အခါမျိုးတွင် ဖြစ်၏။ သုံးငွေတို့၊ လျှို့ဝှက်ရန်ပုံငွေတို့ကို ပြသောအခါတွင်ကား စကေးကြီးကြီးကို သုံးသောကြောင့် ပုံပြမျဉ်းများ၏ အမြင့်ပမာဏမှာ ငယ်သွားတော့သည်။ စကေး မတူသော ဂရပ် ၂ ခုကို ယှဉ်တွဲပြထားလျှင် ဝင်ငွေတို့၊ အလှူတို့၏ ပမာဏက အလွန်ကြီးပြီး သုံးငွေဖြုန်းငွေပမာဏမှာ သေးနေသယောင် ထင်သွားတော့သည်။

ထို့ကြောင့် ကိန်းဂဏန်းများစာရင်းနှင့် ဇယားများကို ကြည့်ရှုစစ်ဆေးလျှင် ယူနစ်များ၊ စကေးများကိုပါ စစ်ဆေးရပါသည်။

(၅)

ကိန်းဂဏန်း အထောက်အကူ မပါဘဲ အလွတ်ပြောခြင်းနှင့်စာလျှင် ကိန်းဂဏန်းများဖြင့် ပြောခြင်းက ပို၍ အားကိုးလောက်ပါသည်။ သို့သော် မည်သည့်အတိုင်းအတာအထိ အားကိုးရမည်နည်း။

(က) ကိန်းဂဏန်းများ ထွက်လာသော ပင်ရင်း *(Source)* ကို ကြည့်ရပါသည်။ အရပ်ပြောများ၊ မှန်းဆချက်များ၊ တရားမဝင်ပြောကြားချက်များ၊ မယုံကြည်ထိုက်သောနေရာ *(Source)* များမှ ရလာသော ကိန်းဂဏန်းများ ဖြစ်နေလျှင် အားမကိုးထိုက်ပါ။

(ခ) အချို့အဖွဲ့အစည်းများသည် ရိုးသားစွာ မှားယွင်းတတ်ကြသည်။ မသိနားမလည်မှုကြောင့်လည်း မှားတတ်သည်။ စာရင်းမမှန်ခြင်း၊ စစ်တမ်းယူပုံမှားခြင်း၊ ကောက်ချက်ဆွဲပုံ လွဲခြင်းတို့ ရှိနေလျှင် ထိုကိန်းဂဏန်းများကို အားမကိုးထိုက်ပါ။

(ဂ) မပါသင့်သောအမှားများ မှန်သမျှ မပါရအောင် အတတ်နိုင်ဆုံး တိကျမှန်ကန်မှုရှိအောင် စာရင်းကောက်ယူပြီး သိပ္ပံနည်းကျ စစ်ဆေးအဖြေ ထုတ်ထားသော ကိန်းဂဏန်းများကား အများအားဖြင့် စိတ်ချရပါသည်။

(၆)

ယနေ့ ကမ္ဘာတွင် ကိန်းဂဏန်း စာရင်းဇယားကို ပြုစုဖော်ပြခြင်းအလေ့ အခြေကျနေပါပြီ။ စာအုပ်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ကြရာမှ ကွန်ပျူတာ ဒစ္စကက်၊ စီဒီ ဓာတ်ပြားတို့ဖြင့် ဖြန့်ချိခြင်း၊ အင်တာနက်မှ ထုတ်လွှင့်ခြင်းတို့ အထိ ရှိလာပါပြီ။ ထို့ကြောင့် ယခင်က ကမ္ဘာ့စိုက်ပျိုးရေး၊ မွေးမြူရေးများ အကြောင်း သိလိုလျှင် *FAO Yearbook* (ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ နှစ်ချုပ် မှတ်တမ်း)၊ ကမ္ဘာ့ကျန်းမာရေး ကိစ္စများအတွက် *WHO Yearbook* (ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်ချုပ်မှတ်တမ်း) စသည်ဖြင့် ပုံနှိပ်ထုတ်ဝေထားသော ပင်ရင်း *Source* များကို အားကိုးခဲ့ရသည့် အနေအထားမှ ယခုအခါတွင် သိလိုရာ နိုင်ငံ အကြောင်းကို အင်တာနက်မှတစ်ဆင့် ခလုတ်နှိပ် မေးမြန်းနိုင်သော အနေအထားသို့ ရောက်လာပါပြီ။

ထိုဖော်ပြချက် *(information)* များတွင် ရေးသားတင်ပြ အစီရင်ခံချက် (ဝါ) ဆန်းစစ်ဝေဖန်ချက်များ ပါသကဲ့သို့ ကိန်းဂဏန်း စာရင်းဇယားများလည်း ပါသည်။ အမှန်ကား စာရင်းဇယား ကိန်းဂဏန်းများကသာ အဓိက အုပ်စု ဖြစ်ပါသည်။

ထိုကိန်းဂဏန်းများသည် ဘယ်လောက်အထိ ယုံစားအားကိုးထိုက်ပါသလဲ။

*FAO* ကိုပင် နမူနာထား၍ ဆွေးနွေးကြပါစို့။ *FAO Yearbook* သည် ကမ္ဘာတစ်ဝန်းလုံး တစ်နှစ်တာ စိုက်ပျိုး မွေးမြူရေး ကိန်းဂဏန်းများကို ဖော်ပြထားခြင်း ဖြစ်သည်။ ထိုကိန်းဂဏန်းများကို *FAO* မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ ကိုယ်တိုင် ကွင်းဆင်းကောက်ယူထားခြင်းဟု ထင်လျှင် အမှားကြီးမှားပါလိမ့်မည်။ သက်ဆိုင်ရာနိုင်ငံများမှ ပေးပို့သော စာရင်းဇယားများကို ပြန်လည် ခန့်ခွဲထားခြင်းမျှသာ ဖြစ်သောကြောင့်ပင်။ သက်ဆိုင်ရာ နိုင်ငံများကကော ဘယ်လောက်အထိ တိတိကျကျ မှန်မှန်ကန်ကန် လုပ်ဆောင်ပေးလိုက်နိုင်ပါသနည်း။ စာရင်းဇယား ဆိုသည်မှာ လုပ်ငန်းခွင် ကျဉ်းကျဉ်းကလေးအတွက်တော့ အတိအကျ အမှန်အကန် ဖော်ပြပေးနိုင်မည်။ ရွာတစ်ရွာ၏ လူဦးရေ၊ တိရစ္ဆာန်ဦးရေ၊ စိုက်ဧက၊ သီးနှံထွက်နှုန်း စသည်တို့အတွက် အတိအကျ ကောက်ယူနိုင်လိမ့်မည်။ ရွာများကို စုပေါင်းလျှင် မြို့နယ် ဖြစ်၊ မြို့နယ်များမှ ခရိုင် ဖြစ် . . . တို့မှ တစ်ပြည်လုံး အတိုင်းအတာ ဖြစ်လာသောကြောင့် စာရင်းမှန်များသာ ဖြစ်ပါသည်ဟု ယူဆလိုလျှင် ယူဆပါ။ ထိုယူဆချက် မှား

သွားဖို့ကတော့ သေချာသလောက်ပင် ရှိပါ၏။ ရွာတစ်ရွာအကြောင်း လုံးဝဥဿုံ တိုင်းတာတွက်ချက်ရသည်မှာပင် ကျွမ်းကျင်သူ မပါဝင်ပါက စာရင်းအတိအကျ မရနိုင်ပါ။ အတိအကျ ရစေရန် တာဝန်ခံများ အကူအညီဖြင့် လုပ်ဆောင်လျှင်လည်း ဘယ်နှရွာမှာ လုပ်နိုင်မည်နည်း။ လုပ်နိုင်လှ ရွာတစ်ရွာပင်။ 'ထန်းပင်ဆာဖေး' ဟု ပြက်ရယ်ပြုတတ်ကြသော (ထန်းပင်ပေါ် တက်ကြည့်ပြီး စိုက်ပျိုးကေနှင့် ထွက်နှုန်းကို ခန့်မှန်းသည့်) မျက်မှန်း ရမ်းတုတ် စာရင်းယူတတ်သောဓလေ့ ထွန်းကားသည့် ဒေသမျိုးတွင်ကား အားကိုးလောက်စရာ ဘာမျှ ရလာမည် မဟုတ်တော့ပေ။

ထို့ကြောင့် ကြီးကြီးမားမားများကို ခြုံငုံဖော်ပြသော ကိုယ်စားပြု ကိန်းဂဏန်းများကို အညွှန်းကိန်း*(Indices)*၊ နှိုင်းရကိန်း*(Relative Values)*တို့ အဖြစ်သာ အားကိုးသင့်ပါသည်။ အတိအကျဟု ယုံမှတ်မနေထိုက်ပါ။

(၇)

နိုင်ငံကိုယ်စားပြု (ဝါ) ဒေသကိုယ်စားပြု ကိန်းဂဏန်းများကဲ့သို့သော ယေဘုယျလက္ခဏာ *(General Character)* များကို ကောက်ယူသောအခါ ဒေသကြီးတစ်ခုလုံး လိုက်လံတိုင်းထွာမနေနိုင်သည်မှာ ထင်ရှားလှပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စာတတ်မြောက်မှု အခြေအနေ၊ လူမျိုးတစ်မျိုး၏ ပျမ်းမျှ အရပ်အမောင်း*(Literacy Rate, Mean Height)* စသည်တို့ကို သိလိုသောအခါ တစ်နိုင်ငံလုံး လိုက်လံမေးမြန်းတိုင်းထွာပြီးမှ တွက်ချက်ယူရန် မဖြစ်နိုင်ပါ။ ထိုသို့သောအခါမျိုးတွင် နမူနာအုပ်စုများ ဖွဲ့ရပါသည်။ ထိုနမူနာ အုပ်စု*(Sample)*များကို တိုင်းထွာရာမှ ရလာသော ကိန်းဂဏန်း*(Statistics)* များကို အခြေပြုပြီး တစ်စုလုံး *(Population တစ်ခုလုံး)* အတွက် ကောက်ချက် ဆွဲကာ ယေဘုယျစံ*(Parameter)* များ သတ်မှတ်ရပါသည်။

ထိုသို့ *Sample* ခေါ် နမူနာအုပ်စုများနှင့် လေ့လာခြင်းကို စစ်တမ်းကောက်ခြင်း*(Survey)*ဟု ခေါ်ပါသည်။

(၈)

ယနေ့ မြန်မာစာပေနယ်တွင် စစ်တမ်းများကို တွေ့လာရပါသည်။ အရောင်းသွက် ၁၀ *(Top ten of the best selling commodities)* အရောင်းသွက်၊ အငှားသွက် စာအုပ်၊ စာပေ တိပ်ခွေ၊ ဗီဒီယို စသော စစ်တမ်း များ ဖြစ်ပါသည်။

ပရိသတ် စိတ်ဝင်စားသောစစ်တမ်းများဟု ဆိုရပါမည်။ ထိရောက်သော ကြော်ငြာသဘောကိုလည်း ဆောင်ပါသည်။ ထိုစာရင်းထဲ ဝင်သွားလျှင် တော်ရုံတန်ရုံ အရည်အသွေးနှင့် ပစ္စည်းပင် အရောင်းသွက်လာနိုင်သောကြောင့် ဖြစ်၏။ ဂျာနယ်ကြော်ငြာများအကြောင်း စစ်တမ်းကို 'ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်' မဂ္ဂဇင်းတွင်လည်းကောင်း၊ ပရိသတ်အကြိုက်ဆုံး အနုပညာရှင်များ စစ်တမ်းကို မြန်မာသစ်ဂျာနယ်တွင်လည်းကောင်း တွေ့လိုက်ရပါသည်။ ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းတွင်ပင် 'ရွှေဆိုင်လောက' စစ်တမ်းကို တွေ့ရ၏။ အချို့ဖော်ပြချက်များ ဥပမာ - ပြီးခဲ့သောရာစုအတွင်း အထင်ရှားဆုံး အနုပညာရှင်များ၊ ပြီးခဲ့သော ဆယ်စုနှစ်အတွင်း ထင်ရှားကျော်ကြားသူများ စသောရွေးချယ်မှုများကား စစ်တမ်းသဘောမဟုတ်ဘဲ အုပ်စုတစ်စု၏စိတ်ကြိုက် ရွေးချယ်မှု သဘောမျှသာဖြစ်နေသည်။ ၂၀ ရာစု၏ အလှဆုံး မင်းသမီး (အလှဆုံး မြန်မာအမျိုးသမီး) ရွေးချယ်မှုကား မည်သို့ ရွေးချယ်လိုက်ကြောင်းကို မတွေ့လိုက်မိပေ။ ဤရွေးချယ်မှုများမှာ လူတိုင်းနှင့် သဘောမညီတတ်သည်မှာ ဓမ္မတာပင်။ မြန်မာမဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြခဲ့သော (နိုင်ငံခြား မဂ္ဂဇင်းကြီးတစ်စောင်က စစ်တမ်းထုတ်ပေးသည့်) ၂၀ ရာစုအတွင်း အကောင်းဆုံး အင်္ဂလိပ်ဝတ္ထု ၁၀၀ ဆိုသော စာရင်းသည်ပင်လျှင် ယုံကြည် ကိုးစားနိုင်မှု သိပ်မများ။ ဥပမာ - *James Joyce* ၏ စာအုပ်များဆိုလျှင် နာမည်ကြီးသောကြောင့် ဂုဏ်တစ်ခုအနေနှင့် ဝယ်ယူသိမ်းဆည်းကြသူက အများစု ဖြစ်နေတတ်သည်။ ဝယ်သော်လည်း မဖတ်၊ ဖတ်ပြန်တော့လည်း နားလည်သူရှားသော စာအုပ်အမျိုးအစားဟု ဆိုပါသည်။ ဂုဏ်လိုချင်သူများ၏ ဆန္ဒမဲကြောင့် နံပါတ်တစ်စွဲသွားခြင်း ဖြစ်ကောင်းဖြစ်မည်။ (အနောက်တိုင်းသား စာပေသမားများထဲမှ အင်္ဂလိပ်စာမေဂျာယူသူများကိုပင် မေးမြန်းကြည့်ခဲ့ဖူးပါသည်။)

ဆန္ဒစွဲများ ရှိတတ်သည့် အကြောင်းပင် ဖြစ်ပါ၏။

(၉)

အငှားသွက်၊ အရောင်းသွက်စာအုပ်များ စာရင်းတွင်လည်း ဟာကွက်များ တွေ့ရသည်။

မြန်မာစာအုပ်လောကသည် လွန်ခဲ့သော နှစ်နှစ်ခန့်ကအထိ ပုံစံတစ်မျိုးဖြင့် လည်ပတ်နေခဲ့သည်။ ထိုပုံစံမှာ အငှားဆိုင်များ၏ အကြိုက်ကို လိုက်ရသောပုံစံ ဖြစ်၏။ ပြည်သူတို့၏ စာအုပ်စာပေအပေါ် ငွေကြေးသုံးစွဲမှု

အနေအထားကြောင့် စာအုပ်ထုတ်လုပ်သူများသည် အငှားဆိုင်များကိုသာ အဓိကထား အားကိုးခဲ့ရသည်။ အငှားဆိုင်များကလည်း ပရိသတ်ရှိသော မဂ္ဂဇင်းနှင့် စာရေးဆရာကိုသာ (၎င်းတို့၏ စီးပွားရေးအရ) ဦးစားပေးဝယ်ယူကြသည်။ အငှားလိုက်မှ ရောင်းထွက်သည့်သဘော ဖြစ်သည်။ သို့သော် အပိုင်ဝယ်သိမ်း ပရိသတ်ကို ပစ်မှတ်ထား၍ ထုတ်ဝေနေသော မဂ္ဂဇင်းတစ်စောင်ကလည်း အောင်မြင်မှု ရနေသည် ဖြစ်ရာ စာပေတိုက်ကြီးတစ်ခုက အပိုင်ဝယ်သိမ်း ပရိသတ်ကို ဦးတည်၍ တန်ဖိုးကြီးမဂ္ဂဇင်းတစ်စောင်ကို သန့်သန့်ခန့်ခန့် လမ်းသစ်ထွင် ထုတ်ဝေလိုက်သည်။ ယခုအချိန်တွင် ထိုပုံစံမျိုးလိုက်သော မဂ္ဂဇင်းမျိုး သုံးအုပ် ထပ်ထွက်လာခဲ့ပါသည်။ ထို လေးအုပ်တွင် ပထမဆုံး ထွက်ထားသော (ခြေလှမ်းဦးထားသော) မဂ္ဂဇင်းကြီး နှစ်စောင်မှာ စောင်ရေတောင်းကောင်းဖြင့် ဝင့်ကြွားနေနိုင်ပါပြီ။

သို့သော် အငှားသွက်၊ အရောင်းသွက် စစ်တမ်းတွင် ထိုမဂ္ဂဇင်းကြီး နှစ်စောင်သည် ပါခဲ့ဖူးသည် မရှိ။ ထို့အတူပင် စီးပွားရေးရာမဂ္ဂဇင်းတစ်စောင်လည်း တစ်ခါမျှ မပါ။ ရောင်းချရသော စောင်ရေကို ဆန်းစစ်ကြည့်လျှင် ထိုမဂ္ဂဇင်း သုံးစောင်သည် ပထမနှင့် ဒုတိယတို့၏ နောက်နားမှာ ကပ်လိုက်နေကြသော မဂ္ဂဇင်းများ ဖြစ်သည်။ ဤကဲ့သို့ ပရိသတ် အားပေးမှု ရနေသည့်တိုင် အငှားသွက်၊ အရောင်းသွက်ထဲတွင် စာရင်းမဝင်သည်မှာ တစ်ခုခုတော့ မှားယွင်းနေမှန်း သိသာလှသည်။

ဘာမှားသနည်းဆိုသော စစ်တမ်းယူပုံ မှားနေခြင်း ဖြစ်နိုင်သည်။ ဖြစ်နိုင်ခြေ အလွန်များလှပါသည်။

ဤနေရာတွင် စစ်တမ်းအကြောင်းကိုသာ ဆွေးနွေးလိုရင်း ဖြစ်သောကြောင့် အငှားသွက်၊ အရောင်းသွက်ကိစ္စကို အရှိအတိုင်း တင်ပြခြင်း ဖြစ်ပါသည်။ အငှားသွက်၊ အရောင်းသွက်တိုင်း စာကောင်းပေကောင်း ဟုတ်သလားဟူသော မေးခွန်းကို ရှင်းလင်းဖြေကြားနေရန် အခါမသင့်သေးပါ။

(၁၀)

မြန်မာစာပေနယ်တွင် စစ်တမ်းဓလေ့ ထွန်းကားစ ပြုလာနေကြောင်း တင်ပြခဲ့ပါသည်။ ဤဓလေ့ ထွန်းကားလာမှုသည် ကြိုဆိုထိုက်သောကိစ္စ ဖြစ်၏။ သို့သော် မျက်စိမှိတ်၍ ရင်ဖွင့်ကြိုဆိုမှုမျိုးကိုကား မလုပ်သင့်သည်မှာ ထင်ရှားပါသည်။ စစ်တမ်း ဆိုသည်မှာ ယေဘုယျ လက္ခဏာကို စစ်ထုတ်ယူခြင်း၊ သို့

*ကြည်မင်း*

မဟုတ် လူထု၏ ယေဘုယျသဘောထားကို တီးခေါက်ကြည့်ခြင်း ဖြစ်ရာ ယခု လုပ်နေသော စစ်တမ်းတို့မှ တွေ့ရှိချက်တို့သည် ယေဘုယျ လက္ခဏာကို လည်းကောင်း၊ လူထု၏ ယေဘုယျသဘောထားကိုလည်းကောင်း ကိုယ်စား ပြုနိုင်ခြင်း ရှိမရှိ ဝေဖန်ကြည့်ရပေလိမ့်မည်။ ဤသို့ ဝေဖန်ရာတွင် ပရိသတ် ကလည်း ဝေဖန်ကြည့်သင့်သကဲ့သို့ စစ်တမ်းကောက်သူ ဆန်းစစ်သူများ ကိုယ်တိုင်ကလည်း မိမိတို့၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ် ဝေဖန် ကြည့်သင့်ပါသည်။ ကြည့်မှလည်း ဆောင်ရန်ရှောင်ရန်များကို မြင်လာမည်။

ဤတွင် စစ်တမ်း *(Survey)* ၏ အခြေခံမှုများကို ထင်ရှားစွာ သိ ထားရန် လိုအပ်လာပါသည်။


(၁၁)

စစ်တမ်း ဘာကြောင့် လုပ်သလဲ (ဝါ) *Survey* ဘာကြောင့် လုပ်သလဲ။

တစ်ပြည်လုံးလိုက်ပြီး မေးမနေနိုင်၍ နမူနာအုပ်စုတွင်သာ လေ့လာပြီး စစ်တမ်းယူရခြင်း ဖြစ်၏။ နမူနာအုပ်စုမှ တွေ့ရှိချက်များကိုယူပြီး တစ်စုတစ်ဖွဲ့လုံး၊ *Population* တစ်ခုလုံးအတွက် မှတ်ချက်ချလိုသောကြောင့် ဖြစ်သည်။

ဤတွင် အုပ်စုကြီးဟုခေါ်နိုင်သော တစ်စုတစ်ဖွဲ့လုံး *(Population)* နှင့် နမူနာအုပ်စု *(Sample)* တို့အကြောင်း စတင်ဆွေးနွေးရတော့မည်ဖြစ်၏။

(၁၂)



အထက်ပါပုံတွင် လေးထောင့်အကွက်ကြီးကို အုပ်စုကြီး (တစ်စုလုံး၊ တစ်ဖွဲ့လုံး) *Population* ဟု သတ်မှတ်ပါမည်။ ပေါ်ပြူလေးရှင်းသည် တိုင်းပြည်တစ်ပြည်၊

တိုင်းတစ်တိုင်း၊ ခရိုင်တစ်ခရိုင်၊ မြို့နယ်တစ်မြို့နယ် စသည်ဖြင့် လူဦးရေ သို့မဟုတ် အပင်/တိရစ္ဆာန်/ပိုးမွှား စသော တိုင်းတာစရာပစ္စည်း (ဝါ) ကိန်းရှင် *Variables* အလုံးစုံရှိနေသော ဧရိယာတစ်ခု ဖြစ်သည်။ ထိုဧရိယာသည် ကြီးမားကျယ်ပြန့်သောကြောင့် ထိုနယ်အတွင်း ရှိနေသော ကိန်းရှင် ဦးရေသည် အတိအကျ တိုင်းတာရေတွက်နိုင်သည့် *Finite Population* ဖြစ်နေသည့်တိုင် ရေတွက်ရန်၊ တိုင်းတာရန် ခက်တတ်သည်။ ရန်ကုန်တိုင်းအတွင်း ကုက္ကိုပင် မည်မျှ ရှိသည်၊ ကုက္ကိုပင်သည် သစ်ပင်အားလုံး၏ ရာနှုန်း မည်မျှ ရှိသည် စသော တိုင်းတာမှုကို စဉ်းစားကြည့်ပါ။ သစ်ပင် ဟူသော အတန်းအစား *Category* တွင် ဝင်မည့် အပင်အားလုံးကို လိုက်ရေတွက်ရမည်။ ထိုအထဲတွင် ပါနေသော ကုက္ကိုပင်များ၏ ဦးရေကိုပါ မှတ်သားရတော့မည်။ အလွန် လက်ဝင်ပြီး အချိန်ယူရသော လုပ်ငန်းဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။

အထက်ပါပုံတွင် တွေ့ရသော လေးထောင့်ဧရိယာကြီးအတွင်းရှိ စက်ဝိုင်းငယ်များကို နမူနာအုပ်စု *Sample* ဟု ခေါ်ပါသည်။ အားလုံး ကိုးခု ရှိသည်။ ထိုနမူနာအုပ်စု တစ်ခုချင်းတွင် ရှိသော ကိန်းရှင် *Variable* တို့၏ ဦးရေ(ပေးထားသော ဥပမာအရ ဆိုလျှင် သစ်ပင်ဦးရေ) သည် ပေါ်ပြူလေးရှင်းနှင့် နှိုင်းလျှင် အလွန်နည်းသည်။ ထို့ကြောင့် ရေတွက်တိုင်းတာ၍ လွယ်ကူစွာ ရနိုင်သည်။ ပြထားသည့် ဥပမာအတိုင်း သစ်ပင်ဦးရေနှင့် ကုက္ကိုပင် ပါဝင်မှုကို တိုင်းတာမည် ဆိုလျှင် ထိုနမူနာကွက်များကို ဧရိယာဖြင့် သတ်မှတ်ရမည်။ ဆိုပါစို့။ ၄ စတုရန်းမိုင် ကျယ်ဝန်းသော နမူနာဧရိယာ ကိုးခုဟု သတ်မှတ်မည်။ ထို့ကြောင့် (ကုန်းမြေ) ဧရိယာ ၃၆ စတုရန်းမိုင် အကျယ် အတွင်းရှိ သစ်ပင်များနှင့် ကုက္ကိုပင်များကို ရေတွက်ရမည်။ ရလာသော ကိန်းဂဏန်းတို့ကို စုပေါင်း၍ ပျမ်းမျှ *mean* ကို ယူလျှင် ရန်ကုန်တိုင်း ကုန်းမြေ တစ်စတုရန်း မိုင်အတွင်း သစ်ပင် ပေါက်ရောက်မှုနှင့် ကုက္ကိုပင်ပါဝင်နှုန်းကို ရမည်။ ဤကိန်း ဂဏန်း ၂ ခု ရလာလျှင် ရန်ကုန်တိုင်း တစ်ခုလုံးတွင် ရှိနိုင်သည့် *(Probable)* သစ်ပင်ဦးရေကို မှန်းဆ*(Estimate)* လုပ်၍ ရပါပြီ။

ဤသို့ မှန်းဆချက် *Estimate* သည် မှန်ပါ့မလား။ အတိအကျ မမှန်နိုင်သည်မှာတော့ ကျိန်းသေပါသည်။ အမှန်ဖြင့် အနီးစပ်ဆုံး ဖြစ်နေဖို့သာ လိုပါသည်။ ဤလိုကော နီးစပ်ပါ့မလား။

ကြည်မင်း

(၁၃)

အထက်ပါမေးခွန်းကို ဖြေနိုင်ရန်အတွက် နမူနာကောက်ယူခြင်း သီအိုရီ *Sampling Theory* နှင့် ကျပန်းနမူနာကောက်ယူမှု *Random Sampling* ကို တင်ပြရပါမည်။

ပေါ်ပြူလေးရှင်း အလွန်ကြီးလျှင် ထိုပေါ်ပြူလေးရှင်း တစ်ခုလုံး၏ ကိန်းရှင် *Variables* များကို အကုန်အစင် လိုက်တိုင်းထွာနိုင်ရန် လက်တွေ့ မကျသောကြောင့် နမူနာအုပ်စု *Sample* များယူ၍ တိုင်းရကြောင်း ပြောခဲ့ပါပြီ။ ယနေ့ မြန်မာစာပေနယ်တွင် တွေ့ရသော စစ်တမ်းများမှာလည်း ဤသဘောကို ဆောင်ပါသည်။ တစ်ပြည်လုံးရှိ စာဖတ်သူများထံ လိုက်လံမေးမြန်းခြင်း၊ လှမ်း၍ ဆက်သွယ်မေးမြန်းခြင်းကို မလုပ်နိုင်သောကြောင့် လက်လှမ်းမီရာ အစုအကွက်ကလေးထံမှသာ လေ့လာယူခြင်းကို တွေ့မည်။

ဤသို့ လေ့လာရာတွင် အခြေခံမူ *Basic Principle* မှာ နမူနာအုပ်စုသည် ပေါ်ပြူလေးရှင်းကို ကိုယ်စားပြုသည် *(Sample represents the population)* ဟူ၍ ဖြစ်သည်။ အုပ်စုငယ်၏ လက္ခဏာများသည် အုပ်စုကြီး၏ ယေဘုယျလက္ခဏာကို ကိုယ်စားပြုသည်/ကိုယ်စားပြုလိမ့်မည်ဟု ယူဆချက်ပင် ဖြစ်သည်။ ဤသည်ကို ပြောင်းပြန် ပြန်တွေးလျှင် (ပေါ်ပြူလေးရှင်း၏ ယေဘုယျလက္ခဏာကို သိလိုသောကြောင့် နမူနာအုပ်စု ကောက်ယူ၍ တိုင်းထွာခြင်း ဖြစ်သဖြင့်) နမူနာအုပ်စုသည် ပေါ်ပြူလေးရှင်းကို ကိုယ်စားပြုနိုင်သော စစ်မှန်သည့် အစိတ်အပိုင်း ဖြစ်နေရမည်ဟု ဆိုရပါလိမ့်မည်။ တစ်ပြည်လုံး၏ ဝယ်နိုင်အားကို လူချမ်းသာအလွှာတွင် သွားတိုင်း၍ ရပါမည်လော။ တစ်ပြည်လုံး၏ စာတတ်မြောက်မှုနှင့် ပညာအရည်အသွေး အဆင့်ကို ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် တိုင်းထွာ၍ ရပါမည်လော။

နမူနာကောက်၍ တိုင်းထွာရာတွင် အဓိက ဖော်မြူလာမှာ -

$$\overline{X} \pm SE \simeq \mu$$

ဟူ၍ ဖြစ်သည်။ $\overline{X}$ *(x bar)* သည် နမူနာအုပ်စု၏ ပျမ်းမျှတန်ဖိုး *(Sample mean)* ဖြစ်ပြီး *SE (Standard error)* မှာ မှားနိုင်ခြေ ဖြစ်သည်။ $\mu$ မှာ ပေါ်ပြူလေးရှင်း၏ ပျမ်းမျှတန်ဖိုး *(Population mean)* ဖြစ်သည်။

နမူနာအုပ်စု*(Sample)*မှ ရလာသည်ကို *Statistics* ဟူ၍ ခေါ်ပါသည်။ ပေါ်ပြူလေးရှင်းအတွက် တန်ဖိုးကိန်းဂဏန်းများကို *Parameter* ဟု ခေါ်ပါသည်။ ≃ လက္ခဏာမှာ တူလုနီးပါးဟု အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် နမူနာအုပ်စု ရှာဖွေ၍ စူးစမ်းခြင်းသည် *Statistics* များ ရလိုသောကြောင့်ဟု သိရပါမည်။ *Statistics* များ ရလာလျှင် *Parameter* ကို ခန့်မှန်းနိုင်သည်။

*Statistics* ဟူသော စကားတွင် အဓိက အဓိပ္ပာယ် နှစ်မျိုး ရှိသည်။ ပထမအဓိပ္ပာယ်မှာ သင်္ချာဗေဒတွင် သုံးသော (ယခု ဖော်ပြခဲ့သည့်) နမူနာအုပ်စုမှ ရသော တန်ဖိုးများကို ဆိုလိုသည်။ အချက်အလက်ကို ဖော်ပြသော ကိန်းဂဏန်း(ဥပမာ *Vital Statistics, Production Statistics*)ဟူသည့် အသုံးအနှုန်းကား ဒုတိယအဓိပ္ပာယ် ဖြစ်သည်။ ကိန်းဂဏန်း အချက်အလက် *Data* ဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။

ယခု တွေ့နေရသော စျေးကွက်စစ်တမ်းများသည် *Data* ကောက်ယူ၍ ပျမ်းမျှကိန်းများဖြင့် အလွယ်ပြောနေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ဒုတိယအဓိပ္ပာယ်ကိုဆောင်သော (ဝါ) *Data* အဆင့်သာ ရှိသော *Statistics* များ ဖြစ်သည်။ နမူနာအုပ်စုကို စနစ်တကျ တိုင်းထွာပြီး ဖော်မြူလာများ သုံး၍ အဖြေ ထုတ်ထားသော *Statistics* (ပထမအဓိပ္ပာယ်)များသည်ပင်လျှင် လုပ်ဆောင်နည်း မမှန်လျှင် အဖြေမှန် (ဝါ) ပေါ်ပြူလေးရှင်းကို ကိုယ်စားပြုနိုင်သော အဖြေ မထွက်ပါ။ ထို့ကြောင့် *Data* များဖြင့် ယေဘုယျ *Generalize* မှတ်ချက်ပေးနေခြင်းမျိုးသည် လုံးဝ မခိုင်လုံကြောင်း သိရှိနိုင်ပါသည်။

## (၁၄)

နမူနာအုပ်စု ကောက်ရာတွင် စိတ်မှန်း စိတ်ထင်ဖြင့် ရမ်းလုပ်၍ မရပါ။ ထို့အတူပင် ဧရိယာအသေ သတ်မှတ်၍ ကောက်ယူခြင်းလည်း မပြုရပါ။

ဧရိယာအသေထား၍ ကောက်ယူခြင်းမျိုးကို ပါဝင်မှုရေတွက်ခြင်းမျိုး *Measurements* တွင် တွေ့ရပါသည်။ သွေးစစ်ဆေးခြင်းကို ဥပမာပြပါမည်။ သွေးထဲတွင် သွေးနီဥ/သွေးဖြူဥ ပါဝင်နှုန်းတွင် တွက်သောအခါ တစ်မီလီမီတာအထု (ဝါ) ထုထည် တစ်မီလီမီတာ*(1mm3)*တွင် ကလပ်စည်းများ မည်မျှပါဝင်သည်ဟု ဖော်ပြရသည်။ ထိုပမာဏကို *1μl* ဟုလည်း ခေါ်သည်။ သွေးတစ်စက်ကို ရောရည်တစ်မျိုးဖြင့် ရောပြီး သမအောင် ခလောက်ကာ သွေး

မြန်မာ စာအုပ်များ



ဆဲလ်တိုင်း နှစ်ထပ်မှန်ချပ် *Haemocytometer* အတွင်းသို့ ထည့်ပြီး မိုက်ကရိုစကုပ်ဖြင့် ကြည့်ရှုရေတွက်ရသည်။ မှန်ချပ်ပေါ်တွင် အကွက်ငယ်လေးများ ရှိသည်။ ပုံစံပြရလျှင် ဤသို့ ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| A | | B | | A |
| | | | | |
| B | | A | | B |
| | | | | |
| A | | B | | A |

သွေးဆဲလ်များကို *A* အမှတ်အသားဖြင့် ယခုပြထားသော အကွက်များမှ ရေတွက်ပါသည်။ (*B* လေးကွက်နှင့် အလယ်ကောင်မှ *A* အကွက်ကို ရေတွက်လျှင်လည်း ငါးကွက် ရမည်သာ ဖြစ်၏။ သို့သော် ကိုယ်စားပြုနိုင်မှု *Represent* အားနည်းပါသည်။ လစ်လပ်ဧရိယာများ ပေါ်လာနိုင်၍ ဖြစ်၏)

ထိုငါးကွက်ရှိ စုစုပေါင်း သွေးဆဲလ်ဦးရေကို ယူကာ ဖော်မြူလာအတိုင်း တွက်လျှင် တစ် *μl* တွင် ရှိသော အရေအတွက်ကို ရပါသည်။ ဤသည်မှာ လက်သုံးရှေးရိုးနည်း ဖြစ်၍ မှားနိုင်မှုကို ၂၀ ရာခိုင်နှုန်းဟု သတ်မှတ်သည်။ ± ၂၀ ရာခိုင်နှုန်း ဖြစ်နိုင်သည်။ ဤသို့ လက်သုံးရှေးရိုးနည်းအစား ခေတ်ပေါ် အီလက်ထရွန်းနစ် စက်များကို သုံးလျှင်ပင် မှားနိုင်ခြေမှာ ၅ ရာခိုင်နှုန်း ရှိပါသေးသည်။

(၁၅)

ယခု ပြပြီးခဲ့သောဥပမာတွင် နမူနာအဆင့်ဆင့် ယူလာပုံကို တွေ့ပါလိမ့်မည်။ လူ့ခန္ဓာထဲတွင် သွေး ၁၀ ပုလင်းခန့် ရှိ၏။ ထိုအထဲမှ (သွေးစက်ပေါင်း ၂ သိန်းခန့်မှ) တစ်စက်ကို ယူပြီး ထပ်ရောပြန်သည်။ ပြီးလျှင် ထို ရောပြီး သွေးကျဲ၏ အစိတ်အပိုင်းကလေးတစ်ခုကိုသာ မှန်ချပ်ကြား ထည့်၍ စစ်ဆေးသည်။ စစ်ဆေးပြန်တော့လည်း ၂၅ ကွက်အနက် ၅ ကွက်ကိုသာ ရေတွက်သည်။

သွေးသည် မရပ်မနား လည်ပတ်နေသောကြောင့် သွေးတစ်စက်ချင်း၏ ပါဝင်မှု၊ ပါဝင်နှုန်းမှာ အတူတူဟု ယူဆသည်။ ထိုတစ်စက်ကိုမှ အဆင့်ဆင့် အစိတ်အပိုင်းခွဲ (နမူနာအုပ်စုခွဲပြီး) စစ်ဆေးခြင်း ဖြစ်သည်။ ရလာသော

မြန်မာ စာအုပ်များ



ရလဒ်ကို ဘာသာပြန်ရာတွင်ကား ± ၂၀ ရာခိုင်နှုန်း ဆိုသော *Correction Factor* ကို ထည့်သွင်းစဉ်းစားခိုင်းထားပါသည်။ ထို့ကြောင့် *Sample represents the population* ဟု ပြောနိုင်ပါ၏။

သို့သော် သွေးစစ်ဆေးခြင်းသည် *Statistical Analysis* ခေါ် သင်္ချာဗေဒ သဘောတရား မဟုတ်။ အချက်အလက် သိလိုသော *Inspection* သို့ မဟုတ် *Data Collection* မျှသာ ဖြစ်သည်ကို မမေ့ကြစေလိုပါ။

(၁၆)

သွေးစစ်ဆေးရာတွင် မှန်ကွက် ၂၅ ကွက် ရှိသော မှန်ချပ်၌ ထောင့် လေးကွက်နှင့် အလယ်တစ်ကွက် စုစုပေါင်း ငါးကွက်တို့ကို ယူရကြောင်း ပြောပြီးပါပြီ။ ထို ၂၅ ကွက်စလုံးတွင် ရှိသော သွေးနီဥ ဦးရေကို *Population* ဟု ပြောမည်ဆိုလျှင် ရေတွက်ရမည့် ငါးကွက် အနက် တစ်ကွက်ချင်း ရှိ သွေးနီဥ ဦးရေကို *Sample* ဟု ခေါ်ရပါမည်။ အုပ်စုအလိုက် ပြောရလျှင်ကား *A* ဟု ရေးမှတ်ထားသော အကွက်ငါးကွက်သည် နမူနာ ငါးကွက်ဟု ယူနိုင်သည်။ *Sample 1 = A1, Sample 2 = A2* ..... စသည်ဖြင့် ဖြစ်၏။

ဤလို ပုံသေယူ၍ တွက်ခြင်းကို ဈေးကွက်စစ်တမ်းနှင့် ချိန်ထိုး စဉ်းစားကြည့်မည် ဆိုပါက ဤသို့ တွေ့ပါမည်။

| | | | | |
|---|---|---|---|---|
| A1 | | | | A2 |
| | | | | |
| | | A5 | | |
| | | | | |
| A4 | | | | A3 |

A1 = လှိုင်သာယာ

A2 = မင်္ဂလာဒုံ

A3 = သာကေတ

A4 = လမ်းမတော်

A5 = မရမ်းကုန်း

လေးထောင့်ကွက်ကြီး တစ်ခုလုံးကို မဟာရန်ကုန် အဖြစ် ယူဆပြီး *A1* မှ *A5* အထိကိုလည်း ဖော်ပြပါအတိုင်း ခွဲခြားလိုက်သည် ဆိုပါစို့။ စားသုံးမှုမှအစ အကြိုက်ဆုံး တေးသံရှင်အထိ မေးလိုသမျှ ကိစ္စတိုင်းကို ဤမြို့နယ်များတွင်သာ အမြဲတမ်း/ပုံသေ မေးမြန်းနေခြင်းဖြင့် အမှန်ရနိုင်ပါမည်လား။ တွေ့ရှိချက်များသည် အမှန်တရားနှင့် မည်မျှ နီးစပ်နိုင်သနည်း။

ရှေ့တွင် ဥပမာပေးခဲ့သော သစ်ပင်ကိစ္စတွင်လည်း ရန်ကုန်တိုင်း တစ်တိုင်းလုံး မဟုတ်ဘဲ မဟာရန်ကုန်ဧရိယာအတွက်သာ စစ်တမ်းယူမည် ဆိုပြီး အထက်ဖော်ပြပါပုံအတိုင်း နမူနာကောက်ယူလျှင်ကော မှန်နိုင်ပါမည် လော။ မမှန်နိုင်ဖို့ များနေသည်ကို ထင်ရှားစွာ တွေ့ကြပါလိမ့်မည်။

ဤသို့ဆိုလျှင် ဝင်ငွေ၊ ကျန်းမာရေး၊ စားသုံးမှု၊ ပညာအဆင့် စသော လူ့အဆင့်ညွှန်းကိန်း *(Human Development Index - HDI)* များမှအစ အကြိုက်ဆုံး အဆိုတော်၊ အကြိုက်ဆုံး ဂျာနယ်၊ အရောင်းသွက် ၁၀ အဆုံး *Data* အားလုံးတို့ကို ကိုယ့်ဝန်းကျင်ကွက်ကွက်ကလေးမှာပင် စုံစမ်းနေ၍ မမှန်နိုင်ကြောင်း တွေ့ပါလိမ့်မည်။ အလွှာ *Strata* အစုံ၊ နယ်မြေ *Location* အစုံ၊ သက်မွေးမှု *Walk of Life* အစုံ လိုက်၍ လေ့လာရပေလိမ့်မည်။

ကိုယ့်ဝန်းကျင်ကလေးမှာပဲ မေးမြန်းပြီး စစ်တမ်းထုတ်နေခြင်းထက် ဆိုးဝါးသောအဖြစ် ရှိပါသေး၏။ ဘာမှ လိုက်မစုံစမ်းဘဲနှင့် စုံစမ်းရရှိသော စာရင်းဟု ခေါင်းစဉ်ငယ်တပ်ကာ ဖော်ပြခြင်းပင် ဖြစ်သည်။ သာမန်အနေ အထား ဆိုလျှင် လိမ်လည်မှု အပြစ်လောက်သာ ရှိပါသည်။ ဥပမာ - *Top 10* စာရင်း ထုတ်ပြန်မှုမျိုး ဖြစ်သည်။ ဤစာရင်းတွင် ချစ်သူ သာ-မုန်းသူ နာ ဆိုသော သဘောဆိုးမျိုး အရင်းခံလျက် အမှားကို တမင်စာရင်းထုတ်ပြန် လျှင်ကား ကျင့်ဝတ်ချိုးဖောက်မှုပင် ဖြစ်သွားတော့သည်။

(၁၇)

*Sample must represent the population* နမူနာအုပ်စုသည် ပင်ရင်းအုပ်စု ကြီး *Population* ကို ကိုယ်စားပြုရမည်ဟုတင်ပြခဲ့ပါသည်။ ဤကဲ့သို့ ကိုယ်စား ပြုနိုင်မှသာ နမူနာအုပ်စုကို လေ့လာခြင်းဖြင့် ရလာသော အဖြေများသည် *Population* ကို ကိုယ်စားပြုနိုင်မည်။

*Population* ကို ကိုယ်စားပြုနိုင်သော နမူနာအုပ်စုများ ဖြစ်လာစေ ရန်အတွက် -

(က) *Sample size* မှန်ကန်ရမည်။ လူတစ်သိန်းကို ကိုယ်စားပြုနိုင် ရန်အတွက် အနည်းဆုံး လူ ၁၀၀၀ ထံမှ မေးမြန်းရမည် ဆိုပါစို့။ လူ ၁၀၀၀ ဆိုသည်မှာ နမူနာအုပ်စု၏ ပမာဏ *Sample size* ပင် ဖြစ်သည်။ *Population* ဘယ်လောက် ရှိလျှင် အသေးဆုံး *sample size* ဘယ်လောက် ရှိရမည်

ဆိုသည်ကို *formula* များဖြင့် တွက်ယူရသည်။ မိမိသိလိုသော ကိစ္စအပေါ် မူတည်၍လည်း နမူနာအုပ်စု၏ ပမာဏ ကွာခြားနိုင်သည်။

(ခ) နမူနာအဖြစ် ကောက်ယူခံရမည့်သူများကို ရွေးချယ်ရာတွင် ကျပန်းသဘောဆောင်သည့် *Random Sampling* ဖြစ်ရပါမည်။ လူ ၁၀၀၀ ကို မေးမည်/ဆန်းစစ်မည်ဆိုလျှင် ထို ၁၀၀၀ ကို မည်သို့ရွေးယူမည်နည်း၊ မိမိနှင့် ရင်းနှီးသူများကိုသာ ရွေးချယ်၍ မရပေ။ အသားဖြူသူ၊ ဝင်ငွေကောင်းသူ၊ ဘုရားကျောင်းမှ ပြန်လာသူ စသော သီးသန့်ဆန်သည့် (ဝါ) ခွဲခြားခွဲခြားလုပ်သည့် ရွေးကောက်ယူမှုမျိုး မလုပ်ရပေ။ ကြုံသလို မေးမြန်းမည် (ဥပမာ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းအကြား၊ ပန်းဆိုးတန်းလမ်း၏ အရှေ့ဘက် ပလက်ဖောင်းပေါ်မှ မွန်းလွဲ ၄ နာရီမှ ၅ နာရီအကြား လမ်းလျှောက်လာသူ အမျိုးသားများကို မေးခွန်း *Questionaire* များ ဝေခြင်း) ဟု မှန်းထားသော ကိစ္စမျိုးတွင်ပင် မမျှော်လင့်ဘဲ မှားတတ်၏။ *Uncontrolled Bias* ခေါ် အခြေအနေအရ ဝင်လာတတ်သည့် ဘက်လိုက်မှုမျိုး ရှိလာနိုင်ပါသည်။ ပန်းဆိုးတန်းတွင် မေးခွန်းလွှာ ဝေသော ဥပမာတွင် ထိုနေ့က အစ်နေ့ ဖြစ်နေ၍ မွတ်စလင်ဘာသာဝင်အများ ဖြတ်သန်းသွားကြပြီး ရုံးပိတ်ရက်ဖြစ်၍ ရုံးဝန်ထမ်းဦးရေ နည်းသွားခြင်း စသော အခြေအနေမျိုးကြောင့် ရလဒ်များ လွဲကုန်နိုင်သည်။ အလွန်တင်းကျပ်စွာ စီမံ စောင့်ရှောက်ထားသော သိပ္ပံသုတေသန *Controlled Experiment* များတွင်ပင် ထိုသို့ သွေလွဲမှု၊ ဘက်လိုက်မှုမျိုး မမျှော်လင့်ဘဲ ဝင်လာတတ်ပါသည်။

(ဂ) ကျပန်းကောက်ယူခြင်း *Randomization* သည်လည်း နည်းမှန်ရမည်။ မဲချခြင်း၊ ဖဲပွင့်ပစ်ခြင်းတို့မှ အစ *1000 random numbers* ဇယားကို အသုံးပြုခြင်းအထိ နည်းများစွာရှိပါသည်။

(ဃ) သိပ္ပံရေးရာ တိုင်းထွာမှုများတွင်လည်းကောင်း၊ ဝိဇ္ဇာ၊ လူမှုရေးရာ မေးမြန်းချက်၊ ဖြေကြားချက်များသည်လည်းကောင်း *Discrete Statement* ပြတ်သား ပီပြင်ကြည်လင်မှုရှိရမည်။

တိကျရမည်။ လုံးထွေးဝေဝါးသော တိုင်းထွာချက်များ၊ မေးမြန်းချက်၊ ဖြေကြားချက်များ မဖြစ်စေရ။ လူတို့ အရပ်အမောင်းဆိုလျှင် ပေတို့၊ လက်မတို့အစား စင်တီမီတာဖြင့် တိုင်းသင့်သည်။ စပျစ်သီး၏ အရွယ်အစားနှင့် အလေးချိန်တွင်ကား မီလီမီတာနှင့် ဂရမ်ကို သုံးရလိမ့်မည်။ ဆေးဝါးပစ္စည်းများတွင်ကား မီလီဂရမ်ကို သို့မဟုတ် မိုက်ကရိုဂရမ် သုံးမှသာ အဖြေမှန်ကို ရနိုင်မည် ဖြစ်ပါသည်။ ဂျာနယ် တစ်စောင်အပေါ် ထင်မြင်ချက်ပေးရာတွင် ကြိုက်၊ မကြိုက်ဟု နှစ်မျိုးသာ ခွဲမည့် အစား အလွန်ကြိုက်မှ လုံးဝ မကြိုက်အထိ အဆင့်ငါးဆင့် သို့မဟုတ် နှစ်ဆင့် ခွဲခြား၍ ဖြေဆိုသူကို စဉ်းစားချိန်ပေးကာ ရွေးချယ်စေခြင်းက ပို၍ အားကိုးလောက်သော အဖြေကို ရပါမည်။

(င) ဝိဇ္ဇာပညာနှင့် လူမှုရေးပညာနယ်တွင် မေးမြန်းစုံစမ်းချက်များကို သေသေချာချာ ပြင်ဆင်ထားရ၏။ *Well-Designed Questionarire* ဖြစ်နေရပါမည်။ အကြိုက်ဆုံး အနုပညာရှင် (ဥပမာ - အဆိုတော်) ရွေးချယ်မှုတွင် မေးမြန်းစုံစမ်းမှုသည် ထောင့်စေ့နေဖို့ လိုကြောင်း ပုံစံပြပါမည်။

အကြိုက်ဆုံး အမျိုးသား တေးသံရှင်. . .

အဘယ့်ကြောင့် ကြိုက်ရသည် (အသံကောင်း၍/အသံဆွဲဆောင်မှုရှိ၍/ဥပမိရုပ်ကောင်း၍/ခံစားမှုပါ၍/ သီချင်းကောင်း၍. . . တစ်ခုတည်းကိုသာ ရွေးချယ်ရန်)

အိမ်တွင် ကက်ဆက် ရှိ/မရှိ. . .

အိမ်တွင်ရှိ ကက်ဆက်ခွေ ဦးရေ (ခန့်မှန်း) . . .

ကြိုက်သည်ဟု ယခု ဆန္ဒပေးထားသော တေးသံရှင်၏ အခွေပေါင်း. . .

မိမိ၏ အလုပ်အကိုင်. . .

အိမ်တွင် အနားယူ အပန်းဖြေချိန် တစ်ရက်ပျမ်းမျှ . . .

ကြိုက်သော တေးသံရှင်၏ သီချင်းကို နားထောင်ချိန် . . .

နေ့စဉ်နားထောင်ဖြစ်သော ထိုတေးသံရှင်၏ သီချင်းရှိသမျှအားလုံး၊ အကြိုက်ဆုံးနှစ်ခွေ၊ အကြိုက်ဆုံးတစ်ခွေ၊ အကြိုက်

ဆုံး ငါးပုဒ်၊ အကြိုက်ဆုံး တစ်ပုဒ် . . .
သီချင်း နားမထောင်ဖြစ်သောနေ့များ ရှိ/မရှိ . . .
ကိုယ်ပိုင်(*Walkman* ကဲ့သို့) ကက်ဆက်ငယ်၊ *MP 3, MP 4* ရှိ/မရှိ . . .
မိမိကြိုက်သော တေးသံရှင်ကို အိမ်သားများကပါ ကြိုက်/မကြိုက် . . .
မိမိ၏ အိမ်/လက်ဖက်ရည်ဆိုင် စသော နေရာများတွင် ၎င်းတေးသံရှင် မဟုတ်ဘဲ တခြားတေးသံရှင်များ၏ သီချင်းများကို ကြားရလျှင် မည်သို့ ခံစားရပါသလဲ၊ စိတ်ပျက်၊ စိတ်မပျက်၊ ကျေနပ်ခွင့်လွှတ်၊ သည်းခံနားထောင်၊ ထွက်သွား . . .

အထက်ပါ မေးမြန်းချက် (ရေးဖြေ မေးခွန်း) များသည် အတော်လေး ပြည့်စုံသည်ဟုဆိုသော်လည်း ထပ်ဖြည့်မည်ဆိုလျှင် ဖြည့်ချင်စရာများ အများကြီးရှိပါသေး၏။ အထူးသဖြင့် ဖြေသူ၏ ရိုးသားမှုနှင့် စိတ်ဓာတ်အရင်းခံကို စမ်းသပ်သော မေးခွန်းများ *Cross Checking* ထည့်သင့်ပါသေးသည်။

သို့သော် အလွယ်ဆုံးမှာ သင် အကြိုက်ဆုံး အမျိုးသားတေးသံရှင် ငါးဦးကို ဦးစားပေး အစီအစဉ်အလိုက် ဖော်ပြပါဟု မေးလိုက်ခြင်း ဖြစ်၏။ ပထမ ဖော်ပြခဲ့သော မေးမြန်းစုံစမ်းချက်လောက် ထိရောက်မှုလည်း မရှိ၊ အားလည်း မကိုးလောက်သော်လည်း လူဦးရေများများ*(Larger Sample Size)* ကို စုံစမ်းရာတွင်ကား မြန်ဆန်မှု ရှိသည်။ ဖြေကြားသူ လူဦးရေ များသောကြောင့် *Bias and Errors* ခေါ် ဘက်လိုက်မှုများ၊ အမှားများ သူ့ဟာသူ ပြန်ကျေသွားတတ်ပါသည်။

(၁၈)

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာနေသော ကာလတွင် ဈေးကွက်သတင်း အချက်အလက် လေ့လာစုဆောင်းရေးအဖွဲ့များ *(Market Information Groups)* လည်း လိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ပါပြီ၊ *Feasability Study Group* ခေါ် ဖြစ်နိုင်ခြေ လေ့လာရေးအဖွဲ့ ဆိုသည်မှာ ကားစက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို ထူထောင်လုပ်ကိုင်လျှင် မည်သို့ရှိမည် ဆိုသော အလားအလာများကို စူးစမ်း လေ့လာပေးသော အဖွဲ့များ ဖြစ်သည်။ တည်ထောင်မှု၊ လည်ပတ်မှု၊ ဖြန့်ဖြူးမှု၊ ဈေးကွက်၊

ငွေစီးဆင်းမှု စသော အကြောင်းအရာစုံကို လေ့လာအကဲဖြတ်ပေးသော အဖွဲ့များ ဖြစ်ပါသည်။ ထို ၂ မျိုးစလုံးမှာ ပုဂ္ဂလိက အဖွဲ့အစည်းများ ဖြစ်တတ်ကြသည်။ ဖြစ်မှုလည်း အဓိပ္ပာယ်ရှိပါသည်။

*Market Information Analysis* ကော *Feasability Analysis* ပါ လူထုထံမှ ထွက်လာသော တုံ့ပြန်မှု *Response* များတွင် အခြေခံကြရပါ မည်။ စစ်တမ်းများကို အခြေခံကြရပါသည်။ ထို့နောက် *Pilot Survey, Focus Group, Overlapping Survey, Replicate Survey* အစရှိသော ထပ်မံစုံစမ်းမှုများကို တင်းတင်းကျပ်ကျပ် ထပ်မံဆောင်ရွက်ကြရပါသည်။ ဤသို့ လေ့လာရာမှ ရရှိလာသော တွေ့ရှိချက်၊ သုံးသပ်ချက်များကိုကား စာနယ်ဇင်း စာမျက်နှာများပေါ်တွင် တွေ့ရန်ခက်ပါသည်။ ငွေအား ကြေးကြီးလှ၍ မြန်မာစာနယ်ဇင်းများ တတ်နိုင်ကြဖို့ မလွယ်လှပါ။ နိုင်ငံခြားတိုင်းပြည်များတွင်ကား ဤကဲ့သို့သော ဈေးကွက်လေ့လာရေးအဖွဲ့၊ ဖြစ်နိုင်ခြေ လေ့လာရေး (စီးပွားရေး ရှေ့ပြေး လေ့လာရေး) အဖွဲ့များသာမက လူထု၏ တုံ့ပြန်မှုအမြင် *Public Opinion* ကိုပါ (စေခိုင်းလျှင် အခကြေးငွေဖြင့်) လေ့လာပေးသော *Polling* ကုမ္ပဏီများ (ဥပမာ - *Gallup*) လည်း များစွာ ရှိကြသည်။ ကုန်ပစ္စည်းမှအစ၊ တေးသီချင်းအလယ်၊ သမ္မတအဆုံး လူထုထင်မြင်ချက်များရရန် လိုလာလျှင် ကွင်းဆင်း၍ စစ်တမ်းကောက်ယူပေးသည်။ သမ္မတ ကလင်တန် စွပ်စွဲခံရမှု အပေါ် လူထု၏ ထင်မြင်ချက် . . . ဆိုသည်မျိုး ဖြစ်သည်။ လူသုံးကုန်ပစ္စည်းများကိုကား ကုမ္ပဏီများက တာဝန်ပေးမှ စစ်တမ်းကောက်ပေးကြသည်။ သမ္မတ ကလင်တန်၏ ရှေ့ရေး အလားအလာ၊ ယခု သမ္မတရွေးပွဲတွင် ဘယ်သူနိုင်မလဲ၊ အမေရိကန်ဒေါ်လာ၏ အင်အား စသော လူထုစိတ်ဝင်စားမည့် ခေါင်းစဉ်များကိုကား သူတို့ဘာသာသူတို့ စစ်တမ်းကောက်ထားတတ်ကြသည်။ စာနယ်ဇင်း အပါအဝင် စိတ်ဝင်စားသူ၊ အသုံးချမည့်သူများက အခကြေးငွေပေး၍ ဝယ်ယူကြရသည်။ တစ်ခါတစ်ရံ စာနယ်ဇင်းတစ်ခုခုက အခကြေးငွေပေး၍ ခိုင်းသောကြောင့် အထူးအကြောင်းအရာတစ်ခုခုကို သီးသန့် စစ်တမ်းကောက်ပေးရသည်လည်း ရှိတတ်သည်။

(၁၉)

ယခုအထိ ဖော်ပြလာခဲ့သမျှသည်စစ်တမ်းကောက်ယူခြင်းအကြောင်း နိဒါန်းသာသာမျှသာ ရှိပါသေးသည်။ စနစ်တကျ ကောက်ယူပုံများကို ရေးပြရလျှင်

ပညာပေး ဆောင်းပါးရှည်ကြီး ဖြစ်သွားပါလိမ့်မည်။ ထို့ပြင် စိတ်ဝင်စားသူ၊ အသုံးချလိုသူ လူနည်းစု အတွက်သာ အကျိုးရှိပါလိမ့်မည်။ ကောက်ယူရရှိလာသော ကိန်းဂဏန်းများ၊ အချက်အလက်များကို *Mean (X), Variance, Standard Deviation (SD), Standard Error (SE)* ရှာဖွေခြင်း၊ ဂရပ် ပြုစု၍ *Gaussarn Curve* နှင့် နှိုင်းယှဉ်ခြင်းတို့အကြောင်း ဆိုလျှင်ကား ပညာရပ်ဆောင်းပါး ဖြစ်သွားပါလိမ့်မည်။

စစ်တမ်းကောက်သူ၊ စိစစ်သုံးသပ်သူများ အနေနှင့်ကား ထိုအခြင်းအရာအားလုံးကို နားလည်ပြီး အသုံးချတတ်ရန် လိုပါသည်။ အဘယ်ကြောင့်ဆိုသည်ကို ဥပမာဖြင့် ပြရပါလိမ့်မည်။ လစဉ် အိမ်သုံးစရိတ် သုံးစွဲမှုသည် အင်းစိန်မြို့နယ် (စစ်တမ်း ၅၃၄ အိမ်) အတွက် ၄၈၅၅ ကျပ် ပျမ်းမျှရှိနေပြီး သာကေတမြို့နယ် (စစ်တမ်း ၆၃၂ အိမ်) အတွက် ၅၀၃၆ ကျပ် ပျမ်းမျှရှိနေသည် ဆိုပါစို့။ သာမန်အားဖြင့်ကြည့်လျှင် သာကေတမြို့နယ်က ပို၍ ကုန်ကျစရိတ်များသည်ဟု ထင်လောက်သည်။ မှန်လည်း မှန်နိုင်သည်၊ သို့သော် အိမ်ထောင်၏ ပမာဏ *Family Size* ကိုပါ ထည့်သွင်းစဉ်းစားရဦးမည် ဖြစ်သည်။ သို့မှသာ တစ်ဦးချင်း ပျမ်းမျှ ကုန်ကျငွေ ရလာမည်၊

အင်းစိန်စစ်တမ်းတွင် ၅၃၄ အိမ် ရှိသည်၊ ထိုအိမ်များ၏ စုစုပေါင်းလူဦးရေမှာ ၂၄၈၉ ယောက်ရှိသောကြောင့် တစ်အိမ်ထောင်တွင် ပျမ်းမျှ လူဦးရေ ၄၆၆ ရမည်။ ထို့ကြောင့် အင်းစိန်၏ တစ်ဦးချင်း အိမ်သုံးစရိတ်သည် ၁၀၄၁ ကျပ် ၆၀ ပြား ဖြစ်၏။

သာကေတစစ်တမ်းတွင် ၆၃၂ အိမ်၊ လူဦးရေ ၃၁၀၅ ဦး ရှိရာ ပျမ်းမျှ လူဦးရေမှာ ၄. ၉၁၃ ဖြစ်သည်။ ထို့ကြောင့် သာကေတ၏ တစ်ဦးချင်း အိမ်သုံးစရိတ်သည် ၁၀၂၅ ကျပ် ၄ ပြား ဖြစ်၏၊

ဤကဲ့သို့ စစ်ဆေးသောအခါ သာကေတက ပို၍ စျေးသက်သာနေသည်ကို တွေ့ရပြန်သည်။ သို့သော် မြို့နယ် နှစ်ခုကို နှိုင်းယှဉ်ရာတွင် ကွာခြားမှုသည် ယုတ္တိ *(Significance)* ရှိ မရှိကို ထပ်တွက်ရန် လိုပါသေးသည်။ ကိန်းဂဏန်း မတူရုံဖြင့် ကွာခြားသည်ဟု ကောက်ချက်ချ၍ မရပါ၊

(၂၀)

အိမ်ထောင်စုအလိုက် သုံးစွဲငွေကိုသာ ကြည့်လျှင် သာကေတက ၅၀၃၆ ကျပ် သုံးပြီး အင်းစိန်က ၄၈၅၅ ကျပ် သုံးရသည်ကို တွေ့ပါမည်၊ ထိုကိန်းဂဏန်း

မြန်မာ စာအုပ်များ



နှစ်ခုသည် တကယ် ကွာခြားမှု ရှိမရှိကို ရှာဖွေရပါမည်။ *Singnificantly Different* ခေါ် ယုတ္တိခိုင်လုံစွာ ကွာခြားနေမှသာ ကွာခြားကြသည်ဟု အဖြေထုတ်ရပါသည်။ တစ်ဦးချင်း သုံးစွဲငွေတွင်လည်း ထို့အတူပင် ဖြစ်သည်။

ဤသို့ ကွာခြားမှုကို စစ်ဆေးရာတွင် အိမ်ထောင်စု ဦးရေတို့၊ လူဦးရေတို့ကိုပါ ယူပြီး *formula* များနှင့် ပြန်တွက်ရပါသည်။ ဤကား အလွယ်နည်း ဖြစ်သည်။ ထိုနည်းသည် တန်းမဝင်ပါ။ လူပြိန်းသုံးဘာသာပင် ရှိသည်။ နည်းမှန်အတိုင်း တွက်လျှင် အိမ်ထောင်စုအလိုက် ကိန်းဂဏန်းများမှာပင် ဤသို့ တွေ့လာနိုင်သည်။

| | အင်းစိန် | သာကေတ |
|---|---|---|
| $n$ | ၅၃၄ | ၆၃၂ |
| $\Sigma x$ | ၂,၅၉၂,၅၈၁ | ၃,၁၈၂,၇၉၆ |
| $\overline{X}$ | ၄၈၅၅. ၀၂ | ၅၀၃၆. ၀၇ |
| *SD* | ၇၈၅. ၆၈၇ | ၇၁၆. ၂၂၇ |
| *SE* | ၃၄. ၀ | ၂၈. ၄၉ |
| အိမ်ထောင်စု အလိုက်သုံးငွေ | ၄၈၅၅. ၀၂ ± ၃၄. ၀ | ၅၀၃၆. ၀၇ ± ၂၈. ၄၉ |

ယုတ္တိခိုင်လုံစွာ ကွာခြားမှုကို တွက်ချက်ရာတွင် အထက်ပါဇယားမှ ကိန်းဂဏန်းများကို သူ့နေရာနှင့်သူ *formula* အလိုက် အသုံးချရပါသည်။ ဤသို့ တွက်ချက်၍ ရလာသော အဖြေကို ကြည့်ပြီးမှ ထိုမြို့နယ် နှစ်ခု၏ အိမ်သုံးစရိတ် အမှန်တကယ် ကွာ မကွာ သုံးသပ်နိုင်မည် ဖြစ်၏။

(၂၁)

ဤမျှ ရှည်ရှည်လျားလျား ရေးသားခဲ့သည်မှာ စစ်တမ်းထုတ်ခြင်း၏ မလွယ်ကူပုံကို ထင်ရှားစေလို၍ ဖြစ်ပါသည်။ တယ်လီဖုန်းဖြင့် စစ်တမ်းထုတ်သော အလေ့သည် နိုင်ငံခြားတွင် ခေတ်စားပါသည်။ ထိုင်ရာမထ အဖြေသိနိုင်၍ အလွယ်ဆုံး ဟု ပြောရပါမည်။ သို့သော် မြန်မာပြည်တွင် တယ်လီဖုန်း ဆာဗေးသည် မဖြစ်နိုင်သေး၊ ဖြစ်နိုင်သည့်တိုင် ရလဒ်သည် အမှန်တရားနှင့် မနီးစပ်နိုင်ပါ။

စာနယ်ဇင်းများတွင် စစ်တမ်းများ တွေ့စပြုလာသည်ဟု ဤဆောင်း

ပါး၏ နေရာအတော်များများတွင် ဖော်ပြခဲ့ပါသည်။ ထိုစစ်တမ်းများ အားလုံးလိုလိုမှာ သိပ်ခက်ခက်ခဲခဲ ကြိုးပမ်းထားရခြင်းမျိုး ဟုတ်ပုံမပေါ်ကြပေ။ လွယ်လွယ် မေးထားခြင်းမျိုး၊ နီးစပ်ရာတစ်ဝိုက် လိုက်မေးခြင်းမျိုးသာ ဖြစ်နေသည်။ ထို့ကြောင့် တလွဲညွှန်ပြခြင်း *Misleading* များ ဖြစ်သွားနိုင်သည်။ ဤ ဆောင်းပါးအားဖြင့် စာဖတ်ပရိသတ်သို့ စစ်တမ်းကို စစ်မှန်စွာ ဆောင်ရွက်နည်းများ သိစေအပ်ပါသည်။ ထို့အတူပင် စစ်တမ်း ဆောင်ရွက်လိုကြသူများနှင့် စိတ်ဝင်စားသူများအား စစ်တမ်း၏ တန်ဖိုးကို အမှန်အတိုင်း သိစေအပ်ပါသည်။

မြန်မာနိုင်ငံတွင် ကိန်းဂဏန်းသတင်းပေးမှုနှင့် ပတ်သက်၍ အတော်ကြီး ချို့တဲ့နေပါသေးသည်။ လွှတ်တော်အစီရင်ခံစာနှင့် ဗဟိုစာရင်းအင်းအဖွဲ့ *(Central Statistical Organization-CSO)* မှ ထုတ်ဝေသော *Statistical Yearbook* နှင့် *Monthly Economic Indicator* တို့ကိုသာ တွေ့နိုင်သည်ဟု ထင်ပါသည်။ ဆေးပညာတွင် *Normal* မသိဘဲ *Abnormal* ကို မသိနိုင် ဟူသော ဆိုရိုးစကား ရှိပါသည်။ လုပ်ငန်းလောကတွင် *Background* မသိဘဲ *Platform* မလုပ်နဲ့ဟု ပြောတတ်ကြပါသည်။ *Normal* တို့၊ *Background* တို့ ဆိုသည်မှာ လက်ရှိအနေအထား၊ ပကတိ အခြေအနေ စသည်တို့ကို ရည်ညွှန်းခြင်း ဖြစ်သည်။ လက်ရှိ အနေအထားအမှန်ကို သိနိုင်ဖို့အတွက် စာရင်းဇယားများ၊ ကိန်းဂဏန်းများကို အားကိုးကြရမည်သာ ဖြစ်သည်။

ဤသို့ဆိုလျှင် အားကိုးထိုက် အားကိုးလောက်သော စာရင်းဇယား၊ ကိန်းဂဏန်းများ ရှိနေဖို့ ဖြစ်နေဖို့လည်း အလွန်အရေးတကြီး လိုအပ်ကြောင်း ထင်ရှားလှပါသတည်း။

*(၂၀၀၁ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလထုတ် ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန် မဂ္ဂဇင်းတွင် ဒေါက်တာမောင်မောင်စံ (ပါမောက္ခ၊ ဌာနမှူး) အမည်ဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။)*

# ၂

# နည်းပညာစာတမ်းနှင့် အကြံပြုစာတမ်းများပြုစုရေး

## ၁။ အဓိပ္ပာယ် သတ်မှတ်ချက်

(က) 'နည်းပညာစာတမ်း' ဆိုသည်ကို လုပ်ငန်းတစ်မျိုးမျိုးအတွက် လက်တွေ့ လုပ်ဆောင်မှု၊ လက်တွေ့ လုပ်ဆောင်နည်းများ အကြောင်း၊ သတ်မှတ်အစီအစဉ်အတိုင်း စနစ်တကျ ရေးသား ပြုစုထားသောစာတမ်း *Technical Paper* ဟု ယူဆပါမည်။

(ခ) 'အကြံပြုစာတမ်း' ဆိုသည်ကို အကြောင်းအရာ တစ်ခုခု အတွက် အတိတ်အခြေအနေနှင့် လက်ရှိအခြေအနေတို့ကို ကောင်းဆိုးဝေဖန် သုံးသပ်ပြီး အနာဂတ်တွင် ပိုမိုကောင်းမွန် တိုးတက်ထွန်းကားမှု ရရှိလာရန် ပညာရှင်အမြင်ဖြင့် သုံးသပ် တင်ပြသော စာတမ်း *Analysis and Suggestion* ဟု ယူဆ ပါမည်။

## ၂။ ပထာမ မိတ်ဆက်

၂၀ ရာစု၏ နှောင်းပိုင်းကာလများတွင် သိပ္ပံနှင့် နည်းပညာနယ်ပယ် ၌ အံ့မခန်း တိုးတက်မှုများကို မြင်တွေ့ခဲ့ကြရပြီး ပုံစံပြရလျှင် ဇီဝသိပ္ပံနယ်ပယ်မှ

ဗီဇသဘော ထုတ်ဖော်လာနိုင်ခြင်းနှင့် ဗီဇပြုပြင်ခြင်း *Gene Sequencing and Genetic Engineering* ၊ စက်မှုနည်းပညာနယ်ပယ်မှ ကွန်ပျူတာ အခြေပြု လူထုဆက်ဆံရေး *Information Technology* တို့ကို ပြဲရပါမည်။ ဤသို့ တိုးတက်ခဲ့သော သဘောသဘာဝတိုင်းကို ကြည့်လျှင် ယခင်ကပင် လက်ခံထား ခဲ့သော ၈၀/၂၀ ဥပဒေသသည် မပြောင်းလဲသေးကြောင်း တွေ့ရပါလိမ့်မည်။ ဤဥပဒေသမှာ မိမိတို့နှင့် သက်ဆိုင်သလောက်သာ တင်ပြရလျှင် နည်းပညာ တိုးတက်မှုတိုင်းတွင် တိုင်းပြည် ၂၀ က တီထွင်ကြပြီး ကျန်တိုင်းပြည် ၈၀ တို့ က ဝိုင်းဝန်း ခံစားကြခြင်းကိုသာ တင်ပြရပါမည်။ နည်းပညာတိုးတက်မှုကို ရှေ့ဆောင်နေသော အနည်းစု တိုင်းပြည်များရှိသလို တိုးတက်မှု အသီးအပွင့် ကို ခံစားကြသော တိုင်းပြည်များမှာ အများစု ဖြစ်နေကြောင်း သိသာပါသည်။

သို့သော် ကျဉ်းမြောင်းလာသော ကမ္ဘာကြီးတွင် ကမ္ဘာ့တစ်နေရာမှ တိုးတက်မှုတစ်ခုကို ကျန်နေရာများမှ မရှေးမနှောင်းပင် သိရှိနိုင်လာကြပါ သည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဆိုလျှင် ဤသို့သော ဆက်သွယ်ရေး မျိုးတွင် အဓိကမှာ စာအုပ်စာပေမှ တစ်ဆင့်သာ ဖြစ်သည်။ ပညာရှင်တစ်ဦး က သူ၏ တွေ့ရှိချက်ကို ဂျာနယ်တစ်စောင်တွင် ရေးသားလိုက်မည်။ ထိုဂျာနယ် က ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားသောအခါ ကျန်ပညာရှင်များက ဖတ်ရှုကြရမည်။ နောက်ဆယ်နှစ်သို့ ရောက်လာသောအခါ ပို၍မြန်ဆန်သော နည်းများ (ဥပမာ - *FAX*) ကို သုံးလာနိုင်ကြသည်။ ၂၀ ရာစု၏ နောက်ဆုံးနှစ်များတွင်ကား ဂြိုဟ်တု ဆက်သွယ်ရေးနှင့် ကွန်ပျူတာ ကွန်ယက်စနစ်ကို ဖွံ့ဖြိုးလာပြီ ဖြစ်၍ ကမ္ဘာ့ တစ်နေရာမှ စာမျက်နှာများကို တစ်ကမ္ဘာလုံးက ချက်ချင်းလိုလို ဖမ်းယူ ဖတ်ရှုနိုင်သော အဆင့်သို့ ရောက်ခဲ့ပါပြီ။

ဤမျှ မြန်ဆန်သော သတင်းပို့စနစ် (ဝါ) သတင်းအမြန်စနစ် *(Information Super Highway)* ပေါ်လာသောအခါ နည်းပညာ ကွာဟမှုကို ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းအောင် လုပ်ဆောင်ရန် ပိုမိုလွယ်ကူလာ ပါတော့သည်။ သတင်းအချက်အလက်များ မြန်မြန် ရရှိလာသောကြောင့် ကိုယ့် တိုင်းပြည်အတွက် လိုသလို ဆွဲယူ အသုံးချနိုင်လာပြီ ဖြစ်၍ ဖြစ်ပါသည်။

ဤပဏ္ဏာမ မိတ်ဆက်သည် သတင်းဆက်သွယ်ရေး *Information* ၏ အရေးပါပုံကို အဓိကထား ပြောလိုခြင်းသာ ဖြစ်ပါသည်။ နည်းပညာ စစ် တမ်းများကို ပြုစုခြင်း၊ အကြံပြုစာတမ်းများ ပြုစုခြင်းတို့အတွက် သတင်း

အချက်အလက်သည် အလွန် အရေးပါပါသည်။ အဓိကဟုပင် ပြော၍ရနိုင်ပါသည်။ နောက်ဆုံးပေါ်.တိုးတက်မှုများနှင့် အလှမ်းဝေးနေသူများအဖို့ နည်းပညာလမ်းကြောင်းကို မျက်ခြည်ပြတ်နေမည်မှာ သေချာပါသည်။ မျက်ခြည်ပြတ်နေလျှင် အမြင်မမှန်တော့ပါ။ အမြင်မမှန်သူများ၏ ပြောစကားသည် အလေးထားလောက်စရာ မဖြစ်ပါ။

ထို့ကြောင့် နည်းပညာစာတမ်းများ ရေးသားခြင်း၊ အကြံပြုစာတမ်းများ ရေးသားခြင်းတို့တွင် မိမိတို့ သက်ဆိုင်ရာ ဘာသာရပ်၌ မနေ့တစ်နေ့က ဘာတွေ ဖြစ်နေခဲ့သည်ကို သိရှိနေဖို့ ဆိုသော သတင်းအချက်အလက် ပြည့်စုံရေး *(Well informed)* သည် အလွန်အရေးကြီးလှပါကြောင်း ပလွင်ခံအပ်ပါသည်။

## ၃။ နည်းပညာစာတမ်းများပြုစုရေး

နည်းပညာစာတမ်း ဆိုသည်မှာ လက်တွေ့မပါဘဲ စိတ်ကူးယဉ် သက်သက်ဖြင့်သာ ရေးသား၍ ရနိုင်သော စာတမ်းအမျိုးအစား မဟုတ်ပါ။ လက်တွေ့ စမ်းသပ်ကြည့်ပြီးမှ ရလာသော အဖြေကို တင်ပြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စမ်းသပ်လေ့လာမှု(ဝါ) သုတေသနကို အခြေခံရပါသည်။ သုတေသနတစ်ခုအတွက် အဆိုပြုချက်တစ်ခု*(Theory/Hypothesis)*ကို အခြေခံရပါသည်။ ထို*(Theory/Hypothesis)*ကို အမှီပြုပြီး သုတေသန စီမံချက် (ဒီဇိုင်း) ရေးဆွဲရပါသည်။ ထိုဒီဇိုင်းသည် လေးစားလောက်သော *Unbiases Design* ဖြစ်ရပါသည်။ အထူးသဖြင့် ဇီဝသိပ္ပံနည်းပညာ *Biological* သုတေသနများတွင် သက်ရှိတို့၏ မူလသဘော ဖြစ်သော ပြောင်းလဲမှု *Biological Variation* များ မလွဲမသွေ ရှိနေသောကြောင့် ထို ပြောင်းလဲမှုကို ဖုံးလွှမ်းကျော်လွှားနိုင်လောက်သော *Freedom from any form of bias* အလွန်လိုအပ်ပါသည်။ ဤသို့ ကျော်လွှားနိုင်မှသာ ပြည့်စုံမှန်ကန်ပြီး လေးစားလောက်သော တွေ့ရှိချက် ရလာပါမည်။

အဖြေထွက်လာသောအခါ ထိုအဖြေကို စိစစ်ဝေဖန်တတ်ရန်လည်း လိုပါသေးသည်။ အဖြေရပြီး အဖြေ၏ တန်ဖိုး *Interpretation* ကို မထုတ်နိုင်လျှင် မျောက် အုန်းသီး ရသကဲ့သို့သာ ဖြစ်ပါမည်။ အဖြေကို ထုတ်တတ်သည့်တိုင် ထိုအဖြေ၏ အားကိုးထိုက်မှုကို မရှိနိုင်လျှင်လည်း လျှောမွေးကို ဟာရာဏသီ ချဲ့နေခြင်းမျိုးနှင့် မခြားပါ။

ပညာရှင်စာတမ်း

*Significant Finding* ခေါ် တကယ် အားထားလောက်သော တွေ့ရှိချက်များ ရလာ၍ စာတမ်းအဖြစ် တင်ပြသောအခါတွင်လည်း နည်းမှန်လမ်းမှန် တင်ပြတတ်ဖို့ *(Present)* လုပ်တတ်ဖို့ လိုပါသည်။ ရလဒ်ကောင်းပါလျက် တင်ပြပုံ ညံ့နေလျှင် လေးစားစရာ မဖြစ်ပါ၊

ထို့ကြောင့် နည်းပညာစာတမ်း တစ်ခုကို ပြုစုရာတွင်

(က) လေးစားလောက်သော သုတေသနလုပ်ငန်းဖြင့် ရလာသော အချက်အလက်တို့ကို

(ခ) အားထားလောက်သော တွေ့ရှိချက်များ ဟုတ်မဟုတ် စိစစ်ပြီး

(ဂ) စနစ်တကျ နည်းမှန်လမ်းမှန် ပြုစုရေးသားနိုင်ကြဖို့ လိုအပ်ပါသည်။

ယခုအပိုင်းတွင် ရေးသားပြုမှုအပိုင်းသာ ဖြစ်၍ ရေးသားပြုစုမှုအကြောင်းကို အဓိကထား တင်ပြပါမည်။

သုတေသနစာတမ်း တစ်စောင်နှင့် နည်းပညာစာတမ်း တစ်စောင်သည် ရေးသားပုံချင်း မတူပါ။ သုတေသနစာတမ်းသည် သုတေသနကို အခြေခံပါသည်။ နည်းပညာစာတမ်းသည် လုပ်နည်းကိုင်နည်းတို့ ပြောခြင်းသာဖြစ်သည်။ ဓာတုဆေးဝါး *Synthetic GnRH* များ သုံး၍ ငါးကြင်းများ မျိုးပွားမှု လေ့လာခြင်းသည် သုတေသနစာတမ်း ဖြစ်သည်၊ လုပ်တိုင်ဝမ်းသပ်ကြည့်ပြီးမှ ရေးသားရပါသည်။ နွားရူးရောဂါအကြောင်း သိကောင်းစရာဆိုသော ဆောင်းပါးမျိုးကား သုတေသနကို အခြေမခံဘဲနှင့်လည်း ရေးနိုင်သောစာတမ်းမျိုး ဖြစ်ပါသည်။

## ၄။ နည်းပညာစာတမ်း တစ်ခု၏ အစိတ်အပိုင်းများ

နည်းပညာ စာတမ်း တစ်စောင်ကို အစမှ အဆုံးအထိ ကြည့်လျှင် အောက်ပါ အဆင့်များ တစ်ဆင့်ချင်း တွေ့ပါလိမ့်မည် -

(၁) ခေါင်းစဉ်၊

(၂) ရေးသားပြုစုသူ၊

(၃) ရေးသားပြုစုသူ၏ လုပ်ငန်းလိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ (*Footnote* ဖြင့် ဖော်ပြရန်)၊

(၄) အနှစ်ချုပ် *Abstract* (*Abstract* တွင် ဘာသာရပ် အညွှန်းတိုပါ ထည့်သွင်းပေးရန် လိုပါသည်။)၊

(၅) ပေးပို့သည့်နေ့/ လက်ခံသည့်နေ့၊

(၆) နိဒါန်း *(Introduction)*၊
(၇) နောက်ကြောင်း အထောက်အထား*(Review of Literature* တိုတောင်းသော စာတမ်းများနှင့် သီးခြား ထည့်လေ့ မရှိဘဲ ဆွေးနွေးချက်တွင်သာ ထည့်သွင်းလေ့ရှိသည်။)၊
(၈) သုတေသနလုပ်ဆောင်ပုံ *(Materials and Methods)*၊
(၉) တွေ့ရှိချက်များ *(Results)*၊
(၁၀) ဆွေးနွေးချက် *(Discussion)*၊
(၁၁) သုံးသပ်ချက် *(Conclusion)*၊
(၁၂) အကျဉ်းချုပ် *(Summary)*၊
(၁၃) အကိုးအကား *(References)*၊
(၁၄) အထောက်အကူ စာရင်းဇယား *(Appendices)*။

အချို့ပညာရှင်များက ဆွေးနွေးချက်နှင့် သုံးသပ်ချက် *(Discussion and Conclusion)* ကို တစ်ခန်းတည်း မကွဲမပြား ရေးသားလိုကြသည်။ ဆွေးနွေးချက်သည် အကောင်းအဆိုးကို အတိတ်က အထောက်အထားများနှင့် ယှဉ်တွဲ စိစစ်ပြခြင်း ဖြစ်သည်။ မိမိ၏ လုပ်ရပ်အပေါ် ရှေ့နေလို လျှောက်လဲခြင်းမျိုးဟု ဆိုနိုင်ပါသည်။ သုံးသပ်ခြင်းမှာ မိမိ၏ တွေ့ရှိချက်ကို လိုရင်းတိုရှင်း နိုင်နိုင်မာမာ ပြောကြားခြင်း ဖြစ်သည်။ ထို့ကြောင့် သီးသန့်ခွဲခြားထားခြင်းက ပိုကောင်းပါသည်။

အချို့ပညာရှင်များက *Abstract* နှင့် *Summary* ကို အတူတူဟု ယူဆကြသည်။ မတူပါ။ *Abstract* ခေါ် အနှစ်ချုပ်သည် သုတေသန၏ လမ်းကြောင်းနှင့် တွေ့ရှိချက်ကိုသာ ပြောခြင်း ဖြစ်သည်။ *Summary* ခေါ် အကျဉ်းချုပ်တွင် သုတေသနဒီဇိုင်းကို ခြုံငုံမိအောင် တင်ပြပေးရပါသည်။ *Abstract* သည် ဘာလုပ်သည်၊ ဘာတွေ့သည်ကိုသာ ပြောပြီး *Summary* သည် ဘယ်လို လုပ်သည်ကိုပါ ပြောပြရပါသည်။ ထို့ကြောင့် *Abstract* နှင့် *Summary* မတူပါ။ အလွယ်ပြောရလျှင် *Summary* က ပို၍ အကျယ်တင်ပြရသည်ဟု မှတ်ရန် ဖြစ်ပါသည်။

နည်းပညာစာတမ်းများ ရေးသားကြ၊ ပြုစုကြ၊ တင်ပြကြရာတွင် မူကွဲများစွာ ရှိပါသည်။ အမေရိကန်မူနှင့် အင်္ဂလိပ်မူ ဟူ၍ အဓိက နှစ်မျိုး ရှိ၏။ အညွှန်းစီစဉ်ပုံကို အကြောင်းပြု၍ မျိုးကွဲငယ် များစွာ ရှိလာသည်ကို တွေ့ရပါသည်။ သို့သော် တိုက်ပိုင်မူဟု ခေါ်သော *House style* များကို ပြဋ္ဌာန်းလေ့

ရှိသည်သာ ဖြစ်သည်။ ဥပမာ - အောက်စဖို့တက္ကသိုလ်က သုံးသောမှု၊ ကိန်းဘရစ် တက္ကသိုလ်က သုံးသောမှု *Journal of American Veterinary Association* ၏မှု၊ *Janpanese Journal of Animal Production* ၏ မှု စသည်ဖြင့် အမျိုးပေါင်းများစွာ ကွဲပြားပါသည်။ သုတေသန ပညာရှင်တို့သည် မိမိတို့ ပေးပို့သည့် ဂျာနယ်၏မှုနှင့် ညီအောင် ရေးပေးကြရပါသည်၊ ထို့အတူ ပင် ဘွဲ့ယူကျောင်းသားတို့သည်လည်း မိမိတို့တက္ကသိုလ်၏ ပြဋ္ဌာန်းမှုအတိုင်း ကိုက်ညီအောင် ရေးကြရပါသည်။ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များ အသင်းမှလည်း *Myanmar Veterinary Journal* ကို ထုတ်ဝေနေလေရာ ပညာရပ်စာတမ်းများအတွက် ရေးသားပုံ *House style* ကို ပြဋ္ဌာန်းထားကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ပညာရှင်များအသင်း အနေဖြင့်လည်း နည်းပညာစာတမ်းများ ပြုစုကြရာတွင် တစ်ပြေးညီ ဖြစ်စေရန် ရည်ရွယ်သည့် အနေဖြင့် ရေးသားတင်ပြပုံမှု *House style* တစ်ခု ပြဋ္ဌာန်းပေးသင့်ကြောင်း အကြံပြုပါသည်၊

## ၅။ အကြံပြုစာတမ်းများ

ပညာရှင်အသင်းအဖွဲ့များသည် တာဝန်ရှိအဖွဲ့အစည်းများ အမျိုးမျိုးထံသို့ အကြောင်းအားလျော်စွာနှင့် အခါအားလျော်စွာ အကြံပြုရခြင်းများ ရှိပါသည်၊ ပညာရှင် မဟုတ်သော်လည်း အလွတ်သဘော အကြံပြုကြခြင်းများလည်း ရှိတတ်ပါသည်။

အကြံပြုစာတမ်းများကို အမျိုးအစားအားဖြင့် ခွဲခြားလျှင် ထိုပညာရပ်နယ်ပယ်တွင် အမှန်တကယ် ကျွမ်းကျင်သူများက အကြံပြုခြင်းနှင့် တတ်ယောင်ကား ဝင်အကြံပေးခြင်းဟု နှစ်မျိုးခွဲခြား၍ ရပါသည်၊ ရေးသားပုံအရ ခွဲခြားလျှင် စနစ်တကျ တင်ပြခြင်းနှင့် ပရမ်းပတာ တင်ပြခြင်း ဟူ၍ နှစ်မျိုး ခွဲခြားနိုင်ပါသည်။

### (က) ဘာကြောင့် အကြံပြုရသလဲ

(၁) ကောင်းဆိုလာသောကြောင့် အကြံပြုပေးရခြင်းနှင့်

(၂) မကောင်းဘဲ အသားလွတ် အကြံပေးခြင်း

ဟု နှစ်မျိုး ခွဲခြားနိုင်ပါသည်။ တတ်ကျွမ်းသူက စိတ်ရင်းစေတနာမှန်ဖြင့် အကြံပြုလျှင် မကောင်းဘဲ အသားလွတ် အကြံပေးခြင်းသည်လည်း တန်ဖိုး

ရှိပါသည်။ တတ်လည်း မတတ်၊ စိတ်ရင်းလည်း မကောင်းလျှင်တော့ ဘယ်လို အကြံမျိုးပင်ဖြစ်စေ မကောင်းပါ။

## (ခ) ဘယ်လိုအကြံပြုကြမလဲ

အကြံပြုမည့်သူသည် အကြံပြုချင်စိတ် ရှိနေဖို့တော့ လိုသည်။ ဤသည်မှာ အခြေခံ လိုအပ်ချက် ဖြစ်သည်။ သို့သော် တစ်ချက်တည်း ပြည့်စုံနေရုံဖြင့်တော့ ဘာမှ ဖြစ်မလာနိုင်။ သူ့မှာ အကြံပြုနိုင်လောက်သော အရည်အချင်းတော့ ရှိရပေလိမ့်မည်။ အကြံပြုသူတစ်ဦးအဖို့ လိုအပ်မည့် အရည်အချင်းများ (ဝါ) လိုအပ်ချက်များကို ဤသို့ စဉ်းစားမိပါသည်။

အကြံပြုသူသည် မိမိ အကြံပြုရမည့် ကိစ္စနှင့် ပတ်သက်၍-

(၁) နောက်ဆုံးပေါ် အခြေအနေများအထိကို ကျေညက်စွာနားလည်ပြီးသူ ဖြစ်နေရပါမည်။ မဖြစ်လျှင် ဖြစ်နေအောင် ကြိုးစားယူရမည်။

(၂) မိမိနိုင်ငံ၏ ယင်းကိစ္စနှင့် သက်ဆိုင်သမျှကို ကျေညက်စွာ နားလည်ပြီးသူ ဖြစ်နေရပါမည်။ မဖြစ်သေးလျှင် ဖြစ်လာအောင် ကြိုးစားယူရမည်။

(၃) ကမ္ဘာတွင် ပြောင်းလဲနေသော လမ်းကြောင်းနှင့် မိမိနိုင်ငံက ဦးတည်လိုသောလမ်းကြောင်း *Trend* တို့ကို နားလည်နေရပါမည်။

(၄) မိမိနိုင်ငံ၏စွမ်းအား *Capacity and Capability* ကို သိနေရပါမည်။

(၅) စိတ်ရင်းကောင်းဖြင့် ရိုးသားစွာ တင်ပြရပါမည်။ လမ်းလွှဲချောက်တွန်းခြင်းများ၊ မျှော်မှန်းချက် မြင့်လွန်းခြင်းများ၊ သမားဂုဏ်ပြချင်စိတ်သက်သက်ဖြင့် မဖြစ်နိုင်၊ မလုပ်နိုင်တာတွေ အကြံပြုခြင်းများ ရှောင်ရပါမည်။

(၆) အကြံပြုချက်ကြောင့် ရရှိလာနိုင်မည့်အကျိုးကို ဓမ္မဓိဋ္ဌာန်ကျကျ တွက်ချက်စိစစ် တင်ပြနိုင်ရပါမည်။

(၇) အားသာချက်၊ အားနည်းချက်၊ ကောင်းကျိုး၊ ဆိုးကျိုးတို့ကိုပါ တင်ပြနိုင်ရမည်။

(၈) ပထမတစ်ခု အဆင်မပြေလျှင် အစားထိုးနိုင်မည့် ဒုတိယတစ်ခု *Plan A/Plan B* ကိုပါ တင်ပြနိုင်ရပါမည်။

(၉) မိမိ အကြံပေးရမည့် ဘာသာရပ်တွင် *Technical Expertise* ခေါ် အဆင့်မြင့် ကျွမ်းကျင်မှု ရှိနေရပါမည်။

(၁၀) လိုအပ်ပါလျှင် ကိုယ်တိုင်ဝင်ရောက်ဦးစီး ဆောင်ရွက်ပြနိုင်သော အရည်အချင်း ရှိနေရပါမည်။

## (ဂ) တာဝန်ယူမှု

အကြံပြုရာတွင် ထိုအကြံပြုမှုကို တစ်ဦးတည်းက ပြုလုပ်ခြင်း သို့မဟုတ် အဖွဲ့နှင့် ပြုလုပ်ခြင်းတို့တွင် မိမိ(တို့) ပေးသော အကြံကို မိမိတို့ ကိုယ်တိုင် တာဝန်ခံ၊ တာဝန်ယူရပါမည်။ ထို့အပြင် မိမိ(တို့)၏ အကြံကို ကြားလူ တစ်ဦးဦး/ကြားအဖွဲ့အစည်း တစ်ခုခုက ခေါင်းပုံဖြတ် ကိုယ်ကျိုးရှာ နာမည်ယူသွားခြင်းကို ထင်ရှားစွာ သိရှိလျှင် ခိုင်မာသော သက်သေပြချက်ဖြင့် ခုခံတိုက်ခိုက်နိုင်ရပါမည်။

## (ဃ) အကြံပေးစာတမ်း၏အသွင်

အကြံပေး/အကြံပြုစာတမ်းသည် သုတေသနစာတမ်း မဟုတ်သောကြောင့်-

(၁) သုတေသန စူးစမ်းလေ့လာမှုကို ပလ္လင်ခံရန် အမြဲ မလိုအပ်ပါ။ အခြားသူများ၏ တွေ့ရှိမှုများကို အားပြု၍ တွေ့ကြုံထားသော စိတ်ကူး ဖြစ်လျှင်လည်း ရပါသည်။ သို့သော် ထိုသို့ စိတ်ကူးရရှိလာပုံကို ဝန်ခံတင်ပြရမည်။ *(Acknowledge)*

(၂) တာဝန်ပေးမှုကြောင့် အကြံပြုစာတမ်း တင်သွင်းရလျှင် ပဏာမ မိတ်ဆက်တွင် ထိုအရင်းခံ အကြောင်းကို ထင်ရှားစွာ ပြောပါ။ မိမိဘာသာ စိတ်ကူး၍ တင်သွင်းခြင်း ဖြစ်လျှင်လည်း အတူပင် ဝန်ခံပါ။

(၃) အကြံပေးရန် အဘယ်ကြောင့် လိုအပ်နေကြောင်း ထင်ရှားစွာ ပြောပါ။ ကမ္ဘာတစ်ခွင်၏ အခြေအနေနှင့် မိမိဝန်းကျင် အခြေအနေကို ခိုင်မာသော ကိုးကားချက်များဖြင့် နှိုင်းယှဉ်ပါ။

(၄) ပြုပြင်ပြောင်းလဲရန် လိုနေသည့် ကဏ္ဍကို ထင်ရှားစွာ ပြောပါ။ လိုအပ်ချက်များ ရှိနေပုံနှင့် မြှင့်တင်သင့်ပုံတို့ကို ပညာရှင် ပီသစွာ ပြောပါ။

(၅) လုပ်ဆောင်ရန် နည်းလမ်းများကို အတိအကျ ပြောပါ။

(၆) ရလာမည့် အကျိုးအမြတ်များကို အကိုးအကားများဖြင့် စိစစ်ပြပါ။

(၇) စွမ်းအားများ၊ ရင်းမြစ်များကို ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြပါ။ သို့သော် ထိုတင်ပြချက်များသည် မဖြစ်မနေ လုပ်ဆောင်ရမည် (ဝါ) မဖြစ်မနေ ယူငင်သုံးစွဲရမည့် ရင်းမြစ်များဟု ပေါ်လွင်မသွားပါစေနှင့်။

(၈) အကြံပေးရာတွင် မိမိ၏အမြင်သည် ပြည့်စုံချင်မှ ပြည့်စုံမည်။ ထပ်ဖြည့်ရန် သို့မဟုတ် အခြားတစ်နည်း စဉ်းစားရန် လိုအပ်နိုင်ကြောင်း အထူးတင်ပြပါ။ ကိုယ်က အထက်စီးလေသံဖြင့် တစ်ဖက်သားကို အထင်သေးစွာ အကြံပေးခြင်းမျိုး အထူးဂရုပြုရှောင်ရှားပါ။ လူတိုင်းလူတိုင်းသည် ကိုယ့်ထက် အနည်းဆုံး တစ်နေရာမှာတော့ ပိုတော်နေနိုင်ကြောင်း မမေ့သင့်ပါ။

(၉) တင်ပြခွင့်ရ၍ ကျေးဇူးတင်ကြောင်း၊ အချိန်ယူ ဖတ်ရှုပေးသဖြင့် ကျေးဇူးတင်ကြောင်း၊ အကြံပေးခွင့်ရ၍ ဝမ်းသာဂုဏ်ယူကြောင်းများ မပြောပါနှင့်။ မလိုအပ်ပါ။ မောက်မာရိုင်းစိုင်းမှုသည် မလိုလားအပ်သကဲ့သို့ မတန်တဆ အောက်ကျို့ခြင်းမျိုးမှာလည်း မလိုလားအပ်ပါ။ ဖြောင့်မှန်မှုနှင့် ယဉ်ကျေး ရည်မွန်မှုတို့သာ လိုအပ်သည်။

(၁၀) ယဉ်ကျေးရည်မွန်စွာ တင်ပြပါ။ ရှင်းလင်းပြတ်သားစွာလည်း တင်ပြပါ။

(၁၁) တိုင်းပြည်နှင့်လူမျိုး၏ အကျိုးကျေးဇူးအတွက် နိုင်ငံသားကောင်း ပီသစွာ နိုင်ငံချစ်စိတ်ဖြင့် အကြံပြု တင်ပြအပ်ပါသည် ဆိုသော အရေးအသားမျိုး မလိုပါ။ စိတ်ရင်းကောင်း *Sincerity* နှင့် အကြံပေးတင်ပြလိုက်ခြင်းကပင် ထိုအချက်ကို ပေါ်လွင်အောင် အလုပ်ဖြင့် သက်သေပြလိုက်ပြီး ဖြစ်သည်။ *Rhetorical* ခေါ်

မလိုအပ်သော အလက်ာများ၊ စကားတန်ဆာများသည် မိမိနှင့် မိမိ၏စာတမ်းကို တန်ဖိုးကျစေပါသည်။

(၁၂) အထောက်အထားများ လိုအပ်နေလျှင် ရည်ညွှန်းချက်များ ထည့်ပေးပါ။ ညွှန်းရုံသာ ညွှန်းပါ။ ရည်ညွှန်းဆောင်းပါးများ၊ ကိန်းဂဏန်း မှတ်တမ်းများ မိတ္တူကူးထည့်ပေးစရာ မလိုပါ။ သက်ဆိုင်သူများက ကိုယ်တိုင်ရှာဖွေ စစ်ဆေးကြည့်ချင်ကြပါသည်။ ထပ်မံတောင်းဆိုလာလျှင် အသင့်တင်ပြနိုင်ရန်ကိုတော့ ပြင်ဆင်ထားပါ။

(၁၃) အကြံပြုစာတမ်းအတွက် အရေးပါသော အကူအညီ ပေးခဲ့သူများရှိလျှင် ထည့်သွင်းဖော်ပြပါ *(Acknowledge)*။ တကယ် မကူညီဘဲနှင့် ရာထူးအရ၊ အားနာမှုအရ ကျေးဇူးတင်ပြနေမှုမျိုး လုံးဝရှောင်ပါ။

## ၆။ နိဂုံး

ကျမ်းတစ်စောင်စာ အရှည်အလျားဖြင့် တင်ပြရမည့် အချက်အလက်များကို တတ်နိုင်သမျှ အကျဉ်းချုပ် တင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း။

*(၂၀၀၁ခုနှစ်၊ မတ်လထုတ် ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းတွင် ဒေါက်တာမောင်မောင်စံ (ပါမောက္ခ၊ ဌာနမှူး) အမည်ဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။)*